တက္ကသိုလ်
# နေလင်းအောင်
## ဖြေရာမဲ့ သိုင်းရဲ့ကမ္ဘာ

စာစဉ်
၈



ကုလုံ၏ဝူးလင်ကူစု

စာမူခွင့်ပြုချက်အမှတ် ၈၈၀ / ၂၀၀၂ (၉)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၈၄၂ / ၂၀၀၂ (၁၀)

ဒုတိယအကြိမ်၊ ၂၀၀၂-ခုနှစ်၊ ဒီဇင်ဘာလ
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၀၀ ကျပ်

ထုတ်ဝေသူ
ဒေါ်မိုးကေခိုင် (ချိုတေးသံစာပေ)
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့(၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်သူ
ဦးသန်းဝင်း (ကျော်ပုံနှိပ်တိုက်)
အမှတ် ၂၃၉၊ ဓမာသီလလမ်း
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးရိုက်
ဦးထွန်းလင်း (ဖိုးဝအော့ဖ်ဆက်)
အမှတ် ၁၄၇၊ ၄၅-လမ်း
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

## အခန်း (၃၃)
## သော့ချက်အားလုံး၏ သော့ချက်

---

အော်ငေါက်တားမြစ်သံ တစ်သံသည် မိုးချုန်းသံကဲ့သို့ ရုတ်တရက် ထွက်ပေါ်လာပြီး ဝိညာဉ်ဂိုဏ်းချုပ်သခင်မသည်လည်း နောက်ဘက်သို့ ခြေလှမ်းခုနစ်လှမ်းမျှ ခုန်ဆုတ်သွားတော့၏။

လျှပ်တစ်ပြက်အချိန်အတွင်းမှာပင် အကျီနက်ဝတ်ဆင်ထားသည့် ပိန်ရှည်သောလူတစ်ယောက်သည် ရှင်ပျော်ပျော်မြို့စားကြီး၏ရှေ့သို့ ရောက်ရှိလာတော့သည်။

သူကား "အဖေါ်မဲ့လူ" ပင်ဖြစ်တော့သည်။

နန်းတွင်းဝတ်စုံဝတ်မိန်းကလေးသည် အထိတ်တလန့်ရှုးရှုး ဝါးဝါး အော်ဟစ်လိုက်သည်။

"အောင်မယ်လေး- တစ်ခေတ်မှာ တစ်ယောက်ဆိုတဲ့ ရှင်ပျော်ပျော်မြို့စားကြီးက ဘယ်မှာကတိတည်တော့လို့လဲ၊ ဒါနဲ့များ-"

ထိုစဉ် ဝိညာဉ်ဂိုဏ်းချုပ်သခင်မက ရယ်ရင်းပြောသည်။

"ရှင်ပျော်ပျော်မြို့စားကြီး- ရှင်သေရမှာ ကြောက်သွားပြီ မဟုတ်လား"

ရွှင်ပျော်ပျော်ဖြူစားကြီးက မရယ်မပြုံးနှင့်ပြန်ပြောသည်။

"ငါက ဘယ်ကြောက်မလဲ၊ ဒါပေမယ့် သူကတော့ ငါသေမှာကို ကြောက်လိမ့်မယ်၊ ဘာဖြစ်လို့လဲဆိုတော့ ငါသေရင် သူ့ထမင်းအိုးကွဲသွားတာနဲ့အတူတူပဲ မဟုတ်လား၊ ငါ့အနေနဲ့ သူ့ကို မတားမြစ်သင့်ဘူး။ မင်းအတွက် စဉ်းစားသလို သူ့အတွက်လည်း စဉ်းစားရမယ်"

ဝိညာဉ်ဂိုဏ်းချုပ်သခင်မက ရယ်မောလိုက်သည်။

"အင်း- စကားပြောတာတော့ တကယ့်ကို ယဉ်ပေတာပဲ၊ စကားပရိယာယ်ကလည်း ကြွယ်ပါပေ့ရှင်၊ ကိုယ့်ကိုယ်ကို သိက္ခာမကျအောင် ကာကွယ်ပြောတဲ့နေရာမှာတော့ ပထမတန်းစားပါပဲ"

ထိုစဉ် အဖေါ်မဲ့လူက အေးစက်စက်လေသံဖြင့် စတင်စကားပြောတော့သည်။

"ခင်ဗျား စကားနာထိုးနေတာလား"

ဝိညာဉ်ဂိုဏ်းချုပ်သခင်မက ရယ်လိုက်သည်။

"စကားနာထိုးဖို့မလိုပါဘူး၊ အဖြစ်မှန်ကိုပြောပြနေတာ၊ သတ္တိရှိတဲ့လူဟာ သူ့ကတိစကားတစ်ခွန်းကို လေးစားရမယ်"

"တိတ်စမ်းပါ၊ ခင်ဗျားတို့ရဲ့ထွင်လုံးတွေကို ရပ်လိုက်စမ်းပါ၊ ထောင်ချောက်ဆင်ပြီးကျူးသွင်းတဲ့စကားအတွက် ဘာ ကတိကိုလေးစားရမှာလဲ၊ ခင်ဗျားသိအောင် ကျုပ်တစ်ခုပြောမယ်၊ ကျုပ်မှာလည်း ရောဂါတစ်ခုရှိနေတယ်၊ အဲဒီရောဂါ ပျောက်ဖို့အတွက် ခင်ဗျားရဲ့ အသည်းနှလုံးကိုစားရမှ ကျုပ်ရဲ့ရောဂါပျောက်မယ်"

ဝိညာဉ်ဂိုဏ်းချုပ်သခင်မက ပြုံးရွှင်စွာဖြင့်မေးလိုက်သည်။

"တကယ်ပြောနေတာလား"

အဖေါ်မဲ့လူက အေးစက်စက်ပြောလိုက်သည်။



"ခင်ဗျားရဲ့ရောဂါအတွက် တကယ်ပဲ အသည်းနှလုံးစားရမှပျောက်မယ်ဆိုရင် ကျုပ်ရောဂါအတွက်လည်း ခင်ဗျားရဲ့ အသည်းနှလုံးကိုစားရမှ ပျောက်မယ်"

ဝိညာဉ်ဂိုဏ်းချုပ်သခင်မသည် ဟက်ဟက်ပက်ပက်ရယ်မောလေတော့၏။

"အင်း- ရှင်က မဆိုးပါလား၊ ကောင်းပြီ၊ ကျွန်မကတော့ ရှင်တို့ရဲ့ လူကြီးလူကောင်းသခင်ကြီးလိုတော့ ကလေးမဆန်ပါဘူး၊ လိုချင်ရင် အဆင်သင့်ပဲပေးမယ်၊ လာပါ- ရှေ့တိုးပြီးလာခဲ့ပါ၊ ရှင်ကြောက်နေသလား"

အဖေါ်မဲ့လူသည် စကားတစ်ခွန်းမှ မပြောတော့ဘဲ ရှေ့သို့တစ်လှမ်းချင်း တိုးသွားလေတော့၏။ အဖေါ်မဲ့လူသည် ဝိညာဉ်ဂိုဏ်းချုပ်သခင်မအနီးသို့ တဖြည်းဖြည်းနီးကပ်သွားနေချေပြီ။

ဝိညာဉ်ဂိုဏ်းချုပ်သခင်မသည် သာယာညှင်းပျောင်းသောအသံဖြင့် လှမ်းပြောနေသည်။

"ကျွန်မရင်ခုန်နေတယ်၊ ကျွန်မရင်ထဲက အသည်းနှလုံးဟာ တသိမ့်သိမ့်ခုန်နေတယ်၊ နွေးနွေးထွေးထွေးရှိနေတယ်၊ ကျွန်မရဲ့အသည်းနှလုံးရမှ ရှင့်ရောဂါပျောက်မယ်လို့ဆိုတယ်မဟုတ်လား။ ကျွန်မက မိန်းမသား။ ဒါပေမယ့် ကတိတည်တယ်၊ ပေးမယ်ဆိုတဲ့ အသည်းနှလုံးကို ရှင့်ကိုပေးပါတယ်၊ ဘာကြောင့် ရှင် ဖြည်းဖြည်းကလေး လာနေရတာလဲ"

အဖေါ်မဲ့လူသည် ခြောက်ကပ်စွာပြောလိုက်သည်။

"ခင်ဗျား---"

ထိုမှ ရှေ့ဆက်၍စကားမပြောနိုင်တော့ပေ။ သူ၏ခြေလှမ်းများသည် အမှန်ပင်နှေးကွေးလေးလံနေသည်။ သို့သော်- တစ်လှမ်း

ချင်းကတော့ တိုးကပ်နေခဲ့ပင်---

ဝိညာဉ်ဂိုဏ်းချုပ်သခင်မက ငွေဆည်းလည်း လှုပ်ခတ်သံဖြင့် ရယ်မောလေတော့သည်။

"ဘယ်လိုလဲရှင့်၊ ရှင့်ရောဂါကုသဖို့အတွက် ကျွန်မရဲ့အသည်းနှလုံးက အသုံးမဝင်တော့ဘူးလား"

ဝိညာဉ်ဂိုဏ်းချုပ်သခင်မ၏ စကားမဆုံးမီမှာပင် အဖေါ်မဲ့လူသည် လက်ဝါးစောင်းဖြင့် သူမ၏ရင်ဝသို့ ရိုက်ချလိုက်လေသည်။ ဝိညာဉ်ဂိုဏ်းချုပ်သခင်မသည် လုံးဝ မလှုပ်ရှားပါချေ။ သူမ၏ရင်ကို ဖွင့်လျက် ငြိမ်သက်စွာပင်ရပ်နေသည်။

သို့သော်- အဖေါ်မဲ့လူ၏လက်ဝါးသည် ဝိညာဉ်ဂိုဏ်းချုပ်သခင်မ၏ရင်ဝသို့ထိမိသည်နှင့် တစ်ကိုယ်လုံး ဝုန်းခနဲ လဲပြိုကျသွားတော့၏။

ရွှင်ပျော်ပျော်မြို့စားကြီးသည် ထိုမြင်ကွင်းကိုအောင့်အည်းသည်းခံလျက်ကြည့်ရှုနေသည်။ သူ၏စိတ်ရှည်လက်ရှည်ရှိပုံမှာ အံ့မခန်းပင်ဖြစ်တော့သည်။

ဤသို့ သည်းခံစောင့်ဆိုင်းကြည့်ရှုနိုင်ခြင်းကပင် သူ့အား ဤမျှ ကျော်စောထင်ရှားစေခဲ့သည်လား မဆိုနိုင်ပေ။

ရွှင်ပျော်ပျော်မြို့စားကြီးသည် အတန်ကြာ စောင့်ဆိုင်းကြည့်ရှုပြီးမှ ခပ်သဲ့သဲ့ရယ်မောလိုက်သည်။

"အသက်ရှူမှားလောက်တဲ့ ပန်းပွင့်ကလေးကို ကြည့်ပြီးမှတော့ သူ သေချင်သေပါစေတော့"

ဤကား သူ၏လူယုံတော်အဖေါ်မဲ့လူအတွက် ဆုတောင်းပဏ္ဍာစကားပင်ဖြစ်တော့၏။

နန်းတွင်းဝတ်စုံဝတ် မိန်းကလေးက တဟင်းဟင်းရယ်မောရင်း မှတ်ချက်ချလိုက်သည်။



"ဟုတ်တယ် သူဟာ ကျွန်မတို့သခင်မရဲ့ အမြတ်တနိုးသိမ်းဆည်းထားတဲ့ရတနာကို မြင်သွားရပြီဖြစ်လို့ ဒီဘဝမှာ လူဖြစ်ကျိုးနပ်သွားပါပြီ၊ ဒီတော့ သေမယ်ဆိုရင်လည်း သေရကျိုးနပ်လောက်ပါပြီ"

သူမ၏ လှပသောမျက်လုံးအစုံသည် လဲကျနေသော အဖေါ်မဲ့လူ၏ခန္ဓာကိုယ်ပေါ်မှ ရွေ့လျားသွားပြီး ရွှင်ပျော်ပျော်မြို့စားကြီးနှင့် စင်လုံ့တို့၏ခန္ဓာကိုယ်ပေါ်သို့ ရောက်ရှိသွားသည်။

"ရှင်တို့နှစ်ယောက်လည်း ကမ္ဘာပေါ်မှာအလှဆုံးမိန်းကလေးရဲ့အလှကိုတွေ့ဖူးသွားကြပြီ၊ ရှင်တို့လည်း လူဖြစ်ရကျိုးနပ်သွားကြပါပြီ၊ ဒီတော့ ရှင်လည်း သေပျော်ပါပြီ"

ရွှင်ပျော်ပျော်မြို့စားကြီးက ရယ်ရင်း ဝန်ခံလိုက်၏။

"အေးဟုတ်တယ်- မင်းပြောမယ်ဆိုလည်း ပြောလောက်ပါတယ်၊ သေမယ်ဆိုရင်လည်း သေသင့်ပါတယ်"

ဝိညာဉ်ဂိုဏ်းချုပ်သခင်မသည် တဖြည်းဖြည်းရှေ့သို့တိုးလာ၏။ သာယာညှင်းပျောင်းသောအသံဖြင့် ရွှင်ပျော်ပျော်မြို့စားကြီးအား လှမ်းပြောသည်။

"ကဲ- အခုတော့ ရွှင်ပျော်ပျော်မြို့စားကြီးကို ဘယ်သူကမှ မနှောင့်ယှက်တော့ဘူး။ ရှင့်ကတိအတိုင်း ရှင့်အသည်းနှလုံးကို ကျွန်မကို ပေးပါတော့"

ရွှင်ပျော်ပျော်မြို့စားကြီးက ရယ်မောရင်းပြောသည်။

"အဲဒီအချက်ကတော့ တကယ့်ကို တရားမျှတတဲ့အချက်ပါပဲကွာ၊ မင်းရဲ့မျက်နှာကိုတော့ သူများမြင်မှာတွန့်တိုတယ်၊ ငါ့ရဲ့အသည်းနှလုံးကျတော့ မင်းကလိုချင်တယ်၊ ဘယ်တရားမျှတပါ့မလဲကွာ"

ဝိညာဉ်ဂိုဏ်းချုပ်သခင်မသည် ဟက်ဟက်ပက်ပက်ရယ်

မောလိုက်လေသည်။

"ဘယ့်နှယ် ပြောလိုက်တာလဲရှင်၊ မျက်နှာမမြင်ရလို့ တရားမမျှတဘူးလို့ ပြောသင့်ပါသေးသလား။ ကျွန်မရဲ့ အလှရတနာကို ရှင်မြင်လိုက်ရတဲ့အတွက် ရှင့်အသည်းနှလုံး ကျွန်မကိုပေးဖို့ ထိုက်တန်နေပါပြီ၊ တွန့်တိုမနေပါနဲ့တော့"

ထိုစဉ် စင်လုံက ရယ်၍ပြောသည်။

"မျက်နှာကိုတော့ ဖုံးကွယ်ထားတယ်၊ ဒါဟာ သိပ် ထူးဆန်းတဲ့အချက်ပါပဲ၊ ခင်ဗျားရဲ့ရုပ်ရည်ဟာ သိပ်ပြီးများ အကျည်းတန်နေလို့လားဗျာ"

ဝိညာဉ်ဂိုဏ်းချုပ်သခင်မက လွန်စွာ သဘောကျသွားပြန်သည်။

"ဪ- ရှင်က ဒီလောက်တွေ့ရတာတောင် မကျေနပ်နိုင်သေးလို့ ရုပ်ရည်ကိုပါ ကြည့်ချင်မြင်ချင်လာပြန်ပြီပေါ့"

ထိုအခါ နန်းတွင်းဝတ်စုံဝတ် မိန်းကလေးက ရုတ်တရက်ဝင်ပြောသည်။

"ရှင်မြင်ရင် မူးလဲကျသွားမှာ သေချာတယ်"

စင်လုံက ဟစ်၍ရယ်လိုက်သည်။

"ခင်ဗျားရဲ့အလှရတနာက အဖေါ်မဲ့နှောင်ကြိုးကို မူးပြီးသေသွားစေတယ်၊ စင်လုံကတော့ ဒီအတွက် မသေခဲ့ဘူး။ မျက်နှာမြင်ရုံနဲ့ စင်လုံ ဘယ် မူးလဲကျတော့မလဲ၊ ကျုပ်မှာ ခံနိုင်ရည်ရှိသွားပါပြီ"

စင်လုံသည် စကားဆုံးသည်နှင့် ဝိညာဉ်ဂိုဏ်းချုပ်သခင်မ ရှေ့သို့ ခုန်ဝင်သွားတော့သည်။ သူမသည် ချက်ချင်းနောက်သို့ ခုန်ဆုတ်သွားသည်။

"ဘယ်လိုလဲဗျ၊ ခင်ဗျားရဲ့ မှန်မြတ်တဲ့အလှရတနာပြဖို့တော့



မတွန့်တိုဘူး။ မျက်နှာကလေးပြဖို့ကျတော့ တွန့်တိုနေသလား"

စင်လုံ၏လှုပ်ရှားမှု မြန်သကဲ့သို့ ဝိညာဉ်ဂိုဏ်းချုပ်သခင်မ၏လှုပ်ရှားမှုကလည်း မြန်ဆန်လှပါသည်။ ဝိညာဉ်များလှုပ်ရှားသည့်နှယ် အမိဖမ်းရန်ခက်ခဲလှသည်။

နန်းတွင်းဝတ်စုံဝတ်မိန်းကလေးသည် ယခင်ကကဲ့သို့ မရယ်မောနိုင်တော့ချေ။

သူမ၏အမည်မှာ "နီရင်" ဖြစ်ပါသည်။

နီရင်သည် စင်လုံ၏လှုပ်ရှားမှုများအား မျက်တောင်မခတ်ကြည့်ရှုအကဲခတ်နေသည်။

ရွှင်ပျော်ပျော်မြို့စားကြီးကမူ သူ၏မုတ်ဆိတ်မွေးကြီးကို ပွတ်သပ်ရင်း အေးအေးဆေးဆေးအမိန့်ပေးနေ၏။

"ညီလေးစင်လုံ၊ သူ့ကို အရမ်းတော့မလုပ်နဲ့ပေါ့၊ သက်သက်ညှာညှာကလေးလုပ်ပါ"

စင်လုံသည် ရယ်မောရင်း ဝိညာဉ်ဂိုဏ်းချုပ်သခင်မအား အချက်လေးဆယ်ခန့် ဆက်တိုက်ရိုက်လျက် တိုက်ခိုက်ပြီးနေလေသည်။ ရွှင်ပျော်ပျော်မြို့စားကြီးသည် စင်လုံ၏လက်ဝါးရိုက်ကွက်များကို အသေအချာ အကဲခတ်နေမိသည်။

ဝိညာဉ်ဂိုဏ်းချုပ်သခင်မသည် စင်လုံအား သရော်ရယ် ရယ်လိုက်၏။

"ကိုယ်ချင်းစာနာတတ်တဲ့ယောကျ်ားကို မိန်းမတွေအကြိုက်ဆုံး။ သဘောအကျဆုံးပဲရှင့်၊ ရှင်ဟာ လူမိုက်ပဲ၊ ရွှင်ပျော်ပျော်မြို့စားကြီးကိုမှ အတုမယူတတ်ဘဲ၊ ဟိုမှာကြည့်စမ်း။ မိန်းမသားတွေကို ရှင့်လိုအမိုက်ခံပြီး တိုက်မနေဘူး။ ဘေးက အေးအေးဆေးဆေးပဲ ထိုင်ကြည့်နေတယ်"

သူမသည် စကားပြောရင်း စင်လုံ၏ထူးခြားဆန်းကြယ်လှသော လက်ဝါးရိုက်ချက်လေးဆယ်ကို ရောင်တိမ်းနိုင်ခဲ့သည်။ သူမ၏ခန္ဓာကိုယ်လှုပ်ရှားမှုမှာ ဗီးခိုးငွေသဖွယ်ပေါ့ပါးလွန်းသဖြင့် ကြည့်နေသည့် ရွှင်ပျော်ပျော်မြို့စားကြီးသည်ပင် အံ့သြယူရလေသည်။

လေတိုက်မခံနိုင်ဟု ထင်ရလောက်သော နွဲ့နှောင်းလှသည့် ခန္ဓာကိုယ်ပိုင်ရှင်မိန်းကလေး၏သိုင်းပညာသည် မည်မျှမြင့်မားသည်ကို ခန့်မှန်းမရနိုင်အောင် ဖြစ်နေတော့သည်။

သူမ၏လှုပ်ရှားမှုများမှာ လူသားများ၏လှုပ်ရှားမှုများနှင့်မတူ။ နာနာဘဝ၊ ဝိနာဘဝတို့၏လှုပ်ရှားမှုမျိုးနှင့် တူနေသည်။

ထို့ကြောင့်ပင် ဝိညာဉ်ဂိုဏ်း၏သခင်မဖြစ်နေသလော မဆိုနိုင်ပေ။ ဝိညာဉ်ဂိုဏ်း၏ ထူးခြားဆန်းပြားသောသိုင်းပညာ၌ ကြီးမားသောလျှို့ဝှက်နက်နဲမှုများရှိကြောင်း ရွှင်ပျော်ပျော်မြို့စားကြီးရော စင်လုံပါ နားလည်သဘောပေါက်သွားကြလေသည်။

သို့သော် စင်လုံ၏ဘက်သို့ကြည့်ပါကလည်း လွန်စွာထူးခြားဖွယ်ရာဖြစ်နေကြောင်း တွေ့ရသည်။ သူ၏ရိုက်ချက်များ လွန်စွာပြင်းထန်လှသော်လည်း သူ၌ အင်အားစိုက်ထုတ်ဟန် လုံးဝမပေါ်၊ သူ၏လက်များကို သာမန်ဝေ့ယမ်းကစားနေသကဲ့သို့သာ အမှန်ထင်ရသည်။

ထို့ကြောင့် စင်လုံ၌ တိုက်ကွက်လေးဆယ်အပြင် မည်သို့သောပညာများနှင့် မည်သို့သော သေနင်္ဂဗျူဟာများကို ထိန်ဝှက်ထားကြောင်း မသိနိုင်ဘဲဖြစ်နေသည်။ စင်လုံ၏ သိုင်းပညာအဆင့်သည် ဝိညာဉ်ဂိုဏ်းချုပ်၏ လျှို့ဝှက်နက်နဲမှုထက် ပို၍ပင် လျှို့ဝှက်နက်နဲနေသေး၏။

နီရင်က ဒေါသတကြီးအော်ဟစ်လိုက်သည်။

"ဒါ ယောကျ်ားတဲ့လား။ ယောကျ်ားဆိုတာ အမျိုးသမီးတွေ



နဲ့ရန်မဖြစ်ဘူး။ အမျိုးသမီးတွေကို မတိုက်ခိုက်ဘူး။ အမျိုးသမီးတွေနဲ့ တိုက်ခိုက်လို့ ဘာဂုဏ်တက်မှုရှိမှာလဲ၊ ဘာဂုဏ်ယူစရာရှိမှာလဲ"

စင်လုံ၏တိုက်ခိုက်မှုမှာ လုံးဝမရပ်တန့်ချေ။

ထို့ကြောင့် နီရင်သည် ခုန်ပေါက်အော်ဟစ်လိုက်၏။

"လူမိုက်- ကျွန်မပြောနေတာ ရှင် မကြားဘူးလား။ နားကန်းနေသလား"

သူမသည် ရွှင်ပျော်ပျော်မြို့စားကြီးဘက်သို့ လှမ်း၍အော်ပြောသည်။

"ရွှင်ပျော်ပျော်မြို့စားကြီး။ ရှင့်လူကိုကြည့်စမ်းပါဦး။ ဟို ဝိန်ခြောက်ခြောက်လူ သေသွားတာကို ရှင့်လူကသဘောကျပုံရနေတယ်၊ သူကလည်း ကျွန်မတို့ သခင်မရဲ့အလှမှာ ယစ်မူးနေချင်သေးတယ်၊ ကြည့်စမ်း ဘယ်လောက်အရှက်နည်းတဲ့လူလည်းလို့"

ရွှင်ပျော်ပျော်မြို့စားကြီးက ရယ်လိုက်သည်။

"ငါ့ဆိုရင်လည်း သူ့လိုပဲ ယစ်မူးချင်စိတ် ပေါက်နေမှာပဲကွ၊ ဒါက လူ့သဘာဝကွ၊ ဒါကယောကျ်ားတွေရဲ့ သဘာဝ၊ အဲဒါကို ငါက တားမြစ်ပေးရဦးမှာလား"

နန်းတွင်းဝတ်စုံဝတ်မိန်းကလေးသည် မျက်ကလဲဆန်ပျာဖြင့် အော်ပြန်သည်။

"ရွှင်ပျော်ပျော်မြို့စားကြီး။ ရှင်ဟာ သိုင်းလောကမှာ တစ်ခေတ်တစ်ယောက် ပေါ်တွန်းတဲ့လူပဲရှင့်၊ သူများစားပြီးလို့ ကျန်တဲ့အခွံကိုမှ ရှင်က စားတော့မှာလား။ ရှင့်ဂုဏ်သရေကိုလည်း ရှင် ထောက်ဦးမှပေါ့"

ရွှင်ပျော်ပျော်မြို့စားကြီးက တ ဟား ဟား ရယ်မောလိုက်သည်။

"တော်စမ်းပါကွာ၊ အပိုစကားတွေလာပြောနေနဲ့၊ စင်လုံကို ယောက်ယက်ခတ်အောင် လုပ်နိုင်တယ်လို့ထင်ရင် မင်းမှားပြီ၊ လုပ်နိုင်အောင်ကြိုးစားလည်း အချည်းနှီးပဲ၊ စင်လုံက သူ မကြားချင်ဘူးဆိုရင် သူ့ဘေးနားမှာ လူငါးရာလောက် ဗုံတွေစည်တွေတီးနေလို့လည်း ကြားမယ့်လူမျိုးမဟုတ်ဘူး"

နီရင်က မဲ့မဲ့ရွဲ့ရွဲ့ဖြင့်ပြောလိုက်သည်။

"မိန်းကလေးတွေနဲ့ တိုက်ခိုက်နေတုန်း ဒီလိုစွမ်းရည်မျိုးရှိလို့ ချီးကျူးရမှာလား။ ဒါကို ပညာတစ်ရပ်လို့ခေါ်ရမှာလား။ ဒီလိုမကြားချင်ယောင်ဆောင်နိုင်တဲ့အတွက် သူ့ကိုအတော်ဆုံး သိုင်းသမားကြီးလို့ ဘွဲ့ထူး ဂုဏ်ထူးတပ်ပေးရမှာလား"

ရှင်ပျော်ပျော်မြို့စားကြီးကား သူ့အတွက် ပျော်ပွဲတစ်ခုကို အပျင်းပြေမြင်တွေ့နေရသကဲ့သို့ တ ဟား ဟားရယ်မောနေတော့သည်။

"ဟ- ဒီလို မကြားချင်ယောင်ဆောင်ပြီး တိုက်ခိုက်တာက မိန်းကလေးတွေနဲ့တိုက်တဲ့အခါမှာ ပိုအသုံးကျသကွဲ့"

နီရင်သည် ရှင်ပျော်ပျော်မြို့စားကြီးအနေဖြင့် စင်လုံ တိုက်ခိုက်မှုရပ်တန့်သွားစေရေးအတွက် အမိန့်ပေးရန် စကားစစ်ထိုးကြိုးစားသော်လည်း အချည်းနှီးဖြစ်သွားရသည်။ သူမသည် အံကြိတ်ရင်း ပြောလိုက်သည်။

"ယောက်ျားတိုင်း မကောင်းဘူး။ ဒါဟာ တကယ့်ကို သေချာတဲ့ နိယာမတရားတစ်ခုပဲ၊ မိန်းမတွေကိုစော်ကားဖို့ အနိုင်ကျင့်ဖို့ ဒီလောက်ပဲ စိတ်ကူးကြတယ်"

သူမသည် စကားဆုံးသည်နှင့် သူမ၏အင်္ကျီလက်အိုးထဲမှ ပိုးချည်မျှင်ခုနစ်ချောင်းကို ဆွဲထုတ်ယူလိုက်လေသည်။

ထို့နောက် တစ်မုဟုတ်ချင်းပင် စင်လုံ၏ နောက်ကျောသို့



ခုန်ဝင်သွားကာ ပိုးချည်မျှင်ခုနစ်ချောင်းဖြင့် ပိုက်ကွန်ပစ်သကဲ့သို့ လှမ်းပစ်လိုက်လေတော့၏။

ထိုပိုးချည်မျှင်ခုနစ်ချောင်းသည် ထူးခြားသောအဆိပ်များဖြင့် အတိပြီးသော လက်နက်ပစ္စည်းဖြစ်လေ၏။

စင်လုံသည် ဝိညာဉ်ဂိုဏ်းချုပ်သခင်မအား စွမ်းအားကုန် တိုက်ခိုက်နေသည်မဟုတ်ပါချေ။

သို့သော်ငြားလည်း တိုက်ပွဲတိုင်း၌ သတိလက်လွတ် တိုက်ခိုက်၍မဖြစ်ကြောင်း သိသဖြင့် ကာကွယ်ခုခံမှုအတွက် စင်လုံသည် ထာဝရ သတိထားရှိပြီးဖြစ်သည်။

ဤသို့သောအချိန်၌ သူ့အရုံကိုနစ်ခုခွဲခြားရန် အခြေအနေအသစ်တစ်ရပ်က ဖန်တီးလာသည်။ ဝိညာဉ်လိပ်ပြာပိုးချည်မျှင် လက်နက်ပုန်းခုနစ်ချောင်းသည် သူ့အာရုံအား နှိပ်စက်စေရန် ဖန်တီးလာသည်။

စင်လုံအနေဖြင့် နောက်ကျောမှရန်သူကြောင့် ရှေ့ဘက်၌ တိုက်အားပျော့သွားသည်။ သူ၏ သတိဝီရိယကို ရှေ့ဘက်ရော နောက်ဘက်ပါခွဲခြားလိုက်ရသည်။ ထိုအချိန်သည် ဝိညာဉ်ဂိုဏ်းချုပ်သခင်မအတွက် အခွင့်ကောင်းပေတည်း။

သူမအတွက် စင်လုံအား တိုက်ခိုက်မည့် ပထမဆုံးသော အခွင့်အရေးလည်းဖြစ်ပေသည်။

ထို့ကြောင့် သူမအနေဖြင့် လက်လွှတ် မခံနိုင်ပါချေ။

ဝိညာဉ်ဂိုဏ်းချုပ်သခင်မ၏ အင်္ကျီလက်စရည်များသည် ငွေရောင်လင်းလက်သွား၏။ သူမ၏လက်ချောင်းများသည် စင်လုံ၏ရင်ဝသို့ ရုတ်တရက်ဝင်ရောက်လာလေသည်။

ဖော့ဖယောင်းပမာပျော့ပျောင်းလှသည်ဟု ထင်မှတ်ရသော

လက်ချောင်းကလေးများသည် ထက်မြက်လှသည့် သံမဏိဓားများ သဖွယ် ကြောက်မက်ဖွယ်ရာ တိုးဝင်လာသည်။

စင်လုံအဖို့ မမျှော်လင့်သောအကျဉ်းအကျပ်သည် ရုတ်ခြည်း ကျရောက်လာသည်။

နောက်ကျော၌ အဆိပ်ပိုးများ ချည်မျှင်ကြိုးများက သူ့အား ရစ်ပတ်ရန်ပြေးဝင်လာသကဲ့သို့ ရှေ့ဘက်မှ သံမဏိလက်ချောင်း များက သူ့ရင်အား ခွဲခွဲရန် တိုးဝင်လာလေသည်။ စင်လုံ အဘယ်သို့ ရှောင်တိမ်းမည်နည်း။

နိုရင်သည် အောင်နိုင်သူ၏ ရယ်မောခြင်းဖြင့် ဟက်ဟက် ပက်ပက်ရယ်မောရင်း ပြောလိုက်လေသည်။

“ယောက်ျားတိုင်းရဲ့ အသည်းနှလုံးတွေကတော့ ချိုလှတယ် မရှိပါဘူး။ ခါးသည်းတာချည်းပါပဲ၊ ဘာပဲဖြစ်ဖြစ် ဒီအသည်းနှလုံး ကိုလည်း မြည်းကြည့်ရဦးတော့မှာပဲ”

နိုရင်၏တွက်ချက်မှုမှာ ပိုင်နိုင်လှသည်။ စင်လုံကို သူမ၏ အဆိပ်ပိုက်ကွန်၌မိမည့် ငါးတစ်ကောင်အလား တိတိကျကျတွက် ချက်ထား၏။

အကယ်၍ သူမ၏အဆိပ်ပိုက်ကွန်၌ မမိ ဆိုစဦးတော့ သူမ၏သခင်မဖြစ်သော ဝိညာဉ်ဂိုဏ်းချုပ်သခင်မ၏လက်ချောင်းများ အကြား၌ စင်လုံ၏ရင်နှစ်ခြမ်း ဖြန်းဖြန်းကွဲကြေသွားရမည်။ သည်အတိုင်း သူမ တွက်ချက်ထား၏။

သို့သော်-

ထင်တိုင်းမဖြစ်တတ်သည့် လောကနိယာမတရားအတိုင်း စင်လုံ၏သိုင်းပညာက သူမ၏တွက်ချက်မှုကို မှားယွင်းလွဲချော်သွားစေ ခဲ့တော့သည်။



စင်လုံ၏ခန္ဓာကိုယ်သည် လေဟာနယ်ထဲသို့ ဘေးစောင်း ခုန်ပျံထွက်သွားတော့သည်။ ဝိညာဉ်ဂိုဏ်းချုပ်သခင်မ၏ ဓားသွားသ ဖွယ် ကြောက်မက်ဖွယ်ကောင်းလှသည့် လက်ချောင်းများသည် စင်လုံ ၏နံရိုးနံဘေးမှ ထိလုထိခင်ဖြတ်ကျော်သွားသည်။

စင်လုံသည် ဝိညာဉ်ဂိုဏ်းချုပ်သခင်မ၏ “သရဲလက်သည်း အသည်းကုတ်ဆွဲခြင်း” သိုင်းကွက်မှ လက်မတင်ကလေး ရှောင်ထွက် သွားနိုင်ရုံသာမက သူ၏နောက်ကျောမှ အဆိပ် ပိုက်ကွန်ကိုလည်း အောင်မြင်စွာ ရှောင်ထွက်သွားနိုင်ချေသည်။

ထို့ကြောင့် စိုးရိမ်တကြီး အော်ဟစ်သတိပေးလိုက်သည့် နိုရင်၏သတိပေးသံသည် တိုက်ပွဲ၏ တဒင်္ဂအခြေအနေအတွင်း၌ ထိတ် လန့်စဖွယ် ထွက်ပေါ်လာသည်။

“သခင်မ သတိထား”

စင်လုံ၏ရင်ကို ခွဲခွဲရန် တိုက်နိုက်လိုက်သော ဝိညာဉ် သခင်မ၏ ဓားကဲ့သို့ သံမဏိလက်ချောင်းများသည် စင်လုံ၏ရင်ကို မခွဲနိုင်တော့ဘဲ စင်လုံအားတိုက်နိုက်လာသည့် ဝိညာဉ်လိပ်ပြာအဆိပ် ပိုးချည်များကိုသာ ဖယ်ရှားပုတ်ထုတ်လိုက်ရတော့သည်။

ထူးဆန်း၍ အရေးကြီးသောတိုက်ပွဲကို အအေးဆေးဆုံး တိုက်ပွဲဝင်သူမှာ စင်လုံတစ်ယောက်တည်းသာ ရှိသည်။ စောစောက စင်လုံ၏ အခြေအနေအတွက် အားလုံး သည်းထိတ်ရင်ဖိုဖြစ်သွား ကြရသည်။

သို့သော် စင်လုံကမူ သေရေးရှင်ရေးကိစ္စသည် သူနှင့်လုံးဝ မပတ်သက်သည့်အလား တိုက်ပွဲစည်းအပြင်ဘက်၌ အေးအေး သက် သာရပ်လျက်ကြည့်နေ၏။

စစ်ပွဲများ၌လည်းကောင်း၊ တိုက်ပွဲများ၌လည်းကောင်း၊ အများ

အတွက် ဓိမိအသက်ကိုစွန့်လွှတ်ရဲသည့် သူရဲကောင်းများစွာ ပေါ်ပေါက်ခဲ့၏။

စင်လုံကမူ သူရဲကောင်းစိတ်ဓာတ်နှင့် အသိတရား ပေါင်းစပ်ထားသည့် သိုင်းလောကမှ ပါးနပ်လိမ္မာသူတစ်ဦး ဖြစ်ချေသည် တကား။

☸



ဝိညာဉ်ဂိုဏ်းချုပ်သခင်မသည် သူမ၏အင်္ကျီလက်စရှည် ဖြင့် ဖိုးချည်မျှင်များကိုပုတ်ချပြီးနောက် ဝင်းဝင်းတောက်နေသည့် မျက်လုံးများဖြင့် စင်လုံအားကြည့်လိုက်၏။

သူမ၏ဒေါသများသည် တငွေ့ငွေ့ ထွက်လာဟန်တူသည်။ စင်လုံရှိရာသို့ ခုန်ဝင်သွားပြီး ဝိတ်ဖုံးသွေးကြော၊ ထန်းကြုံးသွေးကြောနှင့် ကျန်းကျင်းသွေးကြော သုံးနေရာအား လျှပ်တစ်ပြက် တိုက်ခိုက်လိုက်သည်။

သို့သော် စင်လုံက သူမ၏လက်များကို လှုပ်ရှားခွင့်မပေးတော့ချေ။

အဘယ့်ကြောင့်ဆိုသော် ဝိညာဉ်ဂိုဏ်းချုပ်သခင်မ၏လက်နှစ်ဖက်သည် စင်လုံ၏ချိုင်းကြား၌ ညပ်နေသောကြောင့်ပေတည်း။ သူမ၏လက်များသည် စင်လုံ၏သွေးကြောများကို ဝိတ်နိုင်သည်အထိ အင်အား မထုတ်နိုင်ပါတော့ချေ။

စင်လုံအား ဒုက္ခရောက်အောင် မလုပ်နိုင်သည့်အပြင် စင်လုံ၏ဝိညုပ်အားကြောင့် သူမ၏လက်များပင် တဖြည်းဖြည်း ထုံကျဉ်လာ

တော့သည်။

ဝိညာဥ်ဂိုဏ်းချုပ်သခင်မသည် ထိတ်လန့်တကြား သူမ၏လက်ကိုဆွဲနုတ်၏။ ပြုတ်တူဖြင့် ညှပ်အထားခံရသော အရာဝတ္ထုကဲ့သို့ သူမ၏လက်ကို အနည်းငယ်မျှ ဆွဲထုတ်၍မရနိုင်ခဲ့ပါချေ။

“ရှင်- ရှင် လူယုတ်မာ၊ ဘာဖြစ်လို့ ကျွန်မရဲ့လက်ကိုဆွဲထားရတာလဲ၊ ကျွန်မကို ဘာလုပ်မလို့လဲ၊ လွှတ်ပါ- ကျွန်မရဲ့လက်ကိုလွှတ်ပါ”

“ကယ်တော်မူကြပါရှင်--ကျွန်မတို့ရဲ့ သခင်မကို ပောဒီလူယုတ်မာကြီးက ပွေ့ဖက်ပြီး မတရားလုပ်ဖို့ ကြံစည်နေပါတယ်၊ ကယ်တော်မူကြပါ”

ရှုးရှုးဝါးဝါးအော်လိုက်သည့် အသံကား နန်းတွင်းဝတ်စုံဝတ် ဝိညာဥ်ဂိုဏ်းချုပ်သခင်မ၏ အခြွေအရံဖြစ်သော နီရင်ပင်တည်း။ သူမ၏အော်သံသည် နှိုက်ပဟိုလင် သစ်တောဥယျာဥ်ကြီးတစ်ခုလုံးလွှင့်ပျံထွက်သွားသည်။

စင်လုံက ရယ်ရယ်မောမောဖြင့်ပြောလိုက်သည်။

“ဒီလိုမတရားတော့ မပြောပါနဲ့လေ၊ ကျုပ်ကလည်းမတရားမလုပ်တတ်ပါဘူး။ ခင်ဗျားရဲ့မျက်နှာကို အရင်ဆုံးကြည့်ပါရစေဦး”

စင်လုံ၏ လက်ယာလက်သည် သူမ၏မျက်နှာကို ဖုံးအုပ်ထားသည့်ဇာပိတ်ပါးကလေးထံသို့ တဖြည်းဖြည်းရောက်ရှိလာသည်။ ဝိညာဥ်ဂိုဏ်းချုပ်သခင်မထံမှ အေးစက်မာကျောသောစကားသံ ထွက်ပေါ်လာသည်။

သူမ၏လေသံသည် အကျဥ်းသမားတစ်ယောက်၏ လေသံ မျိုးမဟုတ်ချေ။ အထက်စီးမှပြောလိုက်သော လေသံဖြစ်သည်။

“ကောင်းပြီ- ကျွန်မရဲ့မျက်နှာကို ရှင် ကြည့်ဝံ့သလား။



ကြည့်စမ်း၊ ရှင်သေရမယ်”

ရွှင်ပျော့ပျော့မြို့စားကြီးက လက်ခုပ်လက်ဝါးတီးလျက် ရယ်မောလေတော့သည်။

“ဘာဖြစ်လို့သေရမှာလဲ၊ သူက မရဏာမင်းရဲ့မျက်နှာကို ပိုင်ဆိုင်ထားလို့ သူ့ကိုကြည့်တာနဲ့သေရမှာလား။ ညီလေးစင်လုံ တော်တယ်ပော့၊ မင်းလုပ်စရာရှိတာသာ ဆက်လုပ် ဘာပဲဖြစ်ဖြစ် သူ့မျက်နှာကိုကြည့်ပြီး အသေခံရလည်း မဆိုးပါဘူး”

ရွှင်ပျော့ပျော့မြို့စားကြီး၏ မျက်လုံးများသည် စင်လုံမည်သို့ပြုလုပ်မည်ကို မျက်တောင်မခတ်တမ်း စိုက်ကြည့်နေသည်။ သူ၏စိတ်ထဲတွင် စင်လုံ၏လက်က ဝိညာဥ်ဂိုဏ်းချုပ်သခင်မ၏မျက်နှာဖုံးကို လျှင်မြန်စွာချွတ်ချပါစေဟု ဆုတောင်းနေသည်။

စင်လုံက ဝိညာဥ်ဂိုဏ်းချုပ်သခင်မ၏မျက်နှာကို ကြည့်ချင်သည်ထက် ကြည့်ချင်နေသည်။

သူမ၏မျက်နှာသည် သူမ၏ခန္ဓာကိုယ်ကဲ့သို့ပင် လှပလေသလော၊ သို့မဟုတ် အကျည်းတန်ဖြစ်နေသလော၊ စသည်ဖြင့် သိလိုနေလှသည်။

အဘယ့်ကြောင့် မျက်နှာကိုကြည့်ခွင့်မပေးရသနည်း ဆိုသည့်မေးခွန်း၏နောက်ကွယ်၌ လျှို့ဝှက်မှု တစ်စုံတစ်ခုရှိရမည်ဟု သူတွေးတောမိ၍ဖြစ်ပေသည်။

နောက်ဆုံး စင်လုံ၏လက်သည် သူမ၏မျက်နှာဖုံးဇာပိတ်ကို အနည်းငယ်ဆွဲလှန်မိလိုက်တော့၏။

ထိုတခဏ်အတွင်း၌ စင်လုံ၏ခန္ဓာကိုယ်မှာ ဆတ်ခနဲဖြစ်သွားပြီး ကျာပွတ်ဖြင့်အရိုက်ခံရသကဲ့သို့ တွန့်လိမ်သွားသည်။ အထိတ်တလန့် နောက်ဘက်သို့ ဆုတ်သွားမိလေသည်။

ထို့ကြောင့် လက်မောင်းနှစ်ဘက်၌ညှပ်ထားသည့် ဝိညာဉ်ဂိုဏ်းချုပ်သခင်မ၏လက်များသည်လည်း လွတ်ထွက်သွားတော့သည်။

ဝိညာဉ်ဂိုဏ်းချုပ်သခင်မသည် နောက်ဘက်သို့ ခြေလှမ်းခုနစ်လှမ်းမျှ ဖြည်းညှင်းစွာဆုတ်သွားလေသည်။

သူမ ဆုတ်ခွါသွားပုံမှာ နေးကွေးလွန်းလှသဖြင့် နောက်သို့ဆုတ်နေသည်မှဟုတ်ပါရဲ့လားဟု ထင်မှတ်မှားလောက်၏။ သူမသည် ခုနစ်လှမ်းတိတိ နောက်ဆုတ်သွားခဲ့ချေပြီ။

ထိုတဒင်္ဂအတွင်း၌ စင်လုံနှင့် ဝိညာဉ်ဂိုဏ်းချုပ်သခင်မတို့ကြားတွင် နှင်းမှုန်များကဲ့သို့မှုန်ဝါးသော အငွေ့အသက်များ ဖိတ်ဖုံးကာဆီးသွားသည်။

ထိုအခြေအနေကို ရှင်ပျော်ပျော် မြို့စားကြီးသည်လည်း ကိုယ်တွေ့ မျက်မြင်ဖြစ်ရာ စင်လုံ တွန့်လိမ်သွားသကဲ့သို့ပင် သူသည်လည်း ဆတ်ခနဲတွန့်လိမ်သွားမိလေတော့၏။

မှုန်ဝါးနေသည့် အငွေ့များကြားထဲမှ ဝိညာဉ်ဂိုဏ်းချုပ်သခင်မ၏စကားသံများသည် တစ်လုံးချင်း တစ်ခွန်းချင်းထွက်ပေါ်လာသည်။

"စင်လုံ- ရှင် ကျွန်မရဲ့မျက်နှာကို မြင်ဖူးသွားခဲ့ပြီ၊ ရှင့်မျက်လုံးတွေကို ကျွန်မပိုင်သွားပြီ၊ ရှင့်မျက်လုံးတွေဟာ ကျွန်မပိုင်ပစ္စည်းဖြစ်သွားပြီ၊ ရှင့်မျက်လုံးတွေကို အနေးနဲ့အမြန်ထုတ်ယူနိုင်ပြီ၊ ရှင့်မျက်လုံးတွေကို ကျွန်မ ထုတ်ယူနိုင်ပြီ"

သူမ၏အသံသည် အေးစက်လွန်းလှသဖြင့် ထူးခြားသော အခြေအနေ၌ ကြက်သီးထဖွယ်ရာကောင်းလှတော့သည်။ ရုတ်တရက် လွှမ်းခြုံခဲ့သည့် နှင်းမြူကန့်လန့်ကာသည်လည်း တဖြည်းဖြည်းလွင့်ပါး ပျောက်ကွယ်စပြုလာတော့သည်။



ထိုအချိန်တွင် ဝိညာဉ်ဂိုဏ်းချုပ်သခင်မ၏ ပခုံးသားမှ အင်္ကျီသည် ဘေးသို့အနည်းငယ်လျောကျသွားသည်။

ဖယောင်းတိုက်ထားသကဲ့သို့ ပြောင်ချောလှပသည့် တပ်မက်ဖွယ်ရာပခုံးသားလေးများ ပေါ်လာသည်။ သူမထံမှ တမျှင်းမျှင်း ရယ်သံထွက်ပေါ်လာသည်။

ပခုံးအင်္ကျီစကို ညင်သာစွာပြန်တင်လိုက်ပြီး လွင့်ပါးပျောက်ကွယ်စပြုနေသည့် မြူမှုန်များနှင့်အတူ တဖြည်းဖြည်း နောက်ဆုတ်သွားသည်။

နှင်းမြူထုကြီးသည် သူမအား ကာကွယ်ပေးထားသည့်အလား သူမနှင့်အတူ တဖြည်းဖြည်းလွင့်ပါးနေသည်။

နောက်ဆုံး နှင်းမြူထုကြီးရှင်းလင်းသွားသည့်အခါတွင် ဝိညာဉ်ဂိုဏ်းချုပ်သခင်မတည်းဟူသော ယုဆန်းလှသည့်မိန်းမပျိုသည်လည်း ပျောက်ကွယ်သွားလေတော့သည်။

လှသားလော- နာနာဘာဝလော- ဝိနာဘာဝပေလော။

ထိုအချိန်မှာပင် ကျောက်ရုပ်ထုများကဲ့သို့ ငြိမ်သက် တိတ်ဆိတ်နေသည့် ဖန်ဗီးအိမ်မိန်းမပျိုဆယ်ယောက်တို့က စတင်လှုပ်ရှားလာကြလေသည်။

ပခုံးများ၌တင်ထားသည့် ဇာပဝါများသည် မြေပြင်သို့ လျောကျသွားသည်။ ဖြူရော်နေသည့်မျက်နှာများသည် တဖြည်းဖြည်း ပြုံးရွှင်လာသည်။

ရှင်ပျော်ပျော်မြို့စားကြီးမေ့လျော့နေခဲ့သည့် ခိုရင်သည်လည်း ထိုအချိန်မှာပင် စတင်၍တေးသီလေတော့သည်။

အစပထမ၌ တေးသီသံသည် မပီသလှချေ။ နောက်မှ တဖြည်းဖြည်းပီသလာသည်။ အသံ၏ကောင်းခြင်း၊ ကြည်မြခြင်းတို့

နှင့်ပြည့်စုံသော်လည်း တေးသံသည် တစ်ဆက်တည်းထွက်မလာချေ။ ပြတ်တောင်း ပြတ်တောင်းဖြစ်နေသည်။

ကမ္ဘာပေါ်ရှိအကောင်းဆုံးတေးသံသည် နိုရင်၏တေးသံကို မီလိမ့်မည်မဟုတ်ချေ။ နိုရင်၏တေးသံကိုကြားရသော ကျောက်ဆစ်ရုပ်သည် တေးသံ၏သံစဉ်နှင့်အညီ လှုပ်ရှားယိမ်းကကောင်း ယိမ်းကလာပေလိမ့်မည်။

နိုရင်၏တေးသံစဉ် တစ်မျိုးပြောင်းသွားသည်နှင့် သူတို့၏ ခြေလှမ်းနှင့် ကကြိုးကကွက်များသည် တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားကြပြန်သည်။

သူတို့အတွက် ဆိုင်းသံဗုံသံ တူရိယာသံမရှိချေ။

သို့သော် သူတို့လေးတွေ၏လှုပ်ရှားယိမ်းကနေပုံမှာ အံ့သြလောက်အောင် တူညီနေ၏။ မျက်နှာများကလည်း ချိုပြုံးနေသည်။ မျက်နှာဖုံးများတပ်ဆင်ထားသကဲ့သို့ အားလုံး တပြေးညီဖြစ်နေသည်။

သူတို့လေးတွေ၏ ညင်သာစွာ လှုပ်ရှားနေမှုများသည် တဖြည်းဖြည်း ကြမ်းတမ်းလာသည်။ သူတို့၏လှုပ်ရှားမှုကို မြင်တွေ့ရသောယောက်ျားများသည် သွေးသားများပွက်ပွက်ဆူလာအောင် မခံစားရဟုဆိုပါက ထိုယောက်ျားသည် ယောက်ျား မပီသသောသူသာ ဖြစ်ပေလိမ့်မည်။

သို့သော် စင်လုံသည်ကား သူ၏ရှေ့၌ပွက်ပွက်ဆူအောင် လှုပ်ရှားနေကြသည့် နတ်မိမယ်များအား မမြင်နိုင်ဘဲဖြစ်နေသည်။

သူသည် ကြည့်နေ၏။ မမြင်ချေ။ သူ့နား၌ ကြားနေ၏။ မည်သည့် အသံမှန်းမသိချေ။ သူ့မျက်လုံးများသည် မှိုင်းဝေနေ၏။ သူ၏မျက်လုံးအစုံ၌ နှင်းမြူထုကြီးလွှမ်းခြုံသကဲ့သို့ဖြစ်နေသည်။

သူသည် မတ်တတ်ရပ်နေရင်း အိပ်မက်မက်ရာမှ ယောင်



ယမ်းပြောသည့်အသံဖြင့် တီးတိုးရေရွတ်နေသည်။

"သူ- သူ ဘာဖြစ်လို့ သူ ဖြစ်နေရတာလဲ၊ ဘာဖြစ်လို့ သူ ဖြစ်နေရတာလဲ- ဘာဖြစ်လို့ သူဖြစ်နေရတာလဲ"

ရွှင်ပျော်ပျော်မြို့စားကြီးသည် သီချင်းသံများအကြားမှ စင်လုံ၏နှုတ်ခမ်းဖျားမှ တလှုပ်လှုပ်တရွရွဖြစ်နေသည်ကို မြင်တွေ့နေရ၏။

သို့သော် စင်လုံ ဘာတွေရေရွတ်နေသည်ကို သူမသိချေ။ ပီပီသသကြားနိုင်သောတေးသံက ကြားထဲမှ နှောင့်ယှက်ဖျက်ဆီးနေသည်။

ရွှင်ပျော်ပျော်မြို့စားကြီးသည် ကျောက်ရုပ်ကြီးနှယ်ငေးငိုင်နေသည့် စင်လုံထံမှ သူ၏မျက်လုံးများကိုခွါလိုက်သည်။

မိန်းမပျို ဆယ့်ခြောက်ယောက်တို့ကား ကနေဆဲ--။

ပို၍ ပို၍ပင် လှုပ်ရှားထကြွနေကြသေးသည်။

သူတို့တတွေ၏နဖူးများ၌ ချွေးသီးကလေးများသီးနေခြင်းက သူတို့၏လှုပ်ရှားမှုများ မည်မျှပြင်းထန်သည်ကိုသက်သေပြနေသည်။

ရွှင်ပျော်ပျော်မြို့စားကြီးမှာ သူတို့ကိုကြည့်ရင်း လေးနက်စွာ စဉ်းစားနေသည်။ အတွေးများ ဝေနေသည်။ သူ ဘာတွေစဉ်းစားနေသည်ကိုတော့ မည်သူမျှ မသိနိုင်ပါချေ။

ထိုအချိန်တွင် မိန်းကလေးများသည် မြေပြင်ပေါ်သို့ ကွေးကောက်ကျသွားသည်။

သူတို့သည် မြေကြီးများပေါ်၌တွန့်လိမ်နေကြပြန်သည်။ ရေထဲမှ ငါးဆယ့်ခြောက်ကောင်အား ကုန်းမြေပေါ်၌တင်ထားလိုက်သည့်ပမာ ကဆတ်ဆတ်တုန်လျက် တလှုပ်လှုပ်ခုန်နေသည်။

သို့သော် ရုတ်တရက် ချက်ချင်း တေးသံရပ်သွားပြီး သူတို့တတွေသည်လည်း ငြိမ်သက်သွားကြတော့သည်။

သူတို့တတွေ၏ ရွှေရင်အစုံစုံတို့သည် လှိုင်းထသည့်နှယ် နိမ့်လိုက် မြင့်လိုက် ဖြစ်နေကြသည်။

အပြင်းအထန် လှုပ်ရှားယိမ်းကလိုက်ကြရသဖြင့် မောပန်းနေကြခြင်းသာ ဖြစ်ပေတော့သည်။

သို့ရာတွင် သူတို့တတွေ၏မျက်နှာများ၌ အပြုံးရိပ်များပေါ်နေသည်။ လောက၌ အကောင်းဆုံးသောခံစားမှုတစ်ခုကို ပြည့်ပြည့်ဝဝခံစားလိုက်ရသကဲ့သို့ ကျေနပ်နှစ်သိမ့်နေသည်။

ထိုတဒင်္ဂဝယ် နိုက်ဟိုလင် သစ်တောဥယျာဉ်အတွင်း၌ သူတို့တတွေ၏ အသက်ရှူသံသည်သာ လွှမ်းခြုံနေတော့သည်။

နီရင်က မောပန်း နွမ်းလျသောလေသံဖြင့် ရွှင်ပျော်ပျော်မြို့စားကြီးအား လှမ်းမေးလိုက်သည်။

"ရွှင်ပျော်ပျော်မြို့စားကြီး၊ ရင်စိတ်တိုင်းကျဖြစ်ရဲ့လားဟင်"

ရွှင်ပျော်ပျော်မြို့စားကြီးသည် နီရင်အားစူးစူးဝါးဝါးကြည့်ရင်းအော်လိုက်သည်။

"မိစ္ဆာတေလေ စုန်းကဝေတွေ"

နီရင်၏ မျက်လုံးများသည် ဝိုင်းဝန်းသွားတော့သည်။

"ရှင်- ကျွန်မတို့တတွေဟာ ရှင့်ကို နှိုးကြားတက်ကြွအောင် မလုပ်နိုင်ခဲ့ဘူးလား"

ရွှင်ပျော်ပျော်မြို့စားကြီး၏အသံသည် ပုံမှန် အခြေအနေသို့ ပြန်ရောက်သွားသည်။

"မင်းတို့အားလုံးဟာ တစ္ဆေမလေးတွေပဲ"

"ဒါဖြင့်ရင် ကျွန်မတို့အားလုံးကို ကျေနပ်သွားပြီပေါ့၊ ကျွန်မတို့အားလုံးကို ခေါ်ထားတော့မယ်ပေါ့"

"မင်းတို့ကို ငါက ဘာဖြစ်လို့ခေါ်ထားတော့မလဲ"



"ဒါဖြင့်ရင် ကျွန်မတို့ကို ရှင်က သတ်ပစ်တော့မယ်ပေါ့၊ ဟုတ်လား။ ဒီအဓိပ္ပါယ်လား"

"ဩ- မင်းတို့က မင်းတို့ရဲ့ အသက်ချမ်းသာရေးအတွက် ဒီလိုလုပ်ခဲ့ကြတာကိုး"

"ရှင်ဟာ တစ်ခေတ်မှာတစ်ယောက်ပေါ်တဲ့ လူစွမ်းကောင်းကြီးပါ၊ ကျွန်မတို့ကိုတော့ သတ်မယ်မထင်ပါဘူး"

"ဟား- ဟား- ဟား ငါက လူစွမ်းကောင်းမဟုတ်ပါဘူး။ ဒါပေမယ့် မင်းတို့ကို သတ်ပစ်လောက်အောင်လည်း ငါက ဆိုးသွမ်းသူမဟုတ်ပါဘူး။ တကယ်လို့ မင်းတို့ကို ငါကသတ်ပစ်ရင်လည်း စင်လုံလိုပုဂ္ဂိုလ်မျိုးက ငါ့ကို ဘယ် လေးစားတော့မလဲ"

ရွှင်ပျော်ပျော်မြို့စားကြီးသည် အဝေးသို့ လက်ညှိုးညွှန်လိုက်ပြီး---

"တစ္ဆေမတွေ အားလုံးထွက်သွားကြစမ်း"

နီရင်မှာ အထိတ်တလန့်ဖြစ်သွားသည်။

"ရွှင်ပျော်ပျော်မြို့စားကြီး ကျွန်မတို့ကို တကယ်ပဲ အလိုမရှိတော့ဘူးလားဟင်"

"ဘာဖြစ်လို့ အလိုရှိရမှာလဲ၊ မင်းတို့ကိုယ် မင်းတို့ ညို့မြူအား သိပ်ကောင်းနေတယ်လို့ ထင်နေသလား။ ငါ့မျက်စိထဲမှာတော့ မင်းတို့အားလုံးကို တစ္ဆေမတွေလိုပဲ မြင်နေတယ်"

နီရင်သည် ဒေါသတကြီးထခုန်လိုက်သည်။

"ရှင်- ရှင်---"

ရွှင်ပျော်ပျော်မြို့စားကြီးက ခပ်ထန်ထန်ပြောလိုက်သည်။

"မင်းတို့လုပ်တာတွေဟာ ကိုယ့်ကိုယ်ကိုဒုက္ခရှာကြတာပဲ၊ ကိုယ့်ကိုယ်ကို မောအောင်လုပ်နေကြတာပဲ၊ မင်းတို့ ဒီနေရာက မြန်

မြန်ကလေး ထွက်သွားကြစမ်း"

နိုရင်က ခြေဆောင့်ရင်း-

"ရင်ဟာ ယောကျ်ားမဟုတ်ဘူးရင့် သိရဲ့လား၊ ရင်ဟာ ယောကျ်ားမဟုတ်ဘူး"

"တိတ်စမ်း၊ ဒီနေရာက အမြန်ဆုံး ထွက်သွားလို့ ငါအမိန့်ပေးနေတယ်"

ရှင်ပျော်ပျော်မြို့စားကြီး၏ ဟိန်းဟောက်သံသည် မိုးချုန်းသကဲ့သို့ မြည်ဟိန်းသွားသည်။ နိုရင်မှာ တုန်ယင်ထိတ်လန့်သွားပြီး နောက်ဘက်သို့ လှည့်ပြေးလေတော့သည်။

ကျန်သော မိန်းမပျိုဆယ့်ခြောက်ယောက်သည်လည်း သူတို့၏နောက်သို့ ကျာပွတ်နှင့်လိုက်ရိုက်သည့်နှယ် အလုအယက် ထွက်ပြေးကြလေတော့သည်။

မကြာမီပင် မြင်ကွင်းအတွင်းမှ ပျောက်ကွယ်သွားလေတော့သည်။ ရှင်ပျော်ပျော်မြို့စားကြီး ခေါင်းမော့ရင်း အားရပါးရ ရယ်မောလေတော့သည်။

သူ၏ ဟစ်၍ဟစ်၍ ရယ်သံကြောင့် ဒိုက်ပဲလင်ကွင် သစ်တောဥယျာဉ်တစ်ခုလုံး သိမ့်သိမ့်တုန်လေတော့သည်။

သူသည် လက်ခုပ်နှစ်ချက်တီးလိုက်သည်။ သူ၏လက်ခုပ်သံသည် ပေထုပ်များကို မီးရှို့လိုက်သည့်နှယ် တဖြောင်းဖြောင်းမြည်ဟည်းသွားသည်။

လက်ခုပ်သံဆုံးသည်နှင့် လူရိပ်တစ်ခု ရိပ်ခနဲရောက်လာလေသည်။

ထိုသူ၏ ကိုယ်ဖော့ပညာမှာ ကြောက်ခမန်းလိလိ အစွမ်းထက်လှသည်။ လျှင်မြန် ပေါ့ပါးမှုသည် ရင်သပ်ရှုမောဖွယ်ရာ



ကောင်းလှသည်။

သို့သော် သူသည် ကလေးငယ်ကဲ့သို့ သေးကွေးကြုံလှီလှသည်။ သူကား ဖဲချပ်များကို ဆေးကြောပေးခဲ့သည့် လူပုကလေး ရောင်ကျင်းလိန်ပေတည်း။

ရောင်ကျင်းလိန်သည် ရှင်ပျော်ပျော်မြို့စားကြီး၏ ရှေ့မှောက်၌ ဒူးတုပ်ထိုင်လိုက်သည်။ ရှင်ပျော်ပျော်မြို့စားကြီး၏ အသံသည် ရုတ်တရက် တည်ငြိမ်သွားပြီး-

"တစ္ဆေမတွေ နောက်လိုက်စမ်း၊ သူ ဘိုရဲ့နေရာကို မှတ်ခဲ့၊ အမြန်ဆုံးသတင်းပြန်ပို့ သွားတော့"

"ကောင်းပါပြီ သခင်ကြီး"

စကားဆုံးသည်နှင့် ရောင်ကျင်းလိန်သည် နောက်ဂျွမ်းပစ်ကာ ထွက်သွားသည်။ မယုံနိုင်လောက်သည့် အချိန်အနည်းငယ် အတွင်း ရောင်ကျင်းလိန်ဟု အမည်တွင်သော လူပုကလေးသည် သူတို့၏ မြင်ကွင်းထဲမှ ပျောက်ကွယ်သွားတော့သည်။

စင်လုံသည် ရောင်ကျင်းလိန် ပျောက်ကွယ်သွားသည့်အရပ်ဘက်သို့ ငေးမောကြည့်ရင်း သက်ပြင်းချလိုက်သည်။

"ရှင်ပျော်ပျော်မြို့စားကြီးရဲ့ တပည့်တွေဟာ တစ်ယောက်မှ မခေပါလား"

စင်လုံသည် ရှင်ပျော်ပျော်မြို့စားကြီး၏ရှေ့သို့ ဖြည်းညင်းစွာ လျှောက်လာသည်။ လက်နှစ်ဖက်ကိုဆုပ်ကာ ဦးညွတ်ဂါရဝ ပြုလိုက်သည်။

"နောင်ကြီးကတော့ တစ်ခေတ်တစ်ယောက်ဆိုတဲ့လူပါပဲ၊ အမြော်အမြင်လည်း ကြီးမားပါပေတယ်၊ ကျွန်တော်ကတော့ မိန်းမသားကိုတောင် မဖမ်းဆီးနိုင်ခဲ့လို့ ကိုယ့်ကိုယ်ကို ရက်လို့မဆုံး

တော့ပါဘူး”

ရှင်ပျော်ပျော်မြို့စားကြီးသည် ရယ်မောလိုက်၏။

“ညီလေးစင်လုံ၊ ဟိုတစ္ဆေတွေရဲ့ သခင်မ မျက်နှာကို မြင်လိုက်ရပြီး စိတ်ဓာတ်ပျော့ညံ့သွားခဲ့တာ မဟုတ်လား။ အင်း အဲဒီမိန်းကလေးရဲ့မျက်နှာဟာ တစ်လောကလုံးမှာ အလှဆုံးဖြစ်မယ်ဆိုတာ ငါ ခြွင်းချက်မရှိ ယုံကြည်တယ်၊ ဘာပဲပြောပြော မင်းကတော့ ငါ့ထက် ကသိုလ်ထူးတာအမှန်ပဲ၊ ငါက သူ့မျက်နှာကို မြင်ချင်လျက်နဲ့ မမြင်လိုက်ရပါဘူးကွာ”

စင်လုံက အေးဆေးစွာပင် ပြောလိုက်သည်။

“သူ့ကို မဖမ်းလိုက်နိုင်တဲ့အတွက် ကျွန်တော်ရက်မိတာ မှန်ပေမယ့် သူဟာ နောင်တော်ကြီးလက်ထဲက မလွတ်နိုင်ဘူးဆိုတာ တော့ ကျွန်တော်သိနေပါတယ်၊ သူ ဘယ်လောက်ပြေးပြေး နောက်ဆုံး သူ နောင်တော်ကြီးရဲ့လက်ခုပ်ထဲကရေပဲ ဖြစ်ရမှာမဟုတ်လား”

ရှင်ပျော်ပျော်မြို့စားကြီးသည် စင်လုံအား စူးစူးစိုက်စိုက် ကြည့်လိုက်သည်။

“ညီလေးစင်လုံ၊ မင်းက ငါ့ကို အတော်ကလေးအထင်ကြီးနေတာကိုး။ ဒီလိုအထင်ကြီးဖို့ မလိုပါဘူးကွာ၊ ငါကသာ မင်းကို အထင်ကြီးရမှာပါ၊ ဘာဖြစ်လို့လဲဆိုတော့ မင်းက ငါ့အသက်ကိုကယ်ခဲ့တာ မဟုတ်လား။ ဒီအတွက် ငါက ကျေးဇူးပြန်ဆပ်ရမယ်၊ ဘယ်လိုဆပ်ရမလဲ”

စင်လုံက ခေါင်းငုံ့သွားသည်။ ထို့နောက် ဖြည်းညင်းစွာပြောလိုက်သည်။

“နောင်တော်ကြီး- အဲဒီစကားနဲ့တော့ ကျွန်တော့်ကိုယ် ကျွန်တော် ထပ်ရက်အောင် မလုပ်ပါနဲ့၊ ကျွန်တော်သာ ဝင်မရှုပ်ရင်



အခုဆိုရင် ဝိညာဉ်ဂိုဏ်းချုပ်သခင်မဟာ နောင်တော်ကြီး အကျဉ်းသားဖြစ်နေလောက်ပါပြီ၊ ကျွန်တော့်ကြောင့် သူလွတ်သွားရတာပါ။ နောင်တော်ကြီးက ကျေးဇူးစကား ပြောတော့ ကျွန်တော့်ကို သရော်သလိုဖြစ်နေပါတယ်၊ ကျွန်တော့်ကို ခွင့်လွှတ်ပါလို့တောင်းပန်ပါတယ်”

ရှင်ပျော်ပျော်မြို့စားကြီးက ခပ်အေးအေးမှန်မှန်ပင်ပြောသည်။

“မင်းသာ ငါသောက်မယ့်အရက်ကို သွန်ချ မပစ်ရင် ငါဟာ အခုလို မင်းနဲ့စကားပြောနိုင်မှာ မဟုတ်တော့ဘူး။ စောစောကတည်းက သူ့ခြေထောက်အောက်ကို ရောက်နေလောက်ပြီ၊ ဒီကျေးဇူးကို ငါက ပစ်ပယ်လို့ဖြစ်ပါ့မလား။ ငါ ဒီလောက်ထိ အသက်ရှည်ရှည် အောင်မြင်ကျော်ကြားနေရတဲ့ အကြောင်းရင်းတွေထဲမှာ သူတစ်ထူးရဲ့ကျေးဇူးကို သိတတ်ခြင်းဟာလည်း အကြောင်းရင်းတစ်ချက်ပါပဲ ငါ့ညီရ”

စင်လုံက တည်ကြည်အေးဆေးစွာ ပြန်မေးလိုက်သည်။

“နောင်တော်ကြီး အဲဒီအရက်ခွက်ထဲမှာ အဆိပ်ရှိနေတယ်ဆိုတာ တကယ်ပဲ မသိဘူးလား”

ရှင်ပျော်ပျော်မြို့စားကြီးက ဟက်ဟက်ပက်ပက် ရယ်မောလိုက်သည်။

“မေးမှ မေးရက်ပလေတယ်၊ အဲဒီအရက်ခွက်ထဲမှာ အဆိပ်ရှိနေမှန်း သိမှတော့ ငါက အမိုက်ခံပြီး ဒီအရက်ကိုသောက်ပါ့မလားကွာ၊ ငါ့ညီပဲ စဉ်းစားကြည့်ပါဦး။ ဟား- ဟား- ဟား”

စင်လုံက ပြုံးလိုက်၏။ သူ့အပြုံးက ရှင်ပျော်ပျော်မြို့စားကြီး၏ပရိယာယ်ကိုသိပါသည်ဟု ပြောလိုက်သည့်အလား။

ရှင်ပျော်ပျော်မြို့စားကြီးက ခပ်ပြုံးပြုံးဖြင့်မေးလိုက်သည်။

"ဘာလဲ- ငါ့ညီက ငါပြောတဲ့စကားကို မယုံဘူးလား"

စင်လုံက ပြုံး၍ ပြန်ဖြေလိုက်သည်။

"နောင်တော်ကြီးအနေနဲ့ အရက်ခွက်ကိုကိုင်ရုံပဲ ကိုင်ပါသေးတယ်၊ နှုတ်ခမ်းဖျားနဲ့တောင် မထိပါဘူး။ ကျွန်တော့်မျက်စိအမြင်ဘယ်လောက်သန်သလဲဆိုတာ စောင့်ကြည့်တာလို့ပဲ ကျွန်တော်ထင်ပါတယ်၊ ဝိညာဉ်ဂိုဏ်းချုပ်သခင်မရဲ့ လုပ်ကြံမှုကို ဖော်ထုတ်နိုင် မနိုင်ဆိုတာကို စောင့်ကြည့်တာပဲလို့ ကျွန်တော်ထင်တယ်"

ရွှင်ပျော်ပျော်မြို့စားကြီးသည် လက်ခုပ်လက်ဝါးတီးလျက်အော်ဟစ်ရယ်မောလိုက်လေသည်။

"ဟား ဟား ဟား စင်လုံ- မင်းကိုလည်း ငါဘာမှ ဖုံးကွယ်လို့ မရပါလား"

ရွှင်ပျော်ပျော်မြို့စားကြီးသည် ကျေးဇူးတရားနှင့်ပတ်သက်၍ပြောကြားခဲ့သည်။ သို့ရာတွင် သူ၏စကားများသည် ရေ့နောက်မညီညွတ်ပါချေ။

အဘယ့်ကြောင့်ဆိုသော် သူ့အား အသက်ပေးကာကွယ်ခဲ့သည့် အဖေါ်မဲ့လူသည် သူနှင့်မလှမ်းမကမ်း၌ အသက်ပျောက်နေခဲ့သော်လည်း သူက တစ်ချက်မျှပင် လှမ်း၍ မကြည့်သောကြောင့်ပေတည်း။

အဖေါ်မဲ့လူကား မြေကြီးပေါ်၌ လဲလျောင်းလျက်ရှိနေပေသည်။ အသေကောင်ပမာတည်း။

သို့သော် အသက်ရှိနေကောင်း ရှိနေနိုင်သေးသည်။ မည်သို့ပင်ဖြစ်စေ ရွှင်ပျော်ပျော်မြို့စားကြီးက လုံးဝ လစ်လျူရှု ဥပေက္ခာပြုထားသည်။

သူသည် စင်လုံ၏လက်ကို ရင်းနှီးစွာလာရောက်ဆွဲကိုင်၏။



"ကဲ- ဒီညအဖို့ တိုက်ပွဲကြီး ပြီးသွားပါပြီ၊ တိုက်ပွဲကတော့ အတော့်ကိုထူးဆန်းတဲ့ တိုက်ပွဲပါပဲ၊ ဘာပဲဖြစ်ဖြစ် ငါ့အသက်ကို ကယ်ခဲ့တဲ့အတွက်တော့ မင်းကို ချီးကျူးဂုဏ်ပြုရမယ်၊ ငါ့ရဲ့အနောက်ဆောင်က နတ်မိမယ်လေးတွေနဲ့ မင်းကိုတွေ့ဆုံပေးမယ်"

သခင်ချစ်လျှင် အပြစ်သည်ဂုဏ်ဖြစ်၏။ သခင်မုန်းလျှင်ဂုဏ်သည် အပြစ်ဖြစ်၏။ စင်လုံကား ရွှင်ပျော်ပျော်မြို့စားကြီး၏ ဂုဏ်ပြုမှုကို ခံယူရရှိပေတော့မည်။

စင်လုံက တည်ငြိမ်စွာပြောလိုက်သည်။ သူ့စကားကြောင့်သွားအံ့ဆဲဆဲ ရွှင်ပျော်ပျော်မြို့စားကြီး၏ ခြေလှမ်းများ ရပ်တန့်သွားသည်။

"နောင်တော်ကြီး- နောင်တော်ကြီးရဲ့ အနောက်ဆောင်က နတ်ဗိမယ်ကလေးတွေကတော့ ဒီလောကမှာ အလှဆုံးမိန်းကလေးတွေဖြစ်မှာသေချာပါတယ်၊ ဒါပေမယ့် ကျွန်တော် နောင်တော်ကြီးရဲ့ အရုပ်ဆိုးဆုံးယောက်ျားတစ်ယောက်ကိုပဲ တွေ့လိုပါတယ်"

"ဟား- ဟား- ဟား-ငါသိပြီ၊ မင်းက ကျင်းစုမန်းကို တွေ့ချင်တာ မဟုတ်လား"

"ချက်ဆို နားခွက်က မီးတောက်တယ်ဆိုတာ နောင်တော်ကြီးလို ပုဂ္ဂိုလ်မျိုးပါပဲ၊ ဟုတ်ပါတယ်၊ ကျင်းစုမန်းကို ကျွန်တော်တွေ့ချင်ပါတယ်"

ရွှင်ပျော်ပျော်မြို့စားကြီးက ခပ်ပြုံးပြုံးပြန်ပြောလိုက်သည်။

"အင်း- ငါ့ညီက သူ့ကိုမမေ့သေးဘဲကိုး။ ငါကတော့ မင်းမေ့နေပြီလို့ ထင်နေတာ"

"အဲဒီလို ထင်ရင်မှားမှာပေါ့နောင်တော်ကြီး။ ကြာရှိန်ကြာစွယ်ကျိုးသွားပေမယ့် အမျှင်မပြတ်သလို မိတ်ဆွေကောင်းတို့မည်သည်ကိုယ့်မိတ်ဆွေဟောင်းကို ဘယ်တော့မှ မမေ့အပ်ဘူး"

"အင်း--မင်းနဲ့ ကျင်းစုမန်းရင်းနှီးခင်မင်ကြတဲ့ အဖြစ်ကတော့ တကယ့်ကို ဖြစ်တောင်ဖြစ်ခဲ့တဲ့ကိစ္စပဲ၊ အင်မတန် အံ့သြစရာလည်း ကောင်းတယ်၊ အထူးသဖြင့် ငါ့ရှေ့မှာ ဒီလို ဟုတ်မှန်တဲ့အတိုင်း ဝန်ခံခဲ့တာက ပိုပြီးအံ့သြစရာကောင်းတယ်"

နောင်တော်ကြီးရှေ့မှာ တစ်ခုခုဖုံးကွယ်လျှို့ဝှက်ဖို့ ကြိုးစားတာဟာ တဟုန်ထိုးစီးဆင်းလာတဲ့ ရေအဟုန်ကို လက်ဝါးနဲ့ တားဆီးလာတဲ့အဖြစ်မျိုးပဲဖြစ်တတ်တယ်ဆိုတာ ကျွန်တော်သိပါတယ်၊ ဒါကြောင့်မို့ နောင်တော်ကြီးကို အရိုးသားဆုံး ဆက်ဆံဖို့ ဆုံးဖြတ်လိုက်ပါတယ်"

ရှင်ပျော်ပျော်မြို့စားကြီးသည် စင်လုံ၏စကားကို ကြားလိုက်ရသောအခါ အတော်ကလေးကျေနပ်သွားပုံရသည်။

သူ၏လက်ဝါးနှစ်ဖက်ကို ပွတ်သပ်ရင်း ခေါင်းတညိတ်ညိတ်လုပ်နေသည်။

ထို့နောက်---

"ကောင်းပြီ မင်းအခုပဲ သူနဲ့တွေ့ချင်ပြီလား"

စင်လုံက ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်ကဲ့ မိန်းမချောလေးတွေထက် သူ့ကိုအရင်ဆုံး တွေ့တာက စိတ်ဆွေကောင်းပိုပြီးဗိသတယ်လို့ ထင်ပါတယ်"

ရှင်ပျော်ပျော်မြို့စားကြီးသည် လက်ခုပ်တစ်ချက်တီးလိုက်လေသည်။ မကြာမီ အတောအတွင်းမှာပင် လူတစ်ယောက်သည် သေတ္တာတစ်လုံးကို ကိုင်၍ထွက်ပေါ်လာသည်။

ဤပတ်ဝန်းကျင်အတွင်း၌ လူစိမ်းသူစိမ်းဟူ၍ တစ်ယောက်မျှမမြင်ရချေ။

သို့သော် ရှင်ပျော်ပျော်မြို့စားကြီးအလိုရှိ၍ လက်ခုပ်



လိုက်တိုင်း မြေကြီးမှပေါက်ထွက်လာသကဲ့သို့ တစ်ယောက်ယောက်သည် ဒေဆင်သင့်ပေါ်လာမြဲဖြစ်သည်။ ဤကဲ့သို့ လျှို့ဝှက်နက်နဲသော ရန်လူအား တုဖက်ပြိုင်ရန်ဆိုသည်မှာ လွန်စွာမလွယ်ကူသော လုပ်ငန်းဆောင်တာကြီးပင်ဖြစ်တော့သည်။

အဖော်မဲ့လူသည် စင်လုံ မထင်မှတ်သည့် အချိန်တိုင်း၌ ရှင်ပျော်ပျော်မြို့စားကြီး၏ နောက်ကွယ်၌ရပ်ကာ လုံခြုံမှုကို အမြဲတမ်းပေးနေ၏။

ဝိညာဉ်လက်ဝါးဂိုဏ်းသားများ ထွက်ပြေးသွားချိန် လက်ခုပ်တစ်ချက်တီးလိုက်ရုံဖြင့် ကိုယ်ဖော့ပညာစွမ်းထက်လှသော လူပုကလေးရောင်ကျင်းလိန်ရောက်ရှိလာ၏။

ယခု လက်ခုပ်တစ်ချက်တီးလိုက်သည်နှင့် အရပ်မြင့်မြင့် ကျံ့ခိုင်တောင့်တင်းသော လူငယ်တစ်ဦး ထွက်ပေါ်လာပြန်၏။ သူ့လက်ထဲ၌ အလျားလေးပေ၊ အနံနှစ်ပေ ခန့်ရှိသော သေတ္တာတစ်လုံးကို ကိုင်ဆွဲလာသည်။

စင်လုံ၏စိတ်ထဲ၌ လက်ခုပ်တီး အချက်ပေးလိုက်သည်နှင့် ကျင်းစုမန်းထွက်လာမည်ဟု ထင်မှတ်ခဲ့လေသည်။ သူ၏အထင်လွဲမှားမှားသည်ကို တွေ့လိုက်ရသည်နှင့် စင်လုံမှာ အနည်းငယ် မျက်နှာပျက်သွားပါတော့သည်။

လူငယ်သည် ရှင်ပျော်ပျော်မြို့စားကြီး၏ရှေ့၌ ထိုသေတ္တာကို ချထားလိုက်သည်။

ရှင်ပျော်ပျော်မြို့စားကြီးက အသံခပ်တိုးတိုးဖြင့် လှမ်းပြောသည်။

"ကဲ- သူ့ကိုတွေ့ချင်တယ်ဆို- သေတ္တာဖွင့်လိုက်ပေတော့"

စင်လုံ၏ ဘဝတစ်သက်တာ၌ ပြဿနာပေါင်း မြောက်များ

စွာကို ဆုံတွေ့ကြုံကြိုက်ခဲ့ဖူးပါသည်။ သို့သော် ယခုကဲ့သို့ ထိတ်လန့်
စဖွယ်အဖြစ်မျိုးကိုတော့ တစ်ကြိမ်တစ်ခါမျှ မကြုံကြိုက်ခဲ့ဘူးပါချေ။
ထို့ကြောင့် သူ့တစ်သက်၌ တစ်ကြိမ်တစ်ခါမျှ မခံစားရဖူးသော ခံစာ
မှုတစ်မျိုးဖြ ပေါ်လာလျက် ခြေဖျားလက်ဖျားများ ရုတ်ခြည်း အေ
စက်သွားရေ တော့သည်။

ကျောင်းစုမန်း အဆိပ်သင့်၍သေဆုံးနေပြီလော၊ ကျောင်းစုမ
၏ဦးခေါင်းသည် ဤသေတ္တာ၌ရောက်ရှိနေပြီလော၊ သို့မဟုတ် ကျောင်းစုမ
၏ခန္ဓာကိုယ်အစိတ်အပိုင်းအားလုံးသည် အပိုင်းပိုင်းအတစ်တစ်ပြ
လျက် ဤသေတ္တာထဲ၌ သွတ်သွင်းထားခြင်းခံနေရပေပြီလော၊

ဝင်လုံ မတွေးတတ်တော့ပါပေ။

သေတ္တာသည် မှန်စီရွှေချသေတ္တာဖြစ်၏။ အကျအန
ထားသည့်သေတ္တာဖြစ်၏။ ကနုတ်ပန်း၊ ခြူးပန်းများနှင့် လွန်စွာ
ပညာလက်ရာမြောက်စွာ ထုထွင်းထားသည့်သေတ္တာဖြစ်၏။

ဝင်လုံသည် သေတ္တာ၏အဖုံးကို လက်နှင့်ထိလိုက်မိသည်
တစ်ကိုယ်လုံး တုန်ယင်သွားတော့သည်။ သူ၏လက်များသည်
ဆောင်မထားနိုင်လောက်အောင် တဖြည်းဖြည်းတုန်ယင်လာသည်

သူ၏လက်သည် ဝိသချိန်သုံးလေးရာကို မ တင်ဆွဲပ
သောလက်ဖြစ်သည်။

သို့သော် ဤလေးပေ နှစ်ပေရှိသည့်သေတ္တာကလေး၏
ကို ဆွဲမ ဖွင့်ပှူခြင်းကို မဆောင်ရွက်နိုင်ဘဲဖြစ်နေသည်။ သေတ္တာ
ကို ဆွဲမရန် အကြိမ်ကြိမ်ကြိုးစား၏။ သို့သော် အကြိမ်ကြိမ် အခ
မအောင်မြင်ဘဲ ဖြစ်နေရတော့သည်။

ရှင်ပျော်ပျော်မြို့စားကြီးကမူ သူ့အား ခပ်ပြုံးပြုံး ကြ
အကဲခတ်နေလေသည်။ နောက်ဆုံး သူသည်သက်ပြင်းတစ်ချက်



လိုက်ကာ သေတ္တာ၏အဖုံးကို အားကုန်ဆွဲတင် မလိုက်လေတော့သည်။

ဝင်လုံသည် သူ၏မျက်စိများကို ပိတ်ထားလိုက်ချင်၏။ သို့သော် ပိတ်ထားရန်လည်း မဖြစ်နိုင်ချေ။ ထို့ကြောင့် သေတ္တာအဖုံးကို ဆွဲမ လှန်တင်ပြီးသည်နှင့် သေတ္တာထဲသို့ လှမ်းကြည့်လိုက်ရလေသည်။

သေတ္တာထဲ၌ ကျောင်းစုမန်း၏ဦးခေါင်း ရှိမနေပါချေ။ ကျောင်းစုမန်း၏ အပိုင်းပိုင်းအတစ်တစ် ခန္ဓာကိုယ်အစိတ်အပိုင်းများအစား စာကလေးတစ်စောင်ကိုသာ တွေ့မြင်လိုက်ရလေသည်။

ဝင်လုံသည် သက်ပြင်းရှည်ကြီးချလိုက်မိ၏။ အေးစက်သော ခြေထောက်နှင့် လက်များသည်လည်း ပြန်လည်ပူနွေးလာ၏။ အေးစက်သော ခြေထောက်နှင့်လက်များသည်လည်း ပြန်လည်ပူနွေးလာ၏။ စာကိုဖတ်ကြည့်လိုက်သည်။

"တပည့်မှာ လက်တစ်ဖက်ပျက်စီးဆုံးရှုံးခဲ့ရပြီ၊ ရှင်ပျော်ပျော်မြို့စားကြီးအတွက် ဆက်လက် ဆောင်ရွက်လိုပါသော်လည်း အင်အားမရှိဖြစ်ခဲ့ရပါပြီ၊ တပည့်ရဲ့တာဝန် မကျေပွန်တဲ့အတွက် အလွန်ပဲ ရင်နာခဲ့ရပါပြီ၊ မြို့စားကြီးရဲ့ကျေးဇူး တပည့်အပေါ်မှာ မြင်းမိုရ်တောင်လောက် ကြီးမားတယ်ဆိုတာလည်း သိပါတယ်၊

သို့သော်လည်း ခွန်အားမရှိခြင်းက တပည့်ကို သေးသိမ်အားငယ်စေခဲ့ပါပြီ၊ ဒါကြောင့်မို့ မိုးမြေအနှံ့ပျောက်သွားပြီလို့သာ သိမှတ်လိုက်ပါတော့၊ မြို့စားကြီးရဲ့ကျေးဇူးတွေကို အင်အားပြည့် ပြန်ဆပ်နိုင်တဲ့တစ်နေ့မှာ တပည့် ပြန်လည်ရောက်ရှိခဲ့ပါ့မယ်၊ အသုံးမကျသော တပည့်မိုက်ကို ခွင့်လွှတ်ပါလေတော့---။

ဝင်လုံသည် ထိုစာကို ဖတ်ပြီးနောက် မူးဝေသွားတော့သည်။ ရှင်ပျော်ပျော် မြို့စားကြီးသည် ဝင်လုံအားကြည့်ပြီး ဖြည်းညင်းစွာ

ပြောလိုက်သည်။

"သေတဲ့အထိ ကျေးဇူးတရားကိုသိတတ်မယ့် တပည့်ပါပဲ၊ ကျင်းစုမန်းဟာ လောကမြေပြင်ပေါ်မှာ လက်တစ်ဆုပ်စာလောက်ရှိတဲ့ လူထူးလူဆန်းတွေထဲက တစ်ယောက်ဖြစ်တယ်"

စင်လုံသည် မသက်မသာဖြင့် ဖြည်းညင်းစွာရေရွတ်နေသည်။

"သူ့ဆန္ဒတွေ ပြည့်ဝပါစေလို့ ဆုတောင်းလိုက်ပါတယ်လေ"

ထိုစဉ် ရှင်ပျော်ပျော်မြို့စားကြီးက ကျယ်လောင်စွာရယ်မော

လေသည်။

စင်လုံသည် အဘယ့်ကြောင့် ရယ်လေသနည်း ဟူသော

ရှုးစမ်းသည့် အကြည့်ဖြင့် ပြန်ကြည့်သည်။

ရှင်ပျော်ပျော်မြို့စားကြီးက အရယ်မပျက်ဘဲ ဆက်ပြော

သည်။

"ငါ့လက်အောက်က တပည့်ကြီးလေးဦးကတော့ သေတဲ့လ

သေ၊ ဝါဂွမ်းကလေးလို လွင့်တဲ့လူလွင့်ထွက်သွားကြပြီ၊ အခုဆိုရင်

ငါ့အနားမှာ တစ်ယောက်မှ မရှိကြတော့ဘူး။ ဒါပေမယ့် ငါကတော

အပြုံးအရယ်မပျက်ဘဲ ရှိနေဆဲပဲကွ၊ အဲဒါ ဘာ့ကြောင့်လဲဆိုတာ ငါ့ည

စင်လုံသိရဲ့လား"

"ကျွန်တော် ဘယ့်နှယ်သိနိုင်မလဲဗျာ"

"ဟား- ဟား- ဟား ငါရယ်နိုင်တာပေါ့ကွ၊ ငါ့ဆီကို မင

တစ်ယောက်လုံး ရောက်လာနေပြီပဲ၊ မင်းတစ်ယောက်ရဲ့စွမ်းအားဟာ

ငါ့ ကိုယ်ရံတော်လေးယောက်ထက် ပိုပြီး ကြီးမားတယ်ဆိုတာ ငါသိတယ

လာ- ညီလေး သွားစို့"

☸



ရှင်ပျော်ပျော်မြို့စားကြီး၏ အနောက်ဆောင်သည် စာဖွဲ့၍ မကုန်နိုင်အောင် ဆန်းပြား ခမ်းနား၏။ ဆန်းပြား ခန်းနားသည့်အခန်းထဲ၌ လှပချောမွေ့လှသည့် မိန်းကလေးပေါင်း ဆယ်ယောက်ကျော်ကျော် ရှိနေသည်။

အချို့က ကန့်ကလျ မတ်တတ်ရပ်နေသည်။ သူတို့၏ ရွှန်းလက်တောက်ပလှသည့် သောက်ရှူးကြွယ် မျက်လုံးအစုံတို့သည် ဝင်လာသည့် ယောကျာ်းသားနှစ်ယောက်အား အစွမ်းကုန် ညို့မြူနေကြသည်။

သူတို့သည် ပျိုမျစ်နုနယ်လှသည့်စင်လုံကို အာသာငမ်းငမ်းဖြင့် ပို၍ တပ်မက်နေကြသည်။

သူတို့၏ လျှို့ဝှက်ဆောင်ကြာခြည်အတွင်းသို့ လူစိမ်းသူစိမ်း လူလင်ပျိုတစ်ယောက်အား ယခုကဲ့သို့ ခေါ်သွင်း ဝင်ရောက်လာခြင်းကိုလည်း အထူးအံ့အားသင့်နေမိကြသည်။

အဘယ့်ကြောင့်ဆိုသော် ယခင်က ဤကဲ့သို့ တစ်ကြိမ်

တစ်ခါမျှ ခေါ်သွင်းလာခြင်း မရှိသောကြောင့်ပေတည်း။

ဤသူငယ်သည် မည်သူနည်း။

ဤ ဆောင်ကြာခြည်အတွင်းသို့ သူမှတစ်ပါး အခြား ယောက်ျားမဝင်ရဟု ရှင်ပျော်ပျော်မြို့စားကြီးက ပညတ်ထား၏။ သူ ပညတ်ချက်ကို ဖောက်ဖျက်သူသည် သေဒဏ်ခံရမည်။

ယခုမူ သူကိုယ်တိုင် အခြားတစ်ပါးသော လုလင်ပျိုအား လက်ကိုဆွဲကိုင်၍ ခေါ်သွင်းလာခဲ့ပေပြီ။

ဤသူငယ်သည် မည်သည့်အရပ်ကနည်း။

သူ့အား အဘယ့်ကြောင့် ဤမျှအလေးထားနေရသနည်း။

ဤလူငယ်၏အပြုံးသည် ပွင့်သစ်စပန်းကဲ့သို့ နုသစ်လှသည်။

သို့သော် ထိုအပြုံးသည်ပင် မုန်းစရာကောင်းနေသည်ဟု သ တို့စိတ်ထဲ၌ ထင်နေကြပြန်သည်။ တဖန် ထိုအပြုံးသည်ပင် အသည် နင့်အောင်ချစ်ဖို့ကောင်းပြန်သည်ဟုလည်း ထင်ကြပြန်သည်။

ရှင်ပျော်ပျော်မြို့စားကြီးသည် သူ၏ဆောင်ကြာခြည်မှ မိ ကလေးများ၏သဘောကို တစ်ခဏချင်းသိလိုက်၏။

ထို့ကြောင့် တ ဟား ဟားအော်ရယ်ရင်း ပွင့်လင်းစွာပြေ လိုက်သည်။

"လောကမှာ မိန်းကလေးတွေကိုသာ ယောက်ျားကလေ တွေက အရူးအမူးချစ်ကြတာ၊ ဘယ့်နယ် ငါ့အမျိုးသမီးတွေ ယောက်ျားလေးကို ဣန္ဒြေမဲ့လောက်အောင် ဖြစ်နေကြရတာလဲ"

ထိုမိန်းကလေးများသည် မျက်နှာများ နီရဲသွားကြပြီး ချ ချင်း ဦးခေါင်းများ ငုံ့သွားကြတော့သည်။

ရှင်ပျော်ပျော်မြို့စားကြီး၏စကားသည် သူတို့၏ အရှိက် ဒက်ထိ ထိမှန်သွားသည်မဟုတ်ပါလား။



သို့သော် ခိုးကြောင်ခိုးဝှက်တော့ ကြည့်နေကြသေးသည်။

ရှင်ပျော်ပျော်မြို့စားကြီးသည် စင်လုံ၏ပခုံးကို ပုတ်လျက် မေးလိုက်သည်။

"ညီလေးစင်လုံ ကြည့်စမ်းပါဦး။ ငါ့ရဲ့ အလုပဂေးတွေကို ဘယ့်နှယ်နေသလဲ၊ လှကော လှရဲ့လား"

စင်လုံက ပြုံး၍ဖြေလိုက်သည်။

"ဘယ့်နှယ် မေးလိုက်တာလဲ နောင်တော်ကြီးရယ်၊ စောစော က ဝိညာဉ်လက်ဝါးဂိုဏ်းက မိန်းကလေးတွေကို နောင်တော်ကြီး စိတ်မဝင်စားတာကို ကျွန်တော် မအံ့ဩပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ နောင်တော်ကြီးဆီမှာ ဒေဝစ္ဆရာရှုံးလောက်တဲ့ မိုးကျနတ်မယ်တွေ ရှိနေတာကိုး"

ရှင်ပျော်ပျော်မြို့စားကြီးသည် စင်လုံ၏စကားကို ကြား လိုက်ရသောအခါ နှလုံးပီတိ ဂွမ်းဆီထိသွားပြီး တဟဲဟဲ ရယ် မောနေတော့သည်။ သူက စင်လုံကိုပြောလိုက်၏။

"ညီလေး အဲဒီမိုးကျနတ်မယ်တွေထဲက ဘယ်သူ့ကို သဘောကျသလဲ၊ ကြိုက်တဲ့မိန်းကလေးကိုပြောစမ်း။ ညီလေးစင်လုံကို ပေးမယ်"

"ဟာ--နောင်ကြီးကလဲ၊ ရယ်စရာတွေပြောမနေပါနဲ့၊ အနု လက်နဲ့ ရွှေခွက်နှိုက်သလို ဖြစ်နေမှာပေါ့၊ ကျွန်တော်နဲ့မတန်ပါဘူး"

"ဒီမှာ ညီလေး ရှေးခေတ်က အစဉ်အလာတစ်ခုကို သိရဲ့ လား"

"ဘာ အစဉ်အလာများပါလဲဗျ၊ နောင်တော်ကြီးပြောမှ ကျွန် တော်သိရမှာပါ"

"ရှေးခေတ်က ကိုယ် ချစ်ခင် ယုံမှတ်တဲ့ မိတ်ဆွေအပေါင်း

အသင်းတွေရဲ့ တပည့်သားမြေးတွေကို ကိုယ့်ချစ်ဇနီးကို လက်ဆောင်ပေးတဲ့အစဉ်အလာလေ၊ ရှေးခေတ်တုန်းကတောင် ဒီအစဉ်အလာရှိခဲ့ရင် ငါက ဘာဖြစ်လို့ ဒီအစဉ်အလာအတိုင်း မဆောင်ရွက်နိုင်ရမှာလဲ၊ ငါ့ရဲ့ ချစ်ခင်ယုံမှတ်မှုကိုသက်သေပြတဲ့အနေနဲ့ ငါက လက်ဆောင်ပေးမယ်၊ သူတို့ကလည်း ငါ့အစီအစဉ်ကို သိပ်သဘောကျမှာ သေချာတယ်၊ တွေ့တယ်မဟုတ်လား။ ညီလေးကို အငမ်းမရ ဝိုင်းကြည့်နေကြတာ၊ ကဲ- ကြိုက်တဲ့တစ်ယောက်ကိုယူကွာ"

စင်လုံသည် စကားထပ်မပြောတော့ပါချေ။ သည် မိန်းကလေးများ လှပသည်မှာ မှန်ပါ၏။

သို့သော် သည် မိန်းကလေးများကို အသွေးအသား အသည်းနှလုံးနှင့် ပူနွေးသောခံစားမှုရှိသော မိန်းကလေးများဟု သူ၏စိတ်ထဲ၌ မထင်မှတ်ပါ။ သစ်သားရုပ်ထုများကဲ့သို့သာ စိတ်ထဲက ထင်မှတ်နေပါသည်။

ထို့ကြောင့် သူ၌ တစ်ထောင့်ငါးရာ ကိလေသာရမ္မက်လည်း မပေါ်၊ ငါးရာနှစ်ဆယ့်ရှစ်သွယ်သော မောင်နှမအချစ် မေတ္တာမျိုး လည်းမပေါ်ဘဲ ဖြစ်နေပါသည်။

ရှင်ပျော်ပျော်မြို့စားကြီးသည် စင်လုံထံမှ လိုလိုချင်ချင် တုံ့ ပြန်မှုကို မရသောအခါ တအံ့တသြဖြစ်သွားပြီး မျက်လုံးပြူး၍ ကြည့်နေတော့သည်။

"ညီလေး ငါ့ဆောင်ကြာခြည်ထဲက မိန်းကလေးတွေဟာ ဘုရင့်နန်းတော်ထဲက အပျိုတော်တွေ၊ မိဘုရားတွေထက်လှတယ်လို့ ငါတာဝန်ယူထားပါတယ်ကွ၊"

စင်လုံသည် ခေါင်းခါယမ်းရင်း ရှင်ပျော်ပျော်မြို့စားကြီး၏ ချီးကျူးမှုကို ငြင်းပယ်လိုက်သည်။



"ဟင့်အင်း ကျွန်တော့်ကို ဒီလောက်လည်း မချီးကျူးပါနဲ့လေ၊ ကျွန်တော်ဟာ နောင်တော်ကြီး ချီးကျူးလောက်တဲ့လူ မဟုတ်ပါဘူး သာမန်ပုထုဇဉ် လူငယ်လေးတစ်ယောက်ပါပဲ၊ အင်း- စောစောက ဝိညာဉ်ဂိုဏ်းချုပ်သခင်မဟာ တစ်လောကလုံးမှာ ပြိုင်ဘက်မရှိ လှနေတဲ့ မိန်းမတစ်ယောက်လို့ ထင်နေလို့လား"

စင်လုံက မပွင့်တပွင့်ပြောလိုက်သည်။

"သူ့လိုအလှရှိမယ့် မိန်းကလေးမျိုး ဒီလောကမှာ ရှိမယ်လို့ ကျွန်တော်မထင်မိဘူး"

ရှင်ပျော်ပျော်မြို့စားကြီးသည် အားရပါးရ အော်ဟစ်ရယ်မောလိုက်လေတော့သည်။

"ဟား ဟား ဟား ငါ့ညီက "မမြင်ဘူး မှုံးမြစ်ထင်" နေတာကိုး။ ကောင်းပြီ၊ မင်းကို အနှိုင်းမဲ့အလှရှင်တစ်ယောက်ကိုပြမယ်၊ တစ်လောကလုံးမှာ အလှဆုံးဆိုတဲ့ နတ်မိမယ်ကိုပြမယ်၊ ငါပြတဲ့ မိန်းကလေးကို ကြည့်ပြီး မြင်ပြီးတဲ့အချိန်မှာ မင်းရဲ့ဝိညာဉ်ဂိုဏ်းချုပ်သခင်မက ပိုချောပါတယ်၊ ပိုလှပါတယ်ဆိုရင် ငါအရှုံးပေးလိုက်တော့မယ်၊ ကဲ- လာ"

ရှင်ပျော်ပျော်မြို့စားကြီးသည် စင်လုံ၏လက်ကိုဆွဲ၍ ရှေ့ဆက်သွားပြန်သည်။ သို့သော် ချက်ချင်းပင် ရပ်တန့်လိုက်ပြီး စင်လုံအား လှည့်ကြည့်လိုက်သည်။

"ဒါပေမယ့် ငါပြမယ့် မိုးနတ်မယ်လေးကို မြင်ပြီးရင်တော့ သရဲတစ္ဆေလို့ မထင်မှတ်နဲ့နော်"

ရှင်ပျော်ပျော်မြို့စားကြီးသည် သူ့စကားကို သူ သဘောကျသွားဟန်ဖြင့် တ ဟား ဟားရယ်မောလေတော့သည်။

စင်လုံက တွေးတွေးဆဆဖြင့် ပြောလိုက်မိသည်။

"အင်း- အဲဒီ မိုးကျနတ်မယ်ကလေးကို မြင်ပြီးတော့မှ ကျွန်တော်လည်း စိတ်ဓာတ်ကျ၊ သူလည်း စိတ်ပျက်မယ်ဆိုရင်တော့ အားလုံး စိတ်မကောင်းစရာ ဖြစ်ကုန်တော့မှာပါပဲဗျာ"

စင်လုံက သူ့အတွေးနှင့်သူ ပြောလိုက်ခြင်းသာဖြစ်၏။

သို့သော် ရွှင်ပျော်ပျော်မြို့စားကြီးက စင်လုံ၏စကားကို အစိပ်ပွါယ်မပေါက်ချေ။ ထို့ကြောင့် တ ဟား ဟားရယ်ရင်းမှ--

"ဒီတစ်ခါတော့ မင်း စိတ်ဓာတ်မကျစေရပါဘူး။ ညီလေးရာ ဟား ဟား ဟား"

သူတို့သည် အခြား အခန်းတစ်ခန်းကိုဖြတ်ကျော်ပြီး အထူး လျှို့ဝှက်တည်ဆောက်ထားဟန်တူသော အခန်းတစ်ခန်းထဲသို့ ရောက် ရှိလာကြပြန်သည်။

ထိုသို့ လာခဲ့ကြရာတွင် ရွှင်ပျော်ပျော်မြို့စားကြီးကိုယ်တိုင် ခန်းဆီးများ၊ ကန့်လန့်ကာများ၊ ယင်းလိပ်များကို တစ်ခုပြီးတစ်ခု ဖယ် ရှားရင်း ဦးဆောင်သွားသည်။

ထိုသို့ ဖြတ်သန်းလာပြီးမှ ဤလျှို့ဝှက်အခန်းသို့ ရောက် ရှိလာခြင်းဖြစ်တော့သည်။

ပထမဆုံး ဆောင်ကြာခြည်အခန်းမှ ထွက်ခဲ့ကြသည်နှ ကျန်ရစ်ခဲ့သည့် အလှမယ်ကလေး ဆယ်ဦးတို့၏ ခြေဆောင့်သံ၊ န နာကျည်းကျည်း ဝေဖန်သံများသည် သူတို့နောက်သို့ ပြေးလိုက်ခဲ့ သည်။

ရွှင်ပျော်ပျော်မြို့စားကြီးက ရယ်လျက်---

"ကဲ တွေ့လား။ မင်းရဲ့ ဥပေက္ခာပြုတဲ့ အပြုအမူဟာ တို့ကလေးတွေကို ဘယ်လောက် အနှောင့်အယှက် ဖြစ်သွားအော လုပ်လိုက်ခဲ့တယ်ဆိုတာ သိပြီလား။ မင်းက သူတို့ကို နမ်းတစ်



ဖန်တစ်ချည်မျှင်တောင် စိတ်မဝင်စားဘူးဆိုတော့ သူတို့သိပ်ပြီး စိတ်ဆဲင်းရဲသွားတာပေါ့ညီလေးရာ- နောက်- ဒါမျိုးတွေ မလုပ်သင့် ဘူးကွ"

စင်လုံက ပြုံးရင်း ပြန်ဖြေလိုက်သည်။

"နောင်တော်ကြီးရဲ့ ဆုံးမစကားကတော့ လိုက်နာသင့်တဲ့ ဆုံးမစကားပါပဲ၊

ဒါပေမယ့် ကျွန်တော့်အတွက်တော့ နောင်တော်ကြီးရဲ့ ဆုံးမ စကားဟာ ကျွဲပါးစောင်းတီးဆိုတာလို ဖြစ်နေတာပါပဲ၊ ဘာဖြစ်လို့လဲ ဆိုတော့ ကျွန်တော်က နောင်ကြီးလို အလှအပ မြတ်နိုးခံစားတတ်တဲ့ စိတ်မရှိလို့ပါပဲဗျာ"

"ဟား- ဟား ဟား ညီလေးက စကားတယ်တတ်ပါကလား"

သူသည် တစ်စုံတစ်ခုကို သတိရသွားဟန်ဖြင့် နှုတ်ခမ်းကို လက်ဖြင့်ကပ်ရင်း တိုးတိုးသတိပေးလိုက်သည်။

"ရှီး- တိုးတိုး- တိုးတိုး ညီလေး။ မင်းရဲ့ခြေထောက်ကို အတတ်နိုင်ဆုံး ဖွဖွကလေးနင်းကွ၊ သူကလေးရဲ့ ခန္ဓာကိုယ်ဟာ နွဲ့ ရှောင်း ပျော့ပျောင်းသလောက် စိတ်နှလုံးကလည်း အင်မတန်နူးညံ့တာ ကွ၊ ပန်းပွင့်ဝတ်မှုန်ကလေးတွေလိုပဲ"

စင်လုံသည် သူ အထူးသတိထားပါမည်ဟု ကတိပေးသည့် အနေဖြင့် ခေါင်းညိတ်ပြလိုက်သည်။

သူ့စိတ်ထဲကတော့ တွေးနေမိသည်။

"အင်း- ရွှင်ပျော်ပျော်မြို့စားကြီးဟာ သူ့ကို ဒီလောက် ချစ် မြတ်နိုးလိမ့်မယ်လို့ ငါတစ်ခါမှ မထင်မိခဲ့ပါကလား"

ကတ္တီပါ ကန့်လန့်ကာတစ်ခုကို ဆွဲဖယ်လိုက်သောအခါတွင် နောက်ဆုံးတံခါးပေါက် တစ်ခုကို တွေ့လိုက်ရသည်။

ထို တံခါးတစ်ချပ်တည်း၌ပင် တန်ဖိုး မနည်းလှသော ရွှေငွေကျောက်သံ ပတ္တမြားများကို တွေ့ရှိသတိပြုမိလိုက်သည်။

တံခါးပုံစံကလည်း သူမြင်ဖူးခဲ့သည့် တံခါးပုံစံများနှင့် မတူပေ။ အနုပညာလက်ရာမြောက်လှသော ရုပ်တုများ ရုပ်ကြွများ။ ကနုတ်ပန်းများခြယ်သ ထားသဖြင့် ရင်သပ်ရှုမော အံ့ဩလောက်နေ၏။

တံခါး၏တစ်ဘက်တစ်ချက်၌ ရပ်နေကြသည့် မိန်းကလေး နှစ်ယောက်တို့သည် ရှင်ပျော်ပျော်မြို့စားကြီးကို တွေ့လိုက်သည်နှင့် ဒူးတုပ်ဦးညွှတ်လိုက်ကြသည်။

မိန်းကလေးတစ်ယောက်က တိုးညင်းသောလေသံဖြင့် စကား ဆိုလာသည်။

"ဒီနေ့ သခင်ကြီးကြွလာတာ နည်းနည်း အချိန်စောတယ်နဲ့ တူတယ်နော်"

မိန်းကလေးနှစ်ယောက်သည် ရှင်ပျော်ပျော်မြို့စားကြီးအား နှုတ်ဆက်စကားပြောနေကြသော်လည်း မျက်လုံးများကမူ စင်လုံထံသို့ ရောက်ရှိနေလေ၏။

ရှင်ပျော်ပျော်မြို့စားကြီးသည် သူတို့နှစ်ယောက်အား ကြည့်က တိုးညင်းသောအသံဖြင့် ရယ်လိုက်လေသည်။

"ဒီနေ့ စောရတာပေါ့ကွဲ့၊ မနေ့က ငါဒီကို ရောက်မလာမိခဲ့ ဘူးမဟုတ်လား"

လက်ဝဲဘက်မှ မိန်းကလေးက ဖြည့်စွက် ထောက်ခံလိုက် လေသည်။

"ဟုတ်တယ်၊ ဟုတ်တယ် သခင်ကြီး ညတိုင်း ညတိုင်း လာကြည့်တာပဲ၊ မနေ့ညက မလာလို့ ကျွန်မတို့ကလည်း သိပ်အံ့ဩ နေတာပါ၊ လုံမလေးကလည်း သခင်ကြီးကို မျှော်တော်ဇောနဲ့ မောနေ



တော့တာပဲ"

ရှင်ပျော်ပျော်မြို့စားကြီးသည် ကျေနပ်အားရစွာ ရယ်လိုက် သည်။

သို့သော် ရယ်သံသဲ့သဲ့မျှသာ--။

ပြီးမှ တိုးတိုးကလေး ပြန်မေးလိုက်သည်။

"သူ- တကယ်ပဲ မျှော်တော်ဇောနဲ့မောနေသတဲ့လား။ မင်း တယ်လိုလုပ်သိသလဲ ယင်းအော်"

ထိုမိန်းကလေးက သူမ၏စကားကို အခိုင်အမာဖြစ်စေရန် ကျန်မိန်းကလေးအား လက်ညှိုးထိုးပြလျက် သက်သေထူလိုက်၏။

"ကျွန်မပြောတဲ့ စကားကိုမယုံရင် "ယဲ့အော်" ကိုသာ မေး ကြည့်ပါ၊ သခင်ကြီးကို ကျွန်မတို့က မဟုတ်မမှန်တဲ့စကား မပြောဝံ့ပါ ဘူး"

ကျန်မိန်းကလေးက သွက်လက်စွာ ထောက်ခံလိုက်သည်။

"ဟုတ်ပါတယ်သခင်ကြီး၊ ကျွန်မတို့က အကြောင်းမဲ့ပြော တာမဟုတ်ပါဘူး။ လုံမလေးဟာ တံခါးအပြင်ဘက်ကို ကြည့် ကြည့်ပြီး မှလက်ထဲက စံပယ်ပန်းတွေကို ပွတ်ချေနေတော့တာပဲ၊ ဒီတော့ ကျွန်မတို့က လုံမလေးဟာ သခင်ကြီးကို မျှော်တော်ဇောနဲ့မောနေပြီလို့ ပြောလိုက်ရတာပါပဲရှင်"

ရှင်ပျော်ပျော်မြို့စားကြီးသည် ကျေနပ်အားရစွာ ရယ်နေပြန် သည်။

ရယ်သံကမူ တိုးတိုးကလေးသာ--။ အသံခပ်တိုးတိုးဖြင့် ထပ် မေးပြန်သည်။

"အခု လုံမလေးအိပ်နေပြီလား"

"စောစောကပဲ ဂျင်းရည် တစ်ပန်းကန်သောက်ပြီး အိပ်နေ

ပါပြီ"

"ဪ--အိပ်တောင် အိပ်သွားပြီကိုး"

သူ့မျက်နှာ၌ အားလျော့ စိတ်ပျက်သွားသည့် အမူအရာများ အထင်းသား ပေါ်လာသည်။

ယဲ့အောက သခင်ကြီး၏ အမူအရာကို ကောင်းစွာ ရိပ်မိ သဘောပေါက်သည်။

ထို့ကြောင့် မြေရာပြေကြောင်း နှစ်သိမ့်သည့်အနေဖြင့် လု ၍တောင်းပန်လိုက်သည်။

"သခင်ကြီး လုံမလေး အိပ်သွားပေမယ့် သိပ်ပြီး စိတ်ပျက် မသွားပါနဲ့၊ နက်ဖြန်ဆိုရင် လာတွေ့နိုင်တာပဲ၊ အခု အရှေ့ဘက်အခန်း ထဲမှာ အရက်နှစ်ခွက်လောက် သောက်လိုက်ပါဦးလား"

ယင်းအောက်ကလည်း ဖြည့်စွက်ပြောသည်။

"ဟုတ်ပါတယ်၊ သခင်ကြီးတို့ အရှေ့ဘက်ခန်းမှာ အရက် သောက်နေတုန်း၊ လုံမလေး နိုးချင်နိုးလာဦးမှာပေါ့၊ တကယ်လို့ နိုးလာရင် ကျွန်မတို့ လာခေါ်ပါ့မယ်"

ရှင်ပျော်ပျော်မြို့စားကြီးသည် သူတို့နှစ်ယောက်ပြောသော စကားများကို နားမဝင်ပါချေ။

သူပြောလိုသည့် အချက်ကိုသာ တိုးတိုး ကလေးပြောလိုက် လေသည်။

"ငါ- အခု ခြေဖွဖွကလေးနင်းပြီး သူ့ကို ကြည့်ချင်တယ် ဖြစ်ပါ့မလား"

ယင်းအောက နှုတ်ခမ်းကလေးကိုစူရင်း ပြောလိုက်သည်

"သခင်ကြီး ဝင်ကြည့်ချင်တယ်ဆိုရင် သခင်ကြီးကို ဘယ်သူ က တားမြစ်ရဲမှာလဲလို့"



ယဲ့အောက ချက်ချင်းပင် ဝင်ထောက်သည်။

"ဒါပေမယ့် သခင်ကြီးအမိန့်ပေးထားတဲ့ စကားတစ်ခုရှိပါ တယ်၊ လုံမလေး အိပ်စက်နေတဲ့အခါမှာ ဘယ်သူမှ အခန်းထဲမဝင်စေ ရဘူးလို့၊ လုံမလေးဟာ လှုပ်ရှားမှုလေးတစ်ခု ဖြစ်ပေါ်လာတာနဲ့ လန့်နိုးတတ်တယ်လို့ သခင်ကြီးပဲ ပြောခဲ့တာပဲ၊ ကျွန်မတို့ကတော့ သခင်ကြီးကို မတားမြစ်ဝံ့ပါဘူး"

ရှင်ပျော်ပျော် မြို့စားကြီးသည် အတော်ကလေး ခေါင်းရှုပ် သွားဟန်ရသည်။ သူသည် အထစ်ထစ် အငေါ့ငေါ့ဖြင့် ပြောလိုက်သည်။

"ဒါ- ဒါ- ဒါဖြင့်ရင်"

သူ၏ဦးခေါင်းသည် စင်လုံရှိရာသို့ ချက်ချင်းလှည့်လာသည်။

"ညီလေး ငါ့အနေနဲ့ ဒီကောင်မလေးကို ပေးပြီးသားအမိန့် ကို ဘယ် ဖောက်ဖျက်လို့ဖြစ်ပါ့မလဲကွ၊ ဟုတ်တယ်မဟုတ်လား"

စင်လုံကပြုံး၍ ပြောလိုက်သည်။

"မှန်တာပေါ့ ကိုယ်ပေးပြီးသားအမိန့်ကို ကိုယ်ဖောက်ဖျက်လို့ ဘယ်ကောင်းမလဲ"

"ဒါ- ဒါဖြင့် ငါတို့ပြန်ပြီး အရက်သောက်ကြစို့လား"

"အကောင်းဆုံးပဲ၊ အိပ်နေသူကို မနှောင့်ယှက်တာဟာလည်း အကောင်းဆုံးပဲ၊ အရက်ပြန်သောက်တာကလည်း အကောင်းဆုံးပဲ၊ ကဲ သွားကြမယ်"

"ငါ့ညီကတော့ ငါနဲ့ အမြဲတမ်း စိတ်ထားညီမျှပါပေတယ်"

လျှမ်းလျှမ်းတောက်၊ ထိတ်ထိတ်ကြဲ၊ တခေတ်တစ်ယောက် ပေါ်ထွန်းသူဟု ဆိုစမှတ် ပြုနိုင်လောက်သော ဤ ရောမပုဂ္ဂိုလ်ကြီး လုံမလေးဆိုသော မိန်းကလေးတစ်ယောက်ရှေ့၌ ယုန်သူငယ် လေးကဲ့သို့ စိုးရိမ် ကြောက်လန့်နေရှာပေတကား။

အမှန်ဆိုရလျှင် လုံမလေး၏ရေနံ့မှောက် မဟုတ်သေးပေ။ မျက်ကွယ်အရပ်၌ ရှိနေခြင်းသာဖြစ်ပါ၏။

ရွှင်ပျော်ပျော်မြို့စားကြီးအား ဤကဲ့သို့ ယုန်သူငယ်ကလေး တစ်ကောင်အလား နူးညံ့ စိုးရိမ်နေလိမ့်မည်ဟု စင်လုံအနေဖြင့် တစ် ခါမျှ ယောင်ယမ်း၍ မတွေးမိဖူးပေ။

အကယ်၍ လုံမလေးဆိုသူသည် သူ့ တွေးထင်ထားသည် မိန်းကလေးဖြစ်လျှင်တော့ သူမသည် သူ မျှော်မှန်းထားသည်ထက် ပါးနပ်လိမ္မာလွန်းသော မိန်းကလေးသာ ဖြစ်ရပေလိမ့်မည်။

ရွှင်ပျော်ပျော်မြို့စားကြီးသည် ပြန်လှည့်မည်ဟု ပါးစပ်ကပြေ နေသော်လည်း မျက်စိများကမူ တံခါးမကြီးမှ မခွါနိုင်ဘဲဖြစ်နေ၏ နောက်ဆံတငင်ငင် ဖြစ်နေသည်တကား။

ထိုစဉ် တံခါး၏အတွင်းဘက်မှ အေးမြချိုလွင်သော အသ ကလေးတစ်သံ ထွက်ပေါ်လာလေသည်။

"သခင်ကြီး ရောက်လာပြီလား"

ရွှင်ပျော်ပျော်မြို့စားကြီး၏မျက်နှာသည် အထူးမျှော်လင့် တော တနေသည့် ပစ္စည်းတစ်ခုကိုရသွားသည့် ကလေးငယ်တစ်ဦးပမာ အာ ရွှင်ပျသွားတော့သည်။

"ဩ- မင်းနိုးလာပြီလား။ မထပါနဲ့၊ အိပ်ပါ၊ ဆက်ပြီးအိပ် ယင်းအော်က နှုတ်ခမ်းကလေးစူရင်း ရန်တွေ့လိုက်သ သူမ၏ရန်တွေ့သံမှာ လေသံကလေးမျှသာ။

"အခုမှ ဘာပြန်အိပ်နိုင်းနေတာလဲ၊ သခင်ကြီးပဲ ဒီမှာ ပြ်း ဆူဆူညံညံလုပ်နေပြီးတော့--"

ရွှင်ပျော်ပျော်မြို့စားကြီးသည် သူမ၏စကားကို မကြား ဟန်ဆောင်လျက် တံခါးအတွင်းသို့သာ လှမ်းပြောနေသည်။



"အိပ်တော့- အိပ်တော့ ကျုပ်နောက်မှပဲ လာတော့မယ်"

ထိုအခါ တံခါးအတွင်းမှ ချိုလွင်သောရယ်သံကလေးက ထိုး ထွက်ပေါ်လာသည်။

"အို- သခင်ကြီးကလဲ၊ ဒီရောက်နေတော့မှ ဘာဖြစ်လို့ အထဲ ဝင်လာရတာလဲ"

ရွှင်ပျော်ပျော်မြို့စားကြီးသည် မချိုပြုံး ပြုံးလိုက်သည်။

"အထဲကို ကျုပ်ဝင်လာခဲ့ရင် မင်း ထိတ်လန့်သွားမှာစိုးလို့ ယ်"

"အို- မဟုတ်တာတဲ့ရင်၊ သခင်ကြီးရောက်နေမှတော့ ကျွန်မ မကြိုဆိုလို့ ဖြစ်ပါ့မလားရှင်၊ ငါးညဉ့ အိပ်ပျက်ပါစေ ကျွန်မကတော့ ကြီးကို ကြိုဆိုမှာပဲ၊ ကျွန်မက ဘာဖြစ်လို့ ထိတ်လန့်ရမှာလဲရှင်"

သူတို့ကြားလိုက်ရသည့် မိန်းကလေး၏အသံမှာ ကရဏာ ယ် အလွန်ကောင်းလှသဖြင့်-

ရွှင်ပျော်ပျော်မြို့စားကြီး၏ အသည်းနှလုံးများမှာ အရည်ပျော် ဖြစ်သွားသည်။

စင်လုံကမူ ဦးခေါင်းအတွင်း၌ လင်းခနဲ လက်ခနဲ အသိတစ်ခု သည်။

ရွှင်ပျော်ပျော်မြို့စားကြီးသည် ပြုံး၍ပြောလိုက်သည်။ သူ့အပြုံး ဖြစ်သည့်အပြုံးသာ ဖြစ်ပါ၏။

"ဒီလိုဆိုရင်လဲ ကျုပ်လာခဲ့တော့မယ်၊ ဒါပေမယ့် ကျုပ်ဆီမှာ ပါလာတယ်၊ ဧည့်သည်ကိုကော အတွေ့ခံနိုင်ပါ့မလားဟင်"

တံခါးအတွင်းမှ အတန်ကြာတိတ်ဆိတ်သွားလေသည်။

ထို့နောက် ကရဏာသက်စွယ် ချိုလွင်အေးမြသော အသံ ကို ပြန်ကြားလိုက်ရပြန်သည်။

"သခင်ကြီးခေါ်လာမှတော့ ရိုးရိုးညှော်သည်မဟုတ်ဘူးဆိုတ
ကျွန်မသိပါတယ်၊ ကျွန်မအဖို့ ကံကောင်းလို့သာ ဒီညှော်သည်မျိုးနဲ့
တွေ့ခွင့်ရတာလို့ပဲ ထင်ပါတယ်၊

သခင်ကြီးရဲ့ ညှာတာ အခွင့်အရေးပေးမှုကို သိပ်ပြီးကျေ
တင်ပါတယ်ရှင်၊ တကယ်တမ်းဆိုရင် သခင်ကြီးက ကျွန်မဆီတော
အခွင့်တောင်းဖို့မလိုပါဘူး။ ကျွန်မက သခင်ကြီးရဲ့ အခြွေအရံပဲ၊
လာခဲ့ကြပါရှင်"

ရွှင်ပျော်ပျော်မြို့စားကြီးသည် စင်လုံ၏လက်ကို ကိုင်ဆွဲလ
တီးတိုးပြောလိုက်သည်။

"ညီလေးစင်လုံ၊ နားထောင်ကြည့်စမ်းပါဦး။ သူ့အပြေ
လေးက ဘယ်လောက် ချိုသာသလဲလို့ ညီလေးအနေနဲ့ အခုလို မ
ရရင် ကျုပ်ပြောတာ ဝိုမယ်လို့ ထင်မှာမှုချပဲ"

စင်လုံက ရယ်မောလိုက်သည်။

"နောင်တော်ကြီးပြောတာမှန်တယ်၊ ဘာဖြစ်လို့လဲဆို
သူ့အသံဟာ သွေးသားနဲ့ပြည့်ဆောက်ထားတဲ့ လူသားကို မ
ကျောက်ဆစ်ရုပ်ကိုတောင် ခေါင်းညိတ်အောင်ပြောနိုင်တဲ့ အသံ
ဖြစ်နေလို့ပါပဲ"

ရွှင်ပျော်ပျော်မြို့စားကြီးသည် စင်လုံ၏လက်ကို တင်
စွာဆုပ်ကိုင်လိုက်သည်။

ကျေးဇူးတင်သည့်သဘောသာ ဖြစ်ပါ၏။

ထိုအချိန်တွင် ယင်းအော်နှင့် ယဲ့အော်တို့နှစ်ယော
နုတ်ခမ်းများရှုလျက် တံခါးမကြီးဖွင့်ပေးကြလေသည်။

သူတို့နှစ်ယောက်သည် တံခါးမကြီးကို ဆွဲဖွင့်ရင်း--

"ကြွပါ သခင်ကြီး။ ကြွပါ- လုံမလေးက စောင့်မျ



တယ်"

တကယ်တမ်းအားဖြင့် သူတို့နှစ်ယောက်၏အသံမှာ ကြည်
ကြည်သာသာမရှိလှပါ။

သူတို့ စောင့်ရှောက်နေရသည့်လုံမလေး အိပ်ရေးပျက်သွား
ခြင်းအတွက် သူတို့၏ မကြည်သာသောမျက်နှာများက မကျေနပ်
ကြောင်း သက်သေပြလျက်ရှိနေပါ၏။

❁

သူတို့ရောက်လာသည့်နေရာကား ပန်းကမ္ဘာကလေးတစ်ခု
ပင်တည်း။ အခန်းထဲ၌ နေရာအနှံ့ ပန်းများရှိနေသည်။ ပန်းမျိုးစုံတို့ကို
ပြစ်ပွယ် တွေ့ရှိနေရသည်။

ပန်းမျိုးစုံတို့၏ရနံ့များက သင်းပျံ့ကြိုင်လှိုင်နေ၏။

ပန်းအမျိုးပေါင်းများစွာ တပြိုင်နက်ရှိနေပုံကို ကြည့်ပါက
ပန်းများကို တရုတ်ပြည်နယ်အနှံ့အပြားမှ တကူးတက သယ်ဆောင်
လာရခြင်းသာဖြစ်ကြောင်း သိရှိသဘောပေါက်နိုင်သည်။

ထိုပန်းကမ္ဘာလေးထဲတွင် နက်မှောင်ကြော့ရှင်းသော ဆံ
ကေသာ၊ ဖြူဖွေးသောဝတ်ရုံတို့နှင့် ကျက်သရေရှိလှသော မိန်းမချော
လေးတစ်ယောက်ကို တွေ့လိုက်ကြရသည်။

ထိုမိန်းကလေး၏အလှမှာ နဂိုရှိ၍ နဂိုင်းထွက်သောအလှ

ဖြစ်၏။ မပြုမပြင် မဖြီးမလိမ်း မခြယ်မသဘဲနှင့် ဖူးပွင့်နေသော
အလှဖြစ်သည်။

စင်လုံ၏ရင်ခွင်သည် မတုန်လှုပ်စဖူး တုန်လှုပ်နေမိသည်
ထိုမိန်းကလေးသည် သူ မျှော်လင့်ထားသော မိန်းကလေးဖြစ်သ
ဝေဝေသာတည်။

ဝေဝေသည် စင်လုံကို တစ်ချက်လှမ်းကြည့်လိုက်သည်
သူမ၏အကြည့်ထဲ၌ ခင်မင်မှု၊ လေးစားမှု၊ အထင်ကြီးမှု၊ ကြင်နာ
နားလည်မှု၊ လျှို့ဝှက်သိပ်သည်းမှုတို့ဖြင့် ပြည့်နက်နေသည်။

တစ်ချက် ကြည့်လိုက်သည်နှင့် ထောင်သောင်း မကသေ
စကားလုံးများ၏အဓိပ္ပါယ် ပါဝင်ပြီးဖြစ်နေ၏။

သည်မိန်းကလေးကား မျက်လုံးနှင့် စကားပြောတတ်သေ
မိန်းကလေးတစ်ယောက်လည်းဖြစ်ပါ၏။ သို့သော် သူမသည် စင်လုံ
တစ်ချက်မျှသာကြည့်၏။

သူမသည် ခုတင်ပေါ်၌လဲလျောင်းလျက်ရှိနေရာမှ ချိုရ
သော စကားသံလေးဖြင့် တောင်းပန်လိုက်သည်။

"သခင်ကြီး ကျွန်မ တံခါးဝမှာထွက်ပြီး မကြိုဆိုနိုင်
ခွင့်လွှတ်ပါရှင်"

ရှင်ပျော်ပျော်မြို့စားကြီးသည် လက်တကာကာဖြင့် စိုးရိမ်
ကြီး တားမြစ်လိုက်လေသည်။

"မထနဲ့- မထနဲ့ သက်သက်သာသာ လျောင်းနေစမ်
ကျုပ်တို့က ဒီလောက် အရေးမကြီးပါဘူး။ အိပ်နေ- အိပ်နေ သ
သက်သာသာအိပ်နေပါ"

သူသည် စင်လုံ၏လက်ကိုဆွဲလျက် ရေ့သို့ခေါ်ထုတ်လို
သည်။



"ဟောဒီမှာ ကျုပ်ရဲ့ ဂုဏ်ပြုအပ်သောဧည့်သည်၊ သခင်လေး စင်လုံဆိုတာပါပဲ၊ မင်းကို သိပ်ပြီး တွေ့ချင် မြင်ချင်နေလို့ ခေါ်လာခဲ့ရတာကွ"

စင်လုံသည် ထိုတခဏ်အချိန်အတွင်း အကြောအချင်များ တောင့်တင်းသွား၏။ သူ၏ဦးခေါင်းထဲ၌ သတိပေး တပ်လှန့်သည့် ခေါင်းလောင်း အလုံးတစ်ရာ တပြိုင်နက်တီးလိုက်သကဲ့သို့ မြည်ဟည်းလာသည်။

ရှင်ပျော်ပျော်မြို့စားကြီး၏ အမှတ်မထင်စကားများသည် ထောင်ချောက်ဖြစ်နိုင်လေသည်တကား။

အဘယ့်ကြောင့်ဆိုသော် ရှင်ပျော်ပျော်မြို့စားကြီးသည် မိမိ အကြောင်း အတော်ကလေး ထောက်လှမ်းသိရှိထားပြီးဖြစ်၏။

မိမိက အရေးမကြီးဟု ထင်ထားသည့် အချို့သောအချက်အလက်ကလေးများကိုပင် ရှင်ပျော်ပျော်မြို့စားကြီးက မှတ်တမ်းတင်ထားပြီးဖြစ်၏။ သူသည် ဝေဝေဆိုသောမိန်းကလေး၏ ယခင်က အခြေအနေကို သိထားမည်မှာ သေချာသည်။

ဝေဝေနှင့် မိမိတို့ မည်သို့အဆက်အစပ်ရှိနေသည်ကိုလည်း သိထားသည်မှာ သေချာနေသည်။

သို့စင်လျက် အဘယ့်ကြောင့် မိမိတို့နှစ်ဦးအား သူစိမ်းနှစ်ဦးသဖွယ် တွေ့ဆုံမိတ်ဆက်ပေးနေရသနည်း။

ထိုတခဏ်အချိန်ကား စင်လုံအဖို့ မည်သို့ ဆုံးဖြတ်ရမည် မသိအောင် အကျဉ်းအကျပ် ကျနေချိန်ဖြစ်သည်။

မိမိတို့နှစ်ဦးသည် သိကျွမ်းသူများဖြစ်သည်ဟု ဝန်ခံလိုက်ရမည်လား။

သို့မဟုတ် သူ မိတ်ဆက်ပေးသည့်အတိုင်း ရောရောင်

နောက်လိုက် နှုတ်ဆက်ရမည်လား မဆုံးဖြတ်နိုင်ဘဲဖြစ်နေပါ၏။

သူလျှောက်ရမည့် နှစ်ခွလမ်း၌ မည်သည့်လမ်းကို လျှောက် ရမည်မှန်း မသိဘဲဖြစ်နေ၏။

အကယ်၍ လမ်းဝင်မှားလျှင် ရွှင်ပျော်ပျော်မြို့စားကြီး၏ ချဉ်းကပ်လာသည့် မိမိ၏အစီအမံကြီးတစ်ခုလုံး ပျက်စီးသွားရပေလိ မည်။ ထို့ကြောင့် သူ၏ဦးနှောက်များက သူ့အား သတိပေးနေသည်

"စင်လုံ- သတိထား- သတိထား။ မင်းရဲ့ခြေလှမ်းတွေ သတိထား"

ဤသို့ စင်လုံတွေဝေနေခိုက် ဝေဝေထံမှ သက်ပြင်းချ ပေါ်လာသည်။

"သခင်ကြီးက ကျွန်မတို့ကို ကျီစယ်နေတာကိုး။ ကျွန်မ စင်လုံ သိကျွမ်းကြတယ်ဆိုတာ သိရက်နဲ့ ဘာဖြစ်လို့ မိတ်ဆက် နေရတာလဲ"

ရွှင်ပျော်ပျော်မြို့စားကြီးက ခေါင်းတဆတ်ဆတ်ညိတ် ပြောလိုက်သည်။ သူ့အသံက ပကတိအသံပင်ဖြစ်သည်။ ထောင်ချော ဆင်သည့်အရိပ်အရောင် လုံးဝမပါ။

"ဪ- လက်စသတ်တော့ မင်းပြောတဲ့ မင်းသားစင်လုံ တာ သူပဲကိုး"

ဝေဝေသည် ချိုသာသော အပြုံးကလေးပြုံးလိုက်ပြီး သာယ ညင်းပျောင်းစွာ ဆက်ပြောသည်။

"ဟုတ်ပါတယ်သခင်ကြီးရယ်၊ ကျွန်မဟာ ဟိုယခင်က သ လောကမှာ လွင့်မျောနေခဲ့တဲ့ ဝဲဂွမ်းစကလေးတစ်စပါ၊ နှိပ်စက်မ လူက အများကြီး၊ ဒုက္ခပေးမယ့်လူက အများကြီး။ ဒီသခင်လေး လုံကသာ မကယ်ဆယ်ခဲ့ရင် ကျွန်မကို သခင်ကြီးအနေနဲ့ အခုလို



လိမ့်မယ်တောင် မထင်ပါဘူးရှင်၊ နောက်ပြီး သခင်ကြီးရဲ့ အပါးမှာ အခုလို အခြွေအရံလည်း ဘယ်ဖြစ်နိုင်ပါတော့မလဲရှင်"

ရွှင်ပျော်ပျော်မြို့စားကြီးက ခပ်ပြုံးပြုံးပြောလိုက်သည်။

"ဟင်း- ဒီလိုဆိုရင် ညီလေးစင်လုံကိုတောင် ငါက ကျေးဇူးတင်ရဦးမှာပါလား"

စင်လုံက ခေါင်းခါလိုက်သည်။

"မလိုပါဘူးနောင်တော်ကြီးရယ်၊ သူ့ကိုကယ်ဆယ်တဲ့ကိစ္စက အမှတ်မထင်ပြုမိတဲ့ ကိစ္စကလေးပါ၊ သွားရင်းဟန်လွှဲ ကယ်ဆယ်ခဲ့ရတဲ့ သဘောလောက်ပဲရှိပါတယ်၊ ဒီတော့ ကျေးဇူးတင်ခံနေရင် မတန်တဆ အခွင့်အရေးယူသလို ဖြစ်နေပါလိမ့်မယ်"

ထိုစဉ် ဝေဝေက ဝင်ပြောလိုက်သည်။

"အို- ဘယ်လိုပဲဖြစ်ဖြစ် သခင်ကလေးစင်လုံ ဒီနေ့ရောက်လာတဲ့အတွက် သိပ်ဝမ်းသာတာပဲ၊ သခင်ကြီးရဲ့ဧည့်သည်ကို ကျွန်မက ဝမ်းသာအားရ ကြိုဆိုပါတယ်ရှင်"

ရွှင်ပျော်ပျော်မြို့စားကြီးက စင်လုံ၏ပခုံးကို ဖက်လျက် ပြောလိုက်သည်။

"ကောင်းတယ် ညီလေးစင်လုံဟာ ငါတို့နဲ့ မိသားတစ်စုလို ဖြစ်တော့မှာကွ၊ ရင်းရင်းနှီးနှီးသာ သဘောထား"

ဝေဝေသည် တကယ်ပင် အားရဝမ်းသာဟန်ပေါ်နေသည်။

"ဒါ- ဒါ တကယ်ပဲလားဟင်"

"တကယ်ပဲပေါ့- ကျုပ်ဟာ လူတွေအားလုံးကို လိမ်ခဲ့ ညာခဲ့တာ မှန်ပါတယ်၊ ဒါပေမယ့် မင်းတစ်ယောက်ကိုတော့ ကျုပ် ဘယ်တော့မှ မညာပါဘူး"

ဝေဝေသည် ရွှင်ပျော်ပျော်မြို့စားကြီးအား မျက်တောင်တဖျပ်

ဖျပ်ခတ်ရင်း ကြည့်နေသည်။

ထို့နောက် ဖြည်းညင်းစွာ စကားပြောလိုက်သည်။

"သခင်ကြီးပြောလိုက်တဲ့ စကားဟာ တကယ့်ကို မင်္ဂလာ စကားပါပဲ၊ မင်္ဂလာရှိတဲ့စကားအတွက် ကျွန်မက အရက်နှစ်ခွက် တိုက်ပြီး ဂုဏ်ပြုပါ့မယ်"

သူမသည် ပြောရင်း ခုတင်ပေါ်၌ ဖြည်းညင်းစွာ ထထိုင် သည်။ ရှင်ပျော်ပျော်မြို့စားကြီးက ပျာပျာသလဲ ဖေးမတွဲထူပေးသည်။

"မင်း- ဘာဖြစ်လို့ အပင်ပန်းခံရတာလဲ၊ ကျုပ်တို့ အရက် သောက်ဖို့ တခြားတစ်ယောက်ယောက်ကို စီစဉ်ခိုင်းလိုက်ရင် ရတာပဲ၊ အေးအေးဆေးဆေး ထိုင်နေပါလားကွယ်"

"အို- သခင်ကြီးက ကျွန်မအတွက် သိပ်စိတ်ပူနေတာကိုး၊ စိတ်ချပါရှင်၊ သခင်ကြီးရှိနေတာပဲဟာ၊ ဒီတော့ ကျွန်မလည်း နေကောင်း နေတာပေါ့ရှင်"

သူမက ပြုံး၍ ဆက်ပြောလိုက်သည်။

"သခင်ကြီးကလည်း တစ်ခေတ်တစ်ခါမှာ တစ်ယောက်ဆို လောက်တဲ့ သူရဲကောင်း။ သခင်ကလေးစင်လုံကလည်း တစ်ခေတ်မှာ တစ်ယောက်ဆိုနိုင်လောက်တဲ့ သူရဲကောင်းပဲ၊ ဒီသူရဲကောင်းနှစ်ဦး ဆုံတွေ့ကြတဲ့နေ့ရက်မှာ ကျွန်မကိုယ်တိုင် မပြုစုရရင် လူဖြစ်ရကျိုး ဘယ်နပ်ပါတော့မလဲရှင်၊ ကျေလည်း မကျေနပ်နိုင်ပါဘူးရှင်"

ရှင်ပျော်ပျော်မြို့စားကြီးသည် ဝေဝေ၏ ကျောပြင်ကလေးကို ကြည့်ရင်း သက်ပြင်းချလိုက်သည်။

"သူကလေးဟာ ခန္ဓာကိုယ်လေးချည့်နဲ့ အားနည်းနေတာ ကလွဲလို့ အားလုံးကောင်းပါတယ်၊ ဒါပေမယ့် ချည့်နဲ့အားနည်းနေတယ် ဆိုတာကလည်း သေးသေးကွေးကွေး ဒုက္ခမဟုတ်တော့ ခက်နေတော



တာပဲ"

သူသည် စင်လုံကို ရုတ်တရက်လှည့်ရင်း လျှပ်တစ်ပြက် မေးလိုက်သည်။

"ညီလေးစင်လုံ ငါပြောတာကို ဘယ်လိုသဘောရသလဲ"

စင်လုံက ပြုံးလိုက်သည်။

"ရတနာရှိတာ ရတနာဝဇာတာပေါ့၊ ကျော်ကြားတဲ့ ပန်းပွင့် ကလေးကို ထင်ရှားတဲ့သခင် ရရှိတာပဲ၊ သည့်အပြင် ဘာသဘော ရှိတော့မလဲ နောင်ကြီးရဲ့"

ရှင်ပျော်ပျော်မြို့စားကြီးသည် သူ၏မုတ်ဆိတ်မွေးကြီးကို ပွတ် သပ်ရင်း ဆက်မေးလိုက်သည်။

"ညီလေးစင်လုံ ထင်ရှားတဲ့ပန်းပွင့်ကလေးက တိုက်မယ့် ဂုဏ် ပြုအရက်ကို သောက်မယ်မဟုတ်လား"

"နောင်တော်ကြီးက သောက်စေချင်တယ်ဆိုရင် ကျွန်တော်က အဆိပ်တောင် သောက်မိမလားမသိဘူး"

ရှင်ပျော်ပျော်မြို့စားကြီးသည် ဟက်ဟက်ပက်ပက်ရယ်မော လေတော့သည်။

"အင်း- စင်လုံ- စင်လုံ၊ သိုင်းလောကမှာ ကျော်ကြားနေတာ အကြောင်းမဲ့မဟုတ်ပါလား။ စင်လုံရဲ့စွမ်းပကားက လူတစ်ရာလောက် သာ စွမ်းနိုင်ပေမယ့် စင်လုံရဲ့နှုတ်ခမ်းကတော့ လူတစ်သောင်းကို ကြိုးဆွဲရာ ကတဲ့အရုပ်ကလေးလို ဖြစ်စေနိုင်တာအမှန်ပဲ"

သူသည်စကားကို ခေတ္တရပ်ပြီး လေးနက်စွာ ထပ်မံပြော လိုက်လေသည်။

"ကောင်းကင်က ဘုရားသခင်ကသာ စင်လုံနဲ့ဝေဝေ ဘယ် သူ့ကိုရွေးချယ်မလဲလို့ မေးရင် ကျုပ်ကတော့ စင်လုံကိုပဲ ရွေးယူမိ

မှာ အမှန်ပဲ"

စင်လုံသည် ဘေက်နစ်ဖက်ကို ဆုပ်ကိုင်လိုက်ပြီး ရှင်ပျော်ပျော်မြို့စားကြီးအား ဦးညွှတ်ဂါရဝပြုလိုက်သည်။

"နောင်တော်ကြီးရဲ့ စကားတစ်ခွန်းကတော့ စင်လုံကို ရွှေစင်ဆယ်တင်းနဲ့ ချိန်စက်လိုက်တာထက်ပိုပြီး တန်ဖိုးရှိစေခဲ့ပါတယ်၊ ကျေးဇူးအထူးတင်ပါတယ်ဗျာ၊ နောင်တော်ကြီးရဲ့ ညှော်ဝတ်ကျေပွန်မှုဟာ အဆုံးစွန်အခြေအနေအထိ ရောက်ရှိနေတာကို ကျွန်တော် နားလည်သဘောပေါက်ပါတယ်"

ရှင်ပျော်ပျော်မြို့စားကြီးသည် တည်ကြည်စွာပြောလိုက်၏။ သူ၏စကားနောက်ကွယ်၌ လျှို့ဝှက်ဖုံးကွယ်သော အဓိပ္ပါယ်များလည်း ရှိနေသည်။

"အင်း- ငါ့ရဲ့ညှော်ဝတ်ကျေပွန်မှုကို မင်းသဘောပေါက်နားလည်လို့ ငါဝမ်းသာတယ်၊ နောင်တော့သာ ငါ့အပေါ်ကျေးဇူးမကန်းစေချင်ဘူး"

"စိတ်ချပါ။ နောင်တော်ကြီးရဲ့ကျေးဇူးကို တစ်သက်လုံးအမှတ်ရနေမှာပါ"

ရှင်ပျော်ပျော်မြို့စားကြီးသည် စင်လုံ၏ပခုံးကို အားရကျေနပ်စွာ ပုတ်လိုက်သည်။

"ကောင်းတယ်၊ ကောင်းတယ်၊ တစ်ခေတ်မှာ တစ်ယောက်ပေါ်ထွန်းတဲ့ တစ်လောကလုံးမှာ အလှဆုံးဖြစ်တဲ့ လှကေရီနှစ်ယောက်ကို ငါပိုင်နေပြီ၊ ဒီတော့ ငါ့အနေနဲ့ ဒီနေ့အဖို့ မူးလဲအောင် အရက်မသောက်သင့်တော့ဘူးလား"

ဝေဝေသည် အရက်များ အစီအရီတင်ထားသည့် စားပွဲမှ သူတို့ရှိရာသို့ ပြန်လျှောက်လာသည်။



သူမ၏လှုပ်ရှားမှုမှာ ညင်သာလှသဖြင့် လမ်းလျှောက်လာသည်ဟုပင် မထင်ရချေ။ နတ်မိမယ်များ တိမ်လွှာများကို စီးလာသကဲ့သို့ ရွေ့လျားလာသည်ဟု ထင်မှတ်မှားရသည်။

ယင်းအော်နှင့်ယဲ့အော် အခြွေအရံနှစ်ယောက်သည်လည်း သူမ၏နောက်မှ တစ်ပါတည်းပါရှိလာသည်။

ယင်းအော်၏လက်ထဲတွင် လင်ဗန်းတစ်ချပ်ကိုင်ထားသည်။ ထိုဗန်းထဲ၌ စားကောင်းသောက်ဖွယ် ဟင်းလျာများပါလာ၏။

ယဲ့အော်၏ လင်ဗန်းထဲ၌မူ အကောင်းဆုံး အရက်အိုးများနှင့် ဖန်ခွက်များပါလာသည်။

ဝေဝေက ပြုံးရယ်ရင်း ဖြည်းညင်းစွာပြောလိုက်လေသည်။

"ကျွန်မမှာ ဘာမှ ကောင်းကောင်းတော့မရှိပါဘူး။ ဒါပေမယ့် ရှိသမျှထဲက အကောင်းဆုံးဖြစ်နိုင်တဲ့ ဒေါင်းအရက်ကိုတော့ ယူခဲ့ပါတယ်၊ သခင်ကြီးကတော့ ကျွန်မကိုအပြစ်တင်မယ် မထင်ပါဘူး။ ညှော်သည်ဖြစ်တဲ့ သခင်လေးစင်လုံအနေနဲ့ ဒီအရက်ကို သောက်ချင်စိတ် ရှိ မရှိဘဲ သိဖို့လိုမယ် ထင်ပါတယ်ရှင်"

ထိုအချိန်တွင် အရက်ဗန်းကို ကိုင်ထားသော ယဲ့အော်သည် စင်လုံအနီး၌ လာရပ်သည်။ စင်လုံက တဟား ဟား အော်ရယ်မောရင်း ပြောလိုက်သည်။

"ဟား- ဟား- ဟား သိုင်းလောကမှာ ရှင်ပျော်ပျော်မြို့စားကြီးဟာ ဒဏ္ဍာရီပုံပြင်တစ်ခုလိုတောင် ထင်ရှားကျော်ကြားလှပါတယ်၊ နောင်တော်ကြီးရဲ့ ကျော်ကြားမှုထဲမှာ ခွဲခြားလို့မရအောင် ပြွမ်းတီးပါဝင်နေတဲ့ အရာနှစ်ခုကတော့ အရက်ကောင်းကောင်းနဲ့ မိန်းမချော မိန်းမလှဆိုတဲ့ အရာနှစ်ခုပါပဲ၊ ကျော်ကြားတဲ့အတိုင်း မိန်းမချော မိန်းမလှကိုလည်း တွေ့ရပြီ၊ အခု အံ့ရက်ကိုလည်းတွေ့---"

"အောင်မလေး---"

စင်လုံ၏ စကားမဆုံးမီပင် အရက်ဗန်းကို ကိုင်ထားသည့် ယဲ့အော်သည် မည်သို့ဖြစ်သွားသည်မသိ ရုတ်တရက် လဲပြိုသွားတော့သည်။ စင်လုံဘက်သို့ ယိုင်လဲကျလာသည်ဖြစ်ရာ စင်လုံက လျင်မြန်စွာ ဖေးမထိန်းသိမ်းထားလိုက်ရလေသည်။

ထိုတဒင်္ဂအတွင်း၌ ယဲ့အော်၏လက်ထဲမှ သေးငယ်သော အရာကလေးတစ်ခုသည် စင်လုံ၏လက်ထဲသို့ ထိုးပေးလိုက်သည်။

စင်လုံက ဣန္ဒြေမပျက် ဆုပ်ယူလျက် ယဲ့အော်အား တည့်တည့်မတ်မတ်ရပ်နိုင်အောင် ကူညီလိုက်သည်။

စင်လုံ သိနားလည်လိုက်သည်မှာ သူ၏လက်ထဲသို့ ရောက်ရှိလာသည့်အရာကလေးသည် စက္ကူလိပ်ကလေးတစ်လိပ် ဖြစ်ကြောင်းကိုသာတည်း။

စင်လုံက ထိန်းမတ်ပေးရင်း----

"သတိထားမှပေါ့ မိန်းကလေးရယ် အဆင်မသင့်ရင် အခုလိုပဲ လဲပြိုတတ်တယ်၊ တော်ပါသေးတယ်၊ အရက်အိုးတွေ အရက်ခွက်တွေ ကျ မကွဲလို့"

ရှင်ပျော်ပျော်မြို့စားကြီး၏ မျက်နှာ၌ ဒေါသရိပ်များသန်းလျက်ရှိနေသည်။ သူ၏အသံကလည်း ယခင်ကဲ့သို့ နူးညံ့ပျော့ပျောင်းမှုမရှိတော့ချေ။ ခက်ထန်မာကျောနေသည်။

"မင်း လဲကျသွားတာက ကိစ္စမရှိဘူး။ မင်းရဲ့ လက်ထဲက အရက်အိုးတွေ မှောက်ကျပြီး ငါ့ညီ့သည်ရဲ့အင်္ကျီတွေကို စွန်းထင်းကုန်ရင် ငါ့မျက်နှာကို ဓားနဲ့လှီးပစ်ဖို့ကောင်းတော့တယ်"

ထိုစဉ် ဝေဝေက ရှင်ပျော်ပျော်မြို့စားကြီးအနီးသို့ ချဉ်းကပ်သွားပြီး ချိုလွင်သောအသံကလေးဖြင့် မေးလိုက်သည်။



"စိတ်မဆိုးပါနဲ့သခင်ကြီးရယ်၊ ကျွန်မအပြစ်ပါ၊ သခင်ကြီး မျက်နှာပန်းလှအောင်ဆိုပြီး အရက်အိုး သုံးအိုးလောက် လင်ဗန်းထဲ ထည့်လိုက်မိတော့ သူ မနိုင်မနင်းဖြစ်သွားတာ ဖြစ်ပါလိမ့်မယ်၊ ကဲ- ကဲ သခင်ကြီးအတွက်ရော အရက်နှစ်ခွက် ငှဲ့တော့မယ်နော်"

ရှင်ပျော်ပျော်မြို့စားကြီး၏ တင်းမာ ခက်ထရော်နေသော မျက်နှာထားသည် ဝေဝေ၏ကြားဖြတ်ပြောလိုက်သည့် စကားကြောင့် အထက်နှင့်အောက် လှန်ပစ်လိုက်သကဲ့သို့ ချက်ချင်းပင် ပျော့ပျောင်းနူး ညံ့သွားတော့၏။

ထို့နောက် အားရပါးရ အော်ဟစ်ရယ်လေတော့၏။

ရှင်ပျော်ပျော်မြို့စားကြီးသည် ယဲ့အော်၏အပြစ်ကို မေ့လျော့ သွားချေပြီတကား။

ဝေဝေကား ရှင်ပျော်ပျော်မြို့စားကြီး၏အမျက်ကို ဖြေစေနိုင် သည့် ပဥ္စလက်အတတ်ကို တတ်ထားလေသလားမသိ၊

ဆိုးဆိုးရွားရွား အပြစ်ဒဏ်ရနိုင်သည့် ယဲ့အော်အား ချိုလွင် သော စကားကလေးများဖြင့် အကာအကွယ်ပေးနိုင်ခဲ့လေသည်။

စင်လုံသည် ဝေဝေ ကမ်းပေးသည့်အရက်ကို တစ်ဝက်မျှ သောက်လိုက်သည်။ ဒေါင်းအရက်က မွှေးပျံ့သော်လည်း ပြင်း ထန်လှ၏။ စင်လုံ၏တစ်ကိုယ်လုံးရှိ သွေးများကို ပွင့်ထွားစေလေ တော့သည်။

စင်လုံသိသည်။

ဤအရက်သည် သူသောက်ခဲ့ဖူးသည့် အရက်အားလုံးထက် သာလွန် ကောင်းမွန်လှသည်တကား။

မကောင်း၍လည်း မဖြစ်ချေ။

ဒေါင်းအရက်ဆိုသည်မှာ အရက်တစ်မျိုးတည်း မဟုတ်ချေ။

အကောင်းဆုံးအရက်မျိုးစုံကို အစပ်တည့်စွာပေါင်းစပ်ထားသည့်အရက် ဆယ်မျိုးသည် သူနိုင်ငါနိုင် အစွမ်းပြိုင်လျက် အရက်သောက်သူ၏ ခန္ဓာကိုယ်အား ဆန်းပြားလှသော အရသာမျိုးစုံကို အမျိုးမျိုးအဖုံဖုံ ပေးနေကြလေ၏။

စင်လုံသည် ဤအရက် ဤမျှပြင်းထန်မည်ကို ကြိုတင်မသိ ရှိချေ။ သို့သော် ထူးခြားသည့်အသိဉာဏ်က သူ့အား လှုံ့ဆော်သဖြင့် အရက်ကို အကုန်မသောက်ဘဲ တစ်ဝက်မျှ ချန်ထားနိုင်ခဲ့၏။

တစ်ချက်တော်သွားသည်မှာ ဝေဝေကိုယ်တိုင်က သူ့အရက် ခွက်ထဲသို့ အရက်ကို အနည်းငယ်သာထည့်ပေးထား၍ ဖြစ်သည်။

ရှင်ပျော်ပျော်မြို့စားကြီးကား ဝေဝေ၏ ချိုသာနူးညံ့လှသော 'အယုအယစကားများကြောင့် အကျေနပ်ကြီးကျေနပ်ကာ အရက်တစ် ခွက်လုံး မော့ချ သောက်သုံးပစ်လိုက်တော့၏။

အရက်ကြိုက်နှစ်သက်သူတို့၏ ထုံးစံအတိုင်း သောက်မိပြီ ဆိုလျှင် အရှိန်သတ်၍မရတော့၏။ တစ်ခွက်ပြီး တစ်ခွက် ထပ် သောက်လေတော့သည်။

ထို့ကြောင့် နောက်ဆုံးတွင် ရှင်ပျော်ပျော်မြို့စားကြီးမှာ ခေါင်းချာစိုင်းအောင် မူးနေလေတော့၏။

သို့သော် လဲကျသည်အထိတော့ အခြေအနေ မဆိုးသေး အရက်ပြင်းများကို များစွာသောက်ခဲ့ဖူးသည့် ယခင်က အလေ့အကျ များက သူ့အား လဲမကျအောင် ထိန်းထားနေသေး၏။

သူ၏တောက်ပသော မျက်လုံးများသည်လည်း အရောင်မှေး နေချေပြီ၊

စင်လုံသည် သူ၏ဦးခေါင်းကို လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင် ရင်း ရှင်ပျော်ပျော်မြို့စားကြီးအား နှုတ်ဆက်လိုက်၏။



"နောင်တော်ကြီးရဲ့အရက်ကတော့ ကောင်းလည်းကောင်းပါ လည်း ပြင်းပါ့ဗျား။ ကျွန်တော်ကတော့ ဒီအရက်ကို လက်မြှောက် ပေးပြီ၊ ဒီအရက်ဆက်သောက်နေရင် ကျွန်တော် လမ်းလျှောက် ပြန်နိုင်လိမ့်မယ်မထင်ဘူး။ ကျွန်တော့်ကို သွားခွင့်ပြုပါတော့"

ရှင်ပျော်ပျော်မြို့စားကြီးသည် အာလေးလျှာလေးကြီးဖြင့် လုံအား လှမ်းအော်လိုက်သည်။

"လူမိုက် ဒီလောက်ကောင်းတဲ့အရက်ကို မူးလဲကျအောင် သောက်ရဲတာကိုက ဒီအရက်ရဲ့အရသာကို မသိဘူးဆိုတာ သက်သေ နေပြီ၊ ငါက အရက်တော်တော်များများ သောက်ပြီးနေပြီ၊ မင်းက ခွက်တောင် ကုန်ပုံမရသေးဘူး"

"မှန်ပါတယ်၊ ကျွန်တော်ညံ့ပါတယ်၊ ကျွန်တော်လို လူမျိုးက နောင်တော်ကြီးလိုပုဂ္ဂိုလ်မျိုးနဲ့ ဘယ် ယှဉ်ပြိုင်နိုင်ပါ့မလဲ"

"ဟား- ဟား- ဟား- မှန်တယ်၊ မင်းဟာ ငါ့ကိုမပြိုင်နိုင်ဘူး ပါမယ့် အရက် ငါးခွက်လောက်တော့ ထပ်သောက်ပါဦး"

သူသည် ပြောပြောဆိုဆိုဖြင့် အရက်တစ်ခွက်လုံး ကုန်အောင် သောက်လိုက်ပြန်သည်။

ထို့နောက် စားပွဲခုံကို လက်ဝါးဖြင့်လှမ်းပုတ်ရင်း ယဲ့အော်ကို ပေးလိုက်၏။

"ဟေ့ နောက်ထပ်အရက်တစ်အိုး။ ဟိုး- ဟိုး အရက်တစ်အိုး မဖြစ်ဘူးဟေ့၊ ရစ်အိုး။ အရက်ရစ်အိုး ထပ်ပြီးယူခဲ့စမ်း"

သူသည် သိုင်းလောက၌ အကျော်ကြားဆုံးသော ပုဂ္ဂိုလ်ကြီး ၏။

သို့သော် အရက်မူးလာသည့်အခါတွင်မူ တစ်လောကလုံး၌ သော အရက်မူးသမားများနှင့် ထပ်တူထပ်မျှ ဖြစ်သွားလေ

တော့သည်။

သူသည် အရက်ခွက်ကိုကိုင်မြှောက်ရင်း သီချင်းဆိုနေသည် တဝါးဝါး တဟားဟားရယ်မောနေလေသည်။

ထို့နောက် အနီးရှိ ခုတင်ပေါ်သို့ ပစ်လှဲချလိုက်တော့သည် သူသည် မူးမူးရူးရူးဖြင့် ဗလုံးဗထွေးပြောနေ၏။

"ဝေဝေ မင်းက ကျုပ်ကို အိပ်ဖန်စောင့်နိုင်းတာကိုး။ ကျု ကို ဘာဖြစ်လို့ အိပ်ဖန်စောင့်နိုင်းရတာလဲ၊ အခုတော့ ကျုပ်မူးနေ အိပ်ဖန်မစောင့်နိုင်တော့ဘူး။ ဒီညတော့ ဒီမှာပဲ အိပ်ရတော့မှာပဲ"

ရွှင်ပျော်ပျော်မြို့စားကြီးသည် တခူးခူးဖြင့် ဟောက်နေတော သည်။

စင်လုံက ဝေဝေကို လှမ်းကြည့်လိုက်မိ၏။ သူမသည် သာ တွင်း၌ရှိနေသော သမင်မကလေးသာတည်း။

သို့သော် သူမသည် သူမ၏ခန္ဓာကိုယ်ကို အစော်ကား မ ရအောင် လိမ္မာပါးနပ်စွာ နေထိုင်နိုင်ခဲ့၏။ ချိုသာလှသော စကား ကလေးများဖြင့် အန္တရာယ်အသွယ်သွယ်အား တားဆီးနိုင်ခဲ့၏။

ရွှင်ပျော်ပျော်မြို့စားကြီးသည် သူမအား စော်ကားလိုသ စိတ်ဖြင့် တစ်ချက်မျှ မတို့ ထိကြောင်း သူကိုယ်တိုင် မြင်တွေ့နေရ ထို့ကြောင့် စင်လုံသည် သူမအား လေးစားမိသည်။ ချီးကျူးမိသည်

ဝေဝေကလည်း သူ့အား ပြန်ကြည့်နေသည်။ သူမ၏မျ လုံးများ၌ မေတ္တာရည်များဖြင့် ရွှန်းရွှန်းစိုပြည့်ဝနေသကဲ့သို့ မြော မြားစွာသော အဓိပ္ပါယ်များလည်း အပြည့်အဝ ပါဝင်နေသည်။

သူမ၏ မျက်လုံးများက စကားတစ်ခွန်းကိုတော့ ထိထိမိမိ ပြောပြနေသယောင် ရှိသည်။

"အရာခပ်သိမ်း ကျွန်မဟာ ရှင့်အတွက် ကျွန်မရဲ့သန့်



ဖြူမြစ်မှုကို ထိန်းသိမ်းထားပါတယ်ရှင်"

စင်လုံနှင့်ဝေဝေတို့သည် တစ်ယောက်နှင့်တစ်ယောက် နှုတ်မှ စကားမပြောဘဲ မျက်လုံးများဖြင့် စကားပြောနေကြသည်။

တစ်ယောက်၏ သဘောဆန္ဒကို တစ်ယောက်က အပြန် အလှန်သိရှိကြ၏။ ဝေဝေသည် ပြုံးရင်း ခုတင်ပေါ်၌အိပ်ပျော်နေသည့် ရွှင်ပျော်ပျော်မြို့စားကြီးအား "မေးကလေး" ဆတ်ပြလိုက်သည်။

စင်လုံက ခေါင်းညိတ်ပြသည်။

"ကဲ- ကျုပ်သွားတော့မယ်၊ သခင်ကြီးဝမ် အိပ်ရာကနိုးလာ တဲ့အခါကျတော့မှ "စင်လုံမူးလွန်းလို့" ပြန်သွားတဲ့အကြောင်းနဲ့ သူကို နှုတ်ဆက်ခဲ့တယ် ဆိုတဲ့အကြောင်း ပြောပြလိုက်ပါ"

"မသွားနဲ့ မသွားနဲ့ ငါနဲ့ ငါးခွက်လောက် ထပ်သောက်ပါဦး"

လှည့်ထွက်သွားဟန်ပြင်နေသည့် စင်လုံသည် ရွှင်ပျော်ပျော် မြို့စားကြီးထံမှ ဗလုံးဗထွေးထွက်လာသည့် စကားသံကြောင့် ကြောင် သွားမိသည်။

ထို့ကြောင့် ဖြည်းညင်းစွာ ပြန်လှည့်လျက် ခုတင်ပေါ်သို့ လှမ်းကြည့်လိုက်မိသည်။ ရွှင်ပျော်ပျော်မြို့စားကြီးသည် တခူးခူးဖြင့် ဟောက်လျက် အိပ်မောကျနေလေသည်။

ယောင်ယမ်း အော်ဟစ်လိုက်သည့် စကားသာတည်း။

ယင်းအော်နှင့်ယဲ့အော်တို့နှစ်ယောက်က ပြိုင်တူရယ်မော လိုက်ကြလေသည်။ ယဲ့အော်သည် တခစ်ခစ်ရယ်မောရင်း---

"သခင်ဇလေး သွားပေဦးတော့၊ စိုးရိမ်မနေပါနဲ့တော့၊ သခင် ကြီးဟာ ဒီလိုပဲ အိပ်မောကျရင်းနဲ့ ယောင်ယမ်းတတ်ပါတယ်"

"မိန်းကလေးတို့နှစ်ယောက်ကို ကျုပ်အများကြီး ကျေးဇူးတင် ပါတယ်၊ ကျုပ်ကိုခွင့်ပြုပါဦး"

ယင်းအော်က စင်လုံ၏ရှေ့သို့ ဖြတ်လျှောက်သွားလျက်---

" ကဲ သခင်လေးလာ၊ သခင်လေးလာတဲ့ စခန်းဝ ရောက်အောင် ကျွန်မလိုက်ပို့ပါ့မယ်"

"ကောင်းပါလေရဲ့ဗျာ၊ ကဲ- သွားကြမယ်"

ယင်းအော်သည် ရှေ့မှနေ၍ ခန်းဆီးများ ကန့်လန့်ကာများနှင့်ယင်းလိပ်များကို လက်ဖြင့် တစ်ခုချင်းဖယ်ရှားပေးပြီး စင်လုံအား လမ်းပြခေါ်ဆောင်သွား၏။

သူမသည် ရှေ့မှဦးဆောင်သွားနေရင်းမှ စင်လုံအား စတင် စကားပြောလိုက်သည်။

"သခင်လေးစင်လုံက ကြင်လည်း ကြင်နာတတ်တယ်၊ ဂါရဝ တရားလည်းရှိတယ်၊ ကျွန်မတို့ရဲ့သခင်မလေးကလည်း သခင်လေးလို ကြင်လည်း ကြင်နာတတ်တယ်၊ ဂါရဝတရားလည်း ရှိတယ်"

ဤသို့ဖြင့် စင်လုံနှင့် ရှင်ပျော်ပျော်မြို့စားကြီးတို့ ပထမဆုံ ဝင်ရောက်လာခဲ့ကြသည့် ဆောင်ကြာခြည်သို့ ဆိုက်ရောက်လာကြတော့သည်။

အချို့မိန်းကလေးများသည် လဲလျောင်းအိပ်စက်နေကြ၏ အချို့သော မိန်းကလေးများကမူ အလှပြင် ဖီးလိမ်းနေကြပြီး အချို့ သူတို့၏ ခြေသည်းလက်သည်းများကို ပြုပြင်နေကြသည်။

စင်လုံသည် ထိုအခန်းကို ဖြတ်လျှောက်စဉ် သူတို့အား တ ချက်မျှ စောင်းငဲ့မကြည့်ဘဲ ထွက်ရမည့်လမ်းကိုသာ တရှုရှုလျှော သွား လသည်။

ထိုစဉ် မိန်းကလေးတစ်ယောက်၏ဝေဖန်သံ သူ၏နားထဲ ပြေးဝင်လာသည်။

"ကြည့် ဘယ်လောက်မှန်းဖို့ကောင်းသလဲ၊ သူများတွေ



ခါးမျက်ကလေးတောင် လှည့်မကြည့်ဘူး"

အခြားတစ်ယောက်က ထောက်ခံလိုက်ပြန်သည်။

"ဟုတ်တယ် မှန်းစရာသိပ်ကောင်းတယ်၊ သူပြုံးတာကိုက ဟယ်လောက်မှန်းစရာကောင်းသလဲ"

အခြားတစ်ယောက်က-

"သူက ပြုံးရုံတင်ပြုံးတယ်၊ ဘာကြောင့် မရယ်တာလဲ၊ သူ ရယ်ရင် မိန်းကလေးတွေ သူ့ကို အရူးအမူးကြိုက်လိမ့်မယ်လို့ ထင်နေသလားမှ မသိတာ၊ ဟင်း- ဒီကတော့ မကြိုက်သေးဘူး"

အခြားတစ်ယောက်က ဖြည့်စွက်ထောက်ခံလိုက်သည်။

"ဟင်း- ဒါကတော့ သူ့ကိုယ်သူ အထင်ကြီးလွန်းတယ်"

ယဲ့အော်သည် သူမ၏ပါးစပ်ကို ဝိတ်ကာ တခစ်ခစ်ရယ်နေတော့သည်။

"သူတို့က သခင်လေးကို အရူးအမူး ချစ်နေကြတာကိုး"

စင်လုံက ပြုံး၍ ပြောလိုက်သည်။

"သူတို့ လှကြပါတယ်၊ သူတို့ကို ကျုပ်က စိတ်မဝင်စားလို့ ဖော်သ ဖြစ်နေကြတာပါ၊ ကျုပ်မှာက အလှအပကို စိတ်ဝင်စားဖို့ထက် ပိုအရေးကြီးတဲ့အလုပ်တွေ ရှိနေတော့ သူတို့ကို စိတ်မဝင်စားနိုင်တော့ ဘူးပေါ့"

ထိုဆောင်ကြာခြည်ကို ဖြတ်ကျော်ပြီးသောအခါ ခွိုက်ပို ပင် သစ်တောဥယျာဉ်ကြီးတစ်ခုလုံးသို့ လန်းဆန်းနုသစ်သောနေရောင် ခြည်များ ထိုးဖောက် ဝင်ရောက်နေသည်ကို တွေ့ရှိလိုက်ကြရသည်။ သစ်တောဥယျာဉ်ကြီးတစ်ခုလုံး ပန်းရနံ့များသင်းပျံ့နေသည်။

ယမန်နေ့ညက စက်ဆုပ် ကြောက်လန့်ဖွယ်ရာ အရိပ် အရောင်များ လုံးဝမရှိတော့။

သို့သော် အဖေါ်မဲ့လူကား သေဆုံးသွားခဲ့ရလေပြီ။

သူသေသွားသည်ကလည်း တစ်နည်းတော့ ကောင်းပါ၏ အကယ်၍ စင်လုံအား ရှင်ပျော်ပျော်မြို့စားကြီးက ဤမျှ အခွင့်အရေး ပေးကြောင်း တွေ့မြင်သွားလျှင် သူ့အဖို့ သေသည်ထက် စိတ်ထိခိုက် သွားနိုင်ပေသည်။

ယုံ့အော်သည် သူပို့ရမည့် ခရီးလမ်းဆုံးသို့ ရောက်ပြီဖြစ်၍ လှည့်ပြန်ရန် ဟန်ပြင်လိုက်သည်။

သူမသည် စင်လုံအား တစ်ချက်လှည့်ကြည့်လိုက်ပြီး သူမ နောက်ဘက်သို့ လက်ညှိုးထိုးပြ၏။ တဖန် စင်လုံထံသို့ လက်ညှိုးထို ပြပြန်၏။

"သခင်လေး ကျွန်မ ပြန်တော့မယ်၊ ဒါပေမယ့် ဟိုဟာတော မမေ့လိုက်နဲ့နော်"

စင်လုံက ခေါင်းညိတ်ပြလိုက်သည်။ သူမသည် လာလမ် အတိုင်း ပြေးထွက်သွားရာ မကြာမီပင် သစ်ပင်များအကြား၌ ပျောက် ကွယ်သွားလေတော့သည်။

စင်လုံသည် ခွါကျက်ဟိုလင် သစ်တော့ဥယျာဉ်အတွင်းသ တသုန်သုတ်ဖြတ်သန်းတိုက်ခတ်လာသည့် လေနုအေးကလေးအာ အားပါးတရရှူရှိုက်လိုက်သည်။

ယမန်နေ့ညက ပင်ပန်းဆင်းရဲခဲ့သည့် ဒုက္ခများအတွက် တန် ကြီးသော တုံ့ပြန်မှုတစ်ခုကိုတော့ ရရှိခဲ့သည်။ ပင်ပန်းခံရကျိုးနပ်သည် ဟု ဆိုလောက်ပါသည်။

သူသည် ဝေဝေအား တွေ့ဆုံခဲ့ရသည့်အပြင် ဝေဝေ ပေ လိုက်သည့် စာကိုလည်း ရှင်ပျော်ပျော်မြို့စားကြီး၏ မျက်မှောက်၌ပ ဝိဝိရိရိ သေသေသပ်သပ်ရရှိခဲ့၏။



ဝေဝေ၏ဉာဏ်သွားမှုနှင့် ယုံ့အော်၏ကူညီမှုက သူ့အား ပင်ပန်းရကျိုး နပ်စေခဲ့သည်။

သူသည် နေရောင်ခြည်ဖြာနေသည့် သစ်တောလမ်းအတိုင်း ယှဉ်နေထိုင်သည့် တည်းခိုအိမ်ဘက်သို့ လျှောက်လာခဲ့သည်။

ထိုသို့ လျှောက်လာရင်းမှ သူ့ကိုယ်သူ ယုံကြည်မှုအပြည့်အဝ ရှိလာသည်။ မည်သည့်အခက်အခဲကိုမဆို သူဖြေရှင်းနိုင်မည်ဟု ထင် မှတ်လာသည်။

သူ့ရင်ထဲ၌ မရှင်းလင်းသောကိစ္စများ ရှိနေသေးသော်လည်း ထိုကိစ္စကလေးများသည် မကြာမီအချိန်အတွင်း ရှင်းလင်းသွားမည်ဟု ဟု ယုံကြည်မိသည်။

သူသည် လန်းဆန်းတက်ကြွစွာ လျှောက်လာရင်းမှ သူ၏ ရင်ခွင်ထဲသို့ နှိုက်ယူလိုက်သည်။

စက္ကူလိပ်ကလေးတစ်လိပ် သို့မဟုတ် စာကလေးတစ်စောင် ဝေဝေပေးလိုက်သည့် စာကလေးတစ်စောင်ပါတည်း။

❁

သူသည် တည်းခိုအိမ်တံခါးဝ၌ ရပ်လိုက်သည်။ အကျီ
ဖရိုဖရဲ ဆံပင်များရှုပ်ပွပြီး စိုးရိမ်သောက ရောက်နေပုံရသော လန်
သည် သူ့အား ပြေး၍ဖက်လာသည်။

စင်လုံသည် သူမအား ငုံ့ကြည့်လိုက်၏။ သူမ၏မျက်
များသည် နီကျင်နေသည်။ တစ်ညလုံးမအိပ်စက်ဘဲ နေခဲ့ဟန်တူသ

သူမသည် မျက်ရည်များသီသီဝဲ့လျက် တတွတ်တွတ်
ရွတ်နေတော့သည်။

"ရှင် ပြန်လာပြီ နောက်ဆုံးတော့ ရှင်ပြန်လာခဲ့ပြီ ဘုရား
ရဲ့ ဂုဏ်ကျေးဇူးတော်ကြောင့် ရှင် ဘာမှအန္တရာယ် မဖြစ်ခဲ့ပါဘူး

စင်လုံက ပြုံး၍ဖြေလိုက်သည်။

"ဘာမှ အန္တရာယ် မဖြစ်ခဲ့ပါဘူး"

"ရှင့်ခန္ဓာကိုယ်ရော ဘာမှ မဖြစ်ခဲ့ဘူးလား"

"တစ်ခါမှ အခုထက်ပိုကောင်းတာ မရှိခဲ့ပါဘူးကွာ"

လန်ရှန်းက သက်ပြင်းရှည်ကြီးချလိုက်ကာ---

"ရှင်ဟာ သိပ်နေနိုင်တာပဲ၊ ရှင် ဒီလောက်ကြာကြာနေ



ဘိုရင်လည်း၊ တစ်ယောက်ယောက်ကိုလွှတ်ပြီး အကြောင်းကြားနိုင်း
လိုက်ဖို့ ကောင်းပါတယ်ရှင်၊ ရှင့်အတွက် ကျွန်မ ဘယ်လောက် စိုးရိမ်
ပူပန်ရတယ်ဆိုတာ ရှင်သိရဲ့လား။ ကျွန်မ- ကျွန်မ တစ်ညလုံး အိပ်မပျော်
ခဲ့ဘူး"

စင်လုံက ကြင်နာစွာကြည့်လိုက်သည်။

"ဟုတ်လား။ ငါ ဟိုမှာ မြေရှင်းစရာတွေရှိနေတော့ မင်းကို
အကြောင်းကြားဖို့ မေ့သွားတယ်ကွာ၊ ကဲ- ကဲ- အခုတော့ မင်း စိတ်
အေးလက်အေး အိပ်နိုင်လောက်ပြီထင်ပါတယ်၊ အိပ်ပေတော့"

လန်ရှန်း၏မျက်လုံးအစုံ၌ မေတ္တာရည်များပြည့်လျှမ်းနေသည်။
သူမက တိုးညင်းစွာ ပြန်ပြောလိုက်သည်။

"ရှင်ကော--"

"ငါလား- ငါကတော့ အိပ်ဖြစ်ဦးမယ်မထင်ဘူး။ ဘာဖြစ်လို့
လဲဆိုတော့ လျှပြည်ရောက်လာကတည်းက ငါ့မှာ အိပ်စက်ဖို့ကုသိုလ်
ကံ သိမ်နည်းခဲ့လို့ပဲ၊ မင်းသာ အိပ်ပါတော့ကွာ"

"ရှင်မအိပ်ရင် ကျွန်မလည်း မအိပ်တော့ဘူး"

"ဘာဖြစ်လို့ မအိပ်တာလဲ၊ ဘာအကြောင်းရှိလို့လဲ"

"ရှင် ကျွန်မကို မညှာတာတော့ဘူးပေါ့နော်"

"တယ်ခက်ပါလားကွာ၊ ငါနဲ့မတွေ့ခင်တုန်းက မင်းတစ်ခါမှ
မအိပ်စက်ခဲ့ဘူးလား"

သူမသည် ကျားသစ်မလေးကဲ့သို့ မာန်ဝင်သွားပြီး စင်လုံ၏
လည်ပင်းကို ကိုက်ဆွဲလေတော့သည်။

စင်လုံသည် သူမအား သက်သက်ညှာညှာပင် တွန်းထုတ်
လိုက်ပြီး၊ သူ၏လည်ပင်းကို ပွတ်သပ်နေမိလေသည်။

ဤကား မိန်းကလေးများ ဝိုင်းဝိုင်းလည် မြတ်နိုးခံရခြင်း

၏ ဒုက္ခပေတည်း။

ဤဒုက္ခသည် မိန်းကလေးများ၏ ချစ်မြတ်နိုးမှုကို မခံရသူ
ဒုက္ခထက် ကြီးမားပါလေ၏။

စင်လုံသည် လဖက်ရည်ကရားထဲမှ လက်ဖက်ရည်တစ်ခွက်
ငှဲ့ထည့်ကာ သောက်မည်ပြုလိုက်သည်။

သို့သော် ချက်ချင်းပင် လက်ဖက်ရည်ခွက်ကို ပြန်ချလိုက်ပြီ
တံခါးမကြီးကို ဆွဲဖွင့်လိုက်လေသည်။

တံခါးရှေ့၌ အိုးတိုးအမ်းတန်း ယောင်တိယောင်အ ရပ်
သော ချွန်းချောင်ကို တွေ့လိုက်ရတော့သည်။

သူမသည် စင်လုံကိုစေ့စေ့မကြည့်ရဲ။ တစ်ကိုယ်လုံး တဆတ
ဆတ်တုန်လျက် ရှိနေရာသည်။

သူမ၏ဆံပင်များသည် ဖရိုဖရဲဖြစ်လျက်၊ အင်္ကျီအဝတ်
စားများကလည်း ဖရိုဖရဲဖြစ်လျက်၊ မျက်လုံးများကလည်း နီကျင်ကျ
ဖြစ်နေသည်။

သည်ပုံစံကို ကြည့်ခြင်းအားဖြင့် သူမသည် မနေ့ညက လုံး
မအိပ်စက်ခဲ့ကြောင်း သိသာထင်ရှားနေသည်။

စင်လုံသည် သူမအား စူးစူးစိုက်စိုက်ကြည့်ရင်း မေးလို
လေသည်။

"ဘာကိစ္စလဲ"

ချွန်းချောင်သည် ဦးခေါင်းငုံ့သွားပြီး အထစ်ထစ်အငေါ့ငေါ့
ပြောလေသည်။

"ဘာ- ဘာ ဘာကိစ္စမှ မရှိပါဘူး။ ကျွန်- ကျွန်မ သ
လေးစင်လုံ နေ- နေကောင်းရဲ့လားလို့ လာကြည့်တာပါ"

စင်လုံက ဟက်ဟက်ပက်ပက်ရယ်လိုက်လေသည်။



"ဘာလဲ ခင်ဗျားကလည်း ကျုပ်ကို စိုးရိမ်နေပြန်ပြီလား။
ပျော်ပျော်မြူးမြူးကြီးက. ကျုပ်ကိုသတ်ပစ်လိုက်မှာကို စိုးရိမ်နေတာ
"

ချွန်းချောင်သည် လက်ညှိုးကိုကိုက်နေရာမှ ရဲတင်းလာဟန်
အနည်းငယ် ပြေပြေပြစ်ပြစ်ပြောလာနိုင်သည်။

"ဟုတ်- ဟုတ်ပါတယ်ရှင်- ကျွန်မစိတ်ထဲမှာ သခင်လေးအ
စိတ်မအေးနိုင်အောင် ဖြစ်မိပါတယ်၊ ကျွန်- ကျွန်မ ညက
လို့တောင် မပျော်ပါဘူး။ ကျွန်မ- ကျွန်မ အပြစ်တွေကို တောင်း
ပါတယ်၊ ခွင့်လွှတ်ပါ"

စင်လုံက ရယ်မောလိုက်သည်။

"လက်စသတ်တော့ ခင်ဗျားမှာလည်း စိတ်မအေးနိုင်တဲ့
ရှိနေသေးတာကိုး။ ကျုပ်အတွက် စိတ်ပူတယ်ဆိုလို့ ကျေးဇူး
ပါတယ်"

"ကျွန်- ကျွန်မရဲ့ အပြစ်တွေကို ခွင့်လွှတ်---"

"ကျုပ်ကသာ ခင်ဗျားကိုခွင့်မလွှတ်ရင် ဒီတံခါးနားမှာ ခင်ဗျား
တစ်ခါပဲနိုးနားထောင်နိုင်မှာပေါ့၊ အခုလိုလည်း ကျုပ်နဲ့ဘယ်
ပြောနိုင်တော့မလဲ"

ချွန်းချောင်သည် ယခုမှ အလုံးကြီးကျသွားသကဲ့သို့ ဟင်းခနဲ
ချလိုက်လေသည်။

"ကျေးဇူးတင်ပါတယ်ရှင်"

စင်လုံက မျက်နှာကိုတည်ထားလျက်-

"ဒါပေမယ့် နောက်တစ်ခါ တံခါးဝလာပြီး နိုးကြောင်နိုးဝှက်
ထောင်ရင်တော့ ကျုပ်အဆိုးမဆိုးနဲ့"

လန်ရှန်းက ခြေသောင့်ရင်း-

"နောက်တစ်ကြိမ်သာ ရင်လာပြီး ခိုးနားထောင်ရင် ရင့်န
ရွက်ကို ဖြတ်ပစ်မယ်၊ ရင့်မျက်လုံးနှစ်ဖက်ကို ကလော်ထုတ်ပစ်မယ်
နောက်ပြီး ရင် လာခိုးနားထောင်တဲ့အကြောင်းကိုလည်း ရင့်ယောက်
လီတိုင်းလုံကို ပြောပြလိုက်မယ်"

ချွန်းချောင်၏မျက်နှာမှာ ချက်ချင်း သွေးဆုတ်ဖြူရော်သွ
လေသည်။

"ဟုတ်- ဟုတ်ကဲ့ ကျွန်မ နောက်မလုပ်ဝံ့တော့ပါဘူး"

သူမသည် ချာခနဲ လှည့်ပြေးသွားလေသည်။

"နေဦး-"

စင်လုံ၏အသံသည် ဟိန်း၍ထွက်သွားလေသည်။ ချွန်းချော
မှာ တုံ့ခနဲရပ်သွားလေ၏။ သူမ၏တစ်ကိုယ်လုံး တသိမ့်သိမ့်တုန်လ
ပြန်လေသည်။

"သ- သခင်လေး ဘာများ မှာစရာရှိလို့ပါလဲ"

"ခင်ဗျား မြန်မြန်သွားပြီး ကျုပ်အတွက် ဂဏန်းလုံးဟင်း
တစ်ပွဲ ဂဏန်းလုံးဆီးကင်တစ်ပွဲ၊ ကြက်ဥကြော်သုံးလုံး၊ ချိုချိုအေး
ဖရဲသီးတစ်စိတ် အဲဒါတွေကို အမြန်ဆုံးယူခဲ့စမ်းဗျာ၊ အခု အချိန်
ကျုပ် ဘာကိုမှ မတွေးအားဘူး၊ စားသောက်ဖို့တစ်ခုပဲ တွေးနေတယ်

ချွန်းချောင်သည် ဝမ်းသာအားရ ခေါင်းတဆတ်ဆတ်ညိ
ရင်း အလျှင်အမြန် ပြေးထွက်သွားလေတော့သည်။

များမကြာမီ အချိန်အတွင်းမှာပင် စင်လုံသည် နံနက်
၏ နပျိုလက်ဆတ်သည့်နေခြည်အောက်၌ နံနက်စာကို အရသာ
စားသောက်နေတော့သည်။

ဟင်းချိုကလည်း ချိုလှသည်။ သစ်သီးများကလည်း ရွှ
လှ၏။ ကြက်ဥကြော်များလည်း အဆိမ့်လွန်နေသည်။ ဖရဲသီး



ချိုကာ ရင်ကိုအေးမြသွားစေတော့သည်။

သူစားသောက်ပြီး၍ လှည့်ကြည့်လိုက်သောအခါ ဖြည်းဖြည်း
မှန်မှန် အသက်ရှူလျက်အိပ်ပျော်နေသည့် လန်ရှန်းကို တွေ့လိုက်
ရသည်။

သူမသည် ဘုရားသခင်၏ဂုဏ်ကျေးဇူးများကို အောက်မေ့
ကာမေတ္တာလျက် အိပ်ပျော်သွားရှာလေပြီ။

စင်လုံသည် သူဖတ်ခဲ့သည့် စာရွက်ပေါ်မှ စာလုံးကလေးများ
ကို ပြန်လည်တွေးတောနေမိသည်။

"မတွေ့ရတာကြာလို့ သိပ်ပြီးတွေးနေမိပါတယ်၊ နက်ဖြန်ဟိုလင်
ယ်တောရဲ့ အနောက်ဘက်စူးစူးက အကြီးဆုံးသစ်ပင်ကြီးတစ်ပင်
အောက်မှာ စောင့်ပါ၊ ကျွန်မ အနောက်ဘက်တံခါးက ထွက်လာခဲ့ပါ့
မယ်၊ ဗိုနေ့ မွန်းလွဲပိုင်းအချိန်မှာနော် ဆက်ဆက်စောင့်ပါ"

❁

မွန်းတည့်ချိန်လွန်မြောက်၍ မွန်းလွဲပိုင်းသို့ ရောက်ရှိခဲ့လေပြီ လန်ရှန်းမှာ တစ်ညလုံး အိပ်ပျက်ခဲ့သဖြင့် ယခုအချိန်အထိ မနိုးသေး အိပ်နေသည်။

သူသည် နို့ကပ်ဟိုလင်သစ်တောကြီး၏ အနောက်ဘက်ရှု သို့ လျှောက်လာခဲ့သည်။

မွန်းလွဲချိန်ဖြစ်၍ ကျေးငှက်များသည်လည်း ပင်ပန်းနွမ်း သည်ထင့်၊ လုံးဝငြိမ်သက်တိတ်ဆိတ်နေကြသည်။

တစ်ခါတစ်ရံ လေကလေးတစ်ချက် ဝေ့သွားသည့်အခါ သစ်ရွက်ကလေးများ ကြွေကျလာသည်။ စင်လုံ၏ရှေ့တူရူ၌ မြင့်မ လှသော သစ်ပင်ကြီးတစ်ပင်ကို တွေ့ရှိလိုက်ရလေပြီ။

ထိုသစ်ပင်ကြီးအောက်တွင် မိန်းကလေးတစ်ယောက် ရပ်နေ၏။ သူမ၏ အင်္ကျီဖြူနှင့်ပဝါဖြူများသည် လေအဝေ့၌ လှုပ် လွင့်ပျံ့သွားသည်။

သူမသည် စင်လုံလျှောက်လာသည့် လမ်းဘက်သို့



မျှော်နေသည်။

စင်လုံသည် သူမကိုတွေ့လိုက်ရသောအခါ လွမ်းဆွတ်ဆွေး မြေ့သည့် ဝေဒနာတစ်ရပ်ကိုခံစားလိုက်ရသည်။ သို့သော် ဝမ်းသာ မြင်းတည်းဟူသော ခံစားမှုလည်း အရိပ်ပမာကပ်လိုက်လာပြန်သည်။

စင်လုံသည် သူမအား နိုကိုးရာမဲ့ မိန်းကလေးအဖြစ် စတင် တွေ့ရှိခဲ့သည်။ ရိုးသား နုံအ,သော မိန်းကလေးအဖြစ် ယုံမှတ်ထားသ ဖြင့် သူမဒုက္ခရောက်မည်ကို အလွန်စိုးရိမ်ခဲ့သည်။

သို့သော် ယခု သည်မိန်းကလေးသည် ကြင်နာတတ်သော် လည်း လျှို့ဝှက်နက်နဲသူကလေး ဖြစ်ကြောင်းသိရှိခဲ့သည်။ သူမ၏ လျှို့ဝှက်မှုအား ထိုးထွင်း သိမြင်ရန်ဆိုသည်မှာလည်း မလွယ်ကူ သောကိစ္စတစ်ရပ် ဖြစ်နေပြန်ပါသည်။

စင်လုံသည် သူမအကြောင်းကိုတွေးမိသည်နှင့် ချစ်ချစ်သည် လည်း သူ၏ဦးနှောက်တွင်းသို့ ရောက်ရှိလာပြန်တော့သည်။

ချစ်ချစ်သည် ခက်ထန်ခြင်း၊ ခေါင်းမာခြင်း၊ အစွန်းရောက် ခြင်း၊ အညံ့မခံလိုခြင်းတို့ကို ကိုယ်စားပြုသော မိန်းကလေးဖြစ်သည်။ သို့သော် သူမတွင် ကြင်နာခြင်းတရားလည်း တစ်ခါတစ်ရံ ပေါ်လာ တတ်သည်။

ထို့ပြင် သနားစရာကောင်းခြင်း၊ ကလေးဆန်ခြင်းကလည်း ချစ်ချစ်တွင် ရှိနေပြန်သည်။

ချစ်ချစ်နှင့် ဝေဝေတို့သည် အသွင်မတူသော မိန်းကလေး နှစ်ဦးဖြစ်သည်။ အရှေ့နှင့် အနောက်ကဲ့သို့ ကွာဝေး၏။ အဖြူနှင့် အမည်းကဲ့သို့ ခြားနားသည်။

တစ်ယောက်က နေလိုမီးလိုပူပြင်း၍ တစ်ယောက်က ရေ လို လလိုအေးမြသည်။ သို့သော် ဤလောက၌ သူတို့နှစ်ယောက်

ထက် ချစ်စရာကောင်းသူ မရှိမှန်းကိုတော့ စင်လုံ ကောင်းစွာသိပါလေသည်။

သူသည် သက်ပြင်းချလိုက်မိသည်။ ဤမိန်းကလေးနှစ်ယောက်သည် ထူးထူးခြားခြား လှပကြသော်လည်း အဘယ့်ကြောင့် ကံခေနေကြသည်ကို သူ မတွေးတတ်သောကြောင့် ဖြစ်ပါသည်။

အဘယ့်ကြောင့် ကြေကွဲစရာကောင်းသော ဘဝမျိုးသို့ ရောက်ရှိနေကြရသနည်း။

စင်လုံသည် သူ၏အတွေးများကို ဖျောက်ပစ်လိုက်ရသည်။ အဘယ့်ကြောင့်ဆိုသော် ဝေဝေနှင့် အတော်ကလေးနီးကပ်လာသောကြောင့်ဖြစ်ပါသည်။

ဝေဝေသည် သူ့ကို အပြုံးကလေးနှင့် စောင့်ကြိုနေသည်။ သူမ၏အနီးသို့ စင်လုံရောက်ရှိလာသောအခါ လက်ဖြင့်အချက်ပြလျက် သစ်ပင်ထူထပ်သော တောနက်ထဲသို့ ဝင်သွားတော့သည်။

စင်လုံသည် သူမ ဦးဆောင်ရာနောက်သို့ လိုက်ဝင်သွားသည်။ လူသူ တစ်ဦးတစ်ယောက်မျှမရှိ။ ပိုးကောင်ငယ်ကလေးများ တစီစီအော်နေခြင်းမှတစ်ပါး အခြားမည်သည့်အသံကိုမျှမကြားရချေ။

သစ်ပင်များ အလွန်ထူထပ်သည့်နေရာ၌ ဝေဝေ ထိုင်နေသည်။ သူမသည် မျက်လုံးများမှိတ်လျက် စင်လုံအလာကို စောင့်နေသည်။

သူမ၏ မျက်တောင်များသည် ရည်လျားကော့ညွတ်နေ၏။

စင်လုံသည် သူမ၏ရှေ့တည့်တည့်၌ ရပ်လိုက်သည်။ သူမကလည်း စကားမပြော၊

စင်လုံကလည်း စကားမပြောသဖြင့်-

ပိုးကောင်ငယ်ကလေးများ၏ တစီစီအော်သံသည် ပိုမိုကျယ်



လောင်လာသည်ဟု မှတ်ထင်ရတော့သည်။

ဝေဝေသည် ရုတ်တရက်မော့ကြည့်လိုက်ပြီး စင်လုံ၏ရင်ခွင်ထဲသို့ ပြေးဝင်လေတော့သည်။

စင်လုံသည် သူမကို အသာအယာပွေ့ပိုက်ပြီး သူမ၏ဆံပင်များကို ပွတ်သပ်ပေးနေမိသည်။

သူတို့သည် တော်တော်နှင့်စကားမပြောမိကြ။ ဤအတိုင်းပင် နွေးထွေးစွာ ဖက်ထားမိကြသည်။ အတန်ကြာမှ စင်လုံက သက်ပြင်းကြီးချလျက် မေးလိုက်မိသည်။

"ဝိညာဉ်ဂိုဏ်းချုပ်သခင်မ ကျန်းမာပါရဲ့လား"

ဝေဝေသည် ဦးခေါင်းကိုမော့၍ ပြုံးရယ်လိုက်လေသည်။

"ရှင်- ကျွန်မနာမည်ကိုတောင် မေ့နေပြီကိုး"

စင်လုံသည် သူမ၏မျက်နှာကို အသေအချာ စိုက်ကြည့်လိုက်သည်။ သူမ၏မျက်နှာသည် လုံးဝ ကြည်လင်သန့်ရှင်းနေ၏။

စိုးရွံ့မှု လုံးဝမရှိ။

သူမ၏မျက်လုံးများတွင် မေတ္တာရည်များ လွှမ်းနေသည်။

သူမသည် စင်လုံနှင့်ပြန်လည်တွေ့ဆုံရသဖြင့် ရွှင်လန်းတက်ကြွနေသည်။

သူမသည် စင်လုံအား သေချာရဲရင့်စွာ ပြန်ကြည့်ပြီး စင်လုံ၏ရင်ခွင်တွင်းသို့ ပြန်လည် မျက်နှာအပ်လိုက်ပြန်သည်။ သူမ၏ခန္ဓာကိုယ်မှ သင်းပျံ့သောအမွှေးရနံ့များ ကြိုင်လှိုင်နေသည်။

ဤကဲ့သို့ မူးယစ်ရီဝေ ချစ်မိုးစွေစရာ ကောင်းလှသော မိန်းကလေးသည် အဘယ်မှာလျှင် ဝိညာဉ်ဂိုဏ်းချုပ်သခင်မကဲ့သို့သော လူသတ်သမားကြီးဖြစ်နိုင်ပါအံ့နည်း။

စင်လုံသည် သက်ပြင်းချရင်း မေးလိုက်လေသည်။

"ဘယ်သူကများ မင်းနာမည်ကိုမေ့နေလို့လဲ၊ ကျုပ်က
နာမည်ပေါင်းကို ကောင်းကောင်းမှတ်မိပါတယ်"

"ဒါဖြင့်ပြောပါဦး ကျွန်မနာမည် ဘယ်သူလဲ"

"ဝေဝေလေ- ဝေဝေပေါ့၊ အင်မတန် ထက်မြက်ပြီး အ
တန် ဉာဏ်ကောင်းတဲ့ဝေဝေပေါ့"

"ဒါနဲ့များရှင်ရယ်- ဘာဖြစ်လို့များ ဝိညာဉ်ဂိုဏ်းချုပ်သ
လို့ ခေါ်လိုက်ရတာလဲဟင်- ဝိညာဉ်ဂိုဏ်းချုပ်သခင်မဆိုတာ
သူလဲဟင်"

စင်လုံသည် မရယ်ချင့်ရယ်ချင်ဖြင့် ပေါ့ပျက်စွာရယ်
မိသည်။

"ဝိညာဉ်ဂိုဏ်းချုပ်သခင်မဆိုတာ ဘယ်သူရမလဲ၊ ဝေ
တဲ့ မိန်းကလေးပဲပေါ့"

သူမသည် စင်လုံအား ဖြည်းညင်းစွာ တွန်းခွါလို
စင်လုံအား စူးစူးရဲရဲ ကြည့်လိုက်တော့သည်။

သူမ၏မျက်လုံး၌ ဒေါသအရိပ်အရောင်များ သမ်းနေ
သူမသည် နှုတ်ခမ်းကိုပြုတ်လုမတတ် ကိုက်ခဲလိုက်ပြီး မေးသ

"အဲဒီဝိညာဉ်ဂိုဏ်းချုပ်သခင်မဆိုတာ ဘယ်သူလဲ၊ ဘာ
ဒီနာမည်ကို ခဏ ခဏခေါ်နေရတာလဲ၊ သူ ဘယ်သူလဲ- သူဟာ
အင်မတန် လှပတဲ့ မိန်းကလေးတစ်ယောက်ပဲလား"

စင်လုံသည် ဝေဝေကိုမကြည့်တော့။ အဝေးသို့သာ ဝေ
ကြည့်ရင်း ခွေးမြည့်စွာပြောလိုက်မိသည်။

မှန်တယ် သူဟာ အင်မတန်လှပတဲ့ မိန်းကလေ
ယောက်ပဲ၊ သိပ်လည်းဉာဏ်ကောင်းတယ်၊ ပရိယာယ်လည်း ေ
တယ်၊ ပြီးတော့ သိုင်းပညာလည်း လက်ဖျားခါရလောက်အောင် ေ



ပါတယ်"

ဝေဝေသည် ခေါင်းကလေးငုံ့သွားမိသည်။

"ရှင် သူ့ကို ဒီလောက်တောင်ချီးမွမ်းနေရင်တော့ ကျွန်မ
ထက် အများကြီးသာလွန်နေလို့ပဲဖြစ်မှာပေါ့၊ ဒါပေမယ့် ကျွန်မ ကျွန်မ
တောင်းပန်ပါတယ်ရှင်- ကျွန်မရှေ့မှာ ကျွန်မထက် လှတဲ့သူကို ချီး
ကျူးဂုဏ်ပြုတဲ့စကားတွေ လာမပြောပါနဲ့တော့ရှင်"

စင်လုံက မချိပြုံး ပြုံးလိုက်မိသည်။

"အင်း- ကျုပ်က သူ့အကြောင်း ချီးကျူးစရာချည်းပြောစရာ
ရှိတာမဟုတ်ပါဘူး၊ သူ့ကို ဖြစ်တင်ရှုတ်ချစရာအကြောင်းပြောဖို့လည်း
ရှိနေပါသေးတယ်၊

ဒီမိန်းကလေးဟာ လှပ သလောက်၊ ချောသလောက် သိုင်း
ပညာကောင်းသလောက် အင်မတန် ရက်စက်ကြမ်းကြုတ်တဲ့ မိန်းက
လေးတစ်ယောက်ဖြစ်နေပါသေးတယ်၊

သူဟာ သာမန်မိန်းကလေးတွေ မလုပ်နိုင်တဲ့ ကိစ္စမျိုးကို
တောင် လုပ်ပြနိုင်စွမ်းရှိတယ်"

ဝေဝေသည် စင်လုံကို တအံ့တဩမော့ကြည့်ရင်း မေး
လိုက်သည်။

"ရှင်- သူ့ကို မြင်ဖူးလား"

"မြင်ဖူးတာပေါ့ သေသေချာချာကို မြင်ဖူးတယ်၊ မနေ့ညက
ပဲ့တောင် တိုက်ခိုက်ခဲ့ရသေးတာပဲ"

"သူ့မျက်နှာက ဘယ်လိုမျိုးလဲ"

"သူက မျက်နှာကို ဖြောင်ဖြောင့်ပေါ်မထားဘူး၊ ဇာပဝါပါးကလေး
နဲ့ပုံကွယ်ထားတယ်၊ သူ့မျက်နှာကို လူတွေခံချင်ပုံ မရတဲ့သဘောပေါ့
ဒါပေမယ့် ကျုပ်က သူ့ ဇာပဝါပါးကလေးကိုလှန်ပြီး သူ့မျက်နှာကို

ကြည့်နိုင်ခဲ့တယ်"

စင်လုံသည် ဝေဝေအား စူးရှသောအကြည့်ဖြင့် ကြည့်
လိုက်သည်။ သူ့အကြည့်သည် ထက်မြက်သောဓားလုံများပမာ ဝေဝေ
၏ နှလုံးသားအတွင်းသို့ စူးဝင်သွားလေသည်။

"ကျုပ်သိလိုက်ရတယ်၊ သူဟာ ဝေဝေဆိုတဲ့မင်းပဲ၊ ဒါ
ကြောင့်မို့ ကျုပ်က သူ့ကိုထပ်ပြီး မတိုက်နိုက်တော့ဘူး။ ဪ- လက်
စသတ်တော့ မဖြစ်နိုင်ဘူးလို့ ထင်ရတဲ့ ကိစ္စတွေဟာ အံ့ဩစရာ
ကောင်းလောက်အောင် လာဖြစ်နေတော့တာကိုး"

ဝေဝေသည် စင်လုံ၏စကားကြောင့် နောက်ဘက်သို့ ခြေ
သုံးလေးလှမ်းမျှ ဆုတ်ခွါသွားမိတော့သည်။

စင်လုံ၏စကားများက သူမအား အထိတ်တလန့် ဖြစ်သွာ
စေပုံရသည်။

"ရှင်- ရှင်မှားနေပြီ၊ တစ်ခုခုလွဲမှားနေပြီ၊ ရှင်လူမှားနေပြီ"

"ဟင့်အင်း ဘယ်လိုလူမှားနိုင်မှာလဲ၊ မင်းရုပ်ရည်နဲ့တူအောင်
သူများက ရုပ်ဖျက်နိုင်တယ်၊ ဒါပေမယ့် မင်းမျက်လုံးနဲ့တူအောင်တော
ဘယ်သူကမှ ရုပ်မဖျက်နိုင်ဘူး။ ဒီမျက်လုံးတွေကို ကျုပ် အသေ
အချာကြည့်တာပေါ့ကွယ်၊ ဘယ်လိုမှားနိုင်မှာလဲ"

"ဪ- ဒါကြောင့် ရှင်က သိပ်ရက်စက်တဲ့ ဗိညာဉ်ဂိုဏ
ချုပ်သခင်မလို့ စွပ်စွဲနေတာကိုး"

"မင်းကို တခြားနည်းနဲ့ စွပ်စွဲနိုင်စရာ ဘာအကြောင်းမှမ
တာပဲ၊ ကျုပ်ကလည်း အခုလို မစွပ်စွဲချင်ပါဘူးလေ"

ဝေဝေသည် အံကလေးတင်းတင်းကြိတ်၍ ပြောလိုက်သည်

"ကောင်းပါပြီ၊ ရှင့်စကား ဖြစ်နိုင် မဖြစ်နိုင် ရှင်ပဲ ပြန်စဉ်
းစားကြည့်ပါဦး။ ရှင်ပြောတဲ့ ဗိညာဉ်ဂိုဏ်းချုပ်သခင်မဖြစ်ခဲ့ရင် ကျွန်



ဟာ ဘာကြောင့် သိုင်းလောကထဲမှာ ဂွမ်းစကလေး တစ်စလို လွင့်
မျောနေရမှာလဲ၊ ဘာဖြစ်လို့ နိုကိုးရာမဲ့ တွယ်ရာမဲ့ ဖြစ်နေရမှာလဲ
ကျွန်မရဲ့သိုင်းပညာ သိပ်ကောင်းနေရင် ဘာဖြစ်လို့ သူများရဲ့အစော်
ကားကို ခံရမှာလဲရှင်၊ ကျွန်မ ရောင်းအစားခံရတာ တစ်ချက်တည်း
ကပဲ ကျွန်မရဲ့အဖြစ်ဆိုးကို ရှင် နားလည်သဘောပေါက်နိုင်ပါတယ်"

ဝေဝေ၏မျက်ဝန်းအိမ်မှ ပူနွေးသောမျက်ရည်ပေါက်ကြီးများ
တလိမ့်လိမ့် ကျဆင်းလာလေတော့သည်။ သူမ သိပ် ဝမ်းနည်း
မှားပုံရသည်။

စင်လုံသည် သက်ပြင်းရှည်ကြီးတစ်ချက် ချလိုက်မိလေသည်။

"ဟင်း- အဲဒီအချက်ကလည်း ကျုပ် အဖြေမရသေးတဲ့ အ
ချက် တစ်ခုပါပဲ၊ ကျုပ်မျက်စိနဲ့ တပ်အပ်သေချာတွေ့ခဲ့ရတဲ့ ဗိညာဉ်
ဂိုဏ်းချုပ်သခင်မရဲ့မျက်လုံးတွေနဲ့ သူတစ်ပါးရဲ့ရောင်းစားခြင်းကို ခံနေ
ရတဲ့ ဝေဝေရဲ့မျက်လုံးတွေဟာ ဘာဖြစ်လို့ တစ်ပုံစံတည်း ဖြစ်နေ
ရသလဲ မသိတော့ပါဘူးလေ"

ဝေဝေသည် မျက်ရည်စက်လက်ကျနေရင်းမှ---

"ရှင်- ရှင် ကျွန်မကို ခုထက်ထိတောင် မယုံကြည်နိုင်သေး
တဲ့ကိုး"

"ကျုပ်က ယုံကြည်ချင်ပါတယ်၊ လိုလိုလားလားနဲ့ ယုံကြည်
ချင်ပါတယ်၊ ဗိညာဉ်ဂိုဏ်းချုပ်သခင်မနဲ့ ဝေဝေဆိုတဲ့ မိန်းကလေးကို
တကွဲတပြားစီပဲ ဖြစ်စေချင်ပါတယ်၊ ဒါပေမယ့် ကျုပ်ရဲ့မျက်စိ၊ ကျုပ်
ရဲ့နားတွေကတော့ မယုံကြည်နိုင်လောက်အောင်ဘဲ ဖြစ်နေရတယ်"

"ရှင်ဟာ ကျွန်မထက် အတွေ့အကြုံဗဟုသုတများပါတယ်၊
တစ်ခါတစ်လေ အရိပ်ကို အရောင်ထင်တတ်တာမျိုးကို ရှင်တွေ့ဖူး
မှာပါရှင်၊ ရှင်တွေ့တာ အမှန်တကယ် ဟုတ်ချင်မှ ဟုတ်မှာပေါ့ တသ

မတ်ကြီးလည်း စွဲမှတ် ယုံကြည်မနေပါနဲ့ရှင်"

စင်လုံသည် တွေဝေ ငေးမောနေရာမှ ဖြည်းညင်းစွာ ပြန်ပြောလိုက်သည်။

"မမှားနိုင်ပါဘူးလေ၊ မင်းပြောသလို တစ်ခါတစ်ရံ မှားတတ်တာမျိုးကို ကျုပ်နားလည်သဘောပေါက်ပါတယ်၊ ဒါပေမယ့် မျက်လုံးမှာတော့ အမှားအယွင်းမရှိနိုင်ဘူး၊ ဒီမျက်လုံး ဒီအရောင် ဒီခံစားမှုမျိုးကို ဘယ်လို လွဲမှားနိုင်ပါ့မလဲကွယ်"

ဝေဝေသည် မျက်နှာကိုလက်ဝါးဖြင့်အုပ်လျက် ကြုံကြုံပါအောင် ငိုကြွေးလေတော့သည်။ သူမသည် ရှိုက်သံဖြင့် စင်လုံကို ပြောနေမိသည်။

"ကျွန်မ- ကျွန်မဟာ အတော် ကံဆိုးခဲ့တဲ့လူပါ၊ ငယ်ငယ်ကတည်းက အဖေမဲ့တဲ့လူပါ၊ မိဘလည်း မရှိဘူး၊ မိတ်ဆွေလည်း မရှိဘူး၊ ကမ္ဘာပေါ်မှာ ကျွန်မကို စိတ်ရင်း စေတနာရင်းနဲ့ ဆက်ဆံတဲ့လူ မရှိသလောက်ပါပဲရှင်"

သူမသည် ဝမ်းနည်းပက်လက် ငိုကြွေးနေရာမှ စင်လုံ၏ လည်ပင်းကို ဖက်လိုက်သည်။

"အခု- အခု ရှင်ကတောင် ကျွန်မကို အယုံအကြည်မရှိ တော့ဘူးမဟုတ်လား၊ ရှင်ကတောင် မယုံကြည်ရင် ဘယ်သူက ကျွန်မကို ယုံတော့မှာလဲဟင်၊ ဒီတော့ ကျွန်မ အသက်ရှင်နေလို့ကော ဘာထူးတော့မှာလဲ၊ သေဖို့ပဲ အေးတော့မှာပါ"

စင်လုံသည် သူမ၏ လက်များကို သာယာညင်းပျောင်းစွာ ဆွဲဖယ်လိုက်သည်။

"ကျုပ်က မင်းကို မယုံကြည်ဘူးတဲ့၊ ဘယ်လိုများ ယုံကြည်အောင်လုပ်ရမလဲ မိန်းကလေးရယ်"



ဝေဝေသည် သူမ၏ဦးခေါင်းကလေးကိုမော့လျက် စင်လုံအား ကြည့်လိုက်သည်။

သူမ၏မျက်လုံးထဲမှ မျက်ရည်များက စီးကျလျက်ရှိနေသေး၏။ သူမက ရှိုက်သံဖြင့်မေးလိုက်သည်။

"ကျွန်မကို ကြည့်စမ်းပါဦး၊ ရှင်ပြောတဲ့ သိပ်ရက်စက်တဲ့ မိန်းမ တူရဲ့လားလို့"

စင်လုံက ခေါင်းခါပြလိုက်သည်။

"မတူဘူးလို့ပဲ ဆိုကြပါစို့လေ"

ဝေဝေက---

"မတူဘူးဆိုရင်လည်း ခြင်းချက်တွေ ဘာတွေ ထားမနေပါနဲ့ရှင်၊ သံသယတွေ ထားမနေပါနဲ့တော့၊ သံသယမီးပွါးကို ရင်ထဲနှလုံးထဲမှာထားရင် တဖြည်းဖြည်း ကြီးထွားလာပြီး အမုန်းမီးတောက်ကြီးဖြစ်သွားမှာကို စိုးရိမ်ပါတယ်ရှင်၊ မီးပွါးကလေးကို သေးတယ်ဆိုပြီး မပေါ့ဆကောင်းပါဘူး"

စင်လုံမှာ ညည်းညည်းညူညူ ပြောလိုက်မိတော့သည်။

"အင်း- ခေါင်းခဲစရာကိစ္စပါပဲကွယ်၊ မင်းကတော့ ဝိညာဉ်ချုပ်သခင်မ မဟုတ်ဘူးလို့ အသေအချာအခိုင်အမာ ဆိုနေတာပဲ၊ ဒါပေမယ့် လောကမှာ ဒီလောက်ချွတ်စွတ်တူတဲ့လူမျိုး ရှိပါ့မလားလို့ ကျုပ်ကတော့ တွေးနေမိတုန်းပါပဲ"

"တူတဲ့လူတွေလည်း ရှိတတ်ပါတယ်ရှင်၊ သူနဲ့ကျွန်မဟာ ညီအစ်မ ဖြစ်နေရင်ကော၊ ဒါပေမယ့် ဘဝချင်းကတော့ မတူပါဘူး၊ ကျွန်မက အနိုပ်စက်ခံဘဝ၊ သူများကို ခယ,ရတဲ့အခြေအရံဘဝ၊ ဆက်တန်းစားဘဝ၊ ဟိုမိန်းမကတော့ သူများကို နှိပ်စက်တဲ့လူ၊ သွေးလက်သားတွေအများကြီးရဲ့ မကိုင်သရဖူ၊ ဂိုဏ်းချုပ်သခင်မ၊

အများကြီး အများကြီး ကွာခြားလွန်းလှပါတယ်ရှင်ရယ်"

စင်လုံက အထိတ်တလန့်ဖြစ်သွားမိသည်။

"ဘာ- အမြွှာညီအစ်မတဲ့လား"

"လောကမှာ တိုက်တိုက်ဆိုင်ဆိုင် ဖြစ်တတ်တာတွေ များကြီးရှိပါတယ်ရှင်၊ ဒါကလည်း အဲဒီတိုက်ဆိုင်မှုတွေထဲက တစ် ဖြစ်မှာပါ"

"ဒါက ဒီလိုရှိပါတယ်"

ဝေဝေသည် စင်လုံအား စကားပြောခွင့် မပေးပါ။ သူမ သာ ဦးဆောင်လျက် တဆက်တည်းပြောချနေသည်။

"ပြီးတော့ မနေ့ညက ကျွန်မကိုရှင်တွေ့ခဲ့တာ အမှ ထင် တွေ့ခဲ့တာမဟုတ်လား။ မည်းမည်းမှောင်မှောင် ညကြီးသန်း မှာ ကျွန်မပါရယ်လို့ ဘယ်လိုများ တပ်အပ်သေချာ ပြောနိုင်မှာလဲ

စင်လုံသည် အဝေးသို့ ငေးမျှော်ကြည့်နေမိတော့သည်။

"ရှင့်အနေနဲ့ ကျွန်မရဲ့ဘဝကို ယတိပြတ် မပိုင်းခြား ခြားနိုင်ဘဲနဲ့တော့ ကျွန်မကို ဒီလိုမစွပ်စွဲပါနဲ့လားရှင်၊ ရှင် တစ် ထားဖို့က ကျွန်မရဲ့သုခချမ်းသာမှုဟာ ရှင့်ရဲ့ ပိုင်းဖြတ်ခွဲခြားမှုအ မှာ တည်နေပါတယ်၊ ဒါကြောင့်မို့ ကျွန်မကို ညာညာတာတာ ခွဲ ဆုံးဖြတ်ပါလို့ တောင်းပန်ပါတယ်ရှင်"

သူမသည် ပြောရင်း မျက်ရည်များတွေတွေကျဆင်း ပြန်တော့သည်။ စင်လုံက သူမ၏ဆံပင်ကလေးများကို ကြင်န ပွတ်သပ်ရင်း---

"ကျုပ်လည်း အများအပွင်းရှိပြီနဲ့ တူပါရဲ့ကွာ"

ဝေဝေ၏မျက်နှာ၌ အပြုံးများဝေလာပြန်သည်။

သူမသည် ဝမ်းသာအားရ စင်လုံ၏ရင်ခွင်ထဲသို့ တို



လိုက်လေသည်။

"ကျွန်မဟာ ရှင့်အတွက်ပါ၊ ရှင်က ကျွန်မကို ပိုင်ပါတယ်၊ ရှင့်ဆန္ဒရှိတယ်ဆိုရင် ကျွန်မကိုသတ်ပစ်လိုက်ပါ၊ ရှင်သတ်ရင် ကျွန်မ အသေခံဝံ့ပါတယ်"

ခွိုက်ဟိုလင် သစ်တောဥယျာဉ်အတွင်းဝယ် လေနုအေးက လေး ပက်ဖျန်းလာသည်။

စင်လုံသည် ဝေဝေ၏ ကျောပြင်ကလေးကို နွေးထွေးစွာ ပွေ့ဖက်ထားလိုက်သည်။

စင်လုံဆိုသောလူငယ်၏ ရုပ်နှင့်စိတ်တို့သည် သံစိုင်သံခဲတို့နှင့် တည်ဆောက်ထားသည့်အလား မာကျောခိုင်မာလှသည်။

သို့သော် သူ့၌ အကြင်နာတရား အပြည့်အဝ ရှိပါသည်။ ကြင်နာခြင်း ဆိုသည်မှာ သူရဲကောင်းတစ်ဦးအတွက် အလိုအပ်ဆုံး အရာတစ်ခုပင် မဟုတ်ပါလား။

အချိန်အတော်ကြာ ထွေးပိုက်နေမိပြီးမှ စင်လုံက မေးလိုက် သည်။

"ကဲ- ကျုပ်တို့နဲ့ ကွဲသွားပြီးကတည်းက မင်း ဘာတွေကြုံ တွေ့ခဲ့တယ်ဆိုတာ ပြောပြပါလားကွယ်"

ဝေဝေက ထိုစဉ်က အဖြစ်အပျက်များကို ပြန်လည်ရှင်းပြ တော့သည်။

"အဲဒီနေ့က ကျွန်မနဲ့ ကြူးချစ်ချစ်တို့နှစ်ယောက် တည်းခို ခန်းကလေးထဲမှာ ကျန်ရစ်ခဲ့ကြတယ်လေ၊ ရှင်နဲ့ဝံကြောင်ကလေးတို့ နှစ်ယောက် ရန်သူထွက်ရှာကြတယ်၊ ကျွန်မက ကြူးချစ်ချစ်ကို မိတ်ဆိုးအောင် လုပ်မိတော့ သူက ကျွန်မကို သိပ်စိတ်ဆိုးနေတယ်၊ အခုရလည်း သိပ်ခက်နေတယ်"

စင်လုံက မချိုပြုံးပြုံး၍ ပြေရာပြေကြောင်း ပြောလိုက်သည်။

"ချစ်ချစ်ဟာ အဲဒီအပြုအမူမျိုးကို တမင်လုပ်တာ မဟုတ်ပါဘူးကွယ်"

"ဟုတ်ပါတယ် ကျွန်မသိပါတယ်၊ ချစ်ချစ်ဟာ သိပ်ဒေါသကြီးတယ်၊ စိတ်မြန်တယ်၊ ဒါပေမယ့် စိတ်ရင်းကောင်းတယ်၊ ပွင့်လင်းတယ်၊ သူ- သူက ကျွန်မထက်စာရင် ပိုတော်တာ အမှန်ပဲ"

စင်လုံ သက်ပြင်းချလိုက်သည်။

"အင်း- သူများမနစ်နာအောင် သူတစ်ပါးထိခိုက်အောင် စိုးရိမ်ကြောင့်ကြမှုရှိတဲ့ နေရာမှာတော့ ချစ်ချစ်က မင်းကိုမမီပါဘူး"

ဝေဝေသည် နွေဦး၌ပွင့်သစ်သည့် ပန်းကလေးကဲ့သို့ လန်းဆန်းစွာပြုံးလိုက်သည်။

"တကယ်လားဟင်"

သို့သော် သူမ၏အပြုံးသည် ချက်ချင်းလိုလိုပင် ကွယ်ပျောက်သွားပြီး သက်ပြင်းတစ်ချက် ချလိုက်ပြန်သည်။

"အဲဒီတုန်းကျွန်မ သိပ်ပြီး စိတ်မကောင်းဖြစ်နေမိတယ်၊ တိတ်တိတ်ကလေး ကျွန်မ ထွက်သွားတော့မလို့ဘဲ၊ ကြူးချစ်ချစ် စိတ်မဆိုးအောင်ပေါ့၊ အဲဒီအချိန်မှာပဲ၊ ဟို- အင်မတန် မှန်းစရာကောင်းတဲ့ ကျင်း--ကျင်း"

စင်လုံက ဝင်ထောက်ပေးလိုက်၏။

"ကျင်းပုဟန်"

ဝေဝေက ဆက်ပြောသည်။

"ဟုတ်ပါတယ်၊ အဲဒီကျင်းပုဟန် ရောက်လာတယ်၊ ဘယ်ကနေ ဘယ်လို ရောက်လာမှန်းတောင် မသိပါဘူး။ သူ- သူက ကျွန်မကို အကြောထိုးပိတ်ပြီး ဖမ်းသွားတော့တာပဲ၊ သူ- သူဟာ ကျွန်မကို



ဝမ်ကတော်ရဲ့လက်ထဲ ထိုးအပ်ခဲ့တယ်၊ ကျွန်မကို •ကြွက်ကလေး ငှက်ကလေးတစ်ကောင်လို သဘောထားခဲ့တာပါပဲရှင်"

"အဲဒီ အပိုင်းလောက်အထိတော့ ကျုပ်သိပြီးခဲ့ပါပြီ၊ ဝမ်ကတော်က မင်းကို ဘာများလုပ်ခဲ့သေးသလဲ"

ဝေဝေက သက်ပြင်းချရင်း ဆက်ပြောသည်။

"ကြောက်မယ့်သာ ကြောက်တာပါ။ ဝမ်ကတော်က ကျွန်မကို ... ခဲ့ပါတယ်၊ သူဟာ ကျွန်မကို ဝမ်းနည်းစရာတွေ မတွေးအောင် ... ပျော်ရွှင်ရွှင်နေနိုင်အောင် ကူညီခဲ့တယ်၊ တကယ်တော့ ဝမ်ကတော်ဟာ မိုးပေါ်ကကျလာတဲ့ နတ်ဝိဇ္ဇာတစ်ပါးပါပဲရှင်"

"ဒါကြောင့် မင်းက သူ့စကားကို နားထောင်လိုက်တယ် ... ပါတော့"

ဝေဝေ၏ ဦးခေါင်းမှာ ချက်ချင်းငုံ့သွားတော့သည်။

"သူ- သူက ကျွန်မအပေါ်မှာ သိပ်ကောင်းနေတော့ ကျွန်မ ... သူတောင်းဆိုတာတွေ ငြင်းပယ်လို့ ဘယ်ကောင်းပါတော့မလဲ"

"ဝမ်ကတော်က ဘာတွေများ တောင်းဆိုသလဲ"

"သူက ကျွန်မကို ရွှင်ပျော်ပျော်မြို့စားကြီးဆီသွားဖို့ တောင်း ... ပါတယ်၊ ရွှင်ပျော်ပျော်မြို့စားကြီးက ယုံကြည်စိတ်ချသွားတဲ့အခါ ... သတင်းတွေ သူ့ဆီကို ပို့ပေးဖို့ သူက တောင်းပန်ပါတယ်၊ ... ကျွန်မငြင်းဆန်မိပါသေးတယ်၊

ကျွန်မ တကယ်လည်း မလုပ်ဝံ့ပါဘူး။

ဒါပေမယ့် သူက ကျွန်မကိုသတိပေးတယ်၊ ရွှင်ပျော်ပျော်မြို့စား ... ရင့်ရဲ့ရန်သူကြီးလဲဖြစ်သတဲ့၊ ရွှင်ပျော်ပျော်မြို့စားကြီးပျက်စီး ... ရင် ရင်ဟာ သိပ်ပြီး သဘောကျမှာပါတဲ့၊ ဒီတော့ ကျွန်မ ... သိပ် မစဉ်းစားတော့ဘူးပေါ့၊ လုပ်ပေးမယ်လို့ ကတိပေး

လိုက်မိတယ်"

"အင်း- မင်း ဒီရောက်လာတာ အဓိက ကတော့ ကျ
ကြောင့်ပေါ့၊ ကျေးဇူးတင်ပါတယ်ကွာ"

ဝေဝေသည် ဟက်ဟက်ပက်ပက် ရယ်လိုက်သည်။

"ရှင့်ဆီက အဲဒီစကားလေးတစ်ခွန်း ကြားရတာနဲ့ ကျွန်
ဒီကိုလာရတာ လာရကျိုးနပ်သွားပါပြီ၊ ဘယ်လောက်ခက်ခဲတဲ့အလု
ပဲဖြစ်ဖြစ် ဘယ်လောက်ဆင်းရဲတဲ့ဒုက္ခဖြစ်ဖြစ် ကျွန်မလုပ်ဝံ့ပြီ ကျွန်
ခံဝံ့ပြီ"

"အင်း- နောက်ထပ်ခံစားရမယ့် ဒုက္ခတွေကို အသာ
ချိတ်ထားပါဦးလေ၊ အရင်က ဘယ်လောက် ဒုက္ခခံခဲ့ရတယ်ဆိုတ
တွေကို ပြောပါဦး"

ဝေဝေသည် ဝမ်းနည်းကြေကွဲလာပြီး ဦးခေါင်းငုံ့သွားတေ
သည်။

"အဲဒီဒုက္ခကတော့ ဝမ်ကတော်ဆီမှာနေကတည်းက ခံ
ရတော့တာပါပဲရှင်၊ ဘာဖြစ်လို့လဲဆိုတော့ ရှင်ပျော်ပျော်မြို့စားကြီ
ယုံကြည်မှုကို ရရှိအောင် ဝမ်ကတော်ဖမ်းဆီးထားတဲ့ ရှင်ပျော်ပေ
မြို့စားကြီးရဲ့ကိုယ်ရံတော် မိန်းမ မဟုတ်၊ ယောကျ်ား မဟုတ်ကြီ
အခန်းတစ်ခန်းထဲမှာ ပိတ်လှောင်ခံရတော့တာပါပဲရှင်"

ဝေဝေမှာ ထိုစဉ်က အဖြစ်အပျက်များအတွက် ယခုတိ
ကြောက်လန့်နေသေးဟန်ဖြင့် တုန်ယင်စွာဆက်ပြောနေသည်။

"ကျွန်မဟာ မြွေဆိုးမြွေဟောက်တွေ ကျားရိုင်းခြင်္သေ့ရို
တွေနဲ့ အတူတူနေ၊ အတူတူသေပစ်လိုက်ချင်တော့တယ်၊

အဲဒီဟာကြီးနဲ့တော့ တစ်မိနစ် တစ်စက္ကန့်လောက်တော
မျက်နှာချင်းမဆိုင်ချင်ပါဘူးရှင်၊ ဒါပေမယ့် ဝမ်ကတော်ကို ပေးပြီး



အတွက် ပြီးတော့ ရှင့်အတွက် ကျွန်မ သတ္တိမွေးရတော့တယ်"

စင်လုံက ပြုံးရင်းပြောလိုက်သည်။

"အင်း- မင်းဟာ ဒီလောက်တောင် သတ္တိကောင်းလိမ့်မယ်
လို့ တစ်ခါမှ မတွေးမိခဲ့ဘူး"

"ဝမ်ကတော်က ကျွန်မကို တိုးတိုးတိတ်တိတ်တော့ သတိ
ပေးပါတယ်၊ ကျွန်မနဲ့ အတူထားတဲ့ ယောကျ်ားမဟုတ်၊ မိန်းမ မဟုတ်
သတ္တဝါကြီးဟာ စင်စစ်တော့ မိန်းမသားပါပဲတဲ့၊ သူ အဲဒီ လိုပြောမှ
ကျွန်မ ပိုကြောက်တော့တာပဲ၊ သူ့ကိုမြင်နေရင်လည်း ကြောက်တာပဲ၊
လက်ဖျားတွေနဲ့ ကျွန်မကိုလာထိတာနဲ့ ချက်ချင်းပဲ နလုံးအခုန်
ရပ်သွားတော့မလောက် ကျွန်မကြောက်လာတယ်"

"ဒါပေမယ့် ဝမ်ကတော်က မင်းကို အဲဒီ သတ္တဝါမကြီးနဲ့
အတူတူထွက်ပြေးနိုင်ခဲ့တာပဲမဟုတ်လား"

"ဟုတ်တယ် ဝမ်ကတော်က ကျွန်မတို့ ထွက်ပြေးနိုင်အောင်
လမ်းဖွင့်ပေးထားတယ်၊ ဒီသတ္တဝါမကြီးနဲ့ အတူတူထွက်ပြေးရတာ
ကျွန်မအဖို့ ငရဲပြည်ရောက်နေတာနဲ့ အတူတူပါပဲရှင်၊ ဒါပေမယ့်
အခုတော့ သူသေသွားပြီ"

"ဒီကိုရောက်မှ သေသွားတာလား"

"ဟုတ်တယ် ရှင်ပျော်ပျော်မြို့စားရဲ့တံခါးဝကို ရောက်မှ သေ
သွားတာပါ"

"အင်း- အဆန်းသားပါလား၊ သေဆုံးပုံ သေဆုံးနည်းကလေး
ပြောပြပါဦး"

ဝေဝေသည် တုန်ယင်စွာဖြင့် ပြောလိုက်သည်။

"သူ- သူ့ကို ကျွန်မ သတ်ပစ်လိုက်တာပါ၊ ကျွန်မသတ်
လိုက်လို့ သူသေသွားတာပါ"

စင်လုံထံမှ "ဘာ" ဟူသော အာမေဍိတ် စကားသံ ထွက်ပေါ်လာသည်။

ဝေဝေက တုန်ယင်စွာမေးလိုက်သည်။

"ရှင်- ရှင် သိပ်အံ့ဩသွားပြီမဟုတ်လား"

"ဘယ့်နှယ်ပြောပါလိမ့် ဝေဝေရယ်၊ မင်း သတ်လိမ့်မယ် ကျုပ် ဘယ်လိုယုံနိုင်မှာလဲကွယ်"

"မအံ့ဩပါနဲ့ရှင်၊ ဝမ်ကတော်က ကျွန်မကို လက်စွပ် ကွင်း ပေးလိုက်ပါတယ်၊ လက်စွပ်မှာ အပ်သေးသေးလေး တစ်ချော ပါတယ်၊ ဒီအပ်ကလေးက အရှင်ပါပဲ၊ အပြင်ဘက်ကို ဖူးထွ လာအောင်လည်း လုပ်လို့ရတယ်၊ ဒီတံခါးဝရောက်တော့ အပ် အပြင်ရောက်အောင်လုပ်လိုက်တယ်၊ အပ်ဖျားမှာ နွားတစ်ကော တောင် တုန်းခနဲ လဲကျသေဆုံးသွားစေနိုင်တဲ့ အဆိပ်တွေပါတ ကျွန်မက သူ့ပခုံးကို အမှတ်မထင် တစ်ချက်လောက်ပဲ ပုတ်လို တယ်၊ သူလည်း ချက်ချင်း လဲကျပြီး သေသွားတာပဲ"

"သူက မင်းကို လုံးဝ လစ်လျူရှုထားတယ်နဲ့ တူတယ်"

"ဟင့်အင်း- သူက အင်မတန်လည်တဲ့ မိန်းမကြီးပါ၊ ကျ မှာ ဘာလက်နက်ပါသလဲဆိုတာ အလုံခန်းထဲမှာ ထည့်ပိတ် ကတည်းက ကျွန်မတစ်ကိုယ်လုံးကိုရှာကြည့်ခဲ့တာပဲ၊ ကျွန်မလက် ကိုတော့ သူက လုံးဝ သံသယမရှိဘူး။ မိန်းကလေးတွေ ဝတ် လေ့ရှိတဲ့ အသုံးအဆောင်ပစ္စည်းတစ်ခုပဲ မဟုတ်လား။ သူ- သံသယရှိလိမ့်မလဲ"

စင်လုံသည် မည်သည့်စကားမျှ မပြောတော့ဘဲ အတန် တွေဝေစဉ်းစားနေသည်။ ပြီးမှ သက်ပြင်းရှည်ကြီးတစ်ချက်ချကာ

"လက်စသတ်တော့ ဒီလိုကိုး"-



ဝေဝေမှာ မျက်စိမျက်နှာ အပျက်ပျက်ဖြင့် သနားစဖွယ် မေးမြန်းလိုက်သည်။

"ကျွန်မ- ကျွန်မ လူသတ်မိခဲ့တယ်၊ ကျွန်မကို အပြစ်မြင် သွားပြီလားရှင်"

စင်လုံက ခေါင်းခါယမ်းပြလိုက်သည်။

"အပြစ်မမြင်ပါဘူးကွယ်၊ မင်းနေရာရောက်ရင် ဘယ်သူပဲ ဖြစ်ဖြစ် လူသတ်မိမှာ သေချာပါတယ်၊ နောက်ပြီး မင်းသတ်လိုက်တဲ့ လူကလည်း သူတော်ကောင်း မဟုတ်ပါဘူး။ ကိုယ့်အသက်ကို ဒုက္ခပေး နိုင်တဲ့ အနာရောဂါတစ်ခုခု လက်မှာကျရောက်လာရင် လက်ကို ဖြတ် သင့်ဖြတ်ရတယ်၊ ကိုယ့်ရဲ့ ခန္ဓာကိုယ်အစိတ်အပိုင်းကိုတောင် ဒီလို ထုတ်ပစ်ရသေးရင် တစ်ပါးတစ်ခြားလူကို ဘာဖြစ်လို့ မသတ်ရမှာလဲ"

ဝေဝေသည် သက်ပြင်းချရင်း မေးလိုက်သည်။

"ဒါဖြင့် ဘာတွေကို တွေဝေစဉ်းစားနေတာလဲဟင်၊ ကျွန်မ အပေါ် အပြစ်မြင်မှာ ကျွန်မ သိပ်ကြောက်တာပဲ"

စင်လုံ ပြုံးရယ်ကာ ရှင်းပြလိုက်လေသည်။

"ခြေဒ်- ဒါလား။ ကျုပ်တွေးနေတာက မင်းနဲ့ ဘာမှ မပတ် သက်ပါဘူးကွယ်၊ ကျုပ်စိတ်ထဲမှာ မရှင်းမလင်းဖြစ်နေတဲ့ကိစ္စတစ်ခု ဟာ မင်းပြောမှရှင်းလင်းသွားလို့ ပြန်ပြီး ဆက်စပ်စဉ်းစားနေတာပါ"

"ဘာကိစ္စလဲဟင်"

"ကျုပ်စိတ်ထဲမှာ မရှင်းလင်းတဲ့ကိစ္စက တရားဘက်တော် သားခြံဝင်းထဲလည်း ရောက်ရော အားလုံး သေဆုံးကုန်တဲ့ကိစ္စပဲ၊ အခု တော့ရှင်းသွားပြီ၊ ဝမ်ကတော်က သူတို့ကို အဆိပ်အပ်ပါတဲ့လက်စွပ်နဲ့ ရှင်းလိုက်တာကိုး။ တော်တော်ကြောက်စရာကောင်းတဲ့ အမျိုးသမီး ကြီးပါလား"

ဝေဝေက ခေါင်းတခါခါ လည်တခါခါဖြင့် ဝင်ရှင်းသည်။

"မဖြစ်နိုင်ပါဘူးရှင် ဒီလက်စွပ်မှာပါတဲ့အဆိပ်က တစ်ကြိမ်ပဲသုံးလို့ရတယ်၊ တစ်ကြိမ်သုံးပြီးတာနဲ့ အဆိပ်ကုန်သွားတာပဲ၊ နောက်ထပ်တစ်ယောက်ကိုသတ်ဖို့ မဖြစ်နိုင်တော့ဘူး။ အဲဒီလူတွေက တစ်ယောက်မကျန် သေဆုံးခဲ့တာမဟုတ်လား။ ဒီတော့ ဒီလက်စွပ်နဲ့သတ်တာ မဖြစ်နိုင်ဘူး"

"အဲဒါကို စဉ်းစားနေတာပေါ့ကွယ်၊ စဉ်းစားတော့ အဖြေပေါ်သွားတာပေါ့"

"ဘယ်လိုသတ်လိုက်တာလဲဟင်၊ ကျွန်မတော့ စဉ်းစားလို့ကို မရဘူး။ သဘောလည်းမပေါက်ဘူး။ ဘာများ လျှို့ဝှက်ချက်ရှိနေလို့လဲဟင်"

စင်လုံက ဖြည်းညင်းစွာ ရှင်းပြသည်။

"ဝမ်ကတော်က စိတ်ကူးဉာဏ် သိပ်ကောင်းတယ်၊ အဲဒီထိပ်သီး သိုင်းအကျော်အမော်တွေကို လွှတ်မပေးခင်မှာ သူက တစ်ဦးစီကို အယုံသွင်းပြီး လက်စွပ်တစ်ကွင်းစီပေးလိုက်တယ်"

ဝေဝေက ဦးခေါင်းကို ခါယမ်းပြန်သည်။

"ကျွန်မ သဘောမပေါက်ဘူး"

စင်လုံကရယ်လိုက်လေသည်။

"ဝမ်ကတော်က ဘယ်သူက ဘယ်သူ့ကို သတ်ရမယ်လို့ သတ်မှတ်ပေးလိုက်တယ်၊ ဟို သိုင်းအကျော်အမော်တွေကတော့ တစ်ယောက်ရဲ့အကြံကို တစ်ယောက်က မသိကြဘူး။ ဒါကြောင့် တရားခံတော်သားခြံဝင်းထဲလည်း ရောက်ရော"က" က "ခ"ကိုသတ်တယ်၊"ခ" က "ဂ"ကိုသတ်တယ်၊ "ဂ" က "က" ကိုသတ်တယ်၊ သူတို့ဟာ သိုင်း အကျော်အမော်တွေချည်းဆိုတော့ လှုပ်ရှားပုံခြင်း



လျင်မြန်ပုံခြင်း သိပ်မကွာကြဘူး။ လှုပ်ရှားမှုတွေက မတိမ်းမယိမ်းဆိုတော့ အားလုံး ဝိုင်းကြီးပတ်ပတ် သတ်မိသွားတာပေါ့၊ သူတို့အားလုံးကို တခြားသူက မသတ်ဘူး။ ကိုယ့်အချင်းချင်း ပြန်သတ်တယ်"

စင်လုံသည် ရှင်းပြရင်းမှ သတိ သံဝေဂ လွှန်စွာရမိသည်။

မကောင်းမှုပြုမှုသူသည် ပင်လယ်သမုဒ္ဒရာအလယ်၌ ကိုယ့်လှေဝမ်း ကိုယ်ဖောက်သည့်လူနှင့် ပမာတူ၏။ ရေအားလုံး လှေထဲမဝင်မီ အသက်ရှင်နိုင်၏။

လှေတစ်စင်းလုံး ရေမြုပ်သွားသည့်အခါ ထိုသူ ရေနစ်သေဆုံးသွားရသကဲ့သို့ မကောင်းမှုပြုသူအတွက် မကောင်းမှုပြုသူသည်လည်း အနေးနှင့်အမြန် ပြန်လည်ကျရောက်လာသည်သာတည်း။

ဝေဝေသည် သဘောပေါက်နားလည်သွားဟန်ဖြင့် သက်ပြင်းရှည်ကြီးကိုချလိုက်မိသည်။

"တကယ်ကြောက်စရာကောင်းတဲ့ အဆိပ်ပဲနော်"

စင်လုံက ပြုံးရင်း မှတ်ချက်ချလိုက်သည်။

"အဲဒီ အဆိပ်ထက် ကြောက်စရာကောင်းတာ ဝမ်ကတော်ရဲ့ အကြံဉာဏ်ပဲ"

ဝေဝေက ခေါင်းကလေးငုံ့ရင်း စိတ်မကောင်းစွာ ပြောလိုက်သည်။

"သူတစ်ထူးကို ဒုက္ခပေးရင် ကိုယ့်ကိုလည်း သူတစ်ထူးက ဒုက္ခပေးတတ်တယ်ဆိုတာ ဒီကိစ္စက သက်သေပြလိုက်တာပဲနော်"

ထိုစဉ်---

"ဟုတ်တယ် ဒီလောကပေါ်မှာတော့ လူတွေဟာသူတစ်ထူးကို ဒုက္ခပေးရင်ပေး။ မပေးရင် ကိုယ့်ကိုယ်ကို ဒုက္ခပေးတဲ့လူချည်းပဲ"

ဝေဝေ၏နောက်ဘက်ရှိ သစ်ပင်များအကြားမှ ဓားရောင်

ဝင်းခနဲ လက်ခနဲဖြစ်သွားပြီး သူတို့ထံသို့ လူတစ်ယောက် ခုန်ဝင်လာသည်ကို တွေ့လိုက်ရလေ၏။

ဝေဝေမှာ အလန့်တကြား စင်လုံ၏ရင်ခွင်တွင်းသို့ တိုးဝင်လိုက်သကဲ့သို့ စင်လုံကလည်း ဝေဝေကိုဖက်လျက် နောက်ဘက်သို့ သုံးလှမ်းမျှ ဆုတ်သွားလေသည်။

ထိုသူကား မြင်းစီးသူရဲတို့၏ဝတ်စုံကို သေသပ်ကျနစွာ ဝတ်ဆင်ထားသည့် လူငယ်တစ်ယောက်သာတည်း။

သူသည် တပြောင်ပြောင် တလက်လက်တောက်ပသည့် ဓားရှည်ကိုကိုင်လျက် အေးစက်မာကျောစွာ ရပ်ကြည့်နေသည်။ သူ၏ ရင်ဘတ်တွင် "သုံးဆယ့်ငါး"ဟူသောဂဏန်းအမှတ်အသားကြီးသည် ထင်းထင်းကြီးဖြစ်နေ၏။

ဤဝတ်စုံအမှတ်အသားတို့ကား ရှင်ပျော်ပျော်မြို့စားကြီး၏ မြင်းသည်တော်ထဲမှ တစ်ဦးတစ်ယောက်ဖြစ်ကြောင်း သက်သေပြလျက်ရှိနေသည်။

စင်လုံသည် ထိုလူ့အားပြုံးရင်း နှုတ်ဆက်လိုက်သည်။

"ဒီနေရာထိအောင် ကျုပ်မသိဘဲ ဝင်လာနိုင်တာကိုက ခင်ဗျား ရဲ့သိုင်းပညာ ဘယ်လောက်အထိ အဆင့်မြင့်တယ်ဆိုတာ သက်သေပြ နေတယ်၊ ကျုပ်တကယ်ပဲလေးစားပါတယ်၊ ချီးကျူးပါတယ်ဗျာ"

မြင်းစီးသူရဲကောင်းက မပြုံးမရယ်ဘဲ ခပ်တည်တည်ဖြင့်ပင် ပြောသည်။

"နောင်တော်က နွေးနွေးထွေးထွေး ရင်ချင်းအပ်နေရလို့ ကျုပ်ဝင်လာတာကိုမသိတာပါ၊ ဒီအတွက်တော့ ကျုပ်ကိုချီးကျူးဖို့ မလို ပါဘူး၊ ဒီလိုအချိန်မျိုးမှာ မြင်းသည်တော်တစ်သောင်းရောက်လာရင် တောင် နောင်တော်သိနိုင်မယ် မထင်ပါဘူး"



စင်လုံသည် ဟက်ဟက်ပက်ပက်ရယ်မောပစ်လေသည်။

"အင်း- ခင်ဗျားကတော့ တကယ့်ကို ပွင့်ပွင့်လင်းလင်း ...တတ်တဲ့လူပဲ၊ မှန်တာပြောရင် လူစိတ်ဆိုးတတ်တယ်ဗျ"

သို့သော် မြင်းစီးသူရဲကောင်း၏မျက်နှာသည် ချက်ချင်း တင်းမာ ...သွားသည်။ သူ့အပြုအမူက အလုပ်သဘောကိုပြောတော့မည် ...ကြောင်း အရိပ်လက္ခဏာ ပြလိုက်သကဲ့သို့ရှိချေ၏။

"သခင်ကြီးဟာ ခင်ဗျားကို အထူးကျေပွန်စွာ ညွှဝတ်ပြု ...ယ်၊ ခင်ဗျားကတော့ ဒီကျေးဇူးကို မထောက်ထားခဲ့ဘူး၊ သခင်ကြီး ...လောင်းနဲ့ ဒီမှာလာပြီးဖောက်ပြန်နေတယ်၊ အင်မတန်ကြီးလေးတဲ့ ...ပဲ"

စင်လုံက အလေးမထားဟန်ဖြင့် ပေါ့ပျက်ပျက် ရယ်လိုက် ...သည်။

"ထားပါတော့၊ ဒါဟာအပြစ်ကြီးလို့ပဲထားပါတော့၊ ဒီအပြစ် ...က် ဘယ်လို အပြစ်ဒဏ်မျိုးပေးမှာလဲ"

မြင်းစီးသူရဲကောင်း၏အသံက တင်းမာလှသည်။

"ကျုပ်နဲ့အတူတူလိုက်ခဲ့ပါ၊ သခင်ကြီးရဲ့ရှေ့မှောက်မှာ ခင်ဗျား ...ပြစ်ကိုဝန်ခံပါ၊ သခင်ကြီးပေးတဲ့အပြစ်ကိုခံယူပါ၊ သေဒဏ် မဖြစ် ... ကျုပ်တာဝန်ယူတယ်"

စင်လုံက ပြုံးလိုက်သည်။

"ခင်ဗျားရဲ့သက်ညှာမှုကတော့ တကယ်ကျေးဇူးတင်စရာပါပဲ၊ ...မယ့်---"

စင်လုံသည် ပထမရယ်သည်ထက် ပိုမို၍ ကျယ်လောင်စွာ ...မောလိုက်လေသည်။

"စင်လုံဟာ သူတစ်ပါးရဲ့ တိုက်တွန်းအဆိုပြုချက်ကို လွယ်

လွယ်နဲ့ နားထောင်တတ်တဲ့လူ မဟုတ်ဘူးဆိုတာတော့ ခင်ဗျားမသိ နဲ့ တူပါရဲ့"

မြင်းစီးသူ့ရဲကောင်းသည် စိတ်ဆိုးသွားတော့သည်။ သူ ပြေပြေလည်လည် ဆက်ဆံနေသည် မဟုတ်ပါလား။

"ဒါဖြင့် ခင်ဗျားက ဇက်ကောင်းလို့ မားတောင်းနေတာ ဟုတ်လား"

စင်လုံ ထပ်မံရယ်လိုက်ပြန်လေသည်။

"အင်း- ခင်ဗျားက ပြောင်းပြန် ပြောနေတာကို။ ကျုပ် တော့ ခင်ဗျားအသက်အတွက် နမြောမိတာပဲ၊ စောစောကသာ မ လိုက် မသိဘာသာထွက်သွားခဲ့ရင် ဖြစ်ရက်သားနဲ့ ခင်ဗျား ကိုယ့် ကိုယ်ရာတယ်ဗျာ၊ ခုမှတော့ မလွှတ်နိုင်တော့ဘူး"

မြင်းစီးသူ့ရဲကောင်းသည် စင်လုံ၏အပြောကို သဘော သွားသည်။ အေးစက်စွာဖြင့် ပြန်ပြောလိုက်သည်။

"ခင်ဗျားက ကျုပ်ကို ပေါ့ပေါ့ဆဆလူမှတ်နေသလား။ ဒီ တစ်ယောက်ထဲဝင်လာတယ်လို့ ထင်ရင်တော့ ခင်ဗျား အထင်မှ နေပြီလို့သာ ပြောပြရတော့မှာပဲ"

"ဟား- ဟား- ဟား လူတစ်သောင်းနဲ့ဝင်လာတာ ပြော လို့လား"

"ရယ်ပါလေ၊ ဟောဒီပတ်ဝန်းကျင်မှာ မြင်းစီးသူ့ရဲကော ဆယ့်ခုနစ်ယောက်ရှိတယ်၊ ပတ်လည်မှာဝိုင်းထားတယ်၊ ကျုပ် တ ယောက်တည်းကို သတ်ရင်သတ်နိုင်မယ်၊ နှစ်ယောက်၊ သုံး ယော လေးယောက်ကို သတ်ရင်သတ်နိုင်မယ်၊ အကုန်လုံးကိုတော့ ခင် မသတ်နိုင်ပါဘူး။ ခင်ဗျားကိုလည်း ကျုပ်တို့က လုံးဝ အလွတ်ခံလိမ့်မ မဟုတ်ပါဘူး"



စင်လုံကမူ အကြောက်အလန့်မရှိဘဲ ရယ်မြဲရယ်နေသည်။ ယ်သော် ဝေဝေ၏မျက်နှာ၌မူ သွေးမရှိတော့ပေ။ ဖြူရော်လျက်ရှိနေပြီ။ သူမသည် ရုတ်တရက် ရှေ့သို့တိုးထွက်လာပြီး---

"ဒါ- ဒါ သူ့အပြစ်မဟုတ်ပါဘူးရှင်၊ သူနဲ့ လုံးဝ မပတ်သက်ဘူး။ ကျွန်မအပြစ်ပါ။ ကျွန်မခေါ်လို့ သူ ဒီကိုရောက်လာရတာပါ"

မြင်းစီးသူ့ရဲကောင်းက အေးစက်စွာရယ်မောလိုက်၏။ သူ့ယ်သံက ကြောက်မက်ဖွယ်ကောင်းလှသည်။

"သခင်မလေးဝေဝေကတော့ ဒီလူ့အပေါ်မှာစေတနာမေတ္တာ ရှိများလှပါပေတယ်၊ ဒါပေမယ့်---"

"ရှင်သတ်ချင်ရင် ကျွန်မကိုသတ်ပါ။ သူ့မှာ အပြစ်မရှိဘူး။ ျွန်မကိုသတ်ပါ"

မြင်းစီးသူ့ရဲကောင်း၏မျက်နှာ၌ ပြုံးယောင်ယောင် ဖြစ်လာ ည်။

"သခင်မလေးလောက်လှပတဲ့ မိန်းမချောလေးကို သတ်ပစ် ကျုပ်လောက်မိုက်တဲ့လူ ရှိပါဦးမလား။ ကျုပ်မသတ်ရက်ပါဘူးဗျာ"

ဝေဝေက တုန်ယင်စွာဖြင့် မေးလိုက်သည်။

"ဒါ- ဒါဖြင့် ရှင်က ဘာလုပ်ချင်သလဲ"

မြင်းစီးသူ့ရဲကောင်းက ခပ်ပြုံးပြုံးပင် ပြန်မေးသည်။

"သခင်မလေးကကော ဘာလုပ်ချင်သလဲ"

ဝေဝေသည် အနည်းငယ် တွေဝေစဉ်းစားလိုက်လေသည်။ ကြာမှ သူမသည် နှုတ်ခမ်းကလေးအား ပြတ်လုမတတ်ကိုက် ပြောလိုက်လေသည်။

"သူ့ကိုသာလွှတ်ပေးပါ။ ကျွန်မက ရှင့်ကို ဘာမဆို လျှောပါ့မယ်"

"ဒါ- တကယ်ပြောတာလား"

ဝေဝေမှာ မျက်ရည်များ ကျဆင်းလာပြီး--

"တကယ်ပေါ့ရှင်- ကျွန်မနောက်ပြောင်ပြောနေလို့

မလား"

မြင်းစီးသူ့ရဲကောင်းသည် ဝေဝေ၏စကားကို ကြား

သောအခါ လွန်စွာသဘောကျသွားသည်။ သူသည် စင်လုံအား

မေးလိုက်သည်။

"ဒီက သခင်လေးစင်လုံရဲ့ သဘောကကော ဘယ်လိုရှိ

မသိဘူး"

စင်လုံက ပြုံးရယ်ရင်း---

"သိပ်ကောင်းတာပေါ့ဗျာ၊ ကဲ- ကဲ ခင်ဗျားတို့ အရ

သွားနှင့်ကြတော့"

"ရှင်--"

"ဗျာ"

စင်လုံ၏စကားသည် ဝေဝေ၏ငယ်ထိပ်သို့ မိုးကြိုးပ

သို့ ဖြစ်သွားစေသည်။

သူမနည်းတူ မြင်းစီးသူ့ရဲကောင်းလည်း ထိတ်လန့်

ဖြစ်သွားသည်။ ဝေဝေမှာ တုန်ယင်စွာဖြင့်--

"ရှင်- ရှင်"

ထိုမှဆက်၍ စကားမပြောနိုင်တော့ပေ။

တစ်ကိုယ်လုံး တဆတ်ဆတ်တုန်လျက်ရှိနေရာတော

စင်လုံကမူ အပြုံးမပျက် ဆက်ပြောလိုက်သည်။

"မင်းက အသ...်စွန့် အရက်စွန့်ပြီး ကျုပ်ကိုလွှတ်ပေ

မင်းလွှတ်ပေးတာကို ကျုပ်လက်မခံရင် မင်းရဲ့စေတနာကို စော်က



ဖြစ်သွားတော့မှာပေါ့၊ ကဲ- မြင်းစီးသူ့ရဲကောင်းကလည်း ဘာများ ပြောချင်သေးသလဲ၊ ကျုပ်ကတော့ ခပ်ရှင်းရှင်းပဲ ပြောတတ်တယ်၊ ကွေ့ကွေ့ဝိုက်ဝိုက် မပြောတတ်ဘူး"

မြင်းစီးသူ့ရဲကောင်းမှာလည်း ဝေဝေကဲ့သို့ပင် အထစ်ထစ် အငေါ့ငေါ့ဖြစ်နေလေသည်။

"ဒါ- ဒါ- ကျုပ်- ကျုပ်"

စင်လုံက ဟက်ဟက်ပက်ပက်ရယ်မောလိုက်လေသည်။

"ကဲ- ခင်ဗျားတို့ သိပ်ပြီး အချိန်ဖြုန်းမနေကြနဲ့တော့ လူမတွေ့မှဖြစ်မယ် မြန်မြန်သွားကြပေတော့"

ဝေဝေသည် စင်လုံအား အသံကုန်အော်ဟစ်လိုက်တော့သည်။ သူမ၏အသံသည် ဒေါသဖြင့်တုန်ယင်လျက်ရှိနေသည်။

"ရှင်- ရှင် လူမဟုတ်ဘူး"

စင်လုံက တဟဲဟဲရယ်မောရင်း--

"ဘယ်လိုလဲကွ၊ မင်းဖာသာပြောတဲ့ကိစ္စပဲ၊ ကျုပ်အတွက် ဒီလိုလုပ်ပါလို့ ကျုပ်က မင်းကိုတိုက်တွန်းတာမဟုတ်ဘူး။ မင်းစိတ်သဘောနဲ့ မင်းလုပ်ပြီးတော့ ဘယ့်နှယ်ကျုပ်ကို ဆဲရတာလဲ"

"ကျွန်မ- ကျွန်မ"

စင်လုံက ရယ်ပြန်သည်။

"ဒါက ဒဏ္ဍာရီပုံပြင်မဟုတ်ဘူး။ ကျုပ်က အဲဒီဒဏ္ဍာရီထဲက သူရဲကောင်းမဟုတ်ဘူး။ ကျုပ်အသက်အတွက် ကျုပ် ဘာမှ မတရားမလုပ်ဘူး။ မင်းအဆိုပြုတာကို ကျုပ် လက်ခံတာပဲရှိတယ်၊ ကျုပ်ကလည်း ပုထုဇဉ်ပဲ၊ ကျုပ်အသက်ကိုတော့ ကျုပ်မြတ်နိုးသေးတာပဲ"

ဝေဝေမှာ စင်လုံအား ငေးကြောင်ကြည့်နေမိတော့သည်။ ကြည့်ပင်ကြည့်ငြားသော်လည်း စင်လုံကို မြင်ဟန်မတူတော့ပါ။

သူမနည်းတူ မြင်းစီးသူရဲကောင်းသည်လည်း ကြောင်သွားသည်။

သို့သော် ချက်ချင်းပင် တ ဟား ဟား ရယ်မောလိုက်လေသည်။

"ဟား- ဟား- ဟား ကောင်းတယ်၊ ကျုပ်ကတော့ အကြိုက်ပဲ၊ စင်လုံဆိုတဲ့လူဟာ တကယ့်လူတော်ပဲ၊ အခြေအနေကို အမှန်အတိုင်း သိမြင်တတ်တယ်"

"ဒါပေါ့ဗျာ အခြေအနေကို အမှန်အတိုင်း မသိမြင်ရင် လူမိုက်ဖြစ်သွားတော့မှာပေါ့"

မြင်းစီးသူရဲကောင်းသည် အလွန်ကျေနပ်သွားသည်။

"ဒါနဲ့ ကျုပ်တစ်ခုလောက်မေးစမ်းပါရစေ၊ ကျုပ်ရောက်နေတာကို ခင်ဗျား ဘယ်လိုလုပ်သိသွားတာလဲဗျ"

"ဟား- ဟား- ဟား ခင်ဗျားရောက်နေတာကို ကျုပ်မသိပါဘူးဗျာ၊ အကွယ်ကထွက်လာမှ ကျုပ်သိတာပါ"

"ဏကယ်လား။ ကျုပ်ရဲ့ကိုယ်ဖော့ပညာ သိပ်ကောင်းတယ်လို့ ဆိုလိုတာလား"

"ဒါပေါ့ ကိုယ်ဖော့ပညာ သိပ်မကောင်းတဲ့လူဟာ ခင်ဗျားရဲ့ မျက်လုံးလို ရီဝေမနေဘူးဗျ"

စင်လုံသည် ပြောရင်း တဟားဟားရယ်မောလိုက်လေသည်။

"ဒီလိုကိုယ်ဖော့ပညာမျိုး ဒီလိုမျက်လုံးအရောင်မျိုး ဒီလိုကိုယ်လုံးကိုယ်ပေါက်မျိုးကတော့ ဝမ်းလင်းဝါးလိုလူကလွဲလို့ တခြားလူမှာ မရှိနိုင်ဘူး"

မြင်းစီးသူရဲကောင်းသည် လက်သီးဆုပ် အံကြိတ်ရင်း ပြောလိုက်၏။



ဝေဝေမှာ တစ်ချက်တည်းငိုင်သွားသည်။

မြင်းစီးသူရဲကောင်းသည် အံကြိတ်ရင်း ပြောလိုက်သည်။ သို့သော် အသံကပျော့ညံ့လာသည်။

"စောစောက ကျုပ်လှောင်ပြောင်ခဲ့တာတွေအတွက် လုံမလေး ဝေဝေသည်းခံပါနော်"

"ရှင်- ရှင် တကယ့်ကိုပဲ ဝမ်းလင်းဝါးဖြစ်နေလို့လားဟင်"

ဝမ်းလင်းဝါးမှာ မချိသွားဖြဲရယ်လိုက်သည်။ သူ၏ရယ်သံမှာ လုံးဝ အသက်မပါလှပါချေ။

"ကျုပ်မှာ အပင်ပန်းခံပြီးရုပ်ဖျက်လာတဲ့အတွက် ကျုပ်ရဲ့ ကတိမျက်နှာကို မပြနိုင်တာတော့ ခွင့်လွှတ်ပါဗျာ၊ ကျုပ် ဝမ်းလင်း ါအစစ်ပါပဲ"

ဝေဝေမှာ မျက်ရည်တတွေတွေ ကျဆင်းလာတော့၏။ သူမ ည် စင်လုံအား ဝမ်းပန်းတနည်းကြည့်ရင်း--

"ရှင်- ရှင် ဘာဖြစ်လို့ ကျွန်မကို ဒီလိုရက်ရက်စက်စက် ကပ်ပြောင်ရတာလဲ"

အကယ်၍ ဤနေရာ၌ ကြူးချစ်ချစ်သာ ဖြစ်နေပါလျှင် င်လုံအား ပါးစပ်ဖြင့်သော်လည်းကောင်း ကိုက်မည်။ ပါးဖြင့် ာ်လည်းကောင်း ရိုက်မည်။

ဤအချက်ကား သေချာလှပါ၏။

ဝေဝေသည် ကြူးချစ်ချစ်မဟုတ်ပါပေ။ ဝေဝေသည် စင်လုံ ကားကို မစောင့်ဘဲ သူမဖာသာ ဆက်ပြောနေတော့၏။

"တကယ်တော့ ရှင့်အပြစ်မဟုတ်ပါဘူးလေ၊ ကျွန်မအပြစ် ကျွန်မအပြစ်ပါ"

စင်လုံသည် သူမအား ကြည့်လျက် လွန်စွာသနားသွား၏။

သူမ၏ပခုံးကို အသာအယာပုတ်ရင်း နှစ်သိမ့်လိုက်ရသည်။

“စိတ်မကောင်း မဖြစ်ပါနဲ့ကွယ်၊ တကယ်တော့ ကျုပ် ထင်မှားသွားတာပါ၊ မင်းအနေနဲ့ သူ့ကိုမှတ်မိတယ်လို့ ထင်နေခဲ့တာ

“ဟင့်အင်း- ကျွန်မဘယ်လိုလုပ် မှတ်မိပါ့မလဲရှင်၊ သုံးသ ငါးနှံပါတ်ရှိတဲ့ မြင်းစီးသူရဲကောင်းကို ကျွန်မ မြင်ဖူးထားတာပဲ၊ က အဲဒီ မြင်းစီးသူရဲကောင်းနဲ့ ချွတ်စွတ်တူနေတာပဲ၊ ကျွန်မ မခွဲ နိုင်ဘူး”

ဝမ်းလင်းဝါးသည် မချိသွားဖြဲရယ်ရင်း မသက်မသာဝင် သည်။

“လုံမလေးဝေဝေ ကျုပ်ကိုချီးကျူးတဲ့အတွက် အများ ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် နောက်ဆုံးကျတော့ ဟော နောင်ကြီး စင်လုံကတော့ ကျုပ်ကိုမှတ်မိသွားတာပါပဲလေ၊ ကျုပ် ကို ဘယ်တော့မှ ညာနိုင်မယ်မထင်တော့ဘူး”

ဝမ်းလင်းဝါးသည် စကားဆုံးသည်နှင့် သူ့နဖူးကို ပြန်ရိုက်လိုက်၏။

“မင်း သေဖို့ပဲကောင်းတယ်၊ ဝမ်းလင်းဝါးရယ်”

စင်လုံက မျက်မှောင်ကုတ်ရင်းမေးလိုက်သည်။

“ဘာဖြစ်သွားတာလဲ ဝမ်းလင်းဝါး”

ဝမ်းလင်းဝါးသည် ရိုကျိုးနှိမ့်ချသောအသံဖြင့်--

“နောင်ကြီးစင်လုံလို့ ကျွန်တော် ဘယ်ခေါ်သင့်တော့

ဝေဝေသည် ဝမ်းလင်းဝါးစကားကြောင့် မျက်တော တဖျပ်ဖျပ်ခတ်ရင်း ပို၍နားစွင့်လိုက်မိသည်။

စင်လုံကို အကဲခတ်ကြည့်လိုက်သောအခါ၌လည်း မျ နေသည်ကို တွေ့ရသဖြင့် ဝမ်းလင်းဝါး၏ စကားနောက်ကွယ်၌ လျှ



မှုတစ်ခုရှိနေကြောင်း သူမ နားလည်သဘောပေါက်လိုက်သည်။

ဝမ်းလင်းဝါးသည် ပြုံးပြုံးရယ်ရယ်ဖြင့် ဝေဝေအား လှမ်း ပြောလိုက်သည်။

“လုံမလေးဝေဝေမသိတဲ့ သတင်းတစ်ခုကိုတော့ ကျုပ်ပေး ရဦးမယ်၊ သခင်လေးစင်လုံကို နောင်ကြီးလို့ မခေါ်ထိုက်တော့ပါဘူး၊ ကျုပ်အနေနဲ့ ဦးလေးလို့ခေါ်နိုင်ပါပြီ”

ဝေဝေမှာ ပါးစပ်ကလေး အဟောင်းသားဖြစ်သွားလေတော့ သည်။

“ရှင်- ဘယ်လို ဦးလေးစင်လုံ ဟုတ်လား”

ဝမ်းလင်းဝါးက ပြုံးရင်း ခေါင်းညိတ်လိုက်လေသည်။

“မှန်ပါတယ်၊ ဘာ့ကြောင့်လဲဆိုတော့ ကျုပ်ရဲ့မိခင်နဲ့ သခင် လေးစင်လုံဟာ စေ့စပ်ကြောင်းလမ်းပြီးသွားလို့ပါပဲ”

ဝေဝေမှာ သူမအား လိပ်ကျောက်မီးကျာပွတ်နှင့်အရိုက်ခံ လိုက်ရသကဲ့သို့ တွန့်ခနဲ ဖြစ်သွားတော့သည်။

နောက်တက်သို့လည်း ခြေလှမ်း ငါးလှမ်းမျှ ယောင်ယမ်းဆုတ် ခွါ သွားမိတော့သည်။

ဤကား ဝမ်းလင်းဝါး၏လက်သီးပုန်းပေတည်း။ ထိုလက်သီး ကား ကတ္တီပါလက်အိတ်စွပ်ထားလေသည်။

ဝေဝေသည် စင်လုံအား ရီဝေစွာကြည့်လိုက်လေသည်။

သူမ၏မျက်လုံးများတွင် ဝမ်းနည်းခြင်း၊ ကြေကွဲခြင်း၊ မယုံ နိုင်ခြင်း ထိတ်လန့်ခြင်းနှင့် ဒေါသထွက်ခြင်းတည်းဟူသော အနက် အဓိပ္ပါယ် ပေါင်းစုံပါဝင်လျက်ရှိနေလေသည်။

သူမသည် တုန်ရီချောက်ချားစွာဖြင့် စင်လုံအား လှမ်းမေး သည်။

"ဒါ- ဒါ တကယ်လား။ တကယ်ပဲလား"

စင်လုံမှာ ဝမ်းလင်းဝါး၏ ကတ္တီပါလက်အိတ်စွပ်၍ ထိုးလိုက်သည့် သံလက်သီးဒဏ်ကြောင့် ဟက်ဟက်ပက်ပက် မရယ်နိုင်တော့ချေ။

မချိုပြုံး ပြုံးရင်း ပြန်မေးလိုက်လေသည်။

"ဘာလဲ- ဒီသတင်းကြားလိုက်ရလို့ သိပ်အံ့ဩသွားသလား"

ဝေဝေမှာ မည်သည့်စကားမျှ ပြန်မပြောနိုင်တော့ချေ။ တစ်ကိုယ်လုံး တုန်လှုပ်လျက် မျက်ရည်များသာ တတွေတွေကျဆင်းနေတော့သည်။

ဝမ်းလင်းဝါးက မူ သူ၏အောင်မြင်မှုကို ကျေနပ်အားရစွာ စောင့်ကြည့်နေလေသည်။

ဝေဝေသည် အတန်ကြာရပ်နေပြီးမှ ဝမ်းပန်းတနည်းရှိုက်၍ မေးလိုက်လေသည်။

"ရှင်- ရှင် ဘာဖြစ်လို့ ကျွန်မကို ကြိုတင်မပြောတာလဲ၊ ကျွန်မကိုဆက်ပြီး ညာချင်သေးလို့လား။ ရှင်ဟာ တကယ် ရက်စက်တဲ့လူပဲ"

သူမသည် ဒယီးဒယိုင်ဖြင့် သူမနောက်ဘက်ရှိ သစ်ပင်များကြားသို့ ပြေးဝင်ပျောက်ကွယ်သွားလေတော့သည်။

သူမ ပြေးသွားပုံမှာ ဒဏ်ရာပြင်းထန်စွာရရှိသွားသည့် သားကောင်ငယ်ပမာနယ်တည်း။

စင်လုံသည် သူမအား လုံးဝ မတားမြစ်ပါချေ။

စကားလည်း မပြော။ ကျောက်ရုပ်ကြီး တစ်ရုပ်အလား ငြိမ်သက်တိတ်ဆိတ်နေ၏။

သူ၏စိတ်အာရုံသည် မူလအတိုင်းသာရှိနေပါ၏။ အပြောင်း



အလဲမရှိ ပကတိငြိမ်သက်တိတ်ဆိတ်နေသည်။

ဝမ်းလင်းဝါးကလည်း စင်လုံအား တစ်စက္ကန့်မျှ မျက်ခြည်ပြတ်မခံဘဲ စောင့်ဆိုင်းကြည့်ရှုနေသည်။

သူ၏အမူအရာမှာ အလွန်ထူးဆန်း၏။ ပထမပိုင်း ကြည့်နေသည့် အကြည့်မှာ သူ၏မြားချက်ဖြင့် ဒဏ်ရာရသွားသည့် သားကောင်ကို အားရကျေနပ်စွာကြည့်သည့် အကြည့်ဖြစ်သည်။

ဒုတိယပိုင်းအကြည့်မှာ သူ၏သားကောင် ဒဏ်ရာရသွားသည်မှာ ဟုတ်မဟုတ်ပေ၏လောဟု သံသယမျက်လုံးဖြင့် စူးစမ်းသည့် အကြည့်ဖြစ်သည်။

နောက်ဆုံး စင်လုံသည် ဝမ်းလင်းဝါးအား ပြန်၍ လှည့်ကြည့်လာသည်။ စင်လုံ၏နှုတ်ခမ်းထောင့်၌ တွန့်ကွေးနေသည့် အပြုံးရိပ်ကလေးသည် မသိမသာထွက်ပေါ်နေ၏။

စင်လုံရော ဝမ်းလင်းဝါးပါ သိုင်းလောက၌ဩဇာလွှမ်းမိုးသော လူငယ်နှစ်ယောက်ဖြစ်ကြပါသည်။

သို့သော် ဩဇာလွှမ်းမိုးပုံခြင်းမတူပေ။

တစ်ယောက်နှင့်တစ်ယောက် အဖြူနှင့်အမည်းကဲ့သို့ ကွဲလွဲဆန့်ကျင်စွာ ဩဇာလွှမ်းမိုးခြင်းဖြစ်၏။

စင်လုံသည် ဖြူစင်ခြင်း၊ သန့်ရှင်းခြင်းဖြစ်သော အကောင်းကို ကိုယ်စားပြု၍ လွှမ်းမိုးပြီး၊ ဝမ်းလင်းဝါးက မည်းညစ်ခြင်း၊ ယုတ်မာခြင်းများကို ကိုယ်စားပြု၍လွှမ်းမိုး၏။

ယခုပုံစံအရ စင်လုံသည် ဝမ်းလင်းဝါး၏ ကတ္တီပါလက်အိတ်စွပ်ထားသော သံလက်သီးဖြင့် မမျှော်လင့်ဘဲ အရိုက်ထိုးခံလိုက်ရ၏။ သို့သော် စင်လုံက သူ့အားထိုးသူကို ပြုံး၍ကြည့်နေသည်။

အဘယ်သို့ဖြစ်သနည်း။

သူတို့သည် မိတ်ဆွေလော၊ ရန်သူလော၊

မည်သို့ပင်ဖြစ်စေ ဆန့်ကျင်ဘက် အင်အားစုနှစ်ခု ထိပ်တိုက်တွေ့လျှင် ပြင်းထန်သောတိုက်ပွဲကြီးဖြစ်ရမည်မှာ သေချာလှ၏။ တိုက်ပွဲပြင်းထန်သည်နှင့်အမျှ အဆုံးအရှုံးလည်း ပြင်းထန်တတ်၏။ ဝမ်းလင်းဝါးသည် ရန်သူနယ်မြေအတွင်း မဆင်မခြင် အလျင်တစော စစ်ဆင်မိသူကဲ့သို့ သံသယကြီးမားစွာဖြင့် စောင့်ဆိုင်းကြည့်ရှုနေသည်။

သို့သော် စင်လုံကလည်းကောင်း၊ ဝမ်းလင်းဝါးကလည်းကောင်း၊ မည်သူကမျှ စတင် မတိုက်နိုက်ပါချေ။

အဘယ့်ကြောင့်ဆိုသော် စင်လုံက ဟက်ဟက်ပက်ပက် ရယ်လိုက်သောကြောင့်တည်း။

စင်လုံ၏ရယ်ခြင်းသည် အန္တရာယ်အရှိဆုံးသော အချိန်ပိုင်းကလေးကို ရုတ်ခြည်းပျောက်ကွယ်သွားစေခဲ့သည်။

သို့သော် စင်လုံက ဝမ်းလင်းဝါးအား အေးတိအေးစက် မေးမြန်းလိုက်သည်။

"ဝမ်းလင်းဝါး ဘာကြောင့် မင်း ဒီလိုပြောလိုက်တာလဲ"

ဝမ်းလင်းဝါးက ပေါ့ပျက်ပျက်ရယ်လျက်--

"ခင်ဗျားက အိပ်မြဲတွေးနေတဲ့လူပဲ၊ တွေးတိုင်းလည်းမှန်တယ်၊ ဒီတစ်ခါ မတွေးတော့ဘူးလား"

"ဟား- ဟား- ဟား ကျုပ်က တွေးလို့ရချင်လည်းရနေမှာပေါ့ ဒါပေမယ့် မင်းပါးစပ်ကပြောတာကိုလည်း ကြားချင် ကြားချင်နေဦးမှာပေါ့"

"ကျုပ်ကတော့ ခင်ဗျားသိပြီးသားလို့ ထင်တာပဲ၊ ဒါက ကျုပ်အမေရဲ့ သဘောထားပဲ"

"ဪ- မင်းရဲ့အမေက ဒီလိုပြောဖို့ မှာလိုက်တာကိုး"



"ဒါပေါ့ သူနေရာမှာ ကိုယ်စား ဝင်ကြည့်ပါလား၊ ဘယ်သူ ...ဖြစ် အခုအတိုင်း လုပ်နိုင်းမှာပဲ၊ ခင်ဗျားလို ယောက်ျားမျိုးကို ...လွတ်လပ်လပ် ဘယ်ထားလိမ့်မလဲ၊ ဒါမှ ဒို့ပြင် မိန်းကလေးတွေ ...ကတွန့်ကုန်မှာပေါ့"

စင်လုံက ခပ်ပြုံးပြုံးဖြင့် ပြန်မေးလိုက်သည်။

"ကောင်းပြီ ခင်ဗျားအခု ကျုပ်ကို ဘယ်လိုအခြေအနေမျိုး ပြောတာလဲ"

ဝမ်းလင်းဝါးကလည်း ခပ်တည်တည်ပင် ပြန်ဖြေသည်။

သူ့စကားသည် အတည်ပေါက်ဖြစ်ချင်လည်း ဖြစ်မည်။ လိမ် ...ပြောခြင်းလည်း ဖြစ်ချင်ဖြစ်မည်။

"ညီရင်းအစ်ကိုအနေနဲ့ပြောတာ၊ ဒါမှမဟုတ်ရင် ရန်သူနဲ့ ...ဆွေအကြား ကြားထဲကလူအနေနဲ့ ပြောတာ"

"ဟား- ဟား- ဟား အံ့သြစရာပါလား၊ မင်းရဲ့စိတ်ထဲမှာ ...ရင်းအစ်ကို စိတ်ဓာတ်မျိုး ပြောင်းလို့ရနေလို့လား"

"လူစိမ်း သူစိမ်းတွေရှေ့မှာတော့ ခင်ဗျားဟာ ကျုပ်ရဲ့အစ် ...ကြီးအဖြစ်သော်လည်းကောင်း၊ ဦးလေးအဖြစ်သော်လည်းကောင်း ...နိုင်တယ်၊ ဒါပေမယ့် နှစ်ယောက်ထဲရှိစဉ်မှာတော့ ရန်သူနဲ့မိတ်ဆွေ ...ကြားမှာရှိနေမယ်၊ သေရေးရှင်ရေးကြုံနေတဲ့အခါမျိုးမှာတော့ ရန်သူ ...ဖြစ် ရှိနေလိမ့်မယ်"

"အင်း- မင်းရဲ့ ရှိနိုင်တဲ့အခြေအနေတွေကလည်း များလိုက် ... ဘာပဲဖြစ်ဖြစ် မင်းရဲ့စကားကတော့ ရှင်းရှင်းလင်းလင်းရှိပါပေ ...ယ်"

ဝမ်းလင်းဝါးက ဟက်ဟက်ပက်ပက် ရယ်မောလိုက်လေ ...သည်။

"ရှင်းလင်းရတာပေါ့ဗျာ၊ ခင်ဗျားကို ကျုပ်က ရှုပ်ရှုပ်ထွေ ထွေးလုပ်လို့မရဘူး။ ပြောလို့လည်းမရဘူး ခင်ဗျားက ကျုပ်ထက် ဦးအောင် ကျုပ်ကို သိမြင်သွားတာချည်းပဲ မဟုတ်လား"

စင်လုံသဘောကျစွာ ရယ်မောလေတော့သည်။ ဝမ်းလင်းဝါ ကလည်း လိုက်၍ရယ်သည်။ စင်လုံက ရုတ်တရက် အရယ်ရပ်သွား သည်။

"ဒါပေမယ့် အခုကိစ္စအားလုံးဟာ သော့ချက်အားလုံး၊ သော့ချက်ဖြစ်တယ်၊ အရေးအကြီးဆုံးအရာများအနက် ပိုလို့အရေး ကြီးတဲ့ အရာဖြစ်တယ်"

ဝမ်းလင်းဝါးကမူ အပြုံးအရယ်အပျက် ဝန်ခံသည်။

"ဟုတ်ပါတယ် အဲဒါကို ကျုပ်သိပါတယ်"

"ဒါဖြင့်ရင် မင်းမေ့သွားပြီ၊ မိန်းကလေးတွေသိပ်ပြီး စိတ် ထိနိုက်သွားရင် ဘာမဆို လုပ်ရဲတယ်၊ အဲဒါဆိုရင် အန္တရာယ်ဟာ မကြာခင် ချိတပ်ပြီး ဝင်လာတော့မှာပဲ"

"ဟာ- ဒါမျိုး ကျုပ်က ဘယ်မေ့ပါ့မလဲ၊ ယောကျ်ားတို့ ဒါလောက်ကိုတော့ ကြိုတွက်တတ်ပါတယ်"

"ဝေဝေဟာ အခုဆိုရင် အနိုပ်စက်ခံရသလိုဖြစ်သွားပြီ ရွှင်ပျော်ပျော်မြို့စားကြီးကိုသွားပြီး အသိမပေးဘူးလို့ ဘယ်သူက ပြော နိုင်မလဲ၊ ဒါဆိုရင် အစီအစဉ်အားလုံး ပျက်သွားနိုင်တယ်"

ဝမ်းလင်းဝါးက ခပ်ပြုံးပြုံးပြောသည်။

"သူ မတိုင်ပါဘူး"

"သေချာရဲ့လား"

"သေချာပါတယ်ဗျ"

စင်လုံသည် တစ်စုံတစ်ခုကို ဆက်မေးရန် ပါးစပ်ပြင်လိုက်



သည်။ သို့သော် အသိဉာဏ်ထဲ၌ တစ်စုံတစ်ခုလင်းလက်သွားသဖြင့် ဆက်မမေးတော့ဘဲ မေးခွန်းပြောင်း၍ မေးလိုက်သည်။

"အခုလို မင်းရောက်လာတာကို ကျုပ် လုံးဝစဉ်းစားလို့ မရဘဲ ဖြစ်နေတယ်"

"ကျုပ်မိခင်ရဲ့ မဟာဗျူဟာကို ဘယ်သူမှ လွယ်လွယ်နဲ့ မှန်းဆလို့ မရပါဘူး။ လွယ်လွယ်နဲ့မှန်းဆလို့ရတဲ့ မဟာဗျူဟာဆိုရင်လည်း မတိုက်ခင်ကတည်းက ရှုံးနေပြီပေါ့"

"သူလိုလူမျိုးကို ဘယ်သူမှ မညာနိုင်ဘူး။ ညာနိုင်ရင်လည်း ပိရိလွန်းမှ ညာနိုင်မှာ၊ သူသိသွားမှာ မစိုးရိမ်ဘူးလား"

ဝမ်းလင်းဝါးက ပြုံး၍ပြောလိုက်၏။

"သူနဲ့အနီးဆုံးနေရာကို တိုးကပ်မသွားဖို့ဘဲလိုတယ်၊ အနီး ကပ် မဟုတ်ရင် လျှို့ဝှက်ချက်မပေါ်နိုင်ပါဘူး"

စင်လုံသည် ရုတ်တရက်တွေဝေသွားသည်။

"ကျုပ်နားမလည်ဘူး။ မင်းရဲ့မိခင်ဟာ---"

ဝမ်းလင်းဝါးက ကြားဖြတ်ဝင်ပြောလိုက်သည်။

"ခင်ဗျား သံသယတွေ ဖြစ်နေတယ်မဟုတ်လား။ ကျုပ်သိ တယ်၊ ဒါပေမယ့် ကျုပ်အနေနဲ့ကလည်း တစ်ခုစီရှင်းမပြနိုင်ဘူး။ ရှင်း ပြနိုင်ခွင့်မရှိဘူး။ ဒါပေမယ့် ခင်ဗျားလို လူတော်တစ်ယောက် နဲ့တွေ့ ပေးပါ့မယ်၊ အဲဒီအခါကျရင်တော့ ရှင်းလင်းသွားမှာ သေချာပါတယ်"

"ဘယ်သူလဲ အဲဒီလူ"

"တွေ့ရင် သိမှာပေါ့ဗျာ"

"ကျုပ်က သူ့ကို ဘယ်တော့တွေ့ရမှာလဲ"

"အခုပဲပေါ့ဗျာ"

စင်လုံသည် ထပ်၍မမေးတော့ချေ။ သူသိပါ၏။ ဝမ်းလင်း

ဝါးသည် ထပ်ပြောတော့မည်မဟုတ်ချေ။

ထိုစဉ် အတော်ဝေးဝေးနေရာမှ လူတစ်ယောက်၏ 
သံကို ကြားလိုက်ရသည်။

"အလို- သခင်လေးစင်လုံပါလား- ဘယ်လဲ စည်းစိမ်း
လူပါလား။ နို့က်ဟိုလင်သစ်တောကြီးဟာ အင်မတန်အေးချမ်းပါတ
ဒါနဲ့တောင် အအေးတကာ့ အအေးဆုံး အရိပ်အာဝါသအကောင်း
သစ်ပင်ကြီးအောက်လာပြီး စည်းစိမ်ခံနေသေးတယ်"

စင်လုံသည် အသံကြားရာသို့ လှမ်းကြည့်လိုက်သည်။
တစ်ယောက်သည် ကျားပွတ်တစ်ချောင်းကို ဟိုရိုက် သည်ရိုက်လုပ်
သူ့ဆီသို့ လမ်းလျှောက်လာသည်။

ထိုလူကား စင်လုံ လုံးဝမျှော်လင့်မထားသည့်လူဖြစ်နေသ
ထိုသူကား ရောင်ပုံ့ဝမ်ပေတည်း။

စင်လုံက ဝါးလင်းဝါးကို လှည့်ကြည့်လိုက်ပြီး မေးလိုက်သ

"ကျုပ်နဲ့ တွေ့ဆုံပေးမယ်ဆိုတာ သူလား"

ဝမ်းလင်းဝါးက ရယ်၍---

"သူ- ဘယ်ကလာ ဟုတ်ရမှာလဲဗျ"

ထိုစဉ် ရောင်ပုံ့ဝမ်သည် သစ်ပင်ချုံနွယ်များအကြားမှ 
ထွက်လာသည်။

"ဒီလောက် အေးချမ်းသာယာတဲ့ နေရာကို နောင်ကြီးစင်
ရာတွေ့တတ်ပါပေတယ်"

စင်လုံက ခပ်ပြုံးပြုံးမှတ်ချက်ချလိုက်သည်။

"အင်း- အင်မတန် ထူးဆန်းတဲ့ကိစ္စပဲ"

ရောင်ပုံ့ဝမ်သည် မျက်လုံးများ ပုတ်ခတ် ပုတ်ခတ်လု
မေးလိုက်သည်။



"ဗျာ- ထူးဆန်းတယ်၊ ဘာထူးဆန်းတာလဲ"

"ထူးဆန်းတာပေါ့ဗျာ၊ ခင်ဗျားက ကျုပ်ကို မမြင်ရသေးဘူး။ ကျုပ်ဒီနေရာမှာရှိနေတာကို သိနေပြီ၊ လူမမြင်ရသေးဘဲ ကျုပ်နာမည်ကို လှမ်းခေါ်လိုက်တာက ကျုပ် ဒီမှာရှိနေတာကို သေသေချာချာသိနေတဲ့ သဘောပေါ့"

"ဟီး- ဟီး- ဟီး ဝိုင်တယ် သိပ်ဝိုင်တယ်၊ အတွေးအခေါ်သိပ်ကောင်းတယ်၊ ကျုပ်က နောင်ကြီးစင်လုံမှန်း မသိပါဘူးဗျာ၊ ခန့်မှန်းပြီး အော်လိုက်တာပါ၊ ဒီလိုအေးချမ်းသာယာတဲ့နေရာမျိုးကို နောင်ကြီးစင်လုံတစ်ယောက်ပဲ လာတတ်တာမဟုတ်လား"

စင်လုံသည် အစိပ္ပါယ်မရှိဘဲ ရောင်ပုံ့ဝမ်၏ပခုံးကို လက်ဖြင့် တစ်ချက်ပုတ်လိုက်လေသည်။ ဝမ်းလင်းဝါးက လျှပ်တစ်ပြက်ဝင်၍စင်လုံ၏လက်ကို တားဆီးဖယ်ထုတ်ပစ်လိုက်လေသည်။

ထိုတဒင်္ဂအတွင်း၌ ရောင်ပုံ့ဝမ်မှာ သေတွင်းမှလွတ်မြောက်သွားခဲ့သည်။ ရောင့်ပုံ့ဝမ်ကမူ လုံးဝမသိဘဲ ရှုးရှုးပေါ်ပေါ်ဖြင့် ရယ်မောနေလေသည်။

ရောင်ပုံ့ဝမ်က---

"နောင်ကြီးစင်လုံ၊ ကျုပ်က ခင်ဗျားကို လိုက်ရှာနေတာဗျ၊ ဘာဖြစ်လို့ လိုက်ရှာနေရသလဲ သိလား"

စင်လုံကမူ ပြုံးလျက်ကြည့်နေသည်။ မည်သည့် စကားကိုမျှ မပြောချေ။

ရောင်ပုံ့ဝမ်က ကျားပွတ်ဖြင့် မြက်ပင်များကို တစ်ချက်ရိုက်လိုက်၏။ ထို့နောက် ရယ်ပြန်သည်။

"ကျုပ် နောင်ကြီးစင်လုံကိုလာရှာတာ အကြောင်းမဲ့ မဟုတ်ပါဘူးဗျာ၊ လူတစ်ယောက်ကို ပြမလို့ပါ"

"ဟုတ်လား- ဘယ်သူ့ပြမှာလဲ"

"မိန်းကလေးတစ်ယောက်ပါ၊ ငယ်ငယ်ရွယ်ရွယ် ချော မောမော လှလှပပကလေးပါ၊ ဒီအတွက်တော့ ကျုပ်ကိုအရက်တိ မနေပါနဲ့ဗျာ၊ နောင်ကြီးစင်လုံ အကဲခတ်ကြည့်စမ်းပါဦး"

စင်လုံက ရယ်လျက်ပြောလိုက်သည်။

"အေး- အဲဒါလဲ အတော့်ကိုထူးဆန်းတာပဲ၊ ခင်ဗျား မိန်းကလေးတွေနဲ့ အင်မတန် ရင်းနှီးကျွမ်းဝင်တဲ့လူဆိုတာ လူတိ သိနေတာပဲ၊ ခင်ဗျားမှ အကဲမခတ်တတ်ရင်၊ ကျုပ်က ဘယ် အ ခတ်တတ်မလဲ၊ မိန်းမတွေအကြောင်း ကျုပ်ကမသိဘူးဗျ၊ သိမှ တစ်ယောက်တည်းသမား ဘယ် ဖြစ်နေတော့မလဲ"

ရှောင်ပို့ဝမ်က အားရပါးရ ဟစ်အော်ရယ်မောလေ သည်။

"နောင်ကြီးစင်လုံအနေနဲ့ ဒီလောက် နှိမ်ချပြောနေ တောင်မလိုပါဘူးဗျာ၊ နောင်ကြီးစင်လုံက မိန်းမတွေအကြောင်း ကျေနေတဲ့လူပဲ၊ မိန်းမတွေ အကြောင်းသိတာများလို့ တစ်ယောက် သမားဖြစ်နေရတာ မဟုတ်လား။ နောင်ကြီးမြင်းစီးသူရဲ ကျုပ် တာ ဟုတ်တယ်မဟုတ်လား။ အများဆုံးသိတဲ့လူဟာ ယုံကြ အနည်းဆုံးလူဆိုတဲ့ စကားလည်းရှိတယ်မဟုတ်လား။ သိလွန်း ကြောက်နေတာလေ--"

ဝမ်းလင်းဝါးက လက်ခုပ် လက်ဝါးတီးလျက် အားရ ရယ်လေ၏။

"ဟုတ်တာပေါ့ အဲဒီစကားက အမှန်ဆုံးပဲ"

ရှောင်ပို့ဝမ်က ရယ်လိုက်လေသည်။

"ကျုပ်ပြောတဲ့မိန်းကလေးက ဒီနားမှာတင်ရှိပါတယ်၊ ကျ



မှ ခေါ်လိုက်ပါ့မယ်၊ ကဲ- ကျုပ် သွားခေါ်လိုက်ဦးမယ် နောင်ကြီး လုံ၊ ကျုပ်ကို ခဏစောင့်နော်၊ မကြာခင် မိန်းကလေး ရောက်လာ ရပါမယ်"

သူသည် ကျာပွတ်ကိုဝှေ့ယမ်းရင်း ထွက်ခွါသွားလေသည်။

စင်လုံသည် ရှောင်ပို့ဝမ်၏နောက်ကျောကို ကြည့်လျက် မှတ် ချလေသည်။

"အင်း- စိန်ကဲ ရွှေကဲထက် လူကဲခတ်ရ ခက်တယ်ဆိုတာ ပါလား"

ဝမ်းလင်းဝါးက ပြန်မေး၏။

"နောင်ကြီးစင်လုံ၊ ဘာဖြစ်လို့ ဒီလိုမှတ်ချက်ချရတာလဲ"

စင်လုံက ခပ်ပြုံးပြုံးပြောသည်။

"ရှောင်ပို့ဝမ်ဟာ မိန်းမလိုက်စားတဲ့ပုံစံမျိုး ဖမ်းထားတယ်၊ ရေး ကြေးရေးကို ဂရုမစိုက်တဲ့ လူတစ်ယောက်ပုံစံမျိုးဖမ်းထားတယ်၊ လေးဆိုးကြီးလို အပူအပင်မရှိတဲ့ပုံစံမျိုး ဖမ်းထားတယ်၊ ဒါတွေ လုံးကို သူက တမင်လုပ်ထားတာပဲ၊ လူတကာက သူ့ကို အထင် အောင်လုပ်ထားတယ်၊ ဒါဟာ သူ့အတွက် အကာအကွယ်ပဲ"

ဝမ်းလင်းဝါးမှာ စင်လုံကို စူးစူးစိုက်စိုက်ကြည့်လိုက်၏။

"ခင်ဗျား ဘာကိုဆိုလိုတာလဲ၊ ကျုပ်နားမလည်ဘူး"

"ရှင်းပါတယ်၊ မင်းက နားမလည်ချင်ဟန်ဆောင်နေတာပါ၊ ရှောင်ပို့ဝမ် ဆိုတဲ့လူဟာ မင်းရဲ့ လက်အောက်ငယ်သားတစ်ယောက် မင်းလွှတ်ထားတဲ့ သူလျှိုဆိုပါတော့ကွာ"

ဝမ်းလင်းဝါးက ရယ်လိုက်၏။ ဤလူသည် အရာရာကို တတ်လွန်းသည်။ သူ့အား ဖုံးကွယ်၍မရနိုင်လောက်အောင် အတွေး ခေါ်ကောင်းပြီး အမြင်လည်းသန့်လှ၏။

"ခင်ဗျား ဘယ်လိုလုပ် သိသွားပြန်တာလဲ"

"ဒီကိစ္စကတော့ သိပ်လွယ်လွန်းအားကြီးတယ်၊ သူဟာ ဒီနေရာကို တန်းတန်းမတ်မတ်ကြီးလာတယ်၊ မရောက်ခင်ကတည်းက ကျုပ်နာမည်ကိုအော်ခေါ်တယ်၊ မင်းပြောမထားရင် သူဒီလို ဘယ်သိနိုင်လိမ့်မလဲ၊ နောက်ပြီး ကျုပ်က သူ့ပခုံးကို ပုတ်လိုက်တယ်၊ မင်းက ကမန်းကတန်း ဝင်ကာကွယ်တယ်၊ မင်းလူမဟုတ်ရင် ဒီလို ကမန်းကတန်း ဘယ်ကာကွယ်ပါ့မလဲ"

ဝမ်းလင်းဝါးမှာ စင်လုံ၏ ကျိုးကြောင်းပြချက်များအတွက် မည်သို့မျှ စောဒကမတက်နိုင်ပါ။ စင်လုံက ရယ်လိုက်လေသည်။

"တကယ်တော့ ကျုပ်က သူ့ပခုံးပုတ်တာ တကယ် တိုက်နိုက်ပြီး ပုတ်လိုက်တာ မဟုတ်ပါဘူး။ ကျုပ်တို့ရဲ့ညခင်လေး ဝမ်းလင်းဝါး ဘယ်လိုလုပ်မလဲဆိုတာ သိချင်လို့ တမင်စမ်းသပ်လိုက်တာပါ"

ဝမ်းလင်းဝါးက စင်လုံအား ပြောလိုက်သည်။

"အေးဗျာ၊ ကျုပ်လည်း တစ်ခုမှ မငြင်းနိုင်တော့ပါဘူး။ ဒါပေမယ့် ကျုပ်လူတွေကို ယောင်ယမ်းပြီးတော့မစမ်းသပ်ပါနဲ့ဗျာ၊ ကျုပ်မေ့လျော့နေရင် သူတို့ ဒုက္ခရောက်သွားမှာစိုးရိမ်ပါတယ်"

သူသည် စကားဆုံးသည်နှင့် တဟားဟားရယ်တော့သည်။ သူရယ်သံဆုံးသည်နှင့် ရောင်ပို့ဝမ်၏ဦးခေါင်းက သစ်ပင်ချုံပုတ်များအကြားမှ ဦးခေါင်းပြူထွက်လာသည်။

သူသည် ရယ်သံတစ်ဝက်ဖြင့် လှမ်းအော်လိုက်သည်။

"ကျုပ်ပြောထားတာ လာပြီဗျို့"

ကြံ့ခိုင်တောင့်တင်းသော အမျိုးသမီးကြီးနှစ်ဦးတို့သည် ဝေါယာဉ်တစ်ခုကို ရေ့နောက်ထမ်းလာကြသည်။

ဝေါယာဉ်၏ ဘေးပတ်ပတ်လည်တွင် ကတ္တီပါ အစိမ်းများကို



ထားသည်။

ဝေါယာဉ်သည် စင်လုံနှင့်ဝမ်းလင်းဝါးအနီးသို့ရောက်ရှိလာ၏။ ဝေါယာဉ်ထမ်းသည့်အမျိုးသမီးနှစ်ဦးတို့သည် ဝေါယာဉ်ကို ြင်သို့ ချပေးလိုက်ကြသည်။

ရောင်ပို့ဝမ်သည် ကတ္တီပါကန့်လန့်ကာလေးကို မ ရင်း စင်လုံ လှမ်းပြောလိုက်သည်။

"နောင်ကြီးစင်လုံ ဒီမိန်းကလေးကိုမှ နောင်ကြီးစင်လုံ သ မကျဘူးဆိုရင် နောက်ထပ်တွေ့စရာ မိန်းကလေးမရှိတော့ပါဘူး"

"ဒီလောက်တောင်ပဲလား။ ဒီလိုဆိုရင် ဒီလောက်လှတဲ့ မိန်း လေးကို ဦးညွှတ်အရိုအသေပေးပြီး ဆက်ဆံရတော့မှာပေါ့ဗျာ"

ရောင်ပို့ဝမ်သည် ထိတ်လန့် တကြားဖြစ်သွားဟန်ဖြင့်--

"နောင်ကြီးစင်လုံ၊ မိန်းမသားတစ်ယောက်ကို ဒီလောက် အရို သေပေးစရာမလိုပါဘူး"

စင်လုံသည် အသံထွက်အောင်ရယ်မောလိုက်သည်။

"ရှေးခေတ်ကတည်းက အစဉ်အလာစကားရှိခဲ့တယ်၊ သူရဲ ကောင်းကိုလည်း ရခဲ့တယ်၊ အလှဆုံးကိုလည်း ရခဲ့တယ်၊ ဒါပေမယ့် တ်အဆက်ဆက်မှာ သူရဲကောင်းတွေအများကြီး ပေါ်ထွန်းခဲ့တယ်၊ ရဲ့လောက်အောင် သမိုင်းတွင်ရစ်လောက်အောင် လှပတဲ့ မိန်း လေးကတော့ သူရဲကောင်းတွေလောက် မများခဲ့ဘူး။ ဒါကြောင့် လှဆုံးကို မြင်ရတော့မှာဆိုတော့ ဒီလို ဦးညွှတ်အရိုအသေပေးချင် စိတ် ဖြစ်ပေါ်လာတော့တာပါပဲဗျာ"

"ဟား- ဟား- ဟား နောင်ကြီးစင်လုံကတော့ အရိပ်ပြ ကောင်ထင်၊ အပွေးမြင် အပင်သိတဲ့ လူစားမျိုးပါပဲ၊ ကဲ ကြည့်ပါ တော့ မိုးအောက်မြေပြင်တစ်ခုလုံးမှာ သူ့လောက်ချောလှတဲ့ မိန်း

ကလေးရှိသေးရဲ့လားလို့”

ရောင်ပုံ့ဝမ်သည် စကားဆုံးသည်နှင့် ကတ္တီပါလိုက်ကာကလေးကို မ လိုက်လေသည်။

ဝေါယာဉ်ထဲတွင် ခန္ဓာကိုယ်မတ်မတ်ကလေးထား၍ ထိုင်နေသူကား ကြူးချစ်ချစ်ပင်ဖြစ်လေတော့သည်။

☸

စင်လုံသည် ဤလိုနေရာမျိုး၌ ချစ်ချစ်ကို တွေ့ရမည်ဟု လုံးဝ မျှော်လင့်မထားမိချေ။

အဘယ့်ကြောင့်ဆိုသော် ချစ်ချစ်သည် ဝမ်ကတော်က စင်လုံအား အကျပ်ကိုင်စေခိုင်းရာ၌ ချစ်ချစ်အား ဓားစာခံအဖြစ် ထားခဲ့လေသောကြောင့်တည်း။

စင်လုံအနေဖြင့် အရာရာကိုအလျှော့ပေးခဲ့ရခြင်းမှာ ချစ်ချစ်နှင့် ဝံကြောင်ကလေးတို့ကို ဝမ်ကတော်က အပိုင်ဖမ်းဆီးထားနိုင်သောကြောင့်ဖြစ်၏။

ဝမ်ကတော်သည် သူမ၏လက်ထဲ၌ ဝှက်ကိုင်ထားရမည့် ဖဲချပ်ကို အဘယ့်ကြောင့် ဤသို့ အပြင်ထုတ်ကိုင်လိုက်ရသနည်း။

ချစ်ချစ်သည် ဆံပင်ကို မြင့်မြင့်ထုံးလျက် ခန့်ထည်သော



မြှအပြည့်ဖြင့် စင်လုံအား တည်ကြည်စွာကြည့်နေ၏။

မျက်နှာကလည်း စမ်းရေအေးကဲ့သို့ အေးမြနေသည်။ ခေါင်းမာသော၊ မာန်တင်းသော၊ ကလေးဆိုးကဲ့သို့ ဗွတ်တရွတ် လုပ်ချင်ရာလုပ်တတ်သော ချစ်ချစ်၏ပုံစံမျိုး မဟုတ်တော့ချေ။

ထို့ကြောင့် မျက်ခုံး၊ မျက်လုံး၊ နှာခေါင်း၊ နှုတ်ခမ်းတို့သည် ယခင်က ချစ်ချစ်၏ အင်္ဂါအစိတ်အပိုင်းများနှင့် ထပ်တူထပ်မျှပင် ဖြစ်ပါသည်။

သို့သော် သူမ၏ဟန်အမူအရာကြောင့် ယခင်ကနှင့်မတူတော့ ဟု ထင်မှတ်ရ၏။

သို့သော် ချစ်ချစ်အတုတစ်ယောက် မဟုတ်သည်ကိုတော့ စင်လုံ ကောင်းကောင်းကြီးသိပါ၏။

စင်လုံကို ရုပ်ပြောင်းရုပ်လွှဲပညာဖြင့် ဝမ်းလင်းဝါး မညာနိုင်ပါ။ ချစ်ချစ်၏မျက်နှာကို အတုလုပ် ရုပ်ပြောင်းခြင်းဖြင့် စင်လုံအားလိမ်ညာရန် ကြိုးစားပါက ယခင်ကထက် ဆယ်ဆမျှ ပိုမိုမိုက်မဲရာကျပါလိမ့်မည်။

အဘယ့်ကြောင့်ဆိုသော်-

“ချစ်ချစ်နှင့် ပတ်သက်သမျှ အစိတ်အပိုင်း အားလုံးကို စင်လုံ အသေးစိတ် မှတ်မိသိရှိနေသောကြောင့်တည်း။

ထို့ကြောင့်ပင် စင်လုံမှာ ထိတ်လန့်တကြား ဖြစ်ရပါသည်။

“မတွေ့ရတာတောင် အတော်ကြာနေပြီ နေကောင်းရဲ့လား”

စင်လုံ၏ နှုတ်ထွက်စကားသည် ရိုးရိုးတန်းတန်းပင်ဖြစ်သည်။ သို့သော် စကားလုံးများ၌ မေတ္တာရည်အပြည့်အဝလိမ်းကျံထားသည်ကို ချစ်ချစ်သိနိုင်ပါ၏။

ထို့ကြောင့်ပင် ချစ်ချစ်သည် အခြေအနေအားလုံးကို ခြုံငုံ

သဘောပေါက်လျက် သူ့အား ချေချင်ငံ တုံ့ပြန်မည်ဟု မျှော်လင့်ထားမိသည်။

သို့သော် ချစ်ချစ်က ပေါ့ပျက်စွာ ရယ်မောရင်း-

"သခင်လေးစင်လုံထင်တယ်၊ ကျေးဇူးတင်ပါတယ်"

သူမ၏တုံ့ပြန်စကား၌ လိုက်လှဲမှုမပါ။ နားလည်သဘောပေါက်မှုမပါ။ အေးစက်နေသည်။

ကျာပွတ်နှင့်ပင် တူနေသေးတော့သည်။ ထို့နောက် စင်လုံမှာ အလိုလို နောက်သို့ ခြေတစ်လှမ်းဆုတ်သွားမိတော့သည်။

ဤကား စင်လုံအဖို့ ပထမဆုံးအကြိမ် ဝင့်လည်ခြင်းပေတည်း။

သူတစ်ပါးအပေါ် အေးစက်စက် ပေါ့ပျက်ပျက်ဆက်ဆံရခြင်း၏ ဝေဒနာကိုလည်း ခံစားတတ်လိုက်ပြီ။

ပျောက်ဆုံးသွားသည့် ပစ္စည်းတစ်ခုကိုလည်း နမြောတတ်ရမှန်း သိလာခဲ့ရပြီ။

ရောင်ပို့ဝမ်သည် အလွန်ကြည့်ကောင်းသည့် ပြဇာတ်တစ်ကွက်အား ကြည့်လိုက်ရသည့်အလား သူ၏ကျာပွတ်ကို တစ်ချက်ဝှေ့ယမ်းလိုက်သည်။

ဝမ်းလင်းဝါး၏မျက်လုံးများကား လျှို့ဝှက်သော အပြုံးရိပ်များဖြင့် ပြည့်နက်နေလေသည်။

စင်လုံသည် ရုတ်တရက်လှည့်လိုက်ပြီး ဝမ်းလင်းဝါးအား မေးလိုက်သည်။

"သူ- သူက ဘာကြောင့် ဒီနေရာ---"

ဝမ်းလင်းဝါးက သွက်လက်စွာ ပြောလိုက်သည်။

"ကျုပ် မိခင်က ခင်ဗျားကို အကျုပ်ကိုင်ထားတယ်၊ ချစ်ချစ်



ကို လက်ထဲမှာကိုင်ပြီး ခင်ဗျားကို ဒီနေရာလွှတ်တယ်၊ ဒါကို မလုပ်ဘူးလို့ ကျုပ်မိခင်က သဘောပေါက်တယ်၊ အရာရာမှာ ခင်ဗျား က လွတ်လွတ်လပ်လပ်ရှိတယ်၊ ခင်ဗျားသဘောနဲ့ခင်ဗျား လုပ် ယ်ဆိုတာပဲ ဖြစ်စေချင်တယ်"

"ဒီလိုလား- ဒီလိုဆိုရင်တော့---"

"ဟုတ်တယ်၊ ကျုပ်မိခင် သဘောပေါက်တာ သိပ်ကောင်း ယ်၊ ခင်ဗျား ကျေးဇူးတင်မယ်ဆိုတာလည်းသိတယ်၊ ဒါကြောင့် သူ ကို ဒီလာခွင့်ပေးလိုက်တယ်၊ ခင်ဗျားနဲ့ လေးလေးစားစား တွေ့ဆုံဖို့ စဉ် ပေးလိုက်တယ်"

"ဘာ- လေးလေးစားစား တွေ့ဆုံဖို့ ဟုတ်လား"

"ဟုတ်ပါတယ်၊ ကျုပ်မိခင်က ကျုပ်နဲ့လုံမလေးကြူးချစ်ချစ် ကို စေ့စပ်ကြောင်းလမ်းပေးပြီးခဲ့ပါပြီ၊ ကြူးချစ်ချစ်ကလည်း လက်ခံ က်ပါပြီ"

စင်လုံမှာ နောက်ထပ် ကျာပွတ်ဖြင့် အရိုက်ခံလိုက်ရသကဲ့ ခြေတစ်လှမ်းဆုတ်သွားရပြန်လေသည်။ ထို့ကြောင့် လွှတ်ခနဲ လိုက်မိသည်။

"မင်း- မင်း"

ကြူးချစ်ချစ်က ပေါ့ပျက်ပျက်ဖြင့် ရယ်လိုက်ပြန်သည်။ သူမ မျက်နှာမှာ စင်လုံ၏ အထိတ်တလန့်ဖြစ်ပေါ်သွားသော မျက်နှာ ကြည့်ကာ သရော်လိုက်သည်။

"ဒါ- မင်္ဂလာသတင်းပဲရှင့်၊ ရှင်ကြည့်ရတာ ပျော်ပုံရှင်ပုံ မရဘူး"

"ကျုပ်- ကျုပ်"

စင်လုံမှာ များစွာ ခံစားသွားရတော့သည်။

သူ၏ခံစားချက်များကို ပါးစပ်ဖြင့် ဖွင့်ထုတ်ပြရန်မလွယ်ဘဲ ဖြစ်နေသည်။

လဲပြိုကျသွားမတတ် စိတ်ထိခိုက်သွားသည်။

ဝမ်းလင်းဝါးသည် ယခင်ကတစ်ကြိမ် ကတ္တီပါလက်အိတ် စွပ်ထားသောသံလက်သီးဖြင့် သူ့အား ထိုးခဲ့၏။

ယခုတစ်ကြိမ်တွင်ကား သံလက်သီးဖြင့် မထိုးတော့ပေ။ သကာရည်လိမ်းကျံထားသော လုံချွန်ဖြင့် စင်လုံ၏ အသည်းနှလုံးသို့ ထိုးစိုက်ခဲ့တော့သည်။

စင်လုံသည် အတန်ကြာ ငေးငိုင်ရပ်နေမိသည်။ ထို့နောက် သူ့ကိုယ်သူ ပြန်လည်ထိန်းသိမ်းလိုက်သည်။ သူ၏လက်နှစ်ဖက်ကို ဆုပ်ကိုင်လျက် ဦးညွှတ်ကာ နောက်ဆုံးနှုတ်ဆက်စကား ပြောလိုက်လေသည်။

"ဝမ်းသာပါတယ်၊ တကယ့် မင်္ဂလာသတင်းပါပဲ"

ချစ်ချစ်က မလွဲမကင်းသာပြောလိုက်ရသည့်လေသံဖြင့်-

"ကျေးဇူးတင်ပါတယ်"

သူမ၏ လက်တစ်ဖက်မြောက်လိုက်သောအခါ ကတ္တီပါ လိုက်ကာစသည် ပြက်ခနဲ ပြုတ်ကျလာပြီး လေးဘက်လေးတန် ကာရံပြီးသား ဖြစ်သွားလေတော့သည်။

သူမ၏ အေးစက်သောအကြည့်ကို မတွေ့မြင်ရတော့ပေ။

ပိုးတဝါးခန္ဓာကိုယ်ကိုသာ ရိပ်ရိပ်ကလေးတွေ့ရသည်။ စင်လုံ၏စိတ်ထဲ၌ ကြောက်မက်ဖွယ်ရာ ခါးသီးသည့်အရသာတစ်ခုကို ခံစားရင်း ကျန်ရစ်ခဲ့လေတော့သည်။

သူ၏ရင်ထဲ၌ ဟာလာဟင်းလင်းဖြစ်သွားခဲ့ရချေပြီ။

သို့သော် သူသည် တည့်တည့်မတ်မတ်ရပ်လျက် လူတကာ



နစ်လိုသည့်အပြုံးကို ပြုံးလျက်ရှိနေလေသည်။

ရောင်ပါဝမ်မှာ စင်လုံကိုကြည့်လျက် မလေးစားဖူး လေးစားမိလေတော့သည်။

ဝမ်းလင်းဝါးက ရယ်မောရင်း လှမ်းပြောလိုက်သည်။

"ကျုပ်သိပါတယ်ဗျာ၊ ခင်ဗျားရင်ထဲမှာ မေးစရာ မြန်းစရာ စကားတွေ ရှိနေဦးမယ်လို့"

စင်လုံကပြုံး၍ မေးလိုက်သည်။

"မှန်တယ်- မင်းဟာ အရာရာကို ကြိုတင်သိမြင်တတ်ပါပေတယ်၊ ချစ်ချစ်ကတော့ ရောက်လာပြီ၊ ဝံကြောင်ကလေးက ဘယ်မှာလဲ"

ဝမ်းလင်းဝါးက ခေါင်းတဆတ်ဆတ်ညိတ်ပြရင်း-

"အဲဒီမေးခွန်းကို ကျုပ် မျှော်လင့်မထားမိဘူးဗျာ၊ ဒီမေးခွန်း မေးတဲ့အတွက် ခင်ဗျားကို ကျုပ်ပိုပြီးလေးစားပါတယ်၊ ဒီမေးခွန်းအတွက်လည်း အဖြေရှိတယ်၊ ဝံကြောင်ကလေးဟာ ခင်ဗျားမထင်မှတ်တဲ့ ကိစ္စတစ်ခုကို လုပ်ပြပါလိမ့်မယ်"

"လုပ်ပြတာ မလုပ်ပြတာ ထားပါ၊ သူအခု ဘယ်မှာရှိသလဲ"

"သူ- အခုတော့"

ဝမ်းလင်းဝါးသည် စကားကို ဆုံးအောင်မပြောပါချေ။ ထိုအချိန်မှာပင် လေးဘက်လေးတန်မှ အော်ဟစ်ခေါ်သံများ ကြားလိုက်ရတော့သည်။

"သခင်လေး စင်လုံ- သခင်လေး စင်လုံ၊ ရှင်ပျော်ပျော်မြူးစားကြီးက သခင်လေးကို မြန်မြန်ကြွခဲ့ဖို့ ဖိတ်ခေါ်လိုက်ပါတယ်"

အော်ဟစ်သံများသည် သူတို့အနီးသို့ တဖြည်းဖြည်းနီးကပ်လာတော့သည်။ ဝမ်းလင်းဝါးသည် စင်လုံအား အရေးတကြီး ကြည့်

လိုက်ပြီး---

"ကဲ- ခင်ဗျား မြန်မြန်သွားပေတော့၊ ကျုပ်က ဒီပတ်ဝ
ကျင်မှာ အမြဲရှိနေမှာပါ၊ ခင်ဗျားနဲ့ အဆက်အသွယ်ပြတ်မှာ မဟု
ပါဘူး"

စင်လုံသည် ဝမ်းလင်းဝါးကို တစ်ချက် ရှုးရှုးရှုရှုကြည့်လို
ပြီး အသံများကြားရာသို့ ထွက်ခွါသွားလေတော့သည်။

❁

**အခန်း(၃၄)**

**မိတ်ဆွေစစ်နှင့် မိတ်ဆွေတု**

---

ခရမ်းချဉ်သီး အရည်ကဲ့သို့ ပျစ်နှစ်နေသည့် အရည်တစ်ခွက်ကို ရွှေခွက်ထဲသို့ လောင်းထည့်ပြီး ရှင်ပျော်ပျော်မြို့စားကြီးသည် တရှိန်ထိုး မော့ချလိုက်တော့သည်။

ထို့နောက် သူသည် ကျယ်လောင်သောအသံဖြင့် ညည်းညည်းညူညူ ပြောနေပြန်တော့သည်။

"အရက်နာ- အရက်နာ တယ်ဆိုးတဲ့ အရက်နာပါလား"

စင်လုံသည် ခုတင်ပေါ်၌ ပြန်လှဲချလိုက်သည့် ရှင်ပျော်ပျော်မြို့စားကြီးအား ပြုံးရယ်ကြည့်ရင်း အားပေးစကား ပြောကြားလိုက်ရသည်။

"သူ့ရဲ့ကောင်းကြီးတွေ အရက်နာ မကျတတ်ရင် လုပတဲ့မိန်းကလေးတွေ စိတ်မညစ်တတ်သလို ဖြစ်နေမှာပေါ့၊ တစ်ခုခုကတော့

ဆိုးဆိုးရွားရွားကလေး ခံစားရမယ်ဗျာ၊ အားလုံးပြည့်စုံဖို့ မဖြစ်နိုင်ဘ[illegible]
အရက်တွေ အရမ်းသောက်ပြီးရင် ဆိုးကျိုးတစ်ခုတော့ ခံစားရမှာ[illegible]
မင်းပြောတာတစ်ခုလည်း ငါသဘောကျတယ်ကွ၊ သမိုင်းရေးတဲ့ပည[illegible]
ရှိကြီးတွေသာ မှတ်တမ်းတင်ရေးသားထားခဲ့ရင် အရက်နာကျ[illegible]
သူ့ရဲ့ကောင်းကြီးတွေရဲ့အမည်စာရင်းကို မဆုံးနိုင်အောင် ဖတ်ရမှာပဲ[illegible]

ရှင်ပျော်ပျော်မြို့စားကြီးသည် ရုတ်တရက်အရယ်ရပ်သွားပြ[illegible]

"ညီလေးစင်လုံ၊ ခုနေအခါမှာ မင်းဘာကို စိတ်အဝင်စား[illegible] လဲ၊ မင်းစိတ်ဝင်စားနေတာတစ်ခု ပြောကွာ"

"ကျွန်တော်ရှောင်ကျင်းလိန်ကို စိတ်ဝင်စားနေတယ်၊ ဗိုည[illegible] ဂိုဏ်းချုပ်သခင်မရဲ့စခန်းကို နောင်တော်ကြီးသိပြီလား၊ ရှောင်ကျင်းလိ[illegible] ပြန်ရောက်လာပြီလား"

"ဟာ- ဒီကိစ္စကို ငါ စိတ်မဝင်စားဘူးကွာ၊ ပြောမနေ[illegible] ပါနဲ့"

ရှင်ပျော်ပျော်မြို့စားကြီးသည် မျက်မှောင်ကုတ်ရင်း ငြင်းပ[illegible] လိုက်လေသည်။

စင်လုံကမူ ထိုစကားကိုပင် ထပ်မေးသည်။ ရှင်ပျော်ပ[illegible] မြို့စားကြီး စိတ်မဝင်စားသည့်ကိစ္စကို နောက်တစ်ကြိမ် မေးရဲသူ[illegible] စင်လုံတစ်ယောက်သာရှိပေလိမ့်မည်။

"ရှောင်ကျင်းလိန် ပြန့်မရောက်သေးဘူးမဟုတ်လား"

"မှန်တယ် သူအခုထက်ထိ ပြန်မရောက်သေးဘူး"

သူသည် ခုတင်ဘေးရှိစားပွဲကို လက်သီးဖြင့်ဝုန်းခနဲထုချ[illegible] ကျယ်လောင်စွာ အော်ဟစ်လိုက်သည်။

"အေး- သူမြန်မြန်ပြန်လာရင်ပြန်လာ၊ မလာလို့ကတော[illegible] မလွယ်ဘူး၊ တစ်သက်လုံး ပြန်မလာနိုင်ဘဲ ဖြစ်သွားစေရမယ်"



စင်လုံသည် ညည်းညည်းညူညူ ပြောလိုက်မိသည်။

"တယ်လဲ အစွမ်းထက်တဲ့ အမျိုးသမီးပါလားဗျာ၊ ဒါပေမယ့် တစ်နေ့နေ့ တစ်ချိန်ချိန်မှာတော့ မင်းဘယ်သူဆိုတာ သိရမှာပေါ့ကွာ၊ ဒီ တစ်နေ့နေ့ တစ်ချိန်ချိန်ဟာလည်း မဝေးတော့ပါဘူး"

ရှင်ပျော်ပျော်မြို့စားကြီးသည် ရုတ်ခြည်း အမူအရာပြောင်းလဲ သွားပြီး ပြုံးပြုံးရွှင်ရွှင်ဖြစ်လာသည်။

"ညီလေး ဒီကိစ္စ စိတ်ဝင်စားစရာမကောင်းပါဘူး၊ ငါ့မှာတခြား စိတ်ဝင်စားစရာ ကိစ္စတစ်ခုရှိနေတယ်ကွ"

"နောင်တော်ကြီးပြောမှ ကျွန်တော်သိရမှာပဲ၊ ကျွန်တော်ကော စိတ်ဝင်စားစရာဖြစ်ပါ့မလား"

ရှင်ပျော်ပျော်မြို့စားကြီးက ဟက်ဟက်ပက်ပက် ရယ်မောလိုက်လေသည်။

"အာ- မင်းက ငါ့ထက်တောင် ပိုစိတ်ဝင်စားဦးမယ်၊ ဒီနေ့ ငါ့ဆီကို ဟိုအဝေးကြီးက လူတစ်ယောက်ရောက်လာခဲ့တယ်ကွ"

"ဘယ်သူများပါလိမ့်"

"မိုးအောက်မြေပြင်က သူ့ရဲ့ကောင်းကြီးကွ"

"မိုးအောက်မြေပြင် သူ့ရဲ့ကောင်းကြီးတဲ့လား၊ တစ်ခါမှလဲ မကြားဘူးပါလားဗျာ"

"မင်းသာ မကြားဘူးတာ၊ သူက နာမည်ကျော်ပဲ၊ အရက် မြင်သောက်ရင် မင်း သူ့ကိုမနိုင် နိုင်သလို သိုင်းပညာကလည်း မင်း ထက်တော့ ညံ့မယ်မထင်ဘူး၊ သူက အဖေမဲ့လူကြီးနဲ့လက်ဝါးချင်းယှဉ် ခဲ့တယ်၊ ခုနစ်ကွက်မြောက်မှာ အဖေမဲ့လူ ရှုံးနိမ့်သွားခဲ့ရတယ်"

စင်လုံမှာ အကြီးအကျယ် မျက်နှာပျက်သွားတော့သည်။ ထိုလူကို သူ မှန်းဆ၍ရလေပြီ။

"အဲဒီလူ အခု ဘယ်မှာလဲ"

ရှင်ပျော်ပျော်မြို့စားကြီးသည် တစ်ကိုယ်လုံးလှုပ်၍ ရယ် လိုက်လေသည်။

"မင်းနဲ့သူဟာ အတူတူပါပဲ၊ နှစ်ယောက်စလုံး ငါ့ညီ တော်တွေချည်းပဲ၊ မိုးအောက်မြေပြင်မှာရှိတဲ့ အကျော်အမော်သိ မားတွေ ဒီမှာဆုံကြမယ်"

သူသည် ပြောရင်းဆိုရင်း ခုတင်ပေါ်မှဆင်း၍ မတ် ရပ်လိုက်သည်။

"အခုတော့ အဲဒီသူရဲကောင်းက အခန်းတစ်ခန်းထဲမှာ နားတမ်း အရက်သောက်နေတယ်၊ သူဟာ မင်းနဲ့ အရက်ခွက်သုံ ပြိုင်သောက်မယ်တဲ့၊ ကဲ--လာ"

ရှင်ပျော်ပျော်မြို့စားကြီးသည် စင်လုံ၏လက်ကိုဆွဲ ဝက်ပါပုံစံဖြစ်နေသည့် စင်္ကြံလမ်းအတိုင်း ခေါ်ဆောင်သွား၏။

အတန်ကြာလျှောက်လာပြီးသောအခါမှ ယင်းလိပ်တ ကာရံထားသည့် အခန်းတစ်ခန်းသို့ ရောက်ရှိလာသည်။ ထိုယင်းလိ နောက်ကွယ်မှ အရက်ခွက်ချသံ၊ အရက်လောင်းထည့်သံ၊ ချည်သံ ကို ကြားလိုက်ရသည်။

ထိုစဉ် ယင်းလိပ်သည် တဖြည်းဖြည်း အပေါ်သို့တက် သည်။ ယင်းလိပ်ဆွဲတင်သူမှာ ယဲ့အော်ဖြစ်သည်။ ရှင်ပျော် မြို့စားကြီးကို တွေ့လိုက်ရသောအခါ ခေါင်းကလေးပုသွားပြီး နော ဆုတ်ပြေးသွားတော့သည်။

ထိုအခန်းတွင်းမှ အမျိုးသမီးတစ်ယောက် ရယ်ရယ် မောမောပြောနေသည့်အသံများကို ကြားလိုက်ရလေသည်။

"ဟုတ်တယ် ၊ ဒီအရက်တွေကုန်အောင် မသောက်ရင် 



ပိစိတ်ဆိုးမှာပဲ၊ ရှင့်လျှာကိုလည်း ကိုက်ဖြတ်ပစ်မယ်"

ထိုစဉ် ယောကျ်ားတစ်ယောက်၏ အရက်မူးသံနှင့် ပြော နေသည့် စကားသံကိုကြားလိုက်ရသည်။

"အရက်ခွက် သုံးဆယ်ဟုတ်လား။ အရက်ခွက်သုံးဆယ်ကို များ မင်းက အဆန်းလုပ်ပြီးပြောနေသေးတယ်၊ လာစမ်းပါ၊ ရှိရှိသမျှ အရက်တွေ ဇလုံထဲလာသွန်ချစမ်း။ ငါအကုန်လုံး သောက်ပြမယ်၊ ပြီး တော့မှ မင်းသောက်နိုင်းတဲ့အရက်ခွက်သုံးဆယ်ကို သောက်ပြမယ်"

ထိုလူသည် အရက်သောက် များနေပြီဖြစ်၍ လျှာလေးအာ လေးဖြစ်နေချေပြီ။

သို့သော် ဤအသံသည် သူအလွန်ရင်းနှီးစွာကျက်မိနေသည့် အသံဖြစ်၍ အခန်းထဲသို့ လျင်မြန်စွာ ဝင်သွားမိလေသည်။

အခန်းထဲ၌ အမျိုးသမီးငါးယောက်သည် ကခုန်နေကြသည်။ သူတို့၏ ကကြိုးကကွက်များမှာ ကသောင်းကနင်းဖြစ်နေသည်။ သူတို့ အားလုံး မူးနေကြပေပြီ။

လူတစ်ယောက်သည် ထိုမိန်းကလေးများ၏အလယ်၌ အခန် ထောင့်ကာ ရွှေဇလုံထဲမှအရက်များကို တစ်ခွက်ပြီးတစ်ခွက် သောက် နေလေသည်။

ထိုလူသည် မိန်းကလေးများကို မူးယစ်ရီဝေနေသည့် အ ကြည့်ဖြင့် ကြည့်နေသည်။ သူ၏မျက်ခုံးထူထူကြီးများက သူ၏ရုပ်သွင် ကို ပိုမိုထင်ရှားခန့်ညားစေ၏။

သူသည် အင်္ကျီကို ကပိုကယိုဝတ်ဆင်ထား၏။ သူ၏ ကြွက် သား အပြောင်းအပြောင်းထနေသော ရင်ဘတ်ကြီးကိုလည်း မြင်တွေ့ ရသည်။

ထိုမျက်လုံး၊ ထိုမျက်ခုံး၊ ထိုခန္ဓာကိုယ်ဖြင့် အရက်တစ်ခွက်

ပြီး တစ်ခွက်သောက်နေသူသည် ဝံကြောင်ကလေးမှလွဲ၍ မည်… ဖြစ်နိုင်ပါတော့အံ့နည်း။

ထိုတခဏ်အတွင်း စင်လုံမှာ ဝမ်းသာရမည်လား၊ ဝမ်း… ရမည်လား မသိတတ်တော့ဘဲ ပူနွေးသော မျက်ရည်ပေါက်ကြီးများ… တလိမ့်လိမ့် ပါးပြင်ပေါ်သို့ စီးဆင်းကျလာလေသည်။ သူ့ရဲ့ကော… သည်လည်း မျက်ရည်ကျတတ်လေသည်တကား။

စင်လုံသည် ရင်ထဲမှ ရေရွတ်နေသည်။

"ဝံကြောင်ကလေး၊ နောက်ဆုံးတော့ မင်းလည်း ဒီကို… နေရတော့တာကိုး"

သူသည် သူ၏မိတ်ဆွေကြီးကို အသက်ရှင်လျက် တွေ့… ရသဖြင့် ရင်ထဲ၌ ကြည်နူးသွားခြင်းသာဖြစ်ပါတော့၏။

အခန်းတံခါးဝ၌ စောင့်ဆိုင်း၍ကြည့်နေမိသည်။ ထိုအခိုက်… ရှင်ပျော်ပျော်မြူးတူးကြီးသည် သူ့အပါး၌မရှိတော့ချေ။ သူ့အား အ… ထားရစ်ကာ ထွက်ခွါသွားလေပြီ။

မိတ်ဆွေနှစ်ဦးအား တမင်သက်သက် တွေ့ဆုံပေးခြင်းဖြ… ရှိလေသည်။

ဝံကြောင်ကလေးသည် ရွှေဇလုံကြီးကို မ လျက် … များကို အကုန်အစင်မော့ချလိုက်လေသည်။ အရက်များသည် နှ… လေးမှပင် ရင်ဘတ်ပေါ်သို့စီးကျလာခြင်းဖြစ်၏။ သူသည် အရ… ကို အောက်သို့ပစ်ချလိုက်ပြီး---

"ထွီ- အရက်ခွက်သုံးဆယ်တဲ့၊ ရယ်တောင် ရယ်လို… သေးတယ်၊ အခု အရက်ကုန်ပြီ၊ ဘယ်မှာလဲ နောက်ထပ်အရ… ကို ဘယ်သူအရက်ထပ်တိုက်ဦးမလဲကွ"

စင်လုံသည် ပြုံးရယ်ရင်း အော်လိုက်သည်။



"ဟော့- ငါတိုက်မယ်"

ဝံကြောင်ကလေး၏မျက်လုံးများသည် ရုတ်တရက်ပြူးကျယ် …ပြီး အသံကြားရာသို့ ဟိုဟိုသည်သည် လိုက်လံရှာဖွေလိုက်သည်။ …ခင် စင်လုံကို မြင်တွေ့သွားတော့သည်။

သူသည် တခဏ်မျှ မင်တက်ငေးကြောင်သွားသည်။ ထိုတခဏ် …ဆုံးသွားသည်နှင့် အားရပါးရအော်ဟစ်လိုက်လေတော့သည်။

သူသည် ရွှေဇလုံကိုကိုင်ပေါက်ပစ်လိုက်ပြီး ချက်ချင်း ဝုန်းခနဲ …လိုက်သည်။

"စင်လုံ- စင်လုံ-အစ်ကိုကြီးစင်လုံ၊ ခင်ဗျား- ခင်ဗျား မသေ …ဘူး"

သူသည် စင်လုံကို အရူးအမူးပြေး၍ ပွေ့ဖက်လိုက်လေသည်။ …ကိုယ်လုံးမှ ချွေးနံ့ အရက်နံ့များ တရှိန်ရှိန်ထွက်နေသည်။ သို့သော် …နံ့များသည် မိန်းကလေးများကိုယ်သင်းနံ့ထက် မွှေးကြိုင်သည်ဟု …မိတော့သည်။

သူဖက်ထားသည်မှာ သူ့မိတ်ဆွေဖြစ်၏။ သူ့အား အရူးအ… ဖက်ထားသူမှာ သူ့မိတ်ဆွေဖြစ်သည်။ ထို့ပြင် သူတို့နှစ်ဦးစလုံး …နှင့်ကိုယ်မြဲလျက် ရှိချင်မှရှိမည်ဟု မှန်းဆထားရသည့် မိတ် …ဦးလည်းဖြစ်သည်။

ထိုမိတ်ဆွေနှစ်ဦးသည် တစ်ကမ္ဘာလုံးကို မေ့လျော့ပြီး …နှင့်တစ်ဦး ချစ်ခင်ရင်းနှီးစွာ ဖက်လှဲတကင်း ဖြစ်နေခြင်းအတွက် …မှာ အပြစ်တင်လာပါအံ့နည်း။

❁

ဒိန်းဒလိန်းမြည်ဟီးနေသော မိုးခြိမ်းသံများသည် ထ
ကောင်းကင် အရပ်ရှစ်မျက်နှာအနှံ့ ထွက်ပေါ်နေသည်။ ကြီးမားသေ
မိုးပေါက်ကြီးများကလည်း တဝေါဝေါသွန်ချနေသည်။

စင်လုံနှင့် ဝံကြောင်ကလေးတို့နှစ်ဦးသည် တစ်ယော
လက်ကို တစ်ယောက်ဆွဲရင်း မိုးရေထဲလမ်းလျှောက်နေကြလေသည

သူတို့သည် ခွိုက်ဟိုလင်သစ်တောဥယျာဉ်အတွင်း၌ လ
လျှောက်နေကြသည်။ သူတို့၏ပတ်ဝန်းကျင်၌ သူတို့မှအပ အ
မည်သူမျှ မရှိပါချေ။

သွန်းချလိုက်သည့် မိုးစက်မိုးပေါက်များ ပြင်းထန်လှသ
သစ်ရွက်များပင် ပြုတ်ကျလုမတတ် လှုပ်ခါနေသည်။ ပြင်းထ
ဝေ့ယမ်းတိုက်ခတ်လာသည့်လေကြောင့် သစ်ပင်ကြီးများသည် တ
သရဲများနှယ် ယိမ်းထိုးနေလေသည်။

မိတ်ဆွေနှစ်ယောက်၏ အသည်းနှလုံးများသည်လ
မမျှော်လင့်ဘဲ ပြန်လည် ဆုံတွေ့ရခြင်းအတွက် လှုပ်ရှားယိ
နေကြသည်သာဖြစ်ပါ၏။

အကြင်မိတ်ဆွေသည် စိတ်နှလုံးကို ရွှင်ပြုံးနှစ်သက်စေ
သည်။ ချမ်းသာ၊ ချမ်းသာ၊ ဆင်းရဲ ဆင်းရဲ မိမိနှင့် မခွဲမခွါ



နေလေသည်။ ထိုမိတ်ဆွေမျိုးကား တောင်ထဲမှ ပတ္တမြားရတနာရရှိရန်
က်ခဲ့သကဲ့သို့ ပေတော့၏။

ပြည်စုံကြွယ်ဝသောအခါ၌ ပစ္စည်းဥစ္စာရရှိခံစားလိုသော
ကြောင့် ရောက်ရှိလာသည့်မိတ်ဆွေမျိုးကား လမ်းတကာ၌တွေ့ရသော
ကျောက်ခဲသလဲကဲ့သို့ ပေါများ၏။ သစ်တော၌တွေ့ရသော သစ်ရွက်
မြောက်ကဲ့သို့ ပေါများလှ၏။

ပစ္စည်းဥစ္စာဆုံးပါးခြင်း၊ အခက်အခဲ ကြုံတွေ့ခြင်းတည်း ဟူ
သော မှတ်ကျောက်သည် မိတ်ဆွေစစ်နှင့် မိတ်ဆွေတုကို ခွဲခြား
ပေလေ၏။

သူတို့နှစ်ယောက်သည် တစ်ကိုယ်လုံး မိုးရေများ ရွှဲရွဲစိုလျက်
နေ၏။ သူတို့နှစ်ယောက်ကို ရွှင်ပျော်ပျော်မြူးစားကြီးက လွတ်လပ်စွာ
ပွေ့ဖက်ခွင့်ပေးထား၏။

တစ်ခေတ်၌ တစ်ယောက်သော ထင်ရှားကျော်ကြားလှသည့်
အကျော်အမော် ရွှင်ပျော်ပျော်မြူးစားကြီး၌ လှသားဆန်လှသည့်
သည်းနှလုံးရှိကြောင်း စင်လုံသိလိုက်ရလေပြီ။

ဤမိတ်ဆွေနှစ်ဦး၏ကိစ္စတွင် ရက်စက်ကြမ်းကြုတ်မှု တစ်ခု
မရှိကြောင်း သိခဲ့ရလေပြီ။

ဝံကြောင်ကလေးသည် ဒယိမ်းဒယိုင်ဖြင့် လျှောက်ရင်း ပါးစပ်မှ
တွတ်တွတ်ပြောနေ၏။

"မိတ်ဆွေ၊ အရက်၊ လောကမှာ ဒီနှစ်မျိုးကအရေးအကြီး
။ မိတ်ဆွေလည်းမရှိ၊ အရက်လည်း မရှိတော့ဘူးဆိုရင် ကိုယ့်
ကို သတ်သေဖို့ပဲကောင်းတယ်၊ အဲဒီ ပထမဆုံး သတ်သေတဲ့
လည်း ကျွန်တော်ပဲဖြစ်မှာပဲ"

စင်လုံသည် ဝံကြောင်ကလေးကို ဖေးမ ထူတွဲရင်း ခပ်ပြုံး

ပြုံးပြောလိုက်သည်။

"ကြောင်ကလေး- မင်း အရက်သောက်တော့ သိပ်များသွားပြီ"

ဝံကြောင်ကလေးသည် မူးယစ်ရီဝေနေသော မျက်လုံးများဖြင့် စင်လုံအား ကြည့်ပြီးမေးလိုက်သည်။

"အရက်သောက် များသွားတယ်၊ ဘယ်သူ များသွားလို့လဲ"

စင်လုံက ရယ်လိုက်သည်။

"ကြောင်ကလေး၊ အူကြောင်ကြောင် လုပ်မနေစမ်းနဲ့ကွာ၊ မင်းကို မေးစရာရှိသေးတယ်၊ သိပ်အချိန်ကုန်ခံလို့ မဖြစ်ဘူးကွ၊ နောက်ဆိုရင် ဒီလိုအခွင့်အရေးမျိုးရဖို့ မလွယ်တော့ဘူးကွ"

စင်လုံ၏စကားက မှန်ပါသည်။ ဤလိုနှစ်ယောက်ချင်းတွေ့နိုင်သည့် အခွင့်အရေးမျိုးကို နောက်တစ်ကြိမ်ရဖို့ မလွယ်ပါ။

ထို့ပြင် ယခုအချိန်သည် လျှို့ဝှက်သောစကားကို ပြောဆိုရန် အကောင်းဆုံးသော အခြေအနေ အချိန်အခါဖြစ်နေသည်။ မိုးသံလေသံကြောင့် သူတို့၏ပြောစကားကို သုံးပေအကွာအဝေးအပြင်မှ မည်သို့မျှ ကြားနိုင်လိမ့်မည်မဟုတ်ပါချေ။

"အခုသောက်ထားတဲ့ အရက်ကတော့ရှိစေတော့၊ နောက်ထပ်အရက်မူးလို့တော့ မဖြစ်ဘူး ကြောင်ကလေး၊ အရက်မူးတဲ့လူဟာ နှုတ်မလုံဘူး၊ ရှုးရှုးမူးမူးလျှောက်ပြောရင်း ငါတို့ရဲ့ လျှို့ဝှက်ချက်တွေ ပေါက်ကြားသွားရင် မလွယ်ဘူးမှတ်ပေတော့"

ဝံကြောင်ကလေးက အော်ကြီးဟစ်ကျယ် ရယ်လိုက်လေသည်။

"အစ်ကိုကြီးကလဲဗျာ၊ ကျွန်တော့်ကို အထင်သေးလိုက်တာ ကြောင်ကလေးနှုတ်မလုံရင် ကြောင်ကလေးရဲ့လျှာကို ဖြတ်ပစ်လိုက်



ကြောင်ကလေးနှုတ်မလုံရင် ကြောင်ကလေးရဲ့လျှာကို ဖြတ်ပစ်လိုက်"

"ထားစမ်းပါ၊ နားထောင်၊ မင်းနဲ့ချစ်ချစ်ကို ဘာဖြစ်လို့လွှတ်ပေးလိုက်တာလဲ၊ ငါတော့ လုံးဝ နားမလည်ဘူး၊ သူ့လုပ်ရပ်ကွက်ကို ငါတော့ လိုက်မမီအောင်ဖြစ်နေပြီ"

"အဲဒါပေါ့ဗျ- သူဟာ ဘယ်သူမှမထင်တဲ့ အကွက်တွေကို လျှောက်လုပ်နေတာပဲ"

"ချစ်ချစ်နဲ့ ဝမ်းလင်းဝါး စေ့စပ်ကြောင်းလမ်းတာကော သိရဲ့လား"

"ဗျာ- ဘယ်လို ဘယ်လိုဖြစ်တာလဲဗျာ"

"ဘယ်လိုမှ မဖြစ်ဘူး၊ သူတို့ စေ့စပ်ကြောင်းလမ်းတာကတော့ သေချာတယ်"

ဝံကြောင်ကလေးမှာ ညည်းညည်းညူညူ ပြောလိုက်မိတော့သည်။

"ဟင်း- မိန်းမ- မိန်းမ တယ်လဲ အသိရခက်တဲ့ မိန်းမတွေပါလား၊ ချစ်ချစ်ရဲ့စိတ်ထဲမှာကော ကျေကျေနပ်နပ်ရှိရဲ့လားဗျာ"

"မိန်းမဆိုတာ ဆောင်းလေပမာလိုပါပဲကွာ၊ သူတို့ရဲ့ စိတ်ကိုသိဖို့ဆိုတာ မလွယ်ပါဘူး၊ သရဲကိုမြင်ဖူးမှပဲ မိန်းမတွေရဲ့စိတ်ဓာတ်ကို သိတော့မှာပါ၊ တစ်ခုတော့ရှိတယ်၊ ဝမ်ကတော်က ဘယ်လိုအကွက်ဆင်မှန်းမသိဘူး၊ ချစ်ချစ်ကိုတော့ အရမ်းအပြစ်တင်လို့ ဖြစ်မယ်မထင်ဘူး"

ဝံကြောင်ကလေးက---

"ဘာပဲဖြစ်ဖြစ်ဗျာ၊ ခင်ဗျားရဲ့စိတ်ကိုတော့ ချစ်ချစ် သိဖို့ကောင်းပါတယ်"

စင်လုံသည် မဲ့ပြုံးပြုံးရင်း---

"အဲဒါ မလွယ်တဲ့ကိစ္စပဲကွ၊ ငါ့စိတ်ဓာတ်ကိုသိနိုင်တဲ့လူဟာ အတော့်ကိုတော်တဲ့လူလို့ ဆိုရမှာပဲ၊ ဘာဖြစ်လို့လဲဆိုတော့ တစ်ခါတစ်ရံ ငါတောင်ငါ့စိတ်ဓာတ်ကို မသိလို့ဘဲကွ၊ ငါဆိုတဲ့လူမျိုးက ချစ်လေလေ ပိုပြီး အေးစက်စက်နိုင်လေလေ လူမျိုး။ ဒါကို ချစ်ချစ်သဘောမပေါက်ဘူး။ တကယ်တော့လဲ သူ့အပြစ်လို့ မဆိုနိုင်ဘူးပေါ့လေ"

"အဲဒါခက်တာပဲ၊ အစ်ကိုကြီးက အားလုံးကို ပေါ့ပေါ့စဉ်းစားလေ အစ်ကိုကြီးမှာ ဝန်ထုပ်ဝန်ပိုးတွေပိလေပဲ၊ အဲဒီ ဝန်ထုပ်တွေက အစ်ကိုကြီးကို တစ်နေ့ သတ်သွားလိမ့်မယ်"

"မှန်တယ်ကွာ၊ မင်းပြောတာ မှန်တယ်"

"ဒါနဲ့များဗျာ၊ ဘာဖြစ်လို့ ကိုယ့်ပခုံးပေါ်မှာရှိတဲ့ ဝန်ထုပ်ဝန်ပိုးတွေကို လျှော့မချပစ်တာလဲ"

"အေးလေ၊ တစ်ခါတစ်ရံတော့လဲ ငါလည်း အဲဒီလိုတွေးမိတာပါပဲကွာ၊ ငါတစ်ယောက်တည်းမှ ဘာဖြစ်လို့ ဒီလောက် ဝန်ထုပ်ဝန်ပိုးတွေများနေရတာလဲလို့၊ စင်စစ်တော့ တာဝန်သိတဲ့လူပိုပြီး ဝန်ပိတာပါပဲကွာ၊ နောက်တစ်ခုလဲ တွေးမိသေးတယ်၊ ရှင်ပျော်ပျော်မြို့စားကြီးဟာ လူရိုးကြီးတော့ဖြစ်တယ်၊ ဒါပေမယ့် ငါ့အပေါ်တော့ တကယ့်ကို ကောင်းတဲ့လူကြီးဖြပ်နေတယ်၊ ကိုယ့်အပေါ် ဒီလောက်ကောင်းတဲ့လူကို ဘာကြောင့် သတ်ချင်ဖြတ်ချင်ဖြစ်နေရတာလဲ၊ အဲဒီအလုပ်က တရားမျှတရာကော ကျရဲ့လားလို့ ငါခဏခဏတွေးမိပါတယ်"

မိုးသီးမိုးပေါက်များ တဝေါဝေါသွန်းချရွာနေသည်။ စင်လုံသည်လည်း သူ၏ရင်ထဲမှ မျိုသိပ်ခံစားမှုများကို သွန်ထုတ်နေသည်။

အနှစ်နှစ်အလလက သိမ်းဆည်းထားခဲ့သော တစ်ကြိမ်တစ်ခါမျှ ဖွင့်ဟခြင်းမရှိခဲ့သော ခံစားမှုများကို အားလုံး ထုတ်ဖော်ပြောပြ



နေတော့သည်။

ဝံကြောင်ကလေးသည် စင်လုံကိုမကြည့်ဘဲ မြိမ်သက်တိတ်ဆိတ်စွာ နားထောင်နေသည်။ စင်လုံသည် မနားတမ်းပြောနေရာမှ နောက်ဆုံးပြောလိုက်သည်။

"တကယ်တမ်းကျတော့ ငါ့အပေါ်မှာရှိတဲ့ တစ်ချို့ ဝန်ထုပ်ဝန်ပိုးတွေဟာ လုံးဝ ဖယ်ချမပစ်သင့်တဲ့ဟာမျိုးတွေ ဖြစ်နေတယ်"

ဝံကြောင်ကလေးက မှတ်ချက်ချလိုက်သည်။

"တရားမျှတတာ၊ မမျှတတာ အကြောင်းမဟုတ်ဘူး။ အစ်ကိုကြီးအနေနဲ့ ကြီးမားတဲ့မြို့ငဘက်ကြီးတွေကို ကံ၊ ဉာဏ်၊ ဝီရိယ သုံးပြီး ဖယ်ရှားပစ်ဖို့ကြိုးစားနေမှုကို ကျေနပ်နှစ်သိမ့်နေတာပဲ ဖြစ်ရမယ်၊ အဲဒီနှစ်သိမ့်မှုကပဲ ဝန်ထုပ်ဝန်ပိုးကြီးတစ်ခု ဖြစ်ရမယ်"

"မဟုတ်ဘူး မဟုတ်ဘူး။ အဲဒီလိုလဲ မဟုတ်ဘူး။ တစ်ချို့လူတွေဟာ တစ်ဦးတစ်ယောက်အတွက် ကောင်းနေ၊ တော်နေပေမယ့် လူသားအများစုအတွက် အင်မတန်အန္တရာယ်ကြီးမားတဲ့လူမျိုးဖြစ်နေတတ်ပါတယ်၊ ဒါကြောင့် တစ်ခါတစ်ရံ ကိုယ်ကျိုးခံစားမှုကို ဘေးဖယ်ပြီး လုပ်နေရတာပေါ့။ အခုကိစ္စမှာလဲ ဒီသဘောပါပဲ၊ ရှင်ပျော်ပျော်မြို့စားကြီးဟာ လူ့အသိုင်းအဝိုင်းမှာ မလိုလားအပ်တဲ့ အန္တရာယ် အဆိပ်ဆူးကြီးပဲ၊ ဒီဆူးကြီးကို ဖယ်ကို ဖယ်ရှားပစ်ရမယ်၊ ဝမ်ကတော်မိသားစုဟာ လူသူတော်ကောင်းတွေ မဟုတ်ဘူး။ အင်မတန်ကောက်ကျစ်ရက်စက်ယုတ်မာတဲ့ လူတွေဖြစ်တယ်၊ ဒါပေမယ့် အခြေအနေအရ သူတို့နဲ့ မပေါင်းလို့မရဘူး။ ခေတ္တတော့ ပေါင်းနေရမှာပဲ"

ဝံကြောင်ကလေးက ဖြည်းညင်းစွာမေးလိုက်သည်။

"အစ်ကိုကြီးပြောတာတွေဟာ အစ်ကိုကြီးရဲ့ရင်ထဲက ခံစားချက်တွေဆိုတာ ကျွန်တော်သိပါတယ်၊ ဒါပေမယ့် တကယ့် လျှို့ဝှက်

ချက်တွေကိုတော့ မပြောသေးဘူးလို့ ကျွန်တော်ထင်တယ်"

"ဟုတ်တယ် မပြောသေးဘူး"

"ဘယ်တော့ ပြောမှာလဲ"

"ရှင်ပျော်ပျော်မြူးစားကြီး သေတဲ့အခါကျတော့ ပြောပြမှာပေါ့ကွာ"

ဝံကြောင်ကလေးက ရယ်မောလိုက်ပြီး--

"အဲဒါတော့ အစ်ကိုကြီးမှားနေပြီ၊ ရှင်ပျော်ပျော်မြူးစားကြီးက ခင်ဗျားထက် စောသေမယ့်လူမှ မဟုတ်တာဘဲဗျာ"

သူ၏စကားမဆုံးမီမှာပင် သူ၏လက်များက စင်လုံ၏ အရေးအကြီးဆုံး သွေးကြောခုနစ်နေရာကို ပိတ်လိုက်တော့သည်။ သူ့စကားဆုံးသွားသည့်အခါ စင်လုံအား တံထောင်ဆစ်နှင့်တွက်ချ တွန်းလှဲပြီးလေပြီ။

စင်လုံမှာ မယုံကြည်နိုင်လောက်အောင်ဖြစ်သွားမိသည်။ သူသည် မြေကြီးပေါ်၌လဲကျနေရင်းမှ မသဲမကွဲ မပီမသ မေးနေသည်။

"ကြောင်- ကြောင်ကလေး- မင်းရူးနေပြီလား"

ဝံကြောင်ကလေးသည် ကောင်းကင်ကို မော့ကြည့်လျက် တ ဟား ဟားအော်ရယ်လိုက်လေတော့သည်။

သူသည် လုံးဝ အရက်မူးပြေသွားခဲ့လေပြီ။ သူ၏အသံသည်လည်း တဖြည်းဖြည်းပြောင်းလဲ သွားခဲ့လေသည်။

သူ၏ ရယ်သံ ပြောင်းလဲလာသည်နှင့်အမျှ စင်လုံလည်း တဖြည်းဖြည်း မျက်နှာပျက်လာမိတော့သည်။

"ဟင်- ငါ- ငါမှားပြီ၊ မင်း မင်းဟာ ဝံကြောင်ကလေး မဟုတ်ဘူး"

ဝံကြောင်ကလေး၏ရုပ်ရည်သွင်ပြင်ဖြစ်သော်လည်း ဝံကြောင်



ကလေး၏အသံနှင့် လုံးဝမတူသောအသံသည် သူ့နှုတ်ဖျားမှ ထွက်ပေါ်လာလေသည်။

"ခင်ဗျား အခုမှသိတာ သိပ် အသိနောက်ကျမနေဘူးလား"

စင်လုံသည် မပီမသ ဆက်ပြောနေမိသည်။

"သိပြီ- သိပြီ၊ ခင်- ခင်ဗျား လုံစစ်ပိုင်"

"ဟား- ဟား- ဟား ခင်ဗျား စောစောတုန်းကတော့ အတော်ကလေး ထုံထိုင်းတာပဲ၊ အခုကျတော့လည်း တော်တော်ကလေး ပါးနပ်ပါလား"

စင်လုံသည် တစ်သက်နှင့်တစ်ကိုယ် မကြုံဘူးသော စိတ်ဆင်းရဲမှုကို ခံစားလိုက်ရတော့သည်။

သို့သော် ကြံ့နိုင်သောစိတ်ဓာတ်ရှိသူဖြစ်၍ ဖြည်းညင်းစွာ ရယ်မောလိုက်မိသည်။

"အင်း- ကျုပ် စောစောကပဲ တစ်ခါတွေးမိလိုက်သေးတယ်၊ ဝံကြောင်ကလေးဟာ လုံစစ်ပိုင်ရဲ့အချိုးအဆက်နဲ့ အတော်တူတယ်လို့၊ အခုတော့ တကယ့်ကို ထပ်တူတပ်မျှလိုဖြစ်နေတော့တာကိုး၊ ဒီလောကထဲမှာ ဝံကြောင်ကလေးနဲ့တူအောင် အစစအရာရာ အတုလုပ်နိုင်တဲ့လူကတော့ ခင်ဗျားတစ်ယောက်ထဲ ရှိတော့တာပဲဗျာ၊ ကျုပ် ချီးကျူးပါတယ်"

"ဟား- ဟား- ဟား ဘာဖြစ်လို့ စောစောက ဒီလိုမတွေးမိလိုက်တာလဲဗျာ၊ တစ်ချက်အတွေးမှားတာနဲ့ တစ်သက်ဆွေးသွားရတယ်ဆိုတာ ခင်ဗျားပဲပေါ့ဗျာ"

စင်လုံက သည်တစ်ကြိမ်တွင်တော့ ဟက်ဟက်ပက်ပက် ရယ်သည်။

"အဲဒီလိုမတွေးမိတာကဘော့ ကျုပ်က လုံစစ်ပိုင်ကို အရမ်း

အထင်ကြီးမိခဲ့မိတာကိုးဗျာ၊ အင်း- အထင်ကြီးမှားလို့ပေးဆပ်ရတဲ့ တန်ဖိုးကလည်း မသေးပါလား"

လုံစစ်ပိုင်၏မျက်နှာမှာ ချက်ချင်းတည်သွားသည်။

"ခင်ဗျား ဘာတွေ ပြောနေတာလဲ"

စင်လုံက နောင်တကြီးစွာရသည့်မျက်နှာဖြင့် ဖြည်းဖြည်းလေးလေးပြောနေသည်။

"တစ်ချို့က ငွေတစ်ထောင်နဲ့ အစေအပါးလုပ်ကြတယ်၊ တစ်ချို့က ငွေတစ်သောင်းနဲ့ အစေအပါးလုပ်ကြတယ်၊ တစ်ချို့ကျတော့ တစ်သိန်းနဲ့ အစေအပါးလုပ်ကြတယ်၊ တစ်ချို့ကျတော့ ငွေတစ်ကုဋေရပေမယ့် အစေအပါးမလုပ်ကြဘူး။ ကျုပ်က ခင်ဗျားရဲ့ အပြုအမူအပြောအဆိုတွေကိုကြည့်ပြီး သူရဲကောင်းအဖြစ်သတ်မှတ်ခဲ့တယ်၊ ခင်ဗျားလိုသူရဲကောင်းဟာ သူများရဲ့နောက်လိုက်ခွေး လုပ်မယ်လို့ မထင်မိခဲ့ဘူး။ ငွေတစ်ကုဋေရပေမယ့် အစေအပါးမလုပ်တဲ့ လူစားမျိုးထဲမှာ စာရင်းသွင်းထားမိတယ်၊ အဲဒီလို စာရင်းသွင်း မထားမိရင် ဝံကြောင်ကလေးအတုလား။ အစစ်လားဆိုတာ ကျုပ်နည်းနည်းပါးပါးတော့ စမ်းသပ်ကြည့်မိမှာ အသေအချာပဲ"

လုံစစ်ပိုင်သည် စင်လုံ၏စကားကို စိတ်မဆိုးသည့်အပြင် တဟားဟားပင် ရယ်နေလိုက်သေးသည်။

"ဟား- ဟား- ဟား- အဲဒါခင်ဗျားအတွက် သင်ခန်းစာပဲ လောကမှာ တစ်ခါမှ အလိမ်အညာမခံဘူးတဲ့လူဆိုတာ မရှိဘူး၊ ဘယ်လောက်အကင်းပါးတဲ့လူပဲဖြစ်ဖြစ်၊ ဘယ်လောက်အတွေးအခေါ် ကောင်းတဲ့လူပဲဖြစ်ဖြစ်၊ ဘယ်လောက် အမြင်သန်တဲ့လူပဲဖြစ်ဖြစ် တစ်ကြိမ်တော့ အလိမ်ခံရမှာပဲ၊ အဲဒီသင်ခန်းစာကို ခင်ဗျားရဲ့အသက်နဲ့ရင်းပြီး ခင်ဗျားရလိုက်ပြီ၊ ခင်ဗျားအနေနဲ့ အချည်းနှီးသေရာတော့



မကျပါဘူး"

စင်လုံသည် ကြေကွဲစွာ ရယ်မောလိုက်လေသည်။

"မှန်တယ်၊ ခင်ဗျားပြောတဲ့စကားတွေကတော့ သွေးထွက်အောင်မှန်တယ်၊ ဘယ်သူပဲဖြစ်ဖြစ် အနည်းဆုံး တစ်ကြိမ်တော့ အလိမ်ခံရမှာပဲ"

လုံစစ်ပိုင်က တည်ကြည်စွာဖြင့် ဆက်ပြောသည်။

"အင်း- တခြားလူတွေကို လိမ်နိုင်ညာနိုင်အောင် လုပ်ရတာ လွယ်ပါတယ်၊ ခင်ဗျားလိုလူမျိုးကို လိမ်နိုင်ဖို့ကျတော့ တကယ့်ကို ချွေးနဲ့ သွေးနဲ့ရင်းပြီး အပင်ပန်းခံခဲ့ရပါတယ်ဗျာ"

စင်လုံက သူ၏ခန့်မှန်းချက်ကို ပြောပြလိုက်သည်။

"ဝံကြောင်ကလေးရောက်လာတာနဲ့ ရှင်ပျော်ပျော်မြို့စားကြီးက ခင်ဗျားကို ရုပ်ဖျက်ပေးမယ်၊ နောက် ကျုပ်ဆီလွှတ်တယ်၊ ဒါပဲလား"

"ဟုတ်ပါတယ်၊ အဲဒီအတိုင်းပါပဲ၊ ကျုပ်ကို ရုပ်ပြောင်းရုပ်လွှဲလုပ်ပေးနေတုန်းက ဝံကြောင်ကလေးကိုယ်တိုင် ကျုပ်ဘေးမှာ လဲလျောင်းနေပါတယ်၊ သူ့ရုပ်နဲ့ တသွေမတိမ်းတူအောင် ရုပ်ပြောင်းပေးတော့တာပဲ၊ ကျုပ်ကိုယ် ကျုပ်တောင် အံ့သြမိတယ်၊ ဝံကြောင်ကလေးရဲ့ ကိုယ်ပွားဖြစ်နေတာကိုးဗျ"

"ဒါပေမယ့် တစ်ခုတော့ အံ့သြ--"

လုံစစ်ပိုင်က ကြားဖြတ်ပြောလိုက်သည်။

"ခင်ဗျားပြောချင်တာ အသံကိုပြောမလို့ မဟုတ်လား"

စင်လုံက ခေါင်းညိတ်ပြလိုက်သည်။

"ဟား- ဟား- ဟား- ကျုပ် အသံတုလုပ်တဲ့နေရာမှာလည်း ခေတဲ့လူ မဟုတ်ဘူးဗျာ၊ ဒါပေမယ့် ခင်ဗျားနဲ့ကျတော့ အစစအရာရာ သေချာအောင်လုပ်ရတယ်၊ တစ်ချက်တစ်လေ အသံလွဲတာမျိုးရှိရင်

ခင်ဗျား ရိပ်မိသွားနိုင်တယ်၊ ဒီတော့ အရက်မူးတဲ့ပုံစံမျိုး ဖ တော့တာပေါ့၊ တကယ်တမ်းကျတော့ ကျုပ်က အရက်သုံးခွ လောက်ကိုပဲ သောက်ခဲ့တာပါ၊ ကျန်တဲ့ အရက်တစ်ခွက်လောက် တော့ ကျုပ်ကိုယ်ပေါ်လောင်းချပစ်ခဲ့ရတာပဲ၊ တကယ်တမ်း အရက် တာက ဟိုကောင်မလေးတွေဗျ”

စင်လုံသည် မချိုပြုံး ပြုံးလိုက်မိတော့သည်။

“ခင်ဗျားတို့က အားလုံးပိပိရိရိကြံပါပေတယ်ဗျာ၊ ခင်ဗျာ သရုပ်ဆောင်ပုံကကောင်းလွန်းတော့ ခင်ဗျားနဲ့ အရက်အတူတူ သော မိရင် သောက်တဲ့လူ ဒေါင်ချာစိုင်းမှာပါပဲ”

“ကျုပ်ကို ဒီလောက်တောင် မချီးကျူးပါနဲ့ဗျာ၊ မိုးသံလေ တွေကလည်း ကျုပ်ကို အကူအညီပေးနေတော့ ကျုပ်အတွက် တ ပန်းသာ သွားတာပေါ့၊ တကယ်တမ်း ဆိတ်ဆိတ်ငြိမ်ငြိမ် အခန်း မှာဆိုရင် ဒီလို အဆင်ပြေချင်မှ ပြေမှာဗျ၊ အလိမ်ပေါ်ချင် ပေါ်သွ နိုင်တယ်”

စင်လုံသည် တိမ်ဝင်နေသောအသံဖြင့် မေးလိုက်သည်၊

“ကျုပ် မိတ်ဆွေ- ဝံကြောင်ကလေး”

“ခင်ဗျာမိတ်ဆွေလား- အခုအဖြစ်အပျက်အားလုံးထဲမ အစစ်အမှန်တစ်ခုပဲရှိတယ်၊ ခင်ဗျားမိတ်ဆွေ ဝံကြောင်ကလေးဟ ရှင်ပျော်ပျော်မြို့စားကြီးဆီမှာ တကယ့်ကို လာခိုလှုံတဲ့ကိစ္စပါပဲ”

“ရှင်ပျော်ပျော်မြို့စားကြီးက သူ့ကို သံသယရှိသွားတယ် တူတယ်”

“ဟင့်အင်း- သခင်ကြီးဝမ်က သူ့ကို သံသယမရှိဘူး၊ သံသယရှိတာက ခင်ဗျားကိုပဲ”

စင်လုံသည် အံ့ဩသွားသည်။



“ကျုပ်- ဘာများ အမှားအယွင်းလုပ်ခဲ့မိပါလိမ့်”

“ခင်ဗျား အမှားအယွင်းမလုပ်ပါဘူး၊ ဒီလိုပါပဲဗျာ၊ ကံဆိုးချင်ရင် ကြံဖန်ပြီး ဖြစ်လာတာပါပဲ၊ ရှင်ပျော်ပျော်မြို့စားကြီး အိပ်ရာက နိုးလာတော့ သခင်မလေးဝေဝေကို မတွေ့ရတော့ဘူး၊ ဒီအချိန်မှာ ခင်ဗျားကလည်း ပျောက်နေတယ်ဆိုတော့ သူ့ရဲ့သံသယမြားက ခင်ဗျားဆီ တန်းဝင်လာတော့တာပဲ၊ အဲဒီအချိန်မှာပဲ ဝံကြောင်ကလေး ရောက်ရှိလာတယ်၊ ဘယ်လောက်တိုက်ဆိုင်လိုက်သလဲ၊ သခင်ကြီးဟာ ကြီးမားကျယ်ပြန့်တဲ့ အကြံဉာဏ်ရှိတယ်ဗျ၊ သူဟာ ချက်ချင်းပဲ ကျုပ်ကို ဝံကြောင်ကလေးအတုအဖြစ် ဖန်တီးပစ်လိုက်တယ်၊ ချက်ချင်းပဲ ကျုပ်ကို ထောက်လှမ်းခိုင်းလိုက်တယ်”

လုံစစ်ပိုင်သည် ခေတ္တ စကားရပ်တန့်လိုက်ပြီး အားရပါးရ ဖော်ဟာစ်ရယ်မောလေတော့သည်။

“သခင်ကြီးဝမ်ဟာ အကွက်သိပ်မြင်တယ်ဗျာ၊ သူချက်ချင်း ဖန်တီးပေးလိုက်တဲ့အကွက်ထဲမှာ ခင်ဗျားရဲ့ဇာတိရုပ်ဟာ ထင်းထင်း ကြီးပေါ်လာတော့တာပဲ၊ ခင်ဗျားဘာများ လျှို့ဝှက်နိုင်သေးသလဲ”

“ထားပါတော့ဗျာ၊ ကျုပ်အကြောင်းသိသွားရင် ဘာဆက်လုပ်ဖို့ မှာလိုက်သလဲ”

“ခင်ဗျားဟာ သူလျှိုတစ်ယောက်ဖြစ်ပြီဆိုတာ သိတာနဲ့ ချက်ချင်းသတ်[illegible]မယ်လို့ သခင်ကြီးဝမ်က မှာလိုက်တယ်၊ ခင်ဗျားလို လူမျိုးကို လူ့ပြည်မှာ ကြာကြာထားရင် သူ့အတွက် ယမမင်း ဆယ်ယောက်လောက် မြေပေါ်တက်လာသလိုဒုက္ခများနိုင်သတဲ့၊ ဒါကြောင့် ချက်ချင်းသတ်ပစ်ရမယ်လို့ အမိန့်ပေးလိုက်တယ်”

စင်လုံသည် သူ၏ပေါ့ဆမှုအတွက် စိတ်မကောင်းခြင်းကြီးစွာ ဖြစ်သွားရသည်။

"သိပ်ကောင်းတာပေါ့ဗျာ၊ တကယ့်တိုက်ပွဲကြီး မတိုက်ရခဲ့ နဲ့ ကျုပ်ရဲ့အသက် ဆုံးရှုံးရတော့မယ်၊ နောက်ဆုံးတော့ ကိုယ့်ကိုယ်ကိုပဲ အပြစ်တင်ရတော့မှာပေါ့လေ"

လုံစစ်ပိုင်က တဟဲဟဲရယ်မောလိုက်လေသည်။

"သိုင်းလောကမှာ ခင်ဗျားနာမည်ဟာ တကယ် ကျော်ကြား ပါတယ်၊ တကယ့် ထိတ်ထိတ်ကြဲတစ်ယောက်ဟာ ကျုပ်လက်ထဲမှာ ကြက်ကလေး ငှက်ကလေး အမိခံရသလို အမိခံနေရတယ်၊ ကျုပ် လက်ချက်နဲ့ပဲ သေရတော့မယ်၊ ဒါတွေကို ကျုပ်မမျှော်လင့်ခဲ့ပါဘူးဗျာ"

သူသည် ရှေ့သို့ တစ်လှမ်းတိုးလာ၏။ သူ၏လက်ကို မြှောက်လိုက်သည်။ သူ၏လက် အောက်သို့ကျလာသည်နှင့် စင်လုံ တစ်ချက်တည်း အသက်ထွက်ရပေတော့မည်။

"နေဦး---"

စင်လုံ၏အော်သံသည် မပီမသ ထွက်ပေါ်လာ၏။ လုံစစ်ပိုင် ရယ်လိုက်သည်။

"ဘာလဲ ခင်ဗျားက အချိန်ဆွဲတာလား၊ အလကား အလုပ်ပါဗျာ၊ အခုအချိန်မှာ ခင်ဗျားကို ဘယ်သူမှ မကူညီနိုင်တော့ဘူး၊ မိုးပေါ်က သိကြားမင်း နားကင်းကြီးနဲ့ဆင်းလာတောင် ခင်ဗျား အသက်ကို မကယ်နိုင်တော့ဘူး"

စင်လုံက မဲ့ပြုံးပြုံးလိုက်သည်။

"ခင်ဗျားက ကျုပ်ကို သိပ် အထင်သေးတာကိုး၊ ကျုပ် သေရမှာကြောက်လို့ အချိန်ဆွဲတာ မဟုတ်ဘူး၊ မေးစရာတစ်ခုရှိလို့ တား လိုက်တာပါ"

"ဘာမေးမလို့လဲ၊ ခင်ဗျား စိတ်ချမ်းချမ်းသာသာ သေနိုင်အောင် ကျုပ်ဖြေပါမယ်"



"ဝံကြောင်ကလေး အခု ဘယ်မှာရှိနေသလဲ"

"ဟား ဟား- ဟား- တကယ့်လူတွေပဲ၊ ခင်ဗျားတို့ကိုတော့ ကျုပ် တကယ့်ကိုလေးစားပါတယ်၊ ကိုယ် သေရမယ့်အရေးအတွက်တော့ မပူကြဘူး၊ မိတ်ဆွေအတွက် ပူပင်နေကြတယ်၊ တကယ့် လူတွေပဲ၊ ခင်ဗျားတို့ဟာ အသက်ပေးချစ်ခင်ကြတဲ့ မိတ်ဆွေတွေဆိုတော့ ကျုပ်က ပြောပြပါ့မယ်"

သူ့မျက်လုံးများ၌ ဒေါသရိပ်များ လွှမ်းလာသည်။ သူသည် တစ်ခွန်းချင်း ဖြည်းဖြည်းချင်းပြောသည်။

"စိတ်သာချ၊ ခင်ဗျားအတွက် အဖော်မမဲ့စေရဘူး၊ ဝံကြောင် ကလေးဟာ ခင်ဗျားရဲ့ရှင်ဖော်ရှင်ဘက် မိတ်ဆွေဖြစ်သလို သေဖော် သေဖက်မိတ်ဆွေတွေလည်း ဖြစ်ရမယ်၊ ခင်ဗျားမိတ်ဆွေက ခင်ဗျား ထက်တောင် အရင် ရောက်ချင်ရောက်နေမှာပါဗျာ၊ သိပ်လဲ စိတ်ပူမ နေပါနဲ့"

စင်လုံမှာ စိတ်ပျက်လက်ပျက် ညည်းတွားလိုက်မိသည်။

"သူလည်း ဒုက္ခရောက်ရှာပြီကိုး"

"ဟား- ဟား- ဟား ဟုတ်ပါတယ်ဗျာ၊ ခင်ဗျားလူ ဒုက္ခ ရောက်သွားပါပြီ"

"ဘယ်သူများ သတ်လိုက်တာလဲ"

"သိရပါတယ်၊ သိရပါတယ်၊ သိလို့လည်း ခင်ဗျား ဘာမှ တတ်နိုင်တော့လို့ ကျုပ်က ဝမ်းပမ်းတသာပြောပြလိုက်ပါ့မယ်၊ တကယ်တော့ သူ့ပညာကမဆိုးပါဘူး၊ သိပ် အနိုင်လိုချင်စိတ် ကြီးသွားပြီ၊ နောက်ဆုံးတော့ "အဖော်မဲ့"လူ့ရဲ့လက်ဝါးတစ်ချက်မိသွားတာပဲ"

"ဒါကို ရှင်ပျော်ပျော်မြို့စားကြီးက ခွင့်ပြုသလားဗျာ၊ သူ့မှာရှိ မရှိ မသိရသေးဘဲနဲ့ ဒီလိုလုပ်ရက်သလား"

"ခင်ဗျားက သခင်ကြီးဝမ်ကို သိပ် အထင်သေးတာ သခင်ကြီးဝမ်မှာ အကြမ်းအနုစွယ်စုံရတဲ့ တပည့်တပန်းတွေ အမ ကြီးပဲဗျ၊ ရိုက်သတ်လို့ မကုန်နိုင်ဘူး။ စိတ်မချရတဲ့လူမှန်သမျှ ဘ သူ့ကိုမှ မလိုချင်ဘူး။ ပြီးတော့ ခင်ဗျားရဲ့မိတ်ဆွေက သတ္တိ ကောင်းပါရဲ့ ဦးနှောက်တော့ သိပ်ရှိတာမဟုတ်ဘူး"

စင်လုံ၏မျက်လုံးအစုံသည် ရုတ်တရက်ပိတ်သွား၏။ မျ ရည်ပေါက်ကြီးနှစ်စက် လိမ့်ဆင်းလာလေသည်။

သူ့မိတ်ဆွေ ဝံကြောင်ကလေး ကောင်းရာသုဂတိလားပ ဟု ဆုတောင်းလိုက်၏။

ထို့နောက် တီးတိုးပြောလိုက်လေသည်။

"ကျေနပ်ပါပြီ၊ ကျုပ်ကိုသတ်ပါတော့"

လုံစစ်ပိုင်သည် လက်ဝါးစောင်းဖြင့် ပိုင်ပိုင်နိုင်နိုင် ခုတ် လိုက်လေတော့သည်။

❁



မိုးများသည် တဝေါဝေါ ရွာသွန်းလျက်ရှိနေသည်။ လန်ရှန်း ည့် ပြတင်းပေါက်၌မေးကလေးတင်ကာ မိုးစက်ကလေးများကို ကြည့် ပသည်။ သူမသည် စင်လုံအား စောင့်မျှော်နေခြင်းသာ ဖြစ်ပါ သည်။

သူမ ဤမျှစောင့်မျှော်နေသော်လည်း စင်လုံထံမှ မည်သည့် ပြန်မှုမျှ ရရှိလိမ့်မည်မဟုတ်ကြောင်း သိနေပြီးဖြစ်ပါသည်။ သို့သော် စောင့်မျှော်ဘဲနှင့်လည်း မနေနိုင်ပါချေ။

သူမ၏ဘဝတစ်သက်တာ၌ ယောက်ျားများစွာနှင့် ဆက်ဆံ ဖြစ်ပါသည်။ သူမ၏ဘဝထဲသို့ ပထမဆုံး စတင်ဝင်ရောက်လာသူ ဝမ်းလင်းဝါးပင်ဖြစ်ပါသည်။

ယောက်ျားများစွာနှင့် တွေ့ကြုံခဲ့ရသော်လည်း မည်သည့် ယောက်ျားကိုမျှ မစွဲလမ်းမိခဲ့ချေ။ သူမအနေဖြင့် ပထမဦးဆုံးစွဲလန်း မှာ စင်လုံသာဖြစ်တော့သည်။

အဘယ့်ကြောင့်ဆိုသော် စင်လုံသည် လောက၌ မည်သည့် ယောက်ျားနှင့်မျှမတူသည့် ယောက်ျားဖြစ်နေသောကြောင့်ပေတည်း။

လန်ရှန်းသည် သူမ၏တပ်မက်မှုယ်ရာ အလှကို ကောင်းစွာ ပါသည်။ သူမကသာ ညှို့မြူလျှင် ယောက်ျားသား မဆိုထားနှင့်

သံစ်နက်ကပင် ယထိုင်မိပေလိမ့်မည်။ သူမက အလိုမရှိတော ဆိုလျှင်လည်း ယေကျာ်းသားအားလုံး ထွက်ပြေးသွားကြမည် သေချာသည်။

သို့သော် သူမ၏ ပရိယာယ်မာယာဉာဏ်ကွင်း၌ မဝင်စ သူတစ်ယောက်မှာ စင်လုံဆိုသော စင်လုံသာဖြစ်ပါလိမ့်မည်။

သူမသည် စင်လုံအား အရှုံးပေးနေရခြင်းအတွက် လိုက်မိတော့သည်။ထိုအချိန်မှာပင် လက်နှစ်ဖက်သည် သူမ၏ လုံးများအား လာရောက်ပိတ်လိုက်လေတော့၏။

ပူနွေးသော နှုတ်ခမ်းနှစ်လွှာသည် သူမ၏နားဝ၌ထိကပ် တီးတိုးမေးလာသည်။

"ဘယ်သူလဲ သိလား"

လန်ရှန်းမှာ ရင်တဒိတ်ဒိတ်ခုန်လာတော့သည်။ စောင့်မျှော်နေခဲ့ရသည့်အချိန်သည် မမျှော်လင့်ဘဲ ကျရောက်လာ သည့်အသံကို သူမကောင်းစွာ မှတ်မိပါသည်။ စင်ရုံ၏အသံမှ ၏ အသံပါတည်း။

သူမက တုန်တုန်ယင်ယင်ဖြင့် ဖြေလိုက်သည်။

"စင်- စင်လုံ"

နားဝ၌ထိကပ်ထားသော နှုတ်ခမ်းသည် သူမ၏နားရွက် ကို မနာမကျင်ကိုက်လိုက်၏။ လန်ရှန်းသည် လှည့်ကြည့်လိုက်ပြီး လန့်ဖွာအော်လိုက်မိလေသည်။

"သရဲလေး--"

သူမအနေဖြင့် မည်သို့မျှအမြင်မမှားနိုင်သည့် ဝမ်းလ ဖြစ်နေပါ၏။ ဝမ်းလင်းဝါးသည် စင်လုံ၏အသံနှင့်တူအောင် အ တိုးပြု၍ မေးလိုက်ခြင်းသာဖြစ်သည်။



ထို့ကြောင့် စင်လုံဟု အထင်မှားခဲ့သည်။

တကယ်ကား စင်လုံမဟုတ်ပေ။

နတ်ဆိုးဝိညာဉ် ပူးကပ်နေသော ဝမ်းလင်းဝါးသာတည်း။

ဝမ်းလင်းဝါးသည် တဟားဟားရယ်ရင်း- သရော်တော်တော် ပြောလိုက်၏။

"မင်း--ကျုပ်ကို အောက်မေ့လွမ်းဆွတ်နေတာ ကျုပ်သိတယ်။ ါကြောင့်မို့ လျှော်ကြေးအနေနဲ့---"

လန်ရှန်းသည် အောက်နှုတ်ခမ်းကလေးကို ပြတ်လုမတတ် ကိုက်လိုက်မိသည်။

"ဘယ်သူက လျော်ကြေးလိုချင်လို့လဲ"

"ဟ- မင်းမလိုချင်ဘူးလား"

"မလိုချင်ပါဘူးရှင်"

တစ်ဆက်တည်းမှာပင် သူမက စကားကိုမေးလိုက်သည်။

"စင်- စင်လုံ ဘယ်မှာလဲဟင်၊ သူ- သူ ပြန်လာပါတော့ မလားဟင်"

ဝမ်းလင်းဝါးသည် လန်ရှန်းကို တအံ့တဩ ကြည့်လိုက်သည်။

"စင်လုံလား- သူ မလာနိုင်တော့ဘူး။ ဘယ်တော့မှ မလာ နိုင်တော့ဘူး။ သရဲနဲ့တွေ့နေပြီဆိုတော့ ဒီကိုတော့ လာမှာမဟုတ်ဘူး။ သရဲတိုင်းပြည်ကိုပဲ သွားတော့မှာ သေချာတယ်၊ အင်းလေ- သူ ကောင်းကောင်းမွန်မွန် သေရရင်ပဲ ကံကောင်းလှပြီလို့ဆိုရမှာပဲ"

ပြတင်းပေါက်အပြင်ဘက်တွင် လေများတဟူးဟူးတိုက်နေ၏။ မိုးများကလည်း ရွာသွန်းမစဲတသဲသဲ ဖြစ်နေသေးသည်တကား။

❁

လုံစစ်ပိုင်၏လက်ဝါးသည် လမ်းခုလတ်သို့ ရောက်နေချေပြီ။

"ရပ်လိုက်စမ်း"

အေးစက်မာကျောသော အမိန့်ပေးသံကြောင့် လုံစစ်ပိုင်၏ လက်ဝါးစောင်းသည် လမ်းခုလပ်၌ပင် ရပ်ဆိုင်းသွားသည်။

သူ၏အတွင်းအားသည် အတော်ကလေး ကောင်းမွန်သဖြင့် သူ၏လက်ကို အချိန်မီ ရပ်တန့်ထားနိုင်လိုက်သည်။

သူသည် အမိန့်ပေးသူကို လှည့်ကြည့်လိုက်မိသည်။

မိုးတွေ လေတွေကြား၌ အကျီအနက် ဝတ်ဆင်ထားသူ တစ်ယောက်အား ထိတ်လန့်ဖွယ်ရာတွေ့လိုက်ရသည်။ သူ၏ အရပ်ကြီးကလည်း မြင့်မားလှသည်။

လုံစစ်ပိုင်သည် ပြုံးနိုင်ရယ်နိုင်သွားသည်။

"ကျုပ်က ရုတ်တရက် လန့်တောင်သွားတယ်၊ ခင်ဗျားလုပ်လိုက်ရင် အထိတ်တလန့်ချည်းပဲ၊ အဖေါ်မဲ့လူကြီးဗျ၊ ဘယ်လိုလဲ ဝံကြောင်ကလေးကို ရှင်းပြီးခဲ့ပြီလား"

အဖေါ်မဲ့လူက အေးစက်စွာပြောလိုက်သည်။



အဖေါ်မဲ့လူက အေးစက်စွာပြောလိုက်သည်။

"ခင်ဗျား သူ့ကို သတ်လို့မဖြစ်ဘူး"

လုံစစ်ပိုင်မှာ တအံ့တသြဖြစ်သွားသည်။

"ဘာဖြစ်လို့လဲဗျ"

"စင်လုံကိုသတ်ဖို့ကိစ္စက ကျုပ်ကိုယ်တိုင်ပါမှ ဖြစ်မယ်၊ ကျုပ်ကိုယ်တိုင် သူ့ကိုသတ်မယ်"

လုံစစ်ပိုင်သည် သက်ပြင်းတစ်ချက် ချရင်း ခပ်သဲ့သဲ့ ရယ်လိုက်၏။

"ဖြစ်ပါတယ်ဗျာ၊ ဖြစ်ပါတယ်"

သူသည် ပြုံးပြုံးရယ်ရယ်ဖြင့် နောက်သို့ ခြေလှမ်း သုံးလှမ်း ဆုတ်ပေးလိုက်၏။ သူ့အနေဖြင့် အဖေါ်မဲ့လူ၏ အသတ်အဖြတ်ကို စောင့်ကြည့်ရုံသာ ရှိတော့သည်။

အဖေါ်မဲ့လူသည် ရှင်ပျော်ပျော်မြို့စားကြီး၏ လက်အောက်ရှိ တပည့်အားလုံးအနက် သိုင်းပညာစွမ်းအား အလွန်ကောင်းသည့် တပည့်ဖြစ်ပြီး သတ်ဖြတ်ရာ၌လည်း အခြားသူအားလုံးထက် ထူးထူးချွန်ချွန်ရက်စက်သူဖြစ်သည်။

စင်စစ် သူသည် ရှင်ပျော်ပျော်မြို့စားကြီး၏လက်မရွံ့ပါးကွက် အာဏာသားကြီးဖြစ်သည်။

စင်လုံသည် သူ့ အသတ်ခံရလျှင် လွယ်လွယ်ကူကူ မြန်မြန်ဆန်ဆန် အသက်ထွက်နိုင်ခွင့်ရမည်ဖြစ်၏။

ယခုသော် ကံဆိုးမ သွားလေရာ မိုးလိုက်လို့ရွာ ဟူသကဲ့သို့ လက်မရွံ့ ပါးကွက်အာဏာသားကြီး အချိန်မီရောက်ရှိလာသည်။ စင်လုံအနေဖြင့် လွယ်လွယ်ကူကူ အသက်ထွက်နိုင်ခွင့် ရရှိတော့မည်မဟုတ်ချေ။

မသေမီ အပြင်းအထန် အနှိပ်အစက် ခံရချေဦးတော့မည်။

သူသည် "အဖေမဲ့လူ" ၏စိတ်ဓာတ်ကို အတွင်းသိ အစင်း သိဖြစ်ပါ၏။

သူတစ်ပါး၏ မချိမဆန့် ဆင်းရဲဒုက္ခခံရမှုကို အဖေမဲ့လူက သူ၏ ကြည်နူးပီတိဖြစ်မှုအဖြစ် သတ်မှတ်ထားသည်မဟုတ်ပါလော။

❁

လန်ရှန်းသည် မောပန်းနွမ်းနယ်မှုများအကြားမှ နှုတ်ခမ်း ကလေးကို ပြတ်လုမတတ် ကိုက်ထားမိသည်။ သူမ အလိုရှိသည် မှာ နွေးထွေးသော အကြင်နာတရားနှင့် အေးမြသော မေတ္တာ တရားသာဖြစ်သည်။

ဝမ်းလင်းဝါးသည် သူ့ကိုယ်သူ အစစအရာရာ ပြင်ဆင် ပြီးသောအခါ လန်ရှန်းအား လှည့်ကြည့်လိုက်၏။ သူ၏အကြည့်ကို မခံယူလိုသဖြင့် ခေါင်းအုံးဖြင့် တားဆီးကာကွယ်လိုသည်။ သို့သော် သူမ၌ အားအင်ဟူ၍ တစ်စက်မျှ မရှိတော့သဖြင့် မတားဆီး ကာကွယ်နိုင်ပါချေ။

"အေး- အေး မထချင်လဲ နေပေတော့၊ ငါသွားစရာ သေးတယ်"

လန်ရှန်းသည် အားတင်း၍ မေးလိုက်သည်။



"ရှင်- ဘယ်ကိုသွားမှာလဲ"

"ဟား- ဟား- ဟား- မင်းထက် တန်ဖိုးရှိတဲ့နေရာကိုပေါ့"

"ဘာလဲ- ကြူးချစ်ချစ် ဒီကိုရောက်နေပြီလား"

"ဟား- ဟား- ဟား မင်းအတွေးအခေါ်တွေ သိပ်ကောင်းနေ ပါလား။ အေး- ဟုတ်တယ် သူနဲ့ငါ စေ့စပ်ကြောင်းလမ်းပြီးစီးသွားပြီ"

လန်ရှန်းမှာ တစ်ကိုယ်လုံး တုန်ယင်သွားတော့သည်။

"ရှင်နဲ့ စေ့စပ်ကြောင်းလမ်းပြီးစီးသွားပြီ- ဟုတ်လား"

ဝမ်းလင်းဝါးသည် လန်ရှန်း တုန်လှုပ်သွားပုံကိုကြည့်လျက် လွန်စွာ သဘောကျသွားလေတော့သည်။

"ဟား- ဟား- ဟား သူနဲ့ငါက စေ့စပ်ကြောင်းလမ်းရုံတင်ရှိ ပါသေးတယ်ကွာ၊ သူနဲ့အတူတူ မနေနိုင်သေးပါဘူး။ အခုလောလော ဆယ်တော့ မင်းနဲ့အတူတူနေမှာပါ၊ ဘာမှ စိုးရိမ်သောက ရောက် မနေစမ်းပါနဲ့"

"မကောင်းဆိုးဝါး- ရှင် ရှင် မကောင်းဆိုးဝါး"

သူမသည် စကားဆုံးသည်နှင့် ဝမ်းလင်းဝါး၏မျက်နှာကို သွေး ရူးသွေးတန်း ကုတ်ခြစ်လေတော့၏။ ဝမ်းလင်းဝါးသည် သူမ၏ပါးပြင် အား ဖြန်းခနဲ ရိုက်ချပစ်လိုက်ရာ လန်ရှန်းမှာ လွင့်စဉ်ထွက်သွားလေ တော့သည်။

ဝမ်းလင်းဝါးသည် ကုတ်ခြစ်ခံရသည့်ဒဏ်ရာမှ သွေးစသွေး နများကို လက်ဖြင့်သုတ်ကြည့်လိုက်ပြီး စူးစူးဝါးဝါးအော်လိုက်သည်။

"မိန်းမပျက်- နင်ရူးသွားပြီလား"

"ရှင်သာ မကောင်းဆိုးဝါး။ နောက်တစ်ခါ ကျွန်မကိုထိလို့ ရမယ်များ ထင်သလား။ ရှင့်ကို အသေခံပြီး ခုခံမယ်"

"အေး- ကြည့်ကြသေးတာပေါ့၊ အခုတော့ ငါ့မှာ နင့်ကို

အသုံးမလိုတော့ဘူး။ အသုံးလိုတော့ ဘယ်လိုဖြစ်မလဲ ကြည့်ကြသေးတာပေါ့"

သူသည် ရုတ်တရက် တဟားဟားရယ်မောလိုက်သည်။ ထို့နောက် တံခါးကို "ဝုန်း"ခနဲ ဆွဲဖွင့်လျက် အပြင်ဘက်သို့ထွက်သွားလေတော့သည်။

လက်ရှန်းမှာ ခုတင်ပေါ်၌မှောက်ရင်း ဝမ်းပန်းတနည်း ငိုကြွေးမိလေတော့သည်။

"ကျွန်မ ကျွန်မ မိန်းမပျက်တဲ့လားရှင်- စင်လုံ စင်လုံ ရှင်ကကော ကျွန်မကို မိန်းမပျက်လို့ သတ်မှတ်ဦးမလားရှင်၊ ရှင် ဘာကြောင့် ကျွန်မဆီ ပြန်မလာသေးတာလဲ၊ မြန်မြန်ပြန်လာခဲ့ပါတော့ စင်လုံရယ်---"

❁

အဖေမဲ့လူသည် စင်လုံအား အေးစက်စွာ စူးစိုက်ကြည့်နေသည်။ သူ့အကြည့်သည် ရေခဲတမျှ အေးစက်ပါ၏။

သို့သော် သူ့အကြည့်တွင် မုန်းတီးခြင်း၊ ဒေါသထွက်ခြင်း၊ ရက်စက်လိုခြင်းတို့ လုံးဝ မပါဝင်ပါချေ။

ဤကား ထူးဆန်းမှုပင် ဖြစ်တော့သည်။

လုံစစ်ပိုင်ကမူ ဘေးမှကြည့်ရင်း မှတ်ချက်ချနေသည်။



"အင်း- ဒီလူသတ်သမားကြီးရဲ့အပြုအမူဟာ ဘယ်တော့မှ အအေးနဲ့အပူ ခွဲခြားလို့မရဘူး။ သူ့ရဲ့ပွေ့ဖက်ခြင်းနဲ့ သတ်ဖြတ်ခြင်းဟာ အတူတူပဲ၊ လောကမှာ သူ ဘာတွေ တွေးနေတယ်ဆိုတာ ဘယ်သူမှ သိမှာမဟုတ်ဘူး"

သူသည် တွေးရင်း စင်လုံ၏မျက်နှာကို လှမ်းကြည့်မိပြန်လေသည်။

"အင်း- ဒီလူကျတော့လည်း တစ်မျိုး။ လူတွေဟာ ဘယ်လောက်ပဲ မကြောက်ဘူးပြောပြော သေရမယ့်အခါမျိုးတော့ ကြောက်ကြတာပဲ၊ သူကျတော့ သေရမယ့်ဆဲဆဲမှာ တည်တည်ငြိမ်ငြိမ်ပဲ ရှိနေတယ်၊ သူ့ခံစားချက်တွေပြောနေတဲ့နှုတ်ကမျက်နှာနဲ့ အခု သေရမယ့်ဆဲဆဲမျက်နှာဟာ ဘာမှ မကွာခြားဘူး။ ဒီလိုလူစားမျိုးကို ဒီလောကထဲ လိုက်ရှာလို့ လုံးဝတွေ့နိုင်မှာ မဟုတ်ဘူး။ စင်လုံတစ်ယောက်တည်းပဲ ရှိလိမ့်မယ်၊ အံ့သြစရာလူသားပဲ"

လုံစစ်ပိုင်သည် လူထူးလူဆန်းနှစ်ဦးကိုကြည့်လျက် အတွေးဝက်ပါလျှောက်နေမိသည်။

ယခုတော့ လူထူးလူဆန်းတစ်ယောက်က  အခြား လူထူးလူဆန်းတစ်ယောက်ကို ရက်ရက်စက်စက် သတ်ဖြတ်ပေတော့မည်။

ဤမြင်ကွင်းမျိုးမှာ တစ်သက်နှင့်တစ်ကိုယ် ကံကောင်းမှ ကြုံတွေ့နိုင်သော မြင်ကွင်းမျိုးဖြစ်၏။ သူသည် လွန်စွာစိတ်ဝင်စားနေသဖြင့် တစ်ကိုယ်လုံး ရှေ့သို့ကိုင်းလျက် စူးစူးစိုက်စိုက်ကြည့်နေမိတော့သည်။

သူ တကယ်တမ်း ကြည့်ချင်နေသည့်မြင်ကွင်းမှာ စင်လုံ၏ မျက်နှာ၌ပေါ်လာမည့် ခံစားမှုမျိုးကိုသာဖြစ်၏။

စင်လုံသည် ယခုအချိန်အထိ ပကတိတည်ငြိမ်နေသည်။ အံ့သြဖွယ်ကောင်းလောက်အောင် တည်ငြိမ်နေသည်။

သို့သော်---

အဖေါ်မဲ့လူ၏ ကြောက်မက်ဖွယ်ရာ ကောင်းလှသော သံ လက်ဝါးရိုက်ချက်က ဝင်လုံ၏ခန္ဓာကိုယ်ပေါ်သို့ ကျရောက်သွားချိန်တွင် ဝင်လုံသည် ယခုကဲ့သို့ပင် တည်တည်ငြိမ်ငြိမ်ရှိနိုင်ပါဦးမည်လော၊

သို့မဟုတ် ထူးဆန်းအံ့ဩဖွယ်ရာ ပြုံးလာဦးမည်လော၊

သူသည် ထိုအပြောင်းအလဲကို လွန်စွာသိချင်နေလေ၏။

❁

ဝမ်းလင်းဝါးသည် တံခါးပေါက်မှထွက်လာသည်။ သူသည် မိုးထဲလေထဲ၌ လမ်းလျှောက်နေ၏။ သူထွက်လာစဉ်က လန်ရှန်း ရွှင်မြူးလန်းဆန်းသွား၏။

သူသည် အခြား သူတစ်ပါး၏ငိုကြွေးသံကြားလျှင် လွန်စွာ ပျော်ရွှင်ကြည်နူးသည်။ သူတစ်ပါး ဒုက္ခရောက်လျှင် လွန်စွာဝမ်းသာ ကျေနပ်သည်။ ဤကား သူ၏စိတ်ပေတည်း။

ဤစိတ်ဓာတ်သည် သူ ငယ်စဉ်ကတည်းကရှိခဲ့သော စိတ် ဓာတ်ဖြစ်၏။ သို့သော် သူစိတ်ဆင်းရသည့် အခါမျိုးလည်း ရှိတတ်ပါ သည်။ ထိုအခါမျိုးမှာ သူတစ်ပါး ဝမ်းသာပျော်ရွှင်နေကြသည့် အချိန်အ ခါမျိုးပင်တည်း။

သူ၌ ဤကဲ့သို့ လူမဆန်သည့် စိတ်ဓာတ်မျိုးရှိနေကြောင်း



မည်သည့်အခါမျှ ဝန်မခံတတ်ပေ။

သူ့အား ညစ်ပတ်ယုတ်မာသောသူဟု ဆိုလာခြားအံ့၊

ထိုသူသည် မုချ အသတ်ခံရမည်သာတည်း။

လောက၌ သူအကြောက်ရဆုံးသော လူတစ်ယောက်သာရှိ သည်။ ထိုသူမှာ သူ၏မိခင်သာဖြစ်သည်။ သူကလည်း ဝန်ခံသည်။ လောက၌ သူအချစ်ဆုံး အမြတ်နိုးဆုံးသူမှာ သူ၏မိခင်ဖြစ်သည်ဟု၊

သို့သော် တကယ်တမ်းအားဖြင့် လောက၌ သူ အမုန်းဆုံး သူမှာ သူ၏မိခင်သာ ဖြစ်သတည်း။

သူတစ်ပါးတွင် အမိအဖနှစ်ပါးနှင့် ပြည့်ပြည့်စုံစုံရှိကြသည်။ တစ်ဦးနှင့်တစ်ဦး တစ်ယောက်နှင့်တစ်ယောက် ကြင်ကြင်နာနာလည်း ရှိကြ၏။ သားသမီးများအပေါ်၌လည်း သူတို့၏မိခင်များက လွန်စွာ ကြင်နာကြ၏။

သူ့မိခင်ကမူ သူ့အား လုံးဝ ကြင်နာယုယမှု မရှိခဲ့ချေ။ သူ ၏အသက် ခုနစ်နှစ်ပြည့်ပြီးသည့်နောက်တွင် ဤပြဿနာကို နေ့တိုင်း လိုလို တွေးမိ၏။ နေ့တိုင်းလိုလိုနာကျည်းမိ၏။

သူ၏ မသိစိတ်အတွင်း၌ သူ့မိခင်အား ခါးသီးစွာမုန်းလာ တော့သည်။ သူ၏အပြင်စိတ်ကမူ သူ့မိခင်အား သူ အချစ်ဆုံးဟု ပြော သည်။ ဝန်ခံသည်။

ထိုသို့ ဘဝအခြေခံ ပျက်စီးယွင်းယိုခဲ့ခြင်းကြောင့် သူသည် မိန်းကလေးမှန်သမျှ လက်စားချေချင်စိတ် ပေါ်လာရတော့သည်။

ထို့ကြောင့် မိန်းကလေးများကိုတွေ့သည်နှင့် နှိပ်စက်တော့ သည်။

သူတို့တတွေ အရက်တကွဲ အကျိုးနည်းဖြစ်ရခြင်း၊ သိက္ခာ ကျရခြင်း၊ ကိုယ်စိတ်နှလုံး ဆင်းရဲနွမ်းနယ်ခြင်းတို့ကို တွေ့ရသောအ

ခါ သူ့အဖို့ နလုံးဗီတိ ဂွမ်းဆီထိရလေတော့သည်။

သူတစ်ပါး၏ အိမ်ထောင်ရေးပြိုကွဲခြင်း၊ အမိမဲ့ အဖမဲ့ဖြ ရခြင်း၊ သေကွဲ ရှင်ကွဲ ကွဲရခြင်းများသည်လည်း သူ့အဖို့ ကြည် ချမ်းမြေ့ဖွယ်ရာဖြစ်ရပ်များပင်---။

ဤကဲ့သို့ စိတ်ဓာတ်မျိုးရှိနေသည့် ဝမ်းလင်းဝါးသည် မိုး လေထဲလျှောက်ရင်း ချစ်ချစ်အကြောင်းတွေးနေသည်။

ခပ်စောစောက ချစ်ချစ်သည် စင်လုံအား ပေါ့ပျက်ပျက် ဆက်ဆံခဲ့၏။ အေးစက်စက် ကြည့်ခဲ့၏။ ချစ်ချစ်၏အကြည့်ကို ကြည့် လိုက်သည်နှင့် တကယ်တမ်းအားဖြင့် ချစ်ချစ်၏ အသည်းနလုံးထဲ စင်လုံတစ်ယောက်တည်းသာ ရှိနေကြောင်း သူသိလိုက်သည်။

ချစ်ချစ်သည် သူနှင့်လက်ထပ်လည်း စင်လုံကို မည်သို့ မေ့ပျောက်နိုင်လိမ့်မည်မဟုတ်ကြောင်း သူ အလိုလိုသိနေသည်။

သူသည် လက်သီးကိုဆုပ်၍ အံကို တင်းတင်းကြိတ်လိုက် သည်။ မနာလိုဝန်တိုသည့် ယုတ်ညံ့သော စိတ်ဓာတ်များသည် တဖွ ဖွား ပေါ်လာတော့သည်။

ထိုအမုန်းတရားများသည် တဆင့်ထက် တစ်ဆင့် မြင့်တက် လာရာ သူသည် အရူးတစ်ပိုင်းဖြစ်လာ၏။ တွေ့ရာမြင်ရာကို သတ်ချ ဖြတ်ချင်စိတ် ပေါက်လာတော့သည်။

ထိုစဉ် သစ်ပင်ကြီးများအကြား၌ လူရိပ်အချို့ကိုတွေ့လိုက် ရသဖြင့် အနီးသို့ ချဉ်းကပ်သွားမိတော့၏။

ဤမျှ မိုးလေပြင်းထန်နေချိန်အတွင်း အဘယ်သူများသ မည်သည့်လျှို့ဝှက်ချက်မျိုးကို လျှို့ဝှက်လုပ်ဆောင်နေကြသနည်း။ သ သည် ပုန်းကွယ်လျက် တဖြည်းဖြည်းချဉ်းကပ်သွားနေတော့သည်။

ဟော- တွေ့ရပါလေပြီ။



သူသည် လွန်စွာ အံ့ဩသွားလေသည်။

မြည့်တွေ့တော့လည်း တကယ့် ထိပ်သီးများကိုတွေ့ရသည်။

အဖေါ်မဲ့လူ၊ စင်လုံနှင့်ဝံကြောင်ကလေးတို့သုံးဦးကို သူ မြင် နေရပေပြီ။ အဖေါ်မဲ့လူ၏ဟန်ပန်ကို ကြည့်ရခြင်းအားဖြင့် စင်လုံ တော့မည်မှာ သေချာနေသည်။ ဝံကြောင်ကလေးက ဘေး၌ အေးဆေးဆေး ရပ်ကြည့်နေသည်။

ဝမ်းလင်းဝါးသည် အစပထမ၌ အံ့အားကြီးသင့်သွားခဲ့၏။ ယုတ်မာကောက်ကျစ်ရာတွင် ပြိုင်စံရှားသူတစ်ယောက်ဖြစ် စင်လုံတစ်ယောက် အညာခံလိုက်ရပြီကို ချက်ချင်း ဆက်စပ်တွေး လိုက်မိသည်။

ဘေး၌ရပ်နေသည့် ဝံကြောင်ကလေးသည် မုချ အတုသာ မည်ဟု သူ မှန်းဆနိုင်လိုက်လေပြီ။

အဘယ့်ကြောင့်ဆိုသော် ရွှင်ပျော်ပျော်ဖြိုးစားကြီးသည် ရပ် ရပ်လွှဲအတတ်၌ သူ့ထက်ပင် ကျွမ်းကျင်လိမ္မာသည်ကို သိထား ကြောင့်တည်း။

သူ အလွန်အူမြူးသွားသည်။ စိတ်ထဲ၌ ကျေနပ်အားရစွာ ဆိုနေသည်။

"ဟင်း- လူလည် လူတတ်ကြီး၊ ဒီတစ်ခါတော့ ထိပြီ လား၊ ကောင်းတယ်၊ သိပ်ကောင်းတယ်၊ မင်းမြန်မြန်သေရင် ကောင်းတယ်"

သို့သော်---

စင်လုံသည် သူတို့ သားအမိနှစ်ယောက်၏ မဟာမိတ်ဖြစ်နေ ယခုကဲ့သို့ သေရေးရှင်ရေး ကြုံတွေ့နေသည့်အခိုက် သူတို့ ၏ ဘုံ အကျိုးစီးပွါးအတွက် စင်လုံအား ကယ်တင်ရမည်

ဖြစ်သည်။

သူ သိနေသည်။ ကောင်းကောင်းကြီး သိနေပါသည်။ ယ
အချိန်၌ စင်လုံအားကယ်တင်နိုင်မည့်သူမှာ သူမှတစ်ပါး အခြား
တစ်ဦးတစ်ယောက်မျှ မဖြစ်နိုင်တော့ပေ။

အခြားသူတစ်ယောက် ရောက်လာပါသော်လည်း သူကဲ့
သိုင်းပညာ အဆင့်အတန်းမြင့်သူ မဟုတ်ပါက ကယ်တင်နိုင်မ
မဟုတ်ပြန်ပေ။

သူ၏မဟာမိတ်အား ကယ်တင်နိုင်သည့် အခွင့်အရေးသ
သူ့ထံ အလိုအလျောက် ရောက်ရှိနေပေပြီ၊

ဝမ်းလင်းဝါးက စင်လုံအား အေးစက်စွာကြည့်နေသည့်
ဖေါ်မိုလူကို တစ်ချက်မျှကြည့်လိုက်သည်။ သူသည် စိတ်ထဲမှ ရေ
လိုက်သည်။

"ငါ- ဘာ့ကြောင့် သူ့ကို ကယ်တင်ရမှာလဲ၊ စင်လုံဆိုတဲ
ဟာ သေတွင်းထဲက အကြိမ်ကြိမ် လွတ်ထွက်လာနိုင်တဲ့ လူထ
ဆန်း၊ အခုလောက်အဖြစ်ဆိုးတာမျိုး သူ့တစ်သက်မှာ တစ်ခါမှကြ
မှာ မဟုတ်ဘူး။ ဘာ့ကြောင့် သူ့ကို တစ်သက်လုံး ကံကောင်း
ပေးရမလဲ၊ ဘာ့ကြောင့် သူသေတာကို ငါက မကြည့်နိုင်ရမှာလဲ"

ဝမ်းလင်းဝါးသည် စင်လုံအား ကယ်တင်ခြင်းမပြုရန် တ
အတွင်း ဆုံးဖြတ်ချက်ချလိုက်လေတော့သည်။ သူ့စိတ်ထဲ၌ ဆ
တွေးနေသည်။

"စင်လုံသေရင် ဘာတွေဖြစ်လာမလဲ၊ ချစ်ချစ် ကောင်းကေ
ဒုက္ခဖြစ်တော့မှာပေါ့၊ အပေါ်ယံကကြည့်ရင် ဘာမှမဖြစ်သလို
ဟန်ဆောင်နေမှာပဲ၊ ဒါပေမယ့် သူ့အတွင်းစိတ်မှာတော့ အရှ
ကြိတ်မှိတ်ခံစားနေရမှာပဲ၊ ဟား- ဟား- ဟား ခဲတစ်လုံးနဲ့



ကောင်ပစ်တယ်ဆိုတာ ဒါမျိုးပဲ၊ ပိုင်လိုက်လေကွာ"

သူသည် စင်လုံသေသည့်အတွက် သူ့မိခင်ဝမ်ကတော်၏ အ
စဉ်များ ကမောက်ကမ ဖြစ်သွားနိုင်သည်ကိုလည်း တွက်သည်။

သို့သော် သူ့မိခင်၏ကိစ္စသည် သူ့ကိစ္စမဟုတ်ဟု သတ်မှတ်
သည်။ ဝမ်းလင်းဝါးသည် အပြန်ပြန်အလှန်လှန်စဉ်းစားရင်း တစ်ကိုယ်
ည်း ပြုံးနေတော့သည်။

"ကောင်းတယ်- သူသေတာကို ဇိမ်ရှိရှိနဲ့ စောင့်ကြည့်မယ်၊
တစ်သက်မှာ အကောင်းဆုံးအရသာဖြစ်မှာပဲ"

ဝမ်းလင်းဝါးသည် သူ၏ခန္ဓာကိုယ်ကို ပိုမို၍ လုံခြုံသည့်
ပင်တစ်ပင်အောက်၌ ကပ်လိုက်သည်။

ထိုသစ်ပင်နောက်မှနေ၍ အခြေအနေအားလုံးကို ကွင်းကွင်း
ကွက်ကွက်မြင်နေရသည်။ ထိုတဒင်္ဂသည် သူ့အဖို့ စိတ်လှုပ်ရှားဖွယ်
ကောင်းဆုံးသော ပျော်ရွှင်ချိန်ကလေးပင်တည်။

❁

ယခုအခါတွင် သိုင်းလောက၌ တဟုန်ထိုးကျော်ကြားနေ

သည့်စင်လုံသည် သူတစ်ပါးပြုသမျှ နုရမည့်တာဝသို့ ရောက်ရှိနေလေ
စင်လုံအား ကယ်တင်မည့်သူ တစ်ယောက်မျှမရှိတော့ပါ။

သူ့အား လိုလိုချင်ချင် ကယ်တင်နိုင်သည့်လူများသည် သူ
အနီး၌ ရှိမနေပါချေ။

ဝံကြောင်ကလေးသည် သေသည် ရှင်သည် မသိရတော
ချစ်ချစ်သည်လည်း ဘယ်ဝယ်ဘယ်ဆီ ရောက်နေသည်မသိ။

ဝမ်ကတော်သည် မိုင်ပေါင်းများစွာ ကွာလှမ်းလျက်ရှိ
သည်။ ကျင်းစုမန်းသည်ကား ရွက်ကြွေသစ်ရွက်နယ် မိုးအောက်
ပြင်အနှံ့ လွင့်မျောလျက်ရှိနေခဲ့ပေပြီ။

အဖေါ်မဲ့လူသည် စင်လုံအား ခါးကိုင်းလျက် ငုံ့ကြည့်
စင်လုံကလည်း သူ့အား ရူးရူးရဲရဲ ပြန်ကြည့်သည်။ အဖေါ်မဲ့လူ
အေးစက်စက် စကားပြောသံပေါ်လာသည်။

"စင်လုံ- ခင်ဗျား ဘာများပြောချင်သေးသလဲ"

စင်လုံသည် ပြုံးလိုက်သည်။ ဤကဲ့သို့ ပြုံးလိုက်ခြင်း
ကို သေအံ့ဆဲဆဲဖြစ်နေသည့် မည်သူမျှ မပြုံးနိုင်ပါချေ။ စင်လုံက



ကိုးတိုးပင် ပြန်ပြောလိုက်သည်။

"ဘာမှမပြောလိုတော့ပါဘူးဗျာ၊ ခင်ဗျားလို လူမျိုးရဲ့ လက်
ချက်နဲ့သေရတယ်ဆိုတော့ ကျုပ်အတွက် သိပ်မဆိုးလှပါဘူး။ ကျုပ်
ကျေနပ်ပါတယ်"

အဖေါ်မဲ့လူက အေးစက်စက် ပြန်မေးလိုက်လေသည်။

"ဘာ့ကြောင့်လဲဗျ"

စင်လုံက ပြုံးလိုက်သည်။ ထိုအပြုံးသည် သူ့မျက်နှာ၌ ထာ
ဝရ တွေ့ရလေ့ရှိသည့် နှစ်လိုဖွယ်ရာအပြုံးပင်။

"ခင်ဗျားဟာ ကျုပ်တွေ့ဖူးသမျှလူဆိုးတွေထဲမှာ တကယ့်
လူဆိုးသက်သက်ပဲ၊ ခင်ဗျားရဲ့ရက်စက်ကြမ်းတမ်းမှုကို ခင်ဗျားက
မဖုံးကွယ်ဘူး။ မလျှို့ဝှက်ဘူး။ နူးညံ့သယောင် ဟန်မဆောင်ဘူး-

ဒီလို ထင်ထင်ပြင်ပြင်ရန်သူမျိုးက မိတ်ဆွေလို ဟန်ဆောင်
ထားတဲ့ ရန်သူမျိုးထက် ပိုပြီးလေးစားစရာရှိတယ်၊ ဒါကြောင့်မို့ ခင်ဗျား
ကို ကျုပ် လေးစားတယ်၊ ခင်ဗျားလက်ချက်နဲ့ သေရမှာကို ကျုပ်
ကျေနပ်တယ်"

အဖေါ်မဲ့လူသည် အေးစက်စက်ရယ်လိုက်မိတော့သည်။ ရယ်
သံသည် မိုးထဲလေထဲ၌ ယမမင်း ရယ်သံကဲ့သို့ ချောက်ချားဖွယ်ရာ
ကောင်းလှသည်။

"ကောင်းတယ် ဒီစကားတစ်ခွန်းကို ထောက်ထားပြီး ကျုပ်
ရဲ့ အစီအစဉ်ကို ပြင်လိုက်ပြီ၊ ခင်ဗျားကို တဖြည်းဖြည်းနှိပ်စက်ပြီး
မသတ်တော့ဘူး။ တစ်ချက်တည်းနဲ့ပဲ အသက်ထွက်သွားစေရမယ်၊
ကောင်းကောင်းမွန်မွန် အသက်ထွက်သွားစေရမယ်"

"အဖေါ်လူ၏မျက်လုံးထဲ၌ ကျောက်စုန်းများ အရောင်
တောက်နေသည့်နယ် ခပ်လဲ့လဲ့ တောက်ပနေသည်။ သူသည် လက်

ဝါးကိုမြှောက်လျက် ရိုက်ချလိုက်လေသည်။

ဝမ်းလင်းဝါးသည် မှောင်ရိပ်အကွယ်မှ သက်ပြင်းချလိုက်သည်။

"အင်း- သွားပြီ၊ ကောင်းပါလေရဲ့ကွာ"

ဝမ်းလင်းဝါးအနေဖြင့် အဖေါ်မဲ့လူ၏ လက်ဝါးရိုက်ချက်ကို ကောင်းစွာ လေ့လာသိရှိပြီးဖြစ်ပါသည်။ သူ့လက်ဝါးရိုက်ချက် အထိ ခံရလျှင် တစ်သက်မဟုတ် ဆယ်သက်ပင် ထွက်သွားနိုင်သည်။

အောင့်အည်းသည်းခံလျက် စောင့်ကြည့်နေသော လုံစစ်ပိုင်သည် ထိုအခါကျမှ ဘဝင်ကျသွားပြီး လက်ခုပ်လက်ဝါးတီး၍ အော်ဟစ် ရယ်မောလိုက်လေတော့သည်။

"ပြတ်တယ်၊ ရင်းတယ်၊ တကယ်ကောင်းတဲ့ လက်ဝါးပဲ"

အဖေါ်မဲ့လူသည် လုံစစ်ပိုင်အား လှည့်ကြည့်ရင်း---

"ဒီကောင် သေပြီလား- မသေဘူးလားဆိုတာ ခင်ဗျားလာပြီး စစ်ဆေးကြည့်ပါဦး"

လုံစစ်ပိုင်က တဟားဟားရယ်မောရင်း---

"ကြံ့ကြံ့ဖန်ဖန်ဗျာ၊ ကျုပ်ဖြင့် ခင်ဗျားရဲ့လက်ဝါးချက် မိရက်သားနဲ့ အသက်မသေတဲ့လူလို့ တစ်ခါမှမကြားမိဘူး။ ခင်ဗျားရိုက်လို့ အသေတဲ့လူကော ရှိသေးလို့လား"

သူသည် ပါးစပ်မှ ထိုကဲ့သို့ပြောနေသော်လည်း စင်လုံ၏ ဘေးသို့ ခပ်သွက်သွက်လျှောက်လာနေသည်။

သေဆုံးချိန်၌ဖြစ်ပေါ်နေသည့် စင်လုံ၏မျက်နှာထားကို ကြည့်လိုလှသဖြင့် ဤမျှ အလျင်အမြန် ကပ်လာခြင်းဖြစ်သည်။

စင်လုံသည် လက်ဝါးရိုက်းချက်ဒဏ်ကြောင့် ရှုံ့နေသလော သို့မဟုတ် ပြုံးနေဦးမည်လော။



သူသည် ခါးကိုကိုင်း၍ ငုံ့ကြည့်လိုက်သည်။

ထိုအခိုက်မှာပင် စင်လုံ၏ခန္ဓာကိုယ်သည် မြေကြီးမှ တစ်စုံတစ်ခုက တွန်းကန်လိုက်သကဲ့သို့ ခုန်တက်လာပြီး လုံစစ်ပိုင်၏ရင်ဝသို့ ရိုက်ချလိုက်တော့သည်။

သူသည် ရှောင်တိမ်းရန်မဆိုထားနှင့် အံ့ဩချိန်ပင် မရတော့ဘဲ ဝုန်းခနဲ လွင့်စဉ်ထွက်သွားတော့သည်။

ဝမ်းလင်းဝါးမှာ ထိတ်လန့်လွန်းသဖြင့် ယောင်ယမ်းအော်ဟစ်မိမတတ် ဖြစ်သွားမိသည်။ စင်လုံသည် သေဆုံးပြီးခဲ့လေပြီ၊ အဘယ့်ကြောင့် အသက်ပြန်ရှင်လာရသနည်း။

ဝမ်းလင်းဝါး၏ မျက်လုံးများသည် အဖေါ်မဲ့လူ၏ ခန္ဓာကိုယ်ပေါ်သို့ ရောက်ရှိသွားပြန်သည်။ စင်လုံ၏လှုပ်ရှားမှုသည် သူနှင့် မည်သို့မျှ မသက်ဆိုင်သည့်အလား အဖေါ်မဲ့လူသည် မတုန်မလှုပ် ရပ်ကြည့်နေသည်။ သူ၏မျက်လုံးများထဲ၌ ကျောက်စုန်းကဲ့သို့သော အရောင်တစ်မျိုး တလက်လက် တောက်ပနေသည်။

လုံစစ်ပိုင်သည် မြေကြီးပေါ်၌ ပက်လက်လဲကျနေသည်။ စင်လုံသည် သူ့လက်နှစ်ဖက်ကိုဆုပ်ပြီး အဖေါ်မဲ့လူအား ကျေးဇူးတင်စကားပြောလိုက်သည်။

"ကျွန်တော့်မှာ နောင်ကြီးပေးတဲ့အသက်ပဲရှိတယ်၊ နောင်ကြီးရဲ့ကူညီမှုကို ကျေးဇူးတင်လို့မဆုံးပါဘူး။ ဒီကျေးဇူးကို ကျွန်တော် တစ်သက်လုံး မမေ့ပါဘူး"

အဖေါ်မဲ့လူက အေးစက်စွာပြောလိုက်သည်။

"ကိစ္စမရှိပါဘူး။ ကျုပ်က ကျေးဇူးတင်ခံချင်လို့ ကယ်တာမဟုတ်ပါဘူး"

သစ်ပင်ကြီး၏နောက်ကွယ်မှ ချောင်းမြောင်းကြည့်ရှုနေသော

ဝမ်းလင်းဝါးသည် ထိုအခါကျမှ အဆန်းတကြယ် ပြောင်းလဲသွားသ အနေအထားကို နားလည်သဘောပေါက်သွားလေတော့သည်။

အဖေါ်မဲ့လူသည် စင်လုံအား အသက်ထွက်အောင် ရိုက်မြ မဟုတ်ပေ။ စင်လုံ၏ပိတ်နေသော အကြောများကို လက်ဝါးဖြင့်ရိုက် ဖွင့်ပေးလိုက်ခြင်းသာ ဖြစ်လေသည်တကား။

အဖေါ်မဲ့လူ၏အပြုအမူကို နားလည်သဘောပေါက်လိုက် သော်လည်း အဘယ့်ကြောင့် ဤသို့ ပြုမူလိုက်သည်ကိုမူ လုံးဝ မလည်ဘဲဖြစ်နေသည်။

ထိုအပြုအမူအတွက် ဘဝင်မကျနိုင်ဘဲ ဖြစ်နေသ ဤအဖေါ်မဲ့လူသည်ပင်လျှင် ရုပ်ပြောင်းရုပ်လွှဲပညာဖြင့် ရုပ်ဖျက်လာ အခြားလူတစ်ယောက်ပေလော။

အဖေါ်မဲ့လူသည် အတု မဖြစ်နိုင်ဟု ဝမ်းလင်းဝါးဆုံးဖြ လိုက်သည်။ ထိုလူကြီး၏ အေးစက်စက်အမူအရာနှင့် ကျောက် တောက်သကဲ့သို့တောက်ပနေသည့်မျက်လုံးများကို မည်သည့်ပညာ ကမျှ အတုပြုလုပ်ပေးနိုင်လိမ့်မည် မဟုတ်ဟု သိနားလည်လို သောကြောင့်ဖြစ်သည်။

စင်လုံသည် သူ၏ခန္ဓာကိုယ်ကို သက်တောင့်သက်သာ လိုက်သည်။

"နောင်ကြီး ဘာဖြစ်လို့ ကျွန်တော့်အသက်ကို ကယ်ရ လဲ၊ အကြောင်းရှိလိမ့်မယ်လို့ ထင်ပါတယ်"

"ခင်ဗျား မှားနေပြီ၊ လူတစ်ယောက်ကို ကူညီ အ ကယ်တိုင်း အကြောင်းရှိနေရတော့မှာလား"

စင်လုံက ရယ်မောလိုက်သည်။

"ကျွန်တော် စကားမှားနေရင် ခွင့်လွှတ်ပါ၊ ကျွန်တော်



ဆ မိသလောက်တော့ နောင်ကြီးအနေနဲ့ ရှင်ပျော်ပျော် မြို့စားကြီး အပေါ်မှာ မကျေနပ်ချက် တစ်စုံတစ်ခုရှိလိမ့်မယ်လို့ထင်နေပါတယ်၊ အဲဒီ မကျေနပ်ချက်ကလည်း ကျွန်တော့်ကြောင့်ဖြစ်ရတဲ့ မကျေနပ် ချက် ပဲဖြစ်လိမ့်မယ်၊ ကျွန်တော်သေသွားရင် ရှင်ပျော်ပျော်မြို့စားကြီး ဟာ နောင်ကြီးကို အရင်ကအတိုင်း အရေးထားဆက်ဆံမှာသေချာပါ တယ်၊ ဒီလိုအခြေအနေတွေရှိရက်နဲ့ ကျွန်တော့်ကို ဘာ့ကြောင့် ကယ် တင်ရသလဲလို့ တွေးရင်း အံ့သြနေမိတာပါပဲ"

အဖေါ်မဲ့လူသည် သူ၏ခံစားမှုများကို ကွယ်ဝှက်နိုင်ရန်အ တွက် ကောင်းကင်သို့မော့ကြည့်ပြီး တဟားဟား အော်ရယ်နေလေ တော့သည်။

"အင်း- ခင်ဗျားရဲ့အသက်ကို ကယ်မိတာ မှားများ မှားနေ သလားမသိပါဘူး၊ ခင်ဗျားဟာ ကျုပ်ကို လိမ်လိမ်မာမာနဲ့မေးခွန်းထုတ်ဖို့ ကြိုးစားနေပြီ၊ တကယ်တော့ ကိုယ့်အသက်ကို ကယ်တဲ့လူကို ဒီလို မေးခွန်းမျိုးမေးဖို့ မကြိုးစားသင့်ဘူး အင်မတန် ရိုင်းစိုင်းတဲ့ အပြု အမူပဲဗျ"

စင်လုံက ရယ်လိုက်သည်။

"ကျွန်တော့်အသက်ကို ကယ်တဲ့အတွက် ကျွန်တော်ကျေး ဇူးတင်တယ် ဆိုတာကို ထပ်ပြောပါရစေ၊ အခွင့်အခါကြုံရင် ဒီ ကျေးဇူးကို ပြန်ဆပ်နိုင်ပါလိမ့်မယ်-

အခြေအနေအားလုံးကို ရှင်းရှင်းလင်းလင်း ပြောမပြဘဲနဲ့ တော့ နောင်ကြီးနဲ့ ညီရင်းအစ်ကိုလို လက်တွဲဖို့ဆိုတာတော့ မဖြစ် နိုင်ပါဘူး၊ ကျွန်တော့်ကျေးဇူးရှင်မို့ အရိုးသားဆုံး အပွင့်လင်းဆုံး ပြောရတာပါ၊ ကျွန်တော့်စကား ရင့်သီးသွားရင်တော့ ခွင့်လွှတ်ပါ"

အဖေါ်မဲ့လူ၏ရယ်သံသည် ရုတ်တရက် ရပ်သွားလေသည်။

စင်လုံအား တစ်ခွန်းချင်း ပြန်မေးလိုက်လေသည်။

"ခင်ဗျားက တကယ်ပဲ ညီရင်းအစ်ကိုလို လက်တွဲနိုင်လို့လား"

စင်လုံက လှိုက်လှဲစွာ ရယ်လိုက်လေသည်။

"ဒီစကားကို ကျွန်တော့်စိတ်ထဲမှာ လှိုက်လှိုက်လှဲလှဲမရှိဘဲနဲ့ မပြောပါဘူး။ ကျွန်တော်က ကိုယ့်စကားကိုတန်ဖိုးထားပါတယ်"

အဖေါမဲ့လူသည် စင်လုံ မျှော်လင့်ထားသည့်အတိုင်း သူ့ရင်ထဲမှ ခံစားချက်မှန်သမျှကို ဖြည်းဖြည်းနှင့်မှန်မှန် စတင် ပြောကြားလေတော့သည်။

"ရှင်ပျော်ပျော်မြို့စားကြီးဟာ လူကို သိပ် အလေးထားတာ မဟုတ်ဘူး။ သိုင်းပညာကို သိပ်အလေးထားတယ်၊ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ကျုပ်ထက် သိုင်းပညာကောင်းတဲ့လူကိုတွေ့ရင် ကျုပ်ကို သူ အလိုရှိတော့မှာ မဟုတ်တော့ဘူး။ ကျုပ်ကို ဘာမှ အသုံးမကျတဲ့ကောင်လို့ ထင်မြင်မှတ်ယူသွားတော့မှာ သေချာတယ်၊ မနေ့ညကဆိုရင် ကျုပ်ဟာ ကံကောင်းထောက်မလွန်းလို့ သေကံမရောက် သက်မပျောက်ဖြစ်ခဲ့ရတယ်၊ သူဟာ ကျုပ်ကို လုံးဝ ဂရုတစိုက်မရှိခဲ့ဘူး"

စင်လုံက အေးချမ်းသက်သာစွာ မေးလိုက်သည်။

"အဲဒီ အခြေအနေမျိုးမှာ ကျွန်တော်က လူစားဝင်လာသလို ဖြစ်သွားခဲ့ရတယ်မဟုတ်လား။ ကျွန်တော့်ကြောင့် နောင်ကြီးစိတ်ထဲမှာ သိပ်ပြီးခံစားချက် ကြီးမားသွားတယ်လို့ထင်ပါတယ်"

စင်လုံစကားပြောနေခိုက် အဖေါမဲ့လူသည် မိုးစက်မိုးပေါက်များကျဆင်းနေသည့် ကောင်းကင်ကြီးပေါ်သို့ မော့ကြည့်နေ၏။

မိုးစက်မိုးပေါက်များသည် ခံစားချက်ကင်းမဲ့သော သူ၏ မျက်နှာပေါ်သို့ ပိုးပိုးပေါ်ပေါ်ပေါက်ကျဆင်းနေသည်။ သူသည် မိုးရေ



ပေါက်များကိုခံယူနေရင်းမှ စင်လုံ၏စကားကို ပဲ့တင်ထပ်လိုက်သည်။

"သိပ်ပြီး ခံစားချက်ကြီးမားသွားတယ်၊ ဟုတ်လား"

သူသည် ထိုစကားပြောပြီးသည်နှင့် ခွိုက်ဟိုလင်သစ်တောဥယျာဉ်ကြီးတစ်ခုလုံး တုန်ဟည်းသွားမတတ် အော်ဟစ်ရယ်မောလေတော့သည်။

"ခင်ဗျား အထင်မှားနေပြီ၊ ကျုပ်မှာ ဒီလိုစိတ်မျိုး လုံးဝမရှိဘူး။ ကျုပ်ရဲ့ စိတ်ဆန္ဒကတစ်မျိုးပါ။ ရှင်ပျော်ပျော်မြို့စားကြီးကို သင်ခန်းစာတစ်ခု ပေးချင်တယ်"

စင်လုံ အံ့ဩသွားပါသည်။ အဖေါမဲ့လူ၏မျက်နှာကို အရိပ်အကဲဖမ်း၍မရလျှင် သူ၏စိတ်ဓာတ်ကို မည်သို့ အရိပ်အကဲဖမ်းနိုင်ပါမည်နည်း။

အဖေါမဲ့လူ၌ ဤမျှအဆင့်အတန်းမြင့်မည့် အတွေးအခေါ်မျှရှိလိမ့်မည်ဟု စင်လုံ မည်သည့်အချိန်ကမျှ မထင်မှတ်ခဲ့ချေ။ အဖေါမဲ့လူအား ရှင်ပျော်ပျော်မြို့စားကြီး၏ တစ်ပါးကျွန်သက်သက်အဖြစ်သာ ထင်မှတ်ခဲ့မိသည်။ စင်စစ် အဖေါမဲ့လူသည် အမှန်တကယ်ပင် အဖေါမဲ့လူဖြစ်နေပါ၏။

စင်လုံသည် လေးလေးနက်နက်စကားပြောလိုက်သည်။

"ကျွန်တော်တောင်းပန်ပါတယ်၊ နောင်ကြီးရဲ့ စကားကို ကျွန်တော် တန်ဖိုးထားတတ်လာပါပြီ၊ ဆက်ပြောပါဗျာ"

အဖေါမဲ့လူသည် အေးစက်စက်ပင် ပြောသည်။

"ရှင်ပျော်ပျော်မြို့စားကြီးဟာ အရာရာမှာ သူသာ ဖန်တီးရင်လို့ ထင်မှတ်နေတယ်၊ သူလိုချင်ရင် ရတယ်၊ သူစွန့်ပစ်ရင် လွင့်သွားရမယ်လို့ထင်နေတယ်၊ ကျုပ်ပေးချင်တဲ့ သင်ခန်းစာက ဒီအချက်ပဲ၊

ခင်ဗျားဟာ ဖန်တီးရှင်မဟုတ်ဘူး။ ခင်ဗျားက လူတွေကို

စွန့်ပစ်ရင် လူတွေကလည်း ခင်ဗျားကိုပြန်စွန့်ပစ်လိမ့်မယ်ဆိုတဲ့အ တရားကို သူ့ခေါင်းထဲရောက်စေချင်တယ်၊ အင်း- သူက သူ့ကိုယ် သိပ်အထင်ကြီးနေတာကိုး။ ကျုပ်သာ မကူညီဘူးဆိုရင် သူ ပြ ကျဆုံးနေတာ ကြာပါပြီ"

စင်လုံသည် စကားမပြောဘဲ ငြိမ်သက်နေမိသည်။ အတ ကြာမှ သက်ပြင်းတစ်ချက်ချရင်း-

"အောင်မြင်မှုရအောင် ကြိုးစားရတာ ခက်ခဲပါတယ်၊ အော မြင်မှုရပြီးတဲ့အခါ အဲဒီအောင်မြင်မှု ကိုယ့်ဆီမှာ ကြာရှည်နေအော ထိန်းသိမ်းရတာကပိုပြီးခက်တယ်၊ ရွှင်ပျော်ပျော်မြို့စားကြီးဟာ အော မြင်မှု သူ့ဆီမှာကြာရှည်နေအောင် ကြိုးစားနေတာပါပဲ၊ သူ့အောင်မြ နိုင်မြဲဖို့အတွက် လူတွေကိုဘယ်လိုအသုံးချရမလဲလို့ သူတွေးနေတ ဒီလူတွေကို သူကြိုးဆွဲရာ ကရမယ့် အရုပ်တွေအဖြစ်ပဲ မြင်နေတ သူကြိုးဆွဲရမယ့်လူတွေရဲ့ရင်ထဲမှာ အသည်းနှလုံးရှိနေတာ သူမသိ ကိုယ့်ကိုယ်ကို အထင်ကြီးလွန်းတဲ့သူဟာ မြန်မြန်ကျဆုံးမှာပဲ"

အဖေါ်မဲ့လူသည် သက်ပြင်းတစ်ချက်ချလိုက်သည်။

"နောင်ကြီးကို အမှန်အတိုင်းပြောလိုက်ပါ့မယ်၊ သိုင်းလေ ကမှာ သူတစ်ယောက်တည်း ပြိုင်ဘက်ကင်းပြီး လုပ်ချင်ရာ လု နေတာတွေကို ကျွန်တော် ဘဝင်မကျတာကြာပါပြီ၊ တစ်ယောက် ထင်ရာစိုင်းနေတဲ့လူကို ဒီအတိုင်းလွှတ်ထားလို့ မဖြစ်တော့ပါဘူး"

အဖေါ်မဲ့လူသည် အေးစက်စက်ပင် ပြောသည်။ သူ စကားသံက မည်မျှအေးစက်သော်လည်း သူပြောနေသည့်အကြော အရာကမူ မအေးစက်ပါချေ။ အနှစ်အသားရှိသည့်စကားလုံးများ ပြ နေပါ၏။ အဖေါ်မဲ့လူက---

"ဒါကြောင့်လည်း ကျုပ်က ခင်ဗျားကို ကိုယ်ထိလက်ရော



ပိုလိုက်တာပဲ၊ ဒီ တစ်လောကလုံးမှာ ရွှင်ပျော်ပျော်မြို့စားကြီးကို ပြားပစ်နိုင်တဲ့လူဟာ ခင်ဗျားတစ်ယောက်ထဲပဲရှိတယ်၊ အဲဒါကို ကျုပ်သိနေတာ ကြာပြီဗျ"

အဖေါ်မဲ့လူသည် စင်လုံ၏လက်ကို တင်းကျပ်စွာဆုပ်ကိုင် လိုက်၏။ စင်လုံသည် အေးချမ်းစွာရပ်နေပါသည်။ အဖေါ်မဲ့လူက လေး နက်စွာ ဆက်၍ပြောသည်။

"ခင်ဗျားမှာ အခုပြောတဲ့စိတ်ဓာတ်မျိုးရှိနေရင် အဖေါ်မဲ့လူ က အစွမ်းကုန်အကူအညီပေးမယ်လို့ ကတိပြုပါတယ်ဗျာ"

စင်လုံက နှစ်ထောင်းအားရစွာ ပြောလိုက်သည်။

"နောင်ကြီးရဲ့အကူအညီရရင် ကျွန်တော့်အတွက် အင်မတန် ကောင်းတယ်လို့ ဆိုရမှာပဲ၊ ဒါပေမယ့်---"

"ဒါပေမယ့် ဘာဖြစ်လဲ"

စင်လုံက လုံစစ်ပိုင်အလောင်းကို မေးငေါ့ပြလိုက်၏။

"ဒီလူသေသွားတာက ပြဿနာပဲဗျ၊ ဒီလူ ပြန်မလာတာနဲ့ မှ သံသယဝင်မှာမုချပဲ၊ သူ သံသယဝင်နေရင် ကျွန်တော်တို့ ဘာမှ လှုပ်ရှားနိုင်မှာ မဟုတ်တော့ဘူး။ သူက အစစအရာရာပြင်ဆင်ထားမှာ သေချာတယ်၊ ကျွန်တော်ပြောတာကို နောင်ကြီး သဘောတူတယ် မဟုတ်လား"

အဖေါ်မဲ့လူသည် လုံစစ်ပိုင်၏အလောင်းကို လှမ်းကြည့် လိုက်ပြီး စင်လုံအား မေးလိုက်၏။

"သူ- တကယ်ပဲ သေဆုံးသွားပြီလား"

"သေသွားပါပြီ"

စင်လုံသည် အလောင်းကိုကြည့်၍ ပြောခြင်းမဟုတ်ပါ။ ရိုက်ထုတ်လိုက်သည့် လက်ဝါး၏အင်အားကိုသိ၍ ဤမျှ အသေ

အချာပြောလိုက်ခြင်းဖြစ်သည်။

ထို့နောက် ဆက်၍ရှင်းပြလိုက်သည်။

"ကျွန်တော့်အနေနဲ့ သူ့ကို တစ်ဆုံးတစ်စ မလုပ်ချင်ပါဘူး၊ နောင်ကြီးနဲ့ ပြေပြေလည်လည်ဆက်ဆံရလိမ့်မယ်ဆိုတာ ကြိုတင်မြင်နေရင်တော့ သက်သက်ညှာညှာလုပ်မိမှာပါ၊ စောစောကအခြေအနေကတော့ တစ်ဆုံးတစ်စ မလုပ်လို့ကိုမဖြစ်ပါဘူး။ ဒီတော့ ကျွန်တော် မသေတဲ့ သူသေသွားတာပေါ့"

အဖေါ်မဲ့လူ၏နှုတ်ခမ်း၌ ထူးထူးခြားခြားပင် အပြုံးများခိုတွဲလာသည်။

"စင်လုံ ခင်ဗျားမှားနေပြန်ပြီ၊ လုံစစ်ပိုင်ကို သေပြီလို့ပြောနိုင်သလို အသက်ပြန်ဝင်မနေတယ်လို့လည်း ပြောနိုင်ပါတယ်"

စင်လုံသည် လွန်စွာ အတွေးအခေါ်ကောင်းသူဖြစ်ပါသည်၊ သို့သော် အဖေါ်မဲ့လူ၏စကားကိုမူ လုံးဝသဘောမပေါက်ဘဲဖြစ်နေသည်။

"နောင်ကြီး- ဘာကိုရည်ရွယ်ပြီးပြောတာလဲ၊ ကျွန်တော် သဘောမပေါက်ဘူး"

"ဟား- ဟား- ဟား ကျုပ်ပြောတာရှင်းပါတယ်၊ သူဟာ ဝံကြောင်ကလေးအဖြစ် ဟန်ဆောင်လာတယ်၊ ဝံကြောင်ကလေး အဖြစ်ပဲသေရမယ်၊ ဒီတော့ လုံစစ်ပိုင် မသေသေးဘူးဆိုတာ ထင်ရှားနေပြီပေါ့"

စင်လုံသည် လုံးဝ သဘောမပေါက်ပါ။ အဖေါ်မဲ့လူကိုသာ အေးအေးဆေးဆေး ပြန်ကြည့်နေမိတော့သည်။

"ဘာလဲ ခင်ဗျားမရှင်းသေးဘူးလား၊ လုံစစ်ပိုင်ဟာ ဝံကြောင်ကလေးအဖြစ်နဲ့သေသွားနိုင်သလို ဝံကြောင်ကလေးကကော လုံစစ်ပိုင်အဖြစ်နဲ့ အသက် ပြန်မရှင်နိုင်ဘူးလားဗျ"



စင်လုံ နားလည်သဘောပေါက်သွားတော့သည်။

စင်လုံသည် အားရဝမ်းသာဖြင့် ပြောလိုက်သည်။

"ကြိုက်ပြီ ကျွန်တော်က ကြောင်ကလေးသေပြီမှတ်နေတာ၊ အခုဆိုရင် ဘာပြောစရာရှိတော့မလဲ၊ နောင်ကြီးရဲ့ အစီအစဉ်က အင်မတန်ကောင်းတဲ့ အစီအစဉ်ပဲ"

အဖေါ်မဲ့လူသည် အေးစက်စက်ရယ်မောနေတော့သည်။ သူလည်းလည်း သူ့အစီအစဉ်ကို ပြန်သဘောကျနေသည်သာဖြစ်ပါ၏။

"လုံစစ်ပိုင်ဟာ ဝံကြောင်ကလေးလိုဟန်ဆောင်ပြီး ခင်ဗျားကို လိမ်ညာခဲ့တယ်၊ ဝံကြောင်ကလေးကလည်း လုံစစ်ပိုင်အဖြစ် ဟန်ဆောင်ပြီး ရွှင်ပျော်ပျော်မြို့စားကြီးကိုလိမ်ညာမှ တရားမျှတရာ ကျတော့မှာပေါ့ဗျ၊ ဟား- ဟား- ဟား"

စင်လုံကလည်း ဟက်ဟက်ပက်ပက်ရယ်မိလေသည်။

"မှန်တယ်၊ ဝံကြောင်ကလေးနဲ့ လုံစစ်ပိုင်တို့နှစ်ယောက်ဟာ ကိုယ်ခန္ဓာတည်ဆောက်ပုံရော၊ ဟန်အမူအရာပါ တူကြပါပေတယ်၊ ဒါပေမယ့် သူတို့နှစ်ယောက်ရဲ့ အကျင့်စာရိတ္တနဲ့စိတ်ဓာတ်ကတော့ ကွာခြားလွန်းလှပါတယ်၊ ဝံကြောင်ကလေးက တစ်ကိုယ်တော် သူရဲကောင်း၊ လုံစစ်ပိုင်က သူများရဲ့နောက်လိုက်ခွေး"

"ကျုပ်က ခင်ဗျားကိုကယ်တင်ဖို့ ရည်ရွယ်ချက်ရှိထားတော့ ခင်ဗျားရဲ့မိတ်ဆွေကြီးကို ဘယ်သတ်ရက်တော့မလဲဗျာ"

စင်လုံသည် အဖေါ်မဲ့လူအား စူးစူးစိုက်စိုက်ကြည့်လျက် မေးလိုက်သည်။

"ဝံကြောင်ကလေးက အခု ဘယ်မှာရှိနေသလဲဗျ၊ သူဟာ ကျွန်တော်တို့ရဲ့ အင်အားစုဆိုတော့ ရှိနေတဲ့နေရာကိုသိထားမှ ဖြစ်မယ်"

"ဒီစကားက မမေးသင့်တဲ့ စကားဘဲ"

"ခွင့်လွှတ်ပါနောင်ကြီး၊ နောင်ကြီးအနေနဲ့ ဒီလိုစိတ်ချလက်ချ ထွက်လာကတည်းက ဝံကြောင်ကလေးဟာ ဘေးကင်း ရန်ကင်း လျှို့ဝှက်တဲ့တစ်နေရာရာမှာ ရှိလိမ့်မယ်ဆိုတာ ကျွန်တော် သိထားဖို့ ကောင်းပါပြီ"

"အဲဒီလိုသိထားရင် ခင်ဗျားစိတ်အေးနိုင်ပြီပေါ့ဗျာ၊ ဝံကြောင် ကလေးအတွက် စိုးရိမ်စရာမရှိပါဘူး၊ တကယ့် အဓိကပြဿနာကြီး ကျန်နေတာက ခက်နေတယ်"

အဖော်မဲ့လူသည် ဆက်လက်ညည်းတွားနေပြန်သည်။

"အဲဒီပြဿနာကမှ တကယ့်ကို ခက်နေတဲ့ပြဿနာ၊ သိပ် ခက်ခဲတဲ့ပြဿနာ"

စင်လုံက ထောက်ခံလိုက်သည်။

"ဟုတ်တယ် တကယ့် ပြဿနာပဲဗျာ"

အဖော်မဲ့လူသည် စင်လုံ၏စကားကို ကြားလိုက်ရသောအခါ မျက်နှာမပျက်စဘူး ပျက်သွားသည်။ သူ့လေသံအတိုင်း အေးစက်စက် ပြန်မေးသည်။

"ကျုပ်ပြောတဲ့ပြဿနာကို ခင်ဗျားက သိနေလို့လား"

"သိတယ်လို့ ထင်မိတာပဲဗျာ"

"ကျုပ် အံ့သြတယ်၊ ခင်ဗျားသိတဲ့ပြဿနာကို ပြောပြစမ်းပါဦး"

"ဝံကြောင်ကလေးရဲ့မျက်နှာကို လုံးစစ်ပိုင်နဲ့တူအောင် ရုပ်ပြောင်းရုပ်လွှဲ လုပ်ပေးရမယ့်ပြဿနာပဲ"

အဖော်မဲ့လူသည် ရယ်မောလိုက်သည်။

"အင်း- တကယ့်ကို အံ့သြစရာလူပါပဲလား။ ခင်ဗျား မသိ



က ဘာမှမရှိတော့ပါလား။ ဟုတ်ပါပေ့ဗျာ၊ ဒါနဲ့ ခင်ဗျားကော ရုပ်ပြောင်း ရုပ်လွှဲပညာကို မတတ်ဘူးလား"

"ဟား- ဟား- ဟား အဲဒီမေးခွန်းက ကျွန်တော်ဟာ သာမန် လူတစ်ယောက်ဆိုတာကို ဖော်ပြလိုက်တာပဲ၊ စင်လုံကို အရာရာသိတဲ့ လူလို့ အထင်မှားနေကြတယ်၊ စင်လုံဟာ လူထဲက လူပါပဲဗျာ၊ ဒီ လောက်ခဲနက်နဲတဲ့ ရုပ်ပြောင်းရုပ်လွှဲပညာကို ကျွန်တော် နည်းနည်းမှ မ တတ်ကျွမ်းပါဘူး"

အဖော်မဲ့လူသည် အဝေးသို့မျှော်ကြည့်ရင်း ဖြည်းညင်းစွာ ပြောလိုက်လေသည်။

"အဲဒီအဖြေဟာ ကျုပ်တို့သုံးစွဲမယ့်နည်းဗျူဟာရဲ့ သော့ချက် ပဲ၊ ဝံကြောင်ကလေးကို ရုပ်ပြောင်းရုပ်လွှဲ လုပ်မပေးနိုင်ရင် အားလုံး အရည်းနှီးဖြစ်ကုန်မှာ သေချာတယ်"

အဖော်မဲ့လူသည် စကားပြောရင်းမှ တစ်စုံတစ်ခုကို သတိ ရဟန်ဖြင့် စင်လုံအား စူးစူးစိုက်စိုက် ကြည့်ပြန်လေသည်။ ကျယ် လောင်စွာ မေးလိုက်လေသည်။

"ဒါနဲ့ ကျုပ်ပြောစမ်းပါရစေဦး၊ ခင်ဗျားဟာ ရုပ်ပြောင်း ရုပ်လွှဲပညာလည်း မတတ်ဘူးဆိုသေးရဲ့၊ စတုပင်ရုပ်ဖျက်ထားတဲ့ မိန်း ကလေးနှစ်ယောက်ကို ဘယ်လိုဖော်ထုတ်နိုင်ခဲ့ရတာလဲ"

"ဒါက ကျွန်တော်စွမ်းလို့ မဟုတ်ပါဘူး၊ တခြား လူတစ် ယောက်က ဖော်ထုတ်ပေးတာပါ"

"အဲဒီ တခြားလူတစ်ယောက်ဆိုတာ ဘယ်သူလဲ"

"ဒီနားတင်ပါပဲ၊ သိပ်မဝေးပါဘူး"

"မဝေးဘဲနဲ့ ဘာဖြစ်လို့ သူ့အကူအညီ မယူတာလဲ"

"မယူချင်လို့တော့ မဟုတ်ပါဘူး။ သူက ကူမှမကူညီချင်တာ"

"ခင်ဗျား မှားတယ်၊ ဒီလိုအထင်နဲ့ မပြောသင့်ဘူး။ သူ့ကို မေးကြည့်သင့်သေးတယ်၊ မမေးဘဲနဲ့ သူ မကူညီချင်ဘူးလို့ခင်ဗျားက ဘာကြောင့် အတပ်ပြောနိုင်ရတာလဲ"

"ကျွန်တော် အတပ် ပြောနိုင်တာပေါ့၊ ကျွန်တော်တို့မှာ ဘယ်လို အခက်အခဲတွေ့နေတယ်ဆိုတာ သူသိနေပြီပဲ၊ ကူညီချင်ရင် အစောကြီးကတည်းက ထွက်လာတော့မှာပေါ့၊ ထွက်မလာတာကိုကြည့်တာနဲ့ သူ မကူညီချင်ဘူးဆိုတာ ထင်ရှားနေပြီပေါ့"

ဝမ်းလင်းဝါးသည် သစ်ပင်ကြီး၏နောက်ကွယ်၌ လျှို့ဝှက်ပုန်းအောင်းပြီးကြည့်နေရာ မကြုံစဖူး အဖြစ်ထူးများကို တွေ့နေရသဖြင့် လွန်စွာ အံ့သြနေမိသည်။

သူ ထင်သကဲ့သို့ ဖြစ်မလာသဖြင့် စိတ်ပျက်သွားမိသော်လည်း ရှေ့ဆက်၍ သူတို့ဘာပြောမည်ကို သိလိုသဖြင့် ဆက်လက်စောင့်ကြည့်နေခြင်းဖြစ်သည်၊ သူ၏ပုန်းကွယ်မှုကို သူ လွန်စွာစိတ်ချသည်။ မိုးသံ လေသံများအကြား၌ သူ့ခြေသံကို ထိုသူများ မကြားနိုင်ဟု လုံးဝယုံကြည်သည်။

သူ၏ ကိုယ်ဖော့ပညာကလည်း ထိပ်တန်းအဆင့်၌ ရှိနေသည်ဖြစ်ရာ သူ့ကိုယ်သူ ဤသို့ ယုံကြည်မှု အပြည့်အဝ ရှိနေခြင်းအတွက် အံ့သြစရာမရှိပါပေ။

သို့သော် စင်လုံ၏ စကားများကို ကြားလိုက်ရသောအခါ လွန်စွာ ထိတ်လန့်သွားမိတော့သည်။ ဤသူများကား ကြောက်မက်ဖွယ်ကောင်းလောက်အောင် စွမ်းရည်ရှိသူများပေတကား။

သူသည် ဤသူများအား ဆက်လက်ပုန်းကွယ်နေ၍ မဖြစ်တော့ကြောင်း သိလာသဖြင့် ပုန်းကွယ်ရာမှ ထွက်လာရတော့သည်။ သူသည် စင်လုံတို့ရှိရာသို့ ခြေလှမ်းကျဲကျဲဖြင့်လျှောက်လာမိသည်။



အဖေါ်မဲ့လူသည် စူးရှတောက်ပသည့် မျက်လုံးများဖြင့် ကြည့်လိုက်ပြီ---

"စင်လုံ ခင်ဗျားပြောတာ ဒီလူလား"

"ဟား ဟား ဟား ဟုတ်ပါတယ်ဗျာ၊ သူက သိပ်မဆိုးလှပါဘူး။ ထွက်တော့ ထွက်လာသားပဲဗျ"

"အင်း- ဒီလူ လမ်းလျှောက်လာပုံကို ကြည့်ရတာတော့ ပုံပြင်ဒဏ္ဍာရီထဲကလို ကျော်ကြားနေတဲ့ မျက်နှာတစ်ထောင်မင်းသား ဝမ်းလင်းဝါးဆိုတာနဲ့ သိပ်တူတာပဲ"

ဝမ်းလင်းဝါးမှာ ဤလူများကို လုံးဝ အထင်မသေးရဲတော့ပေ။ သူ၏ လက်နှစ်ဖက်ကိုဆုပ်လျက် အဖေါ်မဲ့လူအား ဦးညွှတ်အရိုအသေ ပေးလိုက်၏။

"မဟုတ်ရပါဘူးဗျာ၊ ကျုပ်က အညတရ တစ်ယောက်ပါ၊ မျက်နှာတစ်ထောင်မင်းသားဝမ်းလင်းဝါးလို့ ဘယ်သူကများ နာမည်ပေးလိုက်တာပါလိမ့်"

"ဝမ်းလင်းဝါးကလွဲရင် သူများပြောတဲ့စကားကို ဣန္ဒြေမပျက်နားထောင်နိုင်သူမရှိဘူး။ သိုင်းလောကထဲမှာ အမျိုးမျိုး ရုပ်ပြောင်းရုပ်လွှဲ လုပ်နိုင်တဲ့နေရာမှာလည်း ဝမ်းလင်းဝါးကို ဘယ်သူမှမမီဘူး။ ဒီတော့ ဝမ်းလင်းဝါးကလွဲလို့ မျက်နှာတစ်ထောင်မင်းသား အမည်နဲ့ ထိုက်တန်မယ့်လူ ရှိသေးလို့လား"

ဝမ်းလင်းဝါးက ရယ်မောလိုက်လေသည်။

"အခုလို ဂုဏ်ပြုချီးမြှောက်တဲ့အတွက် အထူးကျေးဇူးတင်ပါတယ်ဗျာ"

စင်စစ် အဖေါ်မဲ့လူသည် သူ့အား ဂုဏ်ပြုချီးကျူးနေခြင်း မဟုတ်ပါ။ ထော့ငေါ့ပြောနေခြင်းသာဖြစ်သည်။

ဝမ်းလင်းဝါးကလည်း နားလည်သဘောပေါက်သည်။

မသိချင်ယောင်ဆောင်လျက် အစွဲတိုက် ပြန်ပြောနေပြ
သာဖြစ်သည်။

စင်လုံသည် ထိုနှစ်ယောက်ကိုကြည့်၍ ရယ်မိသည်။

"ကဲ- ကဲ ဝမ်းလင်းဝါးထွက်လာပြီဆိုကတည်းက ဝံကြေ
ကလေးကို ရုပ်ပြောင်းရုပ်လွှဲလုပ်ပေးဖို့ အခြေအနေကောင်းသွားပြီ
တွက်ဆလို့ရပါပြီ"

ဝမ်းလင်းဝါးကလည်း ရယ်၍ ပြန်ပြောသည်။

"ရုပ်ပြောင်းရုပ်လွှဲလုပ်ပေးဖို့ အခြေအနေကောင်းသွားပြီ
တွက်ဆလို့ရပါပြီ"

ဝမ်းလင်းဝါးသည် အဖေါ်မဲ့လူကို တစ်ချက်လှမ်းကြည့်
သူ၏စကားရပ်သွားသည်။ ထို့နောက် ခပ်ဖြည်းဖြည်း ဆက်ပြောပြ
သည်။

"အဖေါ်မဲ့နောင်ကြီးက ကျုပ်ကို ယုံမှ ယုံရဲ့လားတော့ မ
ဘူး"

အဖေါ်မဲ့လူသည် အေးစက်စက် ရယ်မောလိုက်လေသည်

"ကျုပ်ယုံတာ မယုံတာ အပထား။ ဒီကိစ္စကတော့ ခင်ဗျာ
အနေနဲ့ ဘယ်လိုမှ ရှောင်လွှဲလို့မရနိုင်တဲ့ကိစ္စဘဲဗျ"

"ကောင်းပါပြီဗျာ၊ ကျုပ်ကလည်း မငြင်းပါဘူး။ ဝံကြေ
ကလေးရဲ့ဦးခေါင်းကို ကျုပ်စိတ်တိုင်းကျလုပ်ဖို့ ကျုပ်ကိုလွှဲအပ်ကြမယ
ဆိုပါတော့"

အဖေါ်မဲ့လူက အေးစက်စက်ပင် ပြောသည်။

"ဟုတ်တယ်၊ ခင်ဗျားရဲ့လက်ထဲကို အပ်မယ်၊ ရုပ်ပြော
ရုပ်လွှဲလုပ်ဖို့ ကိရိယာတန်ဆာပလာတွေကော ပါခဲ့ရဲ့လား"



ဝမ်းလင်းဝါးက ဟက်ဟက်ပက်ပက် ရယ်တော့သည်။

"ကျုပ်ရဲ့ အထူးချွန်ဆုံးပညာတွေထဲမှာ အဲဒီပညာက ထိပ်
ကဆိုတော့ ဒီအဲဒီပညာနဲ့ဆိုင်တဲ့ တန်ဆာပလာတွေကလည်း ကျုပ်နဲ့
မြဲတမ်း ကပ်နေပါတယ်ဗျာ၊ ဒါပေမယ့် ကျုပ်အဖို့မရှိမဖြစ်တဲ့ပစ္စည်း
တော့ လိုအပ်နေတုန်းပဲဗျ"

အဖေါ်မဲ့လူသည် အတော်လေး စိတ်အနှောင့်အယှက်ဖြစ်
ဟန်တူသည်။ ထို့ကြောင့် ငေါက်ဆတ်ဆတ် မေးလိုက်လေသည်။

"ဘာပစ္စည်း လိုအပ်နေရပြန်တာလဲ"

ဝမ်းလင်းဝါးက ခပ်ပြုံးပြုံးနှင့် ပြန်ဖြေသည်။

"ဦးခေါင်းတစ်လုံးပဲဗျ"

"ဘယ်သူ့ ဦးခေါင်းလဲ"

ဝမ်းလင်းဝါး၏မျက်လုံးများသည် မြေပြင်ပေါ်၌ လဲကျသေ
နေသည့် လုံစစ်ပိုင်၏ဦးခေါင်းဆီသို့ ရောက်သွား၏။

"ကျုပ်လိုချင်တဲ့ဦးခေါင်းပိုင်ရှင်က အတော်ကလေးအေးအေး
ချမ်းချမ်း ငြိမ်ငြိမ်သက်သက်ဖြစ်နေပါပြီ၊ ကျုပ်ကိုတော့ ဘာမှ အနှောင့်
အယှက်ပေးတော့မယ်မထင်ဘူးဗျ"

ဤကိစ္စမှာ ခက်ခဲလှသည့်ကိစ္စတစ်ရပ် မဟုတ်ပါ။ ဝမ်း
လင်းဝါးကဲ့သို့သော လူမျိုးအတွက် ဤကိစ္စမျိုးမှာ အသေးအဖွဲကိစ္စ
လေးသာဖြစ်ပါသည်။ မကြာမီပင် အထုပ်တစ်ထုပ် ထုပ်ပိုးပြီး ဖြစ်
သွားတော့သည်။

သဲသဲမဲမဲရွာနေသော မိုးသည်သူတို့သုံးဦး၏ကိစ္စကို ကောင်း
ကောင်းကြီး အကာအကွယ်ပေးနေပါသည်။

စင်လုံသည် မိုးမင်းကြီးကို အထူး ကျေးဇူးတင်နေပါသည်။
အဘယ့်ကြောင့်ဆိုသော် ဤမျှ သဲသဲမဲမဲရွာနေသော မိုးထဲလေထဲသို့

ဝမ်းလင်းဝါးကဲ့သို့သော လူထူးလူဆန်းမှတစ်ပါး အခြားသူ တစ်ဦး တစ်ယောက်မျှ လမ်းလျှောက်ထွက်လိမ့်မည်မဟုတ်သည်ကို သိ‌ေ သောကြောင့်ဖြစ်ပါ၏။

အန္တရာယ်ရှိသူများ လမ်းလျှောက်ထွက်လာလျှင် သူတို့အ‌ါ အလုပ်ပိုများ လုပ်နေကြရပေဦးမည်။

ဝမ်းလင်းဝါးကတော့ သူတို့အတွက် အန္တရာယ်မဖြစ်ရုံမျှမက သူတို့အကျိုးကို သယ်ပိုးထမ်းဆောင်ပေးနေချေသေး၏။

သူတို့သုံးယောက်သည် ထိုနေရာမှ ရှေ့ဆင့်နောက်ဆင့်ထွက် လာကြတော့သည်။ စင်လုံသည် နောက်ဆုံးမှ လိုက်လျှောက်ရင်း အဖေါ် မဲ့လူကို လှမ်းမေးလိုက်သည်။

"ဝံကြောင်ကလေးပုန်းကွယ်နေရာက လုံခြုံရဲ့လားဗျ"

အဖေါ်မဲ့လူသည အေးစက်သောလေသံဖြင့် ပြန်ပြောသည်။

"ကျုပ် ထားပစ်ခဲ့တဲ့နေရာဟာ အလျှို့ဝှက်ဆုံးသစ်တော‌ ‌က အလျှို့ဝှက်ဆုံးနေရာဗျ၊ တပ်ထောင်တာဗိုလ်ထုနဲ့ တောနင်း‌ ရှာတာတောင် မတွေ့နိုင်ဘူး"

စင်လုံက ဝန်ခံလိုက်သည်။

"နောင်ကြီးပြောတာ ကျုပ်လက်ခံပါတယ်၊ ဒီခွိုက်ဟိုလ‌ သစ်တောဥယျာဉ်ကြီးထဲမှာ ကျုပ်လေးငါးပတ်လောက် ပတ်ပြီးနေပါပြီ ဒါပေမယ့် အခုနောင်ကြီးခေါ်လာတဲ့လမ်းကိုတော့ ကျွန်တော် တ‌ ခေါက်မှ မရောက်သေးဘူးဗျ၊ ဒီတော့ မသိနိုင်တဲ့လျှို့ဝှက်နေရာ‌ အများကြီးရှိနိုင်တယ်ဆိုတာ သိလာရတော့တာပေါ့"

"ဟုတ်တယ်၊ ခင်ဗျားအနေနဲ့ ဒီသစ်တောဥယျာဉ်ထဲမှ‌ နောက်ထပ်ဆယ်နှစ်လောက်နေဦး၊ ဒီလမ်းကိုတော့ ရောက်ဖူးမှာ ‌ ဟုတ်ဘူး"



ထိုစဉ် ဝမ်းလင်းဝါးက ရုတ်တရက် ရယ်မောလိုက်လေသည်။

"တကယ်လားဗျာ"

အဖေါ်မဲ့လူသည် ဝမ်းလင်းဝါး၏သရော်တော်တော် အမေး ‌စကားကြောင့် ဒေါသဖြစ်သွားဟန်တူသည်။ သူ၏ မျက်လုံးများ၌ ‌ကျောက်စုန်းအရောင် တောက်သကဲ့သို့ တလက်လက် တောက်ပလာ ‌သည်။

"ခင်ဗျား ဘာပြောလိုက်တာလဲ"

ဝမ်းလင်းဝါးသည် အဖေါ်မဲ့လူကြီး၏ အေးစက်စက် စကား များအတွက် မည်သို့မျှစိတ်အနှောင့်အယှက်ဖြစ်ဟန်မတူပါ။ သူက ‌ဆက်ပြောသည်။

"ခင်ဗျားပြောတဲ့နေရာဟာ ဟို နတ်စင်နောက်ဘက်မှာရှိတဲ့ လိုဏ်ဂူကြီးမဖြစ်ပါစေနဲ့လို့ ကျုပ် ဆုတောင်းပါတယ်ဗျာ"

အဖေါ်မဲ့လူသည် နောက်ဘက်သို့ လျှပ်တစ်ပြက်လှည့်လာ ပြီး ဝမ်းလင်းဝါး၏လက်ကို ဖမ်းကိုင်ကာ လျှပ်တစ်ပြက် လှည့်လိုက် ‌၏။

"အဲဒီနေရာကို ခင်ဗျားတွေ့ခဲ့ပြီပေါ့ဟုတ်လား"

ဝမ်းလင်းဝါးက သက်ပြင်းချရင်း-

"ကျုပ်က ဓာမင်ရှာတာမဟုတ်ပါဘူးဗျာ၊ ကံခေပြီး အဲဒီနေ ရာကို မတော်တဆတွေ့မိတာပါ"

စင်လုံမှာလည်း အကြီးအကျယ် မျက်နှာပျက်သွားလေ တော့သည်။ သိုင်းလောကသားများသည် စင်လုံအား အတော်ကလေး ‌အထင်ကြီးကြ၏။ အရာရာကိုပင် သိတတ်လွန်းသည်ဟူ၍---။

စင်လုံကမူ သူ့ကိုယ်သူ အထင်မကြီး၊ သို့ကြောင့်လည်း ‌အန္တရာယ်အသွယ်သွယ် ရန်စွယ်အထွေထွေမှ မကြာခဏ လွတ်

ပြောက်လာရခြင်းဖြစ်သည်။

သူသည် သူကိုယ်သူ အထင်မကြီးသည့်အပြင် အခြားသူ တစ်ပါးကိုလည်း အထင်သေးလေ့မရှိပေ။ အထူးသဖြင့် ဝမ်းလင်းဝါးကို အထင်သေးလေ့မရှိ။ ဤသူသည် ဆိုးရွားကောက်ကျစ်ရာ၌ သူ့ထက်သာရုံမျှမက အရာရာကိုလည်း သူ့ထက် ပိုသိသူဖြစ်သည်ဟု ၍ စင်လုံသတ်မှတ်ပြီးဖြစ်၏။

ကြည့်- ယခုလည်း သူ မရောက်ဘူးသည့် လမ်းကို လည်းကောင်း၊ အဖေါ်မဲ့လူက အလုံခြုံဆုံးဟူ၍သတ်မှတ်ထားသည့် နေရာကိုလည်းကောင်း၊ ဝမ်းလင်းဝါးသိရှိပြီးလေပြီ၊ မည်သို့သော မဟုတ်တရုတ်အကြံအစည်များကို ကြံစည်ပြီးလေပြီမသိ။

ထို့ကြောင့် ခပ်ဖြည်းဖြည်း မေးမိလိုက်သည်။

"မင်း- အဲဒီနေရာကို ရောက်ခဲ့ပြီးပြီလား"

ဝမ်းလင်းဝါးက ခပ်ပြုံးပြုံး ဖြေသည်။

"ချစ်ချစ်ကို အဲဒီနေရာမှာထားတာပဲဗျ၊ ဒါကြောင့်မို့ အဲဒီ နေရာကို သိနေတာပါ၊ ဝံကြောင်ကလေးကို တွေ့ခဲ့လို့မဟုတ်ပါဘူး၊ တစ်ခုတော့ရှိပါတယ်ဗျာ၊ အဲဒီ ကျောက်လိုဏ်ခေါင်းကြီးက အပေါက် ကလေး ကွေ့ကွေ့ကောက်ကောက်ရှိနေပုံရတယ်၊ ဝံကြောင်ကလေးနဲ့ ချစ်ချစ်တို့ တွေ့ဆုံလိမ့်မယ်လို့တော့ ကျုပ်မထင်ဘူး"

အဖေါ်မဲ့လူသည် ဝမ်းလင်းဝါးကို လက်ထဲမှလွှတ်ပေးလိုက် တော့သည်။ နောက်ဘက်သို့ နစ်လှမ်းဆုတ်သွားသည်။

ဝမ်းလင်းဝါးသည် လောလောဆယ်၌ သူတို့အား မကောင်း မကြံစည်တန်ရာဟု တွက်ဆလိုက်သည်။

စင်လုံသည် လေပူတစ်ချက်မှုတ်ထုတ်လိုက်သည်။

"ဝံကြောင်ကလေးကို ချစ်ချစ်တွေ့သွားလည်း ကိစ္စမရှိပါဘူး၊



ရှင်ပျော်ပျော် မြို့စားကြီးဘက်က တစ်ယောက်ယောက် တွေ့သွားမှာ ကိုသာ စိုးရိမ်ရတာပါ"

သူသည် စတင်ထွက်ခွါနေပြီဖြစ်သည့် အဖေါ်မဲ့လူ၏နောက် သို့လိုက်ရင်း စကားလှမ်းပြောလိုက်လေသည်။

"အဲဒါက သင်ခန်းစာတစ်ခုပဲဗျ၊ နောင်ဆိုရင် ဘာကိုပဲ ဝှက် ဝှက် ဘာကိုပဲ ဖုံးကွယ် ဖုံးကွယ်၊ အလွန်အမင်း လျှို့ဝှက်တဲ့နေရာ မဖြစ်စေရဘူးဆိုတာ သင်ခန်းစာပေးလိုက်တာပဲ"

ဝမ်းလင်းဝါးက ကြားဖြတ်မေးလိုက်လေသည်။

"သိပ်လျှို့ဝှက်တဲ့နေရာဖြစ်တော့ ဘာဖြစ်သလဲ၊ ပိုပြီး မလုံ ခြုံဘူးလား"

စင်လုံက ရယ်လိုက်လေသည်။

"သိပ် လျှို့ဝှက်တဲ့နေရာမှာ ဖုံးကွယ်ထားရင် အဲဒီလျှို့ဝှက်မှု ဟာ ကြံကြံဖန်ဖန် ပေါ်ထွက်လာတတ်တယ်၊ အခုပဲ ကြည့်ပါလား၊ အဖေါ်မဲ့နောင်ကြီးက သူ့နေရာကို သူသိပ်ပြီးစိတ်ချတယ်၊ အဲဒီနေရာကို မင်းပဲ တွေ့လာခဲ့ပြီမဟုတ်လား"

ဝမ်းလင်းဝါးက တွေးတွေးဆဆဖြင့် ထောက်ခံလိုက်သည်။

"မှန်တယ်ဗျာ၊ ဘယ်သူတွေပဲဖြစ်ဖြစ် ဖုံးကွယ်ထားတဲ့အရာ တစ်ခုကိုရှာပြီဆိုရင် လွယ်လွယ်တွေ့နိုင်မယ့်နေရာမျိုးကို ဝှက်မှာမ ဟုတ်ဘူးလို့ တွက်ဆပြီး လွယ်လွယ်မတွေ့နိုင်တဲ့နေရာ အခက်အခဲ ဆုံး အလုံခြုံဆုံးဖြစ်နိုင်မယ့် နေရာတွေမှန်သမျှ လိုက်ရှာတော့ ဒီလျှို့ ဝှက်ဆုံးဆိုတဲ့နေရာကို တွေ့သွားတတ်ကြတာပေါ့"

စင်လုံက ခပ်တိုးတိုးရေရွတ်လိုက်သည်။

"ဝံကြောင်ကလေးရှိနေတဲ့နေရာကို သိတဲ့လူ သိပ်မများပါ စေနဲ့လို့ပဲ ဆုတောင်းရတော့တာပဲ"

ဝမ်းလင်းဝါးက သက်ပြင်းချပြီး ပြောလိုက်လေတော့သည်။

"အင်း- ခင်ဗျားက ဆုတောင်းနေပေမယ့် ကျုပ်စိတ်ထ… တော့ အဲဒီနေရာကို သိတဲ့လူတွေ မနည်းတော့ဘူးလို့ ကျုပ်တော… ထင်ထားတာပဲ"

☸



လန်ရှန်းသည် ကြေကွဲခြင်း၊ ဝမ်းနည်းခြင်း၊ ယူကြုံးမရခြင်း ဒေါသဖြစ်ခြင်း အစရှိသည့် ခံစားမှုအထွေထွေကိုခံစားနေရခြင်းမှ တဖြည်းဖြည်းငြိမ်သက်လာသည်။

သို့သော်- ဝမ်းလင်းဝါး ထွက်သွားရာ တံခါးပေါက်သို့ကား ကြည့်မြဲ ကြည့်နေလေသေး၏။

တသဲသဲရွာချနေသည့် မိုးစက်မိုးပေါက်များကို ကြည့်လျက် ဘုရားသခင်သည် သူတို့၏မကောင်းမှု၊ ညစ်ညမ်းမှု၊ ယုတ်မာမှုများကို မိုးရေဖြင့်ဆေးကြောပေးနေသလားဟု ထင်မှတ်တွေးတောလာမိသည်။

ဤသို့ဆိုလျှင် မိမိ၏ခန္ဓာကိုယ်၌ တည်ရှိနေသော ညစ်ညမ်းမှုများကို အဘယ့်ကြောင့် မိုးရေဖြင့် မဆေးကြောနိုင်ရမည်နည်း။

သူမသည် ခုန်ထရင်း ခုတင်ပေါ်မှ အပေါ်ရုံအင်္ကျီကို ကပိုကယိုကောက်ဝတ်လိုက်သည်။ ထို့နောက် မိုးရေထဲသို့ ပြေးထွက်သွားလေတော့သည်။

သူမသည် မိုးရေထဲသို့ လျှောက်ပြေးနေလေသည်။ သူမ၏ တစ်ကိုယ်လုံး တစ်သက်နှင့်တစ်ကိုယ် ဤမျှ မညစ်ညမ်းခဲ့ဘူးဟု ထင် မှတ်သည်။ အဘယ့်ကြောင့်ဆိုသော် စင်လုံသည် သူမအား မရိုးသား သောစိတ်ဖြင့် လက်ဖျားဖြင့် မတို့ မထိသည့်အချိန်၌ လူယုတ်မာ ဝမ်းလင်းဝါးက အနိုင့်အထက် ပြုကျင့်သွားသောကြောင့်တည်း။

သူမသည် သန့်စင်ကောင်းမြတ်သော မိန်းမပျိုလေး တစ် ယောက်တော့ မဟုတ်ပါချေ။

သို့သော် ဝမ်းလင်းဝါးယူဆထားသည့် မိန်းမပျက်တစ်ယောက် အဖြစ်တော့ သူမကိုယ်သူမ ယုံကြည်မထားချေ။ ယခု ဝမ်းလင်းဝါးက သူမအား မိန်းမပျက်ဟုခေါ်သွားသဖြင့် သူမ၏ခန္ဓာကိုယ်ပေါ်မှ ပျက်စီး နေသောအရာမှန်သမျှကို မိုးရေဖြင့်ခဝါချ ဆေးကြောလိုစိတ် ပေါ်လာ နေခြင်းသာဖြစ်ပေသည်။

ထိုစဉ် လူတစ်ယောက်၏ရယ်သံနှင့် သူမအား လှမ်းပြော လိုက်သည့် စကားသံကို ကြားလိုက်ရလေသည်။

“မိုးရေထဲက အလှပန်းပွင့်ကလေးပါလား။ ဘယ့်နှယ် မိုး ရေထဲ လျှောက်သွားနေရတာလဲကွယ်”

လန်ရှန်းသည် အသံကြားရာသို့ လှည့်ကြည့်လိုက်မိသည်။ သွေးခြည်ဥနေသည်ဟု ထင်ရသည့် မျက်လုံးအစုံသည် သူမအား စူးစူးဝါးဝါး ကြည့်နေသည်။

ဆာလောင်မွတ်သိပ်လှသည့် ခွေးအိုကြီးတစ်ကောင်သည် မြေပြင်ပေါ်မှ အမဲတုံးကြီးအား အာသာငမ်းငမ်း စူးစိုက်ကြည့်နေ သကဲ့သို့ဖြစ်သည်။ သူမအား မျက်တောင်မခတ်ဘဲ မလွတ်တမ်းစိုက် ကြည့်နေသည်။

သူကား လီတိုင်းလုံသာတည်း။ ချွန်းချောင်၏ ယောက်ျား



ဖြစ်သော အရက်သမား လီတိုင်းလုံသာဖြစ်တော့သည်။

လန်ရှန်းသည် မိုးရေထဲ၌ သူမ၏ခန္ဓာကိုယ် မည်ကဲ့သို့ ထင်ထင်ရှားရှားကြီးဖြစ်နေမည်ကို ကောင်းစွာသိပါ၏။

လီတိုင်းလုံသည် အရက်မူးပြီး မိုးရေထဲ လျှောက်သွားနေ သော်လည်း သူမ၏ခန္ဓာကိုယ်ကို မမြင်မတွေ့နိုင်လောက်သည်အထိ မူးနေသည်တော့ မဟုတ်ပါချေ။

ထို့ကြောင့် သူ၏မျက်လုံးအစုံသည် ပုစွန်မျက်စိများကဲ့သို့ ပြူးထွက်လျက်ရှိနေ၏။ လန်ရှန်းသည် မလှုပ်မယှက်ပင် သူ၏အကြည့် ကို ခံယူလျက်ရှိနေပေသည်။ သူမ၏ခန္ဓာကိုယ်သည် ခွေးချေးများ ပေကျံနေသကဲ့သို့ ညစ်ညမ်းပေကျံနေပြီးပြီ။ လီတိုင်းလုံ၏အကြည့်ကို ခံရရုံမျှနှင့် ပို၍ ညစ်ညမ်းသွားတော့မည်မဟုတ်ပါချေ။

လီတိုင်းလုံသည် ကြည့်ရင်း ချက်ချင်းပင် ချောင်းတဟွတ် ဟွတ်ဆိုးကာ သူ၏လည်ပင်းကိုကိုင်လျက် ချောင်းဆိုးရပ်ရန် ကြိုး စားနေရပြန်တော့သည်။

သို့သော် ချောင်းဆိုးကား မရပ်၊ အသက် ထွက်မတတ် ဆိုးဆိုးရွားရွား ဆိုးနေလေသည်။

လန်ရှန်းက သူ့ကိုကြည့်လျက် အေးအေးဆေးဆေး ပြော လိုက်သည်။

“ရှင်- အအေးပတ်နေပြီ”

လီတိုင်းလုံမှာ လန်ရှန်း၏ စကားကိုကြားလိုက်ရသည်နှင့် ထူးထူးဆန်းဆန်း ချောင်းဆိုးရပ်သွားလေတော့သည်။ လန်ရှန်းသည် ထိုအဖြစ်ကို ကြည့်၍ ရယ်ချင်မိသည်။ သို့သော် ရယ်တော့ မရယ်ဖြစ် ပါချေ။

“ရှင် ဘာဝေးနေတာလဲ ပြန်သွားတော့လေ”

လီတိုင်းလုံသည် ယခုမှ အိပ်ရာကနိုးလာသူပမာ ဆတ်ခ
ဖြစ်သွားသည်။ ချက်ချင်းပင် ပြန်အော်လိုက်သည်။

"ကျုပ် အအေးမပတ်ဘူး။ ကျုပ်ကိုယ်ပေါ်မှာ အင်္ကျီတွေ
အများကြီးထပ်ပြီး ဝတ်လာခဲ့တယ်၊ အနည်းဆုံးတော့ ခင်ဗျားထက်
ပိုပြီး ဝတ်ထားတယ်ဗျာ"

"ရှင်တော့ အရက်မူးနေပြီ"

"ကျုပ်လား အရက်မူးမှာ၊ ကျုပ်ဘယ်တော့မှ အရက်မမူး
ဘူး။ တစ်ခါမှကို အရက်မမူးခဲ့ပါဘူးခင်ဗျာ၊ ဒါပေမယ့် ဘာ့ကြောင့်
မှန်းမသိဘူး၊ လူတွေက ကျုပ်ကို အရက်မူးနေတယ်လို့ချည်း ထင်နေကြ
တယ်၊ ကျုပ်မိန်းမကလည်း ကျုပ်ကို အရက်မူးပြီထင်နေတယ်၊ ချ
မင်းချင်ကလည်း ကျုပ်ကို အရက်မူးနေပြီလို့ထင်တယ်၊ အခုလည်း
ခင်ဗျားကပါ ကျုပ်ကို အရက်မူးနေပြီလို့ ထင်နေပြန်ပြီ"

"ရှင့်မိန်းမဟာ ချွန်းချောင်မဟုတ်လား"

"မှန်ပါ့ဗျာ၊ ကျုပ်မိန်းမက မယားကောင်းတစ်ယောက် မ
ဟုတ်ဘူးခင်ဗျ။ ကျုပ်အရက်မူးနေပြီ၊ ဘာမှ မသိတော့ဘူးလို့ သူက
ထင်ပြီး လုပ်ချင်ရာ လုပ်နေတာဗျ"

လီတိုင်းလုံသည် တစ်ကိုယ်လုံး ယိမ်းထိုးအောင် ရယ်လိုက်
လေသည်။

"သူတို့ ဘာဖြစ်လို့သွားတယ်ဆိုတာကော ခင်ဗျားသိရဲ့လား"

လန်ရှန်းသည် မည်သည့်စကားမျှ မပြောပါ။ ခပ်အေးအေး
ပင် သူ၏စကားကို နားထောင်နေလိုက်သည်။ လီတိုင်းလုံသည်
ရုတ်တရက်ကြည့်လိုက်ပြီး ကျားရဲတစ်ကောင်ကဲ့သို့ ခုန်အုပ်လိုက်၏။
လန်ရှန်းက အနည်းငယ်နောက်ဆုတ်လိုက်ရာ လီတိုင်းလုံသည် သူမ၏
ခြေထောက်များကိုဖက်မိသွားသည်။



သူသည် လန်ရှန်း၏ခြေထောက်ကို ပွေ့ပိုက်လျက် ပါးဖြင့် ကပ်ထားသည်။

လန်ရှန်းသည် သူမ၏နှုတ်ခမ်းကိုကိုက်လိုက်ပြီး အနီး၌ ရှိနေသော ကျောက်တုံးတစ်တုံးဖြင့် ထုလိုက်လေသည်။

"အား--"

လီတိုင်းလုံ၏ ဦးခေါင်း၌ သွေးများဖြာခနဲ စီးကျလာပြီး လန်ရှန်း၏ဘေးသို့ ဝုန်းခနဲ ပစ်ကျသွားလေသည်။

ထိုစဉ်---

"သတ်ပစ်လိုက်စမ်း။ ယောကျ်ားတွေဟာ တိရစ္ဆာန်လောက်တောင် တန်ဖိုးမရှိသူတွေဖြစ်နေတယ်၊ အသေသာ သတ်ပစ်လိုက်"

စူးရှသောမိန်းမသံတစ်ခုကြောင့် လန်ရှန်းမှာ ထိတ်လန့်တကြားဖြစ်သွားလေသည်။

အသံကြားရာသို့ သမင်လည်ပြန် လှည့်ကြည့်လိုက်သောအခါ အဖြူရောင်ဝတ်စုံကို ဝတ်ဆင်ထားသည့် နွဲ့နွဲ့လျလျ အမျိုးသမီးတစ်ယောက် ကျောက်ဂူဝတွင်ရပ်နေသည်ကို တွေ့လိုက်ရလေသည်။

မိုးရေစက်များသည်လည်း သူမ၏ခန္ဓာကိုယ်ပေါ်သို့ ကျနေသည်။ ဖြောင့်တန်းလှသည့်မျက်ခုံး၊ လှပသော်လည်း ရီဝေနေသည့်မျက်လုံး၊ သွယ်တန်းဖြောင့်စင်းသည့်နှာတံ၊ ပါးလျားပြတ်သားလှသည့်နှုတ်ခမ်းတို့ကိုပိုင်ဆိုင်သည့် နတ်မိမယ်တစ်ပါးသည်-

ဂူဝ၌ရပ်ရင်း သူမအား စူးစူးစိုက်စိုက်ကြည့်နေသည်ကို တွေ့လိုက်ရတော့သည်။

လန်ရှန်း၏လက်ထဲမှ ကျောက်တုံးသည် လွတ်ကျသွားသည်။ သူမသည် အလန့်တကြား လွှတ်ခနဲ အော်လိုက်မိတော့သည်။

"ကြူးချစ်ချစ်"

"ဪ- ရှင်က ကျွန်ကို မှတ်မိသေးသကိုး"

လန်ရှန်းသည် တုန်တုန်ယင်ယင်ဖြင့် မတ်တပ်ရပ်လိုက်သည်။ သူမ၏ကိုယ်ပေါ်မှ စုတ်ပြဲနေသည့်အဝတ်အစားများကို ဖုံးဖုံးဖိဖိ ပြ ပြင်လိုက်သည်။

သို့သော် လီတိုင်းလုံ၏အကြမ်းဖက် ဆုပ်ဖြဲပစ်မှုကြောင့် သူမ ၏ဝတ်ရုံက သူမ၏ခန္ဓာကိုယ်အား လုံခြုံမှု မပေးနိုင်တော့ပါချေ။

သူမသည် လီတိုင်းလုံ၏ရှေ့၌ ဤသို့မလုံမခြုံဖြစ်နေမည်ကို မစိုးရိမ်သော်လည်း မိန်းမသားချင်းရှေ့၌မူ လွန်စွာရှက်ကြောက်စိုးရိ မိတော့သည်။ ထို့ကြောင့် မလုံ့တလုံအဝတ်အစား အစုတ်အပြဲများကို အရေးတကြီး ဖုံးဖိနိုင်အောင် ကြိုးစားနေတော့၏။

ချစ်ချစ်သည် အေးစက်စက်လေသံဖြင့် လှမ်းပြောသည်။

"ရှင် ဒီဂူထဲကိုဝင်ခဲ့ပါ၊ ဒီထဲမှာ နည်းနည်း အမှောင်ရိပ် ရှိ

တယ်"

လန်ရှန်းသည် ချစ်ချစ်စကားကို မငြင်းပယ်နိုင်ပါ။ လိုလို ချင်ချင်ပင် ဝင်သွားတော့သည်။ ကျောက်ဂူကြီးသည် သွေ့ခြောက်ခြ မရှိ။ သို့သော် မိုးရေထဲထက် စာလျှင်တော့ နွေးနွေးထွေးထွေး ရှိနေ သေးသည်။

ချစ်ချစ်သည် သူမ၏အင်္ကျီတစ်ထပ်ကို ချွတ်လိုက်သည်။ သူမသည် အင်္ကျီနှစ်ထပ်၊ သုံးထပ်ဝတ်ထားသူဖြစ်၍ တစ်ထပ်ချွတ်လိုက် ၍ မည်သို့မျှ ထူးခြားမသွားပါချေ။ ချွတ်ချပြီးသည့်အင်္ကျီကို လှမ်း လိုက်သည်။

သူမသည် ဝမ်းသာကျေးဇူးတင်လှသဖြင့် မျက်ရည်များ ကျဆင်းလုမတတ် ဖြစ်နေသည်။ ထိုအင်္ကျီရှည်မျိုးကို သူတစ်သက်



တစ်ကြိမ်တစ်ခါမျှ မရရှိခဲ့ဖူးသည့်ပစ္စည်းပမာ ကတုန်ကယင် ဝတ်ဆင် နေတော့သည်။

"ကျေးဇူးတင်ပါတယ်ရှင်"

"ကျေးဇူးတင်စရာမလိုပါဘူး။ အခုဆိုရင် ရှင်လည်း သနားစ ရာ မိန်းကလေးတစ်ယောက်ဖြစ်နေပြီပဲ"

"ရှင်- ကျွန်မကို သိနေတယ် ဟုတ်လား"

"သိတာပေါ့ရှင်"

လန်ရှန်းသည် ရုတ်တရက် ခေါင်းငုံ့သွားမိတော့သည်။

"ကျွန်မကို မုန်း မသွားဘူးလားရှင်"

ချစ်ချစ်က သဘောမပေါက်သည့်လေသံဖြင့် ပြန်မေးလိုက် သည်။

"မုန်းရမယ်ဟုတ်လား။ ဘာဖြစ်လို့ ရှင့်ကို ကျွန်မက မုန်းရ မှာလဲ၊ မုန်းစရာ ဘာအကြောင်းမှ မရှိဘူး"

လန်ရှန်းသည် တအံ့တသြပြောလိုက်သည်။

"စင်လုံ- သခင်လေးစင်လုံ"

"တိတ် ရှင့်ပါးစပ်ပိတ်လိုက်"

ချစ်ချစ်၏ ခက်ထန်မာကျောစွာ အော်လိုက်သည့် အသံ ကြောင့် လန်ရှန်းမှာ နောက်ဘက်သို့ ခြေနှစ်လှမ်းမျှ ဆုတ်ခွါသွားမိ လျက် မျက်လုံးကလေး ဝိုင်းသွားတော့သည်။

"ဘာဖြစ်လို့ ဒီနာမည်ကို မပြောရမှာလဲ"

လန်ရှန်းသည် နားမလည်နိုင်စွာဖြင့် ပြန်မေးလိုက်မိသည်။ ချစ်ချစ်၏မျက်နှာပေါ်တွင် ခက်ထန်မာကျောသော အမူအရာများ မ ပျောက်သေးပါချေ။

နှုတ်ခမ်းကို ပြတ်လုမတတ် ကိုက်ခဲလျက်ပင် ရှိပါသေးသည်။

သူမသည် အေးစက်မာကျောသည့် လေသံဖြင့် ခပ်ထန်ထန် ပြော လိုက်သည်။

"အခုအချိန်ကစပြီး ကျွန်မ ရှေ့မှာ ဘယ်ယောက်ျားရဲ့ နာမည်ကိုမှ မပြောနဲ့တော့၊ ဘာဖြစ်လို့လဲ ရှင်သိရဲ့လား၊ ကျွန်မဟာ ဝမ်လင်းဝါးရဲ့ ဇနီးလောင်းဖြစ်နေလို့ရှင့် သိရဲ့လား"

လန့်ရှန်းမှာ ထိုစကားကိုကြားလိုက်ရသည်နှင့် ကျာပွတ်ဖြင့် အရိုက်ခံလိုက်ရသကဲ့သို့ တဖြည်းဖြည်း ဆုတ်သွားမိပြန်သည်။ တုန်ယင်ကြေကွဲသောလေသံဖြင့် မယုံကြည်နိုင်စွာ မေးနေမိတော့သည်။

"ဒါ ဒါ တကယ်ပဲလား- တကယ်ပဲလားရှင်"

ချစ်ချစ်က အေးစက်စွာ ရယ်မောလိုက်သည်။

"တကယ်ပဲလား"တဲ့၊ ဘာကြောင့် တကယ်မဟုတ်ရမှာလဲ တကယ်မို့လို့ တကယ်ပြောတာပေါ့"

လန့်ရှန်းသည် တုန်တုန်ယင်ယင်ဖြင့် ပြောမိသည်။

"ကျွန်မ ကျွန်မတော့ မယုံနိုင်ပါဘူးရှင်၊ ရှင်ပဲ အပြောမှားနေသလား၊ ကျွန်မပဲ အကြားမှားနေသလား၊ တစ်ခုခုတော့ တစ်ခုခု မှားနေပြီလို့ ထင်ပါတယ်ရှင်၊ မှားပါစေလို့ပဲ ဆုတောင်းပါတယ်ရှင်"

သူမ၏လေသံသည် တုန်ယင်နေရာမှ ရုတ်တရက် တင်းမာ သွားလေသည်။

"ရှင်ဘာ့ကြောင့် သူ့ကိုလက်ထပ်ရမှာလဲ၊ သူလို အရက်မူးတဲ့ လူ့တိရစ္ဆာန်ကို ဘာ့ကြောင့်လက်ထပ်ရမှာလဲ၊ တစ်လောကလုံးမှာ သူ့လောက် ကောက်ကျစ်ယုတ်မာတဲ့လူ တစ်ယောက်မှမရှိဘူး၊ သူ့ကို လင်တော်လိုက်မယ့်အစား ဝက်တိရစ္ဆာန်ကို လင်တော်လိုက်ရတာမှ ဂုဏ်ရှိဦးမယ်"

လန့်ရှန်းသည် စူးစူးဝါးဝါး ဒေါသနှင့်မောနှင့် အော်ဟစ်ပြော



နေရာမှ သူ့ကိုယ်သူ ပြန်လည်ထိန်းချုပ်လိုက်သည်။ ချစ်ချစ်အား ကြင်နာသောအကြည့်ဖြင့် ကြည့်ရင်း ခပ်တိုးတိုးမေးလိုက်သည်။

"ရှင်- ရှင်- သူ့အကြောင်းကို မသိဘူး၊ သူ့အကြောင်းကို ရှင် မသိဘူး၊ ဟုတ်တယ်မဟုတ်လား"

ချစ်ချစ်သည် လန့်ရှန်းအား လုံးဝ ဒေါသ မထွက်ပါချေ။ အေးစက်စွာ ရယ်မောရင်း---

"ကျွန်မကို သူ့အကြောင်းတွေ လာပြောနေလို့လည်း အပိုပဲ၊ သူ ဘယ်လိုလူစားမျိုးဆိုတာ ရှင့်ထက် ကျွန်မက ပိုတောင် သိသေးတယ်၊ ဒါတွေကို ကျွန်မ ဂရုမစိုက်ဘူး၊ ဘာမှ ဂရုမစိုက်ဘူးရှင့်"

လန့်ရှန်းမှာ နောက်ထပ် ကျာပွတ်နှင့်အရိုက်ခံလိုက်ရသလို နာကျင်သွားပြန်သည်။

သူမအနေဖြင့် သန့်စင်နေသေးသည့် ချစ်ချစ်လို မိန်းကလေး တစ်ယောက်အား သူမကဲ့သို့ မညစ်နွမ်းစေချင်ပါ။

ညစ်နွမ်းစေရန် ခွင့်မပြုနိုင်ပါ။ ချစ်ချစ်က အေးစက်စက် ရယ်လိုက်ပြီး ပြောလိုက်လေသည်။

"ဘယ့်နယ်လဲ ကျွန်မ သဘောထား ရှင်းတယ်မဟုတ်လား"

"ကျွန်မ ထိတ်လန့်လည်း ရှင်က ဂရုမစိုက်ဘူးဆိုတာ ကျွန်မ သိပါတယ်၊ ဒါပေမယ့် ရှင် မချစ်ဘဲနဲ့တော့ လက်မထပ်ပါနဲ့ရှင်၊ တကယ်တော့ ရှင်ဟာ ရူးနေတာပါ၊ စင်လုံးကို ချစ်လွန်းလို့ ရူးနေတာပါ၊ ကျွန်မ ဒီလိုပြောတာ ခွင့်လွှတ်"

"တိတ်စမ်း- နောက်တစ်ခါ ရှင်ပြောတဲ့စကားထဲမှာ သူ့နာမည်ပါလာရင် ရှင့်ကိုသတ်ပစ်မယ်"

"ကိစ္စမရှိပါဘူး၊ ကျွန်မဘဝက သေလည်း မထူးပါဘူးရှင်၊ ရှင် သတ်ချင်လည်း သတ်လိုက်ပါ၊ ကျွန်မကတော့ ပြောစရာရှိတာ

ပြောရမှာပဲ၊ ရင်ဟာ စင်လုံကိုချစ်လွန်းလို့ မုန်းသွားတယ်၊ အချစ်ကို လွန်းတော့ အမျက်ကြီးသွားတယ်၊ စင်လုံလို ယောကျ်ားမျိုးကို ရင် မမုန်းသင့်ပါဘူးရင်၊ သူ့လိုယောကျ်ားမျိုးက တစ်လောကလုံးမှာ တစ် ယောက်ထဲရှိတတ်တဲ့ ယောကျ်ားမျိုးပါ၊ စင်လုံက ရင့်ကို ချစ် သလောက်သာ ကျွန်မ အချစ်ခံရရင် ကျွန်မအနေနဲ့ တစ်သက် မဟုတ်ဘူး၊ ဆယ်သက်တောင် အသေခံရဲပါတယ်ရင်"

"တော်စမ်းပါ၊ စင်လုံက ကျွန်မကို မုန်းတာမျိုး နာကျည်း အောင်လုပ်တာမျိုး တစ်လောကလုံးမှာ ဘယ်ယောကျ်ားမှ မလုပ် နိုင်ဘူးလို့ ပြောစမ်းပါ၊ လောကမှာ ရှိရှိသမျှ ယောကျ်ားတွေဟာ သူ့လောက်တော့ မရက်စက်ဘူးရင်၊ သူက သွေးအေးအေးနဲ့ရက်စက် တဲ့လူမျိုး"

"သူဟာ ရင့်အပေါ်မှာမကောင်းဘူးလို့ ရင်ကထင်တာပေါ့"

"ဟင်း ဟင်း ဟင်း ကောင်းတယ်ဆိုရင်လည်း သိပ် ကောင်း လွန်သွားတာပဲဖြစ်ပါလိမ့်မယ်"

ချစ်ချစ်သည် စကားဆုံးသည်နှင့် ဟက်ဟက်ပက်ပက် ရယ်မောလိုက်လေသည်။

သို့သော် မျက်ရည်များက ပါးပြင်ပေါ်သို့ တလိမ့်လိမ့်စီးဆင်း လာချေသည်တကား။

လန်ရှန်းသည် ချစ်ချစ်အား စိတ်ထိခိုက်စွာကြည့်လိုက်၏။

"တကယ်တော့ ရင်ဟာ စင်လုံအကြောင်းကို တကယ် မသိတာပဲ"

"မသိတာ အကောင်းဆုံးပဲ"

"ရင် မှားနေပြီ၊ သူ ဘာဖြစ်လို့ ဝမ်ကတော်နဲ့ စေ့စပ် ကြောင်းလမ်းခဲ့ရတယ်ဆိုတာ ရင်နားလည်ရဲ့လား"



"ကျွန်မ သူ့နဲ့ဘာဆိုင်လို့ နားလည်ရမှာလဲ"

"ရင်ဟာ သိပ် သနားဖို့ကောင်းတယ်၊ သိလား၊ သူဟာ ဝမ်ကတော်ရဲ့ မြူဆွယ်တာကိုမခံနိုင်လို့ စေ့စပ်ကြောင်းလမ်းခဲ့တယ် လို့ ရင်ထင်နေတယ်မဟုတ်လား"

ချစ်ချစ်သည် မျက်နှာကိုလက်ဝါးဖြင့်အုပ်လျက် ချုံးပွဲချ ငို လိုက်လေတော့သည်။

"သူက ကျွန်မကို ချစ်တာမှ မဟုတ်ဘဲရင်၊ ကျွန်မ သူ့ကို ဘယ်လို ဆွဲဆောင်နိုင်မှာလဲ၊ နောက်ပြီး ယောကျ်ားတွေဟာ ဝမ် ကတော်လို မိန်းမမျိုးကိုမှ ကြိုက်ကြတာပါ၊ ဝမ်ကတော်ရဲ့ခန္ဓာ ကိုယ်အချိုးအဆစ်မျိုး နောက်ပြီး ညို့မြူတဲ့မျက်လုံးမျိုးတွေကို ကြိုက် တာပါ၊ အခုလောက်ပြောရတာတောင် ကျွန်မ ရင်နာလှပါပြီရင်"

"ဟင့်အင်း- ရင်မှားနေပြီ၊ ခွက်ခွက်လန်အောင် မှားနေပြီ၊ တစ်ချို့ယောကျ်ားတွေက အဲဒါမျိုး ကြိုက်ချင်ကြိုက်မယ်၊ စင်လုံက တော့ မကြိုက်ဘူး၊ နောက်ဆုံး ကျွန်မပြောလိုက်မယ်၊ ဒီလောကထဲ မှာ မိန်းမတွေရဲ့မာယာတစ်သိန်း အပလိမ်းအနန္တကို ခံနိုင်ရည်ရှိတဲ့ ယောကျ်ားတစ်ယောက်ရှိနေပြီဆိုပါတော့၊ အဲဒီယောကျ်ားဟာ စင်လုံ ပဲ ဖြစ်လိမ့်မယ်၊ ဘယ်တခြားတစ်ယောက်မှ မဖြစ်နိုင်ဘူး"

ချစ်ချစ်သည် မျက်ရည်ဝေနေသော မျက်လုံးများဖြင့် လန်ရှန်း ကို ကြည့်လိုက်လေသည်။

"ကောင်းပါပြီ ရင်ပြောတဲ့အတိုင်းဆိုရင် ဝမ်ကတော်မြူဆွယ် မှုကို သူခံနိုင်ရည်ရှိရမှာပေါ့၊ အခုတော့ ဘာဖြစ်လို့ ကြိုးဆွဲမှ က တဲ့ အရုပ်ကလေးလို ဝမ်ကတော်စီမံသမျှ ဘာဖြစ်လို့ လိုက်နာနေ ရတာလဲ"

လန်ရှန်းသည် မရယ်ချင့် ရယ်ချင်ဖြင့် ရယ်လိုက်လေ၏။

"ဟင်း ဟင်း ဟင်း အဲဒါ ဘာကြောင့်လဲဆိုတာ ရှင်သိရဲ့လား။ ရှင့်ကြောင့်- အားယုံးရှင့်ကြောင့်၊ ဝမ်ကတော်ရဲ့စေ့စပ်ကြောင်းလမ်းမှုကို လက်မခံရင် ရှင်ဘာဖြစ်သွားမယ်ဆိုတာ တွေးမိရဲ့လား။ အဲ့ဒီအချက်ကို ရှင်တစ်ခါမှမတွေးခဲ့ဘူး မဟုတ်လား"

ချစ်ချစ်သည် တစ်ကိုယ်လုံး တုန်တုန်ယင်ယင် ဖြစ်လာတော့သည်။

"ဒါတွေဟာ တကယ်ပဲ- တကယ်ပဲ---"

လန်ရှန်းက ကြားဖြတ်ပြောလိုက်၏။

"သူဟာ ရှင့်အတွက်ဆိုရင် ဘာမဆို စွန့်လွှတ်မယ့်သူရင့်ဒါပေမယ့် ရှင်ကတော့ လုံးဝ သဘောမပေါက်ခဲ့ဘူး။ ရှင်ကတော့ မျက်စိတစ်ဆုံး မကြည့်ဘူး။ မျက်တောင်မွေး တစ်ဆုံးပဲကြည့်ပြီး သူ့ကို စွန့်ပစ်ခဲ့တယ်၊ သူလိုလူမျိုးက သူ့ရင်ထဲကဝေဒနာကို ကြေငြာမယ့် လူမျိုးမဟုတ်ဘူးရှင့်၊ ရင်ထဲမှာ အပြင်းအထန် ခံစားရလေလေ မျက်နှာက ပြုံးလေလေနေမယ့် လူမျိုးရှင့်၊ သူ့ကြောင့် သူများ စိတ်ဆင်းရဲမှာကို သိပ်စိုးရိမ်တတ်တဲ့လူမျိုး"

ချစ်ချစ်သည် ရုတ်တရက် ဆွံ့အနဲ့ဖြစ်သွားပြီး-

"ရှင်- ရှင်က ဘာဖြစ်လို့ သူ့အတွက် ဒီလောက်ကာကွယ်ပြောနေရတာလဲ၊ ရှင်နဲ့သူ ဘာများဖြစ်ခဲ့---"

လန်ရှန်း၏ အေးစက်စက် ကြားဖြတ် ပြောစကားကြောင့် မဆက်နိုင်ဘဲ ဖြစ်သွားသည်။

"ရှင် ဘယ်လို ပြောလိုက်တာလဲ၊ ဒီစကားက ကျွန်မကို စော်ကားရာမရောက်ဘူးရှင့်၊ သူ့ကို စော်ကားရာပဲရောက်တယ်၊ ကျွန်မက သူ့ကို အမျိုးမျိုးဖြားယောင်းမြူဆွယ်ခဲ့တယ်၊ ကျွန်မက သန့်သန့်စင်စင် မိန်းကလေးမဟုတ်ဘူး။ ဒါကြောင့်မို့ ယောကျ်ားတွေရဲ့အထာကို



ရှင့်ထက် နားလည်ပါတယ်၊ သူဟာ တခြားယောကျ်ားတွေ ကြံ့ကြံ့ခံနိုင်စွမ်းမရှိတဲ့ အခြေအနေမျိုးကိုတောင် ကြံ့ကြံ့ခံနေနိုင်ခဲ့တယ်၊ ကျွန်မလောက် အရက်ရခဲ့တဲ့ မိန်းကလေး ကျွန်မလောက် စိတ်ဆင်းရဲခဲ့ရတဲ့ မိန်းကလေး ဒီလောကထဲမှာတောင် ရှိတော့မယ် မထင်ဘူး။ သူဟာ ကျွန်မကို လုံးဝ ဂရုမစိုက်ခဲ့ဘူးရှင့်၊ သူ့အသည်းနှလုံးထဲမှာ ရှင်တစ်ယောက်ပဲ ရှိတယ်"

လန်ရှန်းသည် ရှည်ရှည်လျားလျား ပြောနေရာမှ သက်ပြင်းတစ်ချက်ချလိုက်ပြီး--

"ဒါတွေကြောင့် ကျွန်မ- ကျွန်မ- သူ့ကို လေးစားတယ်၊ သူ့အရည်အချင်းကိုသိတဲ့ ဘယ်မိန်းကလေးမဆို သူ့ကို လေးစားလိမ့်မယ်"

ချစ်ချစ်၏ မျက်ရည်များမှာ ခြောက်ခန်းသွားလေပြီ။ သူမသည် လန်ရှန်းကို ငေး၍ကြည့်နေမိ၏။ ထို့နောက် ဖြည်းညင်းစွာ ပြောလိုက်မိသည်။

"ကြည့်ပါဦးရှင်- ကျွန်မ စင်လုံနဲ့တွေ့ခဲ့ကြတာ ကြာပါပြီ၊ စင်လုံနဲ့တွေ့တာ မကြာသေးတဲ့လူတွေကတော့ စင်လုံအကြောင်း တော်တော်ကလေး သိနေကြပြီ၊ ကျွန်မကတော့ ခုထက်ထိ သူ့အကြောင်း---"

လန်ရှန်းက ရုတ်တရက် ကြားဖြတ်ပြောပြန်သည်။

"ရှင် သူ့အကြောင်း ဘယ်သိမလဲ၊ သူ့ရဲ့အတွင်းသဘောကို ရှင် ဘယ်မြင်နိုင်ပါ့မလဲ၊ ဘာဖြစ်လို့လဲဆိုတော့ ရှင်ဟာ သူ့ကို နက်နက်နဲနဲ ချစ်မြတ်နိုးနေလို့ပဲ၊ ဒီအတွက် ရှင့်ကို အပြစ်မတင်နိုင်ပါဘူးလေ၊ ချစ်ခြင်းမေတ္တာဟာ ဘယ်မိန်းကလေးကိုမဆို မျက်ကန်းဖြစ်သွားစေတတ်တယ် မဟုတ်လား"

ချစ်ချစ်သည် ကျောက်ဂူအပြင်ဘက်၌ မိုးရွာနေသည်ကို ကြည့်နေသည်။

သူမသည် လန်ရှန်းကို စကားမပြောတော့ပါချေ။ စင်လုံ အပေါ်၌ သူမ တကယ်နားမလည်ဘဲ ဖြစ်နေသလားဟု ပြန်လည် တွေးတောနေမိသည်။

ထိုစဉ် လန်ရှန်းထံမှ ကြေကွဲဖွယ်ရာ စကားသံပေါ်လာပြန် သည်။

"ဒါပေမယ့် အခုအချိန်မှာ သိပ်နောက်မကျသေးပါဘူး။ ရှင် မှားခဲ့တာကလေးတွေကို အချိန်မီ ပြုပြင်နိုင်ပါသေးတယ်၊ ကျွန်မ ကတော့ နောက်ကျနေပါပြီ၊ ဘာကိုမှ ပြုပြင်နိုင်ချိန်မရှိတော့ပါဘူး ရှင်၊ ရှင်ဟာ ကျွန်မထက် အဆပေါင်းများစွာ ကံကောင်းနေပါသေး တယ်"

လန်ရှန်းသည် ပြောရင်းပြောရင်း တဖြည်းဖြည်း တုန်ယင် လှိုက်လှဲလာသည်။

မျက်ရည် မကျအောင် အံကြိတ်၍ အားတင်းထားပါ သော်လည်း မရနိုင်တော့ဘဲ မျက်ရည်ဥကလေးများ တလိမ့်လိမ့်ကျ ဆင်းလာတော့သည်။

ချစ်ချစ်သည် သူမ၏ ကျိုးကြောင်းပြ ဖြေသိမ့်စကားများ ကြောင့် သူကိုယ်သူ ဖြေသိမ့်၍ မရအောင် ဖြစ်လာသည်။

လန်ရှန်း မျက်ရည်များ လိမ့်ဆင်းလာသည်ကို မြင်သောအခါ လုံးဝ ဟန်မဆောင်နိုင်တော့ဘဲ လန်ရှန်းကိုဖက်၍ ကြုံကြုံပါအောင် ငိုမိပြန်သည်။

လန်ရှန်းကလည်း သူမကိုပြန်ဖက်၍ ချုံးပွဲချငိုတော့သည်။

ထိုစဉ်-



အေးစက်စက် မာကျောကျော ပြောလိုက်သည့် စကားသံ သံသည် ကျောက်ဂူအပြင်ဘက်မှ ပေါ်ထွက်လာတော့သည်။

"ငိုတယ်ဆိုတဲ့ မိန်းကလေးတွေဟာ ဘာတစ်ခုမှအသုံးကျ မိန်းကလေးတွေ မဟုတ်ဘူး"

ထိုအသံရှင်သည် ကျောက်ဂူထဲသို့ ဝင်လာကြောင်း ရိပ်မိ နှစ်ယောက်စလုံး တစ်ပြိုင်နက် ကြည့်မိကြ၏။ လူရိပ်တစ်ခု လာသည်ကို ရုတ်တရက် တွေ့လိုက်ကြရသည်။

❁

အခန်း-(၂၅)

## ဝိညာဉ်လိပ်ပြာ မာယာနတ်သမီး

ဝိညာဉ်တစ်ခုသဖွယ် အထင်မှားလောက်သည့် ခန္ဓာကို ဗိုင်ရင်တစ်ယောက်သည် ဖြူဖွေးသောအင်္ကျီရှည်ကို ဝတ်ဆင်လျ ကျောက်ဂူ၏ မည်းမှောင်သောနေရာ၌ ရပ်နေလေသည်။

ဖြူဖွေးသော အင်္ကျီရှည်က မြင်ရသူများအား ရိုးတိုးရိပ်တ ထိတ်လန့်စေသည်။ မျက်လုံးများကလည်း ထူးထူးခြားခြား တောက် နေလေ၏။

ထိုလူရိပ်ကို ကြည့်ခြင်းအားဖြင့် ပြောပြနိုင်စွမ်း မရှိသ အင်အားစွမ်းတစ်ခုခု ကပ်ပါနေသလို ထင်မှတ်ရသည်။ ထိုလူရိပ်သ မည်သည့်အရာကိုမဆို လက်ညှိုးညွှန်၍ ရေဖြစ်နိုင်သည့် ပုံသဏ္ဍာ ရှိနေသည်။

သူတစ်ထူး၏ ရင်တွင်း အသည်းနှလုံးများကိုလည်း ဖောက်မြင်နိုင်စွမ်းရှိသကဲ့သို့ မှတ်ထင်ရသည်။

တောက်ပသည့် မျက်လုံးအစုံသည် သူတို့အား တ လုံသွားတစ်ခုပမာ ထိုးဖောက်ကြည့်ရှုနေသည်။ ထို့နောက် စကာ



တစ်ခွန်းချင်းပြောလေတော့သည်။

"မိန်းမသားတွေ ဘာဖြစ်လို့ အစော်ကားခံနေကြရသလဲ၊ မိန်းမတွေဟာ အားတိုင်းလျှားတိုင်း မျက်ရည်ကျဖို့လောက်ပဲ စဉ်းစား နေလို့ပေါ့၊ ငိုနေလို့ အားလုံးပြေလည်သွားမှာလား။ အားလုံးပြေလည် သွားမယ်ဆိုရင် ငိုကြ---"

လန့်ရှန်းမှာ တစ်ကိုယ်လုံး တဆတ်ဆတ် တုန်လာတော့၏။ တစ်ကိုယ်လုံးလည်း အေးစက်လာသည်။

ချစ်ချစ်ကမူ အကြောက်အလန့်ကင်းမဲ့သော မိန်းကလေး ပြုံးသည်နှင့်အညီ အသံခပ်ကျယ်ကျယ်ဖြင့် ပြန်မေးလိုက်သည်။

"ရှင့်စကားကတင်စီးလိုက်တာ၊ ရှင်ကကော တစ်ကြိမ် တစ် ခါမှ မျက်ရည် မကျဖူးဘူးလား။ တစ်ခါမှ မငိုကြွေးခဲ့ဖူးဘူးလား---"

ထိုလူရိပ်က ပြန်ဖြေသည်။

"တစ်ကြိမ်တစ်ခါမှ မငိုကြွေးခဲ့ဖူးဘူး"

"ဒါဆိုရင် ဆင်းရဲခြင်းဒုက္ခကို ရှင့်အနေနဲ့ တကြိမ်တစ်ခါ မှ မခံစားရသေးဘူးဆိုတာ ထင်ရှားနေပြီ"

ထိုအရိပ်ဖြူအမျိုးသမီးထံမှ အေးစက်စက် ရယ်မောသံထွက် ပေါ်လာသည်။

"ဟင်း- ဟင်း- ဟင်း- ကျွန်မ ခံစားလိုက်ရတဲ့ ဆင်းရဲ ဒုက္ခမျိုးကို ရှင်တို့အနေနဲ့ အိပ်မက်ထဲမှာတောင် မက်မိကြလိမ့်မယ် မဟုတ်ဘူး။ ကျွန်မခံစားရတဲ့ ဒုက္ခရဲ့ ဆယ်ပုံတစ်ပုံကို ခံစားမိမယ် ဆိုရင် ရှင်တို့တွေဟာ အရှင်လတ်လတ် ငရဲပြည်ရောက်ခဲ့ပြီလို့ ထင်သွားကြလိမ့်မယ်၊ ဒါပေမယ့် ကျွန်မဟာ မျက်ရည်တစ်စက်မှ မကျခဲ့ဘူး။ နောက်လည်း ဘယ်ဆင်းရဲဒုက္ခကမှ မျက်ရည်ကျစေလိမ့် မယ် မဟုတ်ဘူး"

"ရှင်ပြောတာတွေဟာ အဓိပ္ပါယ်မရှိဘူး။ ရှင်ဟာ မိန်းမသား၊ တစ်ယောက်မဟုတ်လား။ ဘာဖြစ်လို့ မျက်ရည်မကျစေရမှာလဲ"

အရိပ်ဖြူအမျိုးသမီးထံမှ ရယ်သံသဲ့သဲ့ ထွက်လာသည်။

"ကျွန်မက မိန်းမသားတစ်ယောက်မှ မဟုတ်ဘဲ၊ ကျွန်မက လူမှ မဟုတ်ဘဲ"

ထိုအခါကျမှ ချစ်ချစ်မှာ ကြက်သီးမွေးညင်းထသွားမိတော့သည်။

"ဒါ- ဒါဖြင့် ရှင် ရှင်က ဘာလဲ"

အရိပ်ဖြူအမျိုးသမီးထံမှ အေးစက်စက် စကားသံများက တစ်လုံးချင်း ထွက်ပေါ်လာတော့သည်။

"ကျွန်မက ဝိညာဉ်တစ်ခုပေါ့၊ လူတွေကတော့ ကျွန်မကို ဝိညာဉ်ဂိုဏ်းချုပ်သခင်မလို့ ခေါ်ကြတယ်"

❁



ပန်းများဖြင့် ဝေဝေဆာဆာ ရှိနေသည့် နတ်စင်သည် ခိုက်ဟိုလင် သစ်တောဥယျာဉ်၏ ထောင့်တွင် တည်ရှိသည်။

နတ်စင်ဟုဆိုသော်လည်း သေးသေးကွေးကွေး နတ်စင်ကလေး မဟုတ်ပါချေ။

အတော်အတန်ကြီးမားသော အဆောက်အအုံဖြစ်သဖြင့် နတ်စင်လည်းမက နတ်ကွန်းလည်း မကျသော အဆောက်အအုံ ကလေးဖြစ်ပါ၏။

ဤပန်းနတ်စင်ကို ခိုက်ဟိုလင်သစ်တောဥယျာဉ်၏သခင်က ပြုလုပ်ထားသည် မဟုတ်ပါချေ။

ရှေးယခင် အစဉ်အဆက်က ပန်းမြတ်နိုးသူတို့ ပြုလုပ် ကိုးကွယ်လာကြသည့် နတ်စင်သာဖြစ်သည်။

စင်လုံသည် နတ်စင်အတွင်းသို့ ခိုဝင်လိုက်၏။

သူ့ခန္ဓာကိုယ် ပေါ်မှမိုးရေစက်များ ကျတန်သရွေ့ကျသွားအောင် ခါထုတ်ပစ်နေသည်။

သူ့နောက်မှ အဖော်မဲ့လူနှင့် ဝမ်းလင်းဝါးတို့သည်

ကျောက်လိုဏ်ဂူ အကြောင်း သိထားပြီးသူများဖြစ်၏။

သို့သော် သူတို့နှစ်ယောက် ဦးဆောင်မဝင်ကြပါ။ စင်လုံ ဝင်သည့်နေရာသို့သာ နောက်မှ လိုက်ဝင်လာကြသည်။

အဖော်မဲ့လူက-

"စင်လုံ ကျောက်လိုဏ်ဂူက ပန်းစင်နောက်မှာ ရှိပါတယ်"

ဝမ်းလင်းဝါးက ရုတ်တရက် ဝင်ပြောသည်။

"ချစ်ချစ်နဲ့ဝံကြောင်ကလေးတို့ တွေ့သွားကြပြီလား မသိဘူး"

အဖော်မဲ့လူက ခေါင်းခါပြ၏။

"မတွေ့နိုင်သေးပါဘူး။ ဒီကျောက်လိုဏ်ခေါင်း ဘယ်လောက် ရှည်တယ်ဆိုတာ ဘယ်သူမှမသိနိုင်ဘူး။ သူတို့ နှစ်ယောက်တွေ့ဖို့ တာ မလွယ်လှဘူး။ ဝံကြောင်ကလေးက အတွင်းပိုင်းမှာ ပုန်းဖို့မျ တယ်"

ဝမ်းလင်းဝါးက ရယ်လိုက်သည်။

"ဟုတ်တယ်ဗျာ၊ အမျိုးသမီးတွေဟာ ဒီကျောက်လိုဏ်ဂူ ခေါင်းမျိုးကို ကြောက်တတ်တယ်၊ အတွင်းအထိရောက်အောင် ဝင်ရဲ မယ်တော့ မထင်ဘူး။ တစ်ခုတော့ ရှိတာပေါ့လေ၊ ချစ်ချစ်ဟာ အခြား မိန်းကလေးတွေနဲ့တော့ မတူဘူးပေါ့ ဒါပေမယ့် မိန်းမဟာ မိန်းမပဲလေ"

အဖော်မဲ့လူက အေးစက်စက်ပြောသည်။

"ကဲ- အဓိပ္ပါယ်မရှိတဲ့ စကားတွေ ပြောမနေနဲ့၊ ဝင်စရာရှိ တာကို ဝင်ကြမယ်"

ဝမ်းလင်းဝါးက ထပ်မံရယ်မောပြန်၏။

"ဟဲ- ဟဲ- ဟဲ- ဟုတ်တယ်၊ အဓိပ္ပါယ်မရှိတဲ့ စကားတွေ ပြောနေလို့ အဝိုပဲ၊ ကဲ- ခင်ဗျားပဲ ကိုယ်တိုင်ကိုယ်ကျ ရှေ့ဦးမှ ဝင်ပါတော့"



အဖော်မဲ့လူသည် မျက်နှာပျက်သွား၏။

"ကောင်းပြီ၊ ကျုပ်ရှေ့က ဝင်မယ်၊ လိုက်ခဲ့ကြပေတော့"

ထိုအခါမှ စင်လုံက လှမ်း၍တားမြစ်လိုက်သည်။

"နေကြပါဦး။ ကျောက်ဂူရှေ့ရောက်နေမှတော့ ကျောက်ဂူထဲ ဝင်ဖို့က မခက်တော့ပါဘူး။ ကျုပ်တို့က ဒီအဆောက်အအုံရဲ့ အတွင်း ထဲမှာရှိနေတဲ့ နတ်ရုပ်ကို မလေ့လာဘူးဆိုရင်တော့ သိပ်သဘာဝ မကျသေးဘူး။ လာကြည့်ကြပါဦး"

စင်စစ် ပန်းနတ်စင်ဆိုသည်မှာ ထိုအဆောက်အအုံကလေး အတွင်း၌ ရှိနေသော နတ်စင်တစ်ခုသာဖြစ်သည်။

နတ်စင်သည် ဟောင်းနွမ်းပြိုပျက်နေပြီဖြစ်၏။

ဤသို့ ဟောင်းနွမ်းပြိုပျက်နေခြင်းကပင် တစ်နည်းတစ်ဖုံ ကြိတ်လန့်ဖွယ်ကောင်းနေသည်။

နတ်ရုပ်တုဆိုသော်လည်း စင်စစ် အခြားနတ်ရုပ်များကဲ့သို့ ကိုင့်သရဖူများသော်လည်းကောင်း၊

ရာပန်းထည်များသော်လည်းကောင်း။

ထူးခြားဆန်းကြယ်သော ဝတ်ရုံရှည်ကြီးများသော်လည်း ကောင်း၊ ဝတ်ဆင်ထားခြင်းမရှိပါချေ။

ကျေးတောသူမ တစ်ယောက်၏ ရုပ်တုကလေးမျှသာ ဖြစ် ပေသည်။

အစဉ်အဆက် နတ်ကွန်းနတ်စင်၊ နတ်ရုပ်ဟု ဆိုစမှတ်ပြု ခဲ့သာ နတ်ရုပ်ဖြစ်နေရာရာသော ကျေးတောသူမ ရုပ်တုသည်-

ဝဲဘက်လက်က ပန်းတစ်ပွင့်ကိုကိုင်၍ ရင်ဝ၌ကပ်ထားပြီး၊ လက်ျာဘက်လက်က ထိုပန်းပွင့်ကလေးကို မြတ်နိုးယုယပွတ်သပ်ပေး နေဟန် ထုလုပ်ထားသည့် ရုပ်တုကလေးသာ ဖြစ်သည်။

ကျေးတောသူမ နတ်ရုပ်သည် လက်ရာကောင်းလှသဖြ
အသက်ဝင်သကဲ့သို့ ရှိနေသည်။

ထို့ပြင် အလင်းရောင် မလင်းမမှောင် ရှိနေသည့်နေရာ
ရှိသဖြင့် ရုပ်တုသည်ကြွတက်နေသည်။

ဝမ်းလင်းဝါးက ရှေးဦးစွာ ဝေဖန်ချက်ပေးသည်။

"အင်း- နတ်ရုပ်တုကတော့ လက်ရာမြောက်သားပဲ၊ ကျုပ်
က ဒီနတ်ရုပ်ရဲ့အပြုအမူတွေကို အဓိပ္ပာယ်မပေါက်ပေမယ့် ဒီနတ်
ရုပ်တု လုပ်ခဲ့တဲ့လူကတော့ ကောင်းကောင်းကြီး အဓိပ္ပာယ်ပေါက်မ
ပဲဗျ။ ဘာအဓိပ္ပာယ်နဲ့ ဒီပုံသဏ္ဌာန်မျိုးထုလုပ်ထားတာလဲ မသိဘူး"

စင်လုံက ပြောလိုက်သည်။

"ခင်ဗျားတို့ ကျုပ်တို့ အဓိပ္ပာယ်မပေါက်တာလည်း ဖြစ်
ဖြစ်မှာပေါ့ဗျာ"

ဝမ်းလင်းဝါးက ဆက်ပြောသည်။

"ပန်းနတ်ဆိုတဲ့နာမည်ကလည်း အဆန်း။ နတ်ရုပ်က ကျေး
တောသူမ ပုံသဏ္ဌာန်ဖြစ်နေတာလည်း အဆန်းပဲဗျ။ ဒီနတ်စ
သမိုင်းကြောင်းတော့ ရှိ----"

အဖော်မဲ့လူက စိတ်မရှည်ဟန်ဖြင့် ဖြတ်ပြောလိုက်သည်။

"ကဲ- ကိုယ့်လူတို့၊ ကျုပ်တို့ဟာ ဒီနတ်စင်ရဲ့သမိုင်းကြေ
ကို တူးဖော်မယ့်လူတွေ မဟုတ်ကြဘူး။ ဒီသမိုင်းကြောင်းကလ
ကျုပ်တို့အတွက် ဘာမှ အသုံးကျမှာမဟုတ်ဘူး။ ဒီနတ်ရုပ်တုဟာ မိ
ပဲဖြစ်ဖြစ် ယောကျာ်းပဲဖြစ်ဖြစ် သက်ကြီးရွယ်အိုပဲ ဖြစ်ဖြစ် ကျုပ်
မဆိုင်ဘူး"

စင်လုံက ဖြည်းညင်းစွာဝင်ပြောသည်။

"နောင်ကြီး- ဒီနတ်ရုပ်ဟာ ကျုပ်တို့နဲ့ နည်းနည်းပါးပါး



ပတ်သက်မှာ သေချာပါတယ်"

အဖော်မဲ့လူက မကျေမနပ်လှမ်းမေးသည်။

"ဘာ ပတ်သက်နေလို့လဲ"

"နတ်ရုပ်တုရဲ့မျက်နှာကို ကြည့်စမ်းပါဦးဗျာ၊ ဘယ်သူနဲ့ တူ
တယ်လို့ ထင်ဘလဲ"

ဝမ်းလင်းဝါးက အလန့်တကြားအော်လိုက်သည်။

"အား- ဟုတ်ပါ့ဗျ။ နတ်ရုပ်တုရဲ့မျက်နှာ- နတ်ရုပ်တုရဲ့
မျက်နှာ----"

အဖော်မဲ့လူသည် စင်လုံ၏စကားကြောင့် နတ်ရုပ်တု၏ မျက်
နှာကို အသေအချာ လေ့လာလိုက်မိသည်။ သူသည် တစ်စုံတစ်ရာကို
ပြန်လှန်စဉ်းစားနေ၏။ အတန်ကြာမှ---

"ဟုတ်တယ်၊ ဒီမျက်နှာဟာ ကျုပ်သိဖူး မြင်ဖူးတဲ့ လူတစ်
ယောက်နဲ့ တူသလိုလိုတော့ ရှိနေတယ်"

သူတို့သုံးဦးသည် တစ်ဦးနှင့်တစ်ဦး ပြန်ကြည့်နေမိကြသည်။

ဝမ်းလင်းဝါးက တီးတိုးပြောလိုက်၏။

"တော်တော့ကို တူတယ်။ အဖော်မဲ့နောင်ကြီး ဘယ်သူနဲ့
တူတယ်ဆိုတာ တွေးမိပြီလား"

အဖော်မဲ့လူ၏ မျက်လုံးများသည် တစ်လက်လက်တောက်ပ
လာတော့သည်။

"တွေးမိပြီ ခုနစ်ဆယ့်ငါးရာနိုင်နှန်းလောက်ကို တူနေတာပါ
ကလား"

ကျေးတောသူမ ပုံသဏ္ဌာန်ရှိသည့် ပန်းနတ်ရုပ်တု၏မျက်နှာ
သည် လှပနေ၏။

မျက်ခုံးနှင့် မျက်လုံးများကလည်း ကောင်းသည်။

ဝမ်းနည်းပူဆွေးနေသည့် အမူအရာမျိုးလည်း ပေါက်နေသည်။ ရုပ်တုသည် ဝေဝေနှင့် ခုနစ်ဆယ့်ငါးရာနိုင်နှုန်းမျှ တူနေ သတည်း။

ဝမ်းလင်းဝါးသည် နတ်စင်ကို အသေအချာ ကြည့်ရင်း မှ တရက် ပြောလိုက်သည်။

"မဟုတ်သေးဘူးဗျ၊ ခင်ဗျားတွေးတဲ့ မိန်းကလေး လုံးဝ မဖြ နိုင်ဘူး"

အဖော်မဲ့လူက ပြန်မေးသည်။

"ဘာဖြစ်လို့ ကျုပ်တွေးတဲ့ မိန်းကလေး မဟုတ်ရမှာလဲ"

ဝမ်းလင်းဝါးက ရှင်းပြသည်။

"ဟောဒီနတ်စင်ကို သေသေချာချာကြည့်ပါဦး။ အခု တစ်နှ နှစ်နှစ်မှဆောက်တဲ့ နတ်စင် မဟုတ်ဘူး။ နှစ်ပေါင်းအတော်ကြာနေ အနည်းဆုံး ဆယ်နှစ်လောက်ရှိနေပြီ၊ ဒီရုပ်တု ထုလုပ်တဲ့အချိန် မှာ ဝေဝေဟာ အသက်ခြောက်နှစ် ခုနစ်နှစ်သမီးလောက်ပဲ ရှိ ဦးမယ်"

အဖော်မဲ့လူသည် ထူးထူးခြားခြားပင် လက်ခုပ်လက် တီးလျက် ပြောလိုက်၏။

"ခင်ဗျားရဲ့ အတွေးအခေါ် ကောင်းတယ်၊ ရုပ်တုထုတဲ့ လူ ဝေဝေကြီးလာရင် ဒီလိုရုပ်မျိုး ဖြစ်လာလိမ့်မယ်လို့ ဘယ် ကြိုတ ထားမလဲ၊ ဒါဟာ တိုက်ဆိုင်မှုပဲ"

စင်လုံက ဖြည်းညင်းစွာပြောသည်။

"ဒါပေမယ့် ဒီနတ်ရုပ်က မျက်နှာကသာ ဝေဝေနဲ့ ဆင်တ ခန္ဓာကိုယ်အချိုးအဆက်နဲ့ ဟန်အမူအရာကတော့ ဝေဝေနဲ့တူတ ဟုတ်ပါဘူး။ ဒီရုပ်တုကိုထုတဲ့ ပန်းပုဆရာဟာ ဝေဝေ့ကိုကြည့်ပြီးထု



မဟုတ်ပါဘူးဗျာ"

အဖော်မဲ့လူက တအံ့တသြမေးလိုက်၏။

"သေချာလုချည်လားဗျာ၊ ဒါဖြင့် ဘယ်သူ့ကိုကြည့်ပြီး ထု တာတာလဲ"

စင်လုံက နတ်ရုပ်တုကို လှမ်းကြည့်ပြီး ဖြေးညင်းစွာပြော လိုက်သည်။

"ဟောဒီနတ်ရုပ်တုဟာ ဝေဝေရဲ့အမေကိုကြည့်ပြီး ထုလုပ် ထားတဲ့ နတ်ရုပ်ပါပဲ"

အဖော်မဲ့လူက စောဒက တက်လိုက်၏။

"ဝေဝေက ဒီကိုရောက်လာတာ တစ်လတောင် မရှိသေးပါ ဘူး။ သူ့အမေရုပ်တုက ဘာဖြစ်လို့ ဒီမှာကြိုတင်ရှိနေရတာလဲ၊ သူ့အမေ က ဘာကြောင့် နတ်ရုပ်ဖြစ်နေရတာလဲ၊ ခင်ဗျား ရှင်းမပြနိုင်တဲ့ အ ကြောင်းတွေ အများကြီးရှိနေတာဗျနော်"

စင်လုံက အေးဆေးစွာ ပြောလိုက်သည်။

"အဲဒါက လျှို့ဝှက်ချက်ပဲပေါ့ဗျာ"

အဖော်မဲ့လူက ပဲ့တင်ထပ်ရေရွတ်လိုက်၏။

"လျှို့ဝှက်ချက်- ဘာ လျှို့ဝှက်ချက်လဲ"

စင်လုံက ခေါင်းကို ခါယမ်းပြလိုက်၏။

"အဲဒီလျှို့ဝှက်ချက်ကို ကျွန်တော်လည်း မသိသေးပါဘူး"

ထိုစဉ် တွေဝေစဉ်းစားနေသည့်ဝမ်းလင်းဝါးက ချိန်ချိန်ဆဆ ပြောတော့သည်။

"စင်လုံပြောတာဖြစ်နိုင်တယ်ဗျ၊ ကျုပ် ဖြစ်နိုင်သလောက် တွက်ဆစဉ်းစားမိတာ တစ်ခုတော့ရှိပါတယ်၊ ဝေဝေရဲ့မိခင်ဟာ ဟောဒီ အသခံတစ်ယောက် ဖြစ်ရမယ်၊ ဝေဝေ့ကိုလည်း ဒီမှာပဲ မွေးဖွားရမယ်၊

ဒီမှာ မွေးပေမယ့် တရုပ်ပြည်မြောက်ပိုင်းဒေသမှာ ကြီးပြင်းလာခဲ့ရ...

စင်လုံက ခေါင်းညိတ်လိုက်၏။

"အဲဒီလို အများကြီး ဖြစ်နိုင်ပါတယ်"

ဝမ်းလင်းဝါးက ဆက်ပြောပြန်သည်။

"ဒါပေမယ့် စဉ်းစားစရာတွေ အများကြီးရှိနေပါသေးတ...

ဝေဝေရဲ့မိခင်ဟာ သာမန်ကျေးတောသူတစ်ယောက် ဖြစ်လျက်သ...

တခြားလူတွေက ဘာဖြစ်လို့ နတ်ရုပ်လုပ်ပြီး ကိုးကွယ်ရတာလဲ...

ကျေးတောသူမရဲ့သမီးက ဘာဖြစ်လို့ လွင်မျောသွားရတာလဲ"

စင်လုံကလည်း တွေးတွေးဆဆပင် ပြန်ပြောသည်။

"တကယ်တမ်း လွင့်မျောတာလည်း ဟုတ်ချင်မှဟုတ်မှာ..."

ဝမ်းလင်းဝါးမှာ စင်လုံ၏အပြောကြောင့် မျက်လုံးပြူး မှ...

ဆံပြူးဖြစ်သွားသည်။

"ခင်ဗျားပြောတဲ့အတိုင်းသာဆိုရင် ဝေဝေဟာ သိုင်းလော...

ထဲက လူထူးလူဆန်း မိန်းမထူး မိန်းမဆန်း ဖြစ်သွားပြီပေါ့"

အဖော်မဲ့လူက မျက်နှာသေကြီးဖြင့်ပြောသည်။

"ကျုပ်သိရသလောက်တော့ လွန်ခဲ့တဲ့ ဆယ်နှစ် အတော...

တွင်းမှာတော့ သိုင်းလောကထဲမှာ လူထူးလူဆန်း မပေါ်ခဲ့ပါဘူ...

စင်လုံက ရယ်မောလိုက်၏။

"နောင်ကြီး အထင်မှားနေလို့ပါ၊ သိုင်းလောကမှာ ...

လူဆန်း မျက်နှာသစ်တွေ အများကြီးရှိနေခဲ့ပါတယ်၊ ဒီတော့ ...

ကိုလည်း ပေါ့ပေါ့ဆဆတွက်လို့ မရပါဘူး"

အဖော်မဲ့လူသည် ထိတ်လန့်တကြားဖြစ်သွားသည်။

"ဒါဖြင့် သိုင်းလောကမှာကျော်ကြားတဲ့ နာမည်ကဘာ...

စင်လုံက ဖြည်းညင်းစွာပြောသည်။



"သိုင်းလောကမှာ ထူးထူးဆန်းဆန်း ကျင်လည်ကြတဲ့ လူ...ရဲ့ နာမည်အစစ်အမှန်ကို လူတိုင်းမသိနိုင်ကြပါဘူး"

ဝမ်းလင်းဝါးသည် စင်လုံ၏စကားကို အောင့်အည်းသည်းခံ၍ ...တောင်မနေနိုင်တော့ချေ။

"စင်လုံ- သူ့ရဲ့နာမည် အစစ်အမှန်ကို ခင်ဗျား သိနေတယ် ...တ်လား"

အဖော်မဲ့လူကလည်း စိတ်မရှည်စွာ အော်မေးလိုက်တော့ ...၏။

"ခင်ဗျားသိနေပြီဆိုရင် ဘာကြောင့် ကျုပ်တို့ကို ဖွင့်မပြော ...လဲ"

စင်လုံက ခပ်အေးအေးပင်ပြောသည်။

"သူဟာ ဝိညာဉ်လက်ဝါးဂိုဏ်းနဲ့ အဆက်အသွယ် ရှိချင် ...တယ်"

အဖော်မဲ့လူသည် ချက်ချင်းပင် မျက်နှာပျက်သွားတော့သည်။ ...ကြောင့် လွှတ်ခနဲအော်လိုက်မိပြန်သည်။

"စင်လုံ- ခင်ဗျား ဘာပြောလိုက်သလဲ၊ ရှင်းရှင်းလင်းလင်း ...ပေးပါဗျ---"

စင်လုံက ပြုံးရင်းပြောသည်။

"ကျွန်တော်လည်း ဒီလောက်ပဲ ခန့်မှန်းလို့ ရနိုင်သေးတော့ ...ကို ရှင်းရှင်းလင်းလင်းပြောပြနိုင်ဖို့ မလွယ်သေးပါဘူး"

ဝမ်းလင်းဝါးက မသက်မသာ မှတ်ချက်ချလိုက်သည်။

"ဘာပဲပြောပြော ဒီနတ်စင်ဟာ သရဲလိုလို၊ တစ္ဆေလိုလို ...လက်ဝါးဂိုဏ်းသားတွေနဲ့ ပတ်သက်စရာအကြောင်းတော့ ရှိလာ ...တော့ ဒီနတ်စင်နောက်ကကျောက်လိုဏ်ဂူကို အထင်သေးလို့

ဖြစ်တော့မလား။ ဒီကျောက်လိုဏ်ဂူဟာ ကွေ့ကွေ့ကောက်ကောက်နဲ့ အင်မတန် လျှို့ဝှက်နက်ရှိုင်းတယ်ဆိုတာလည်း သိထားရတယ်၊ ဒီလို နေရာမျိုးမှာ ဝိညာဉ်ဂိုဏ်းသားတွေပဲ နေဖို့ကောင်းတော့တယ်"

အဖော်မဲ့လူကြီးက---

"ဒါ- ဒါဖြင့် ကျုပ်ထားခဲ့တဲ့ ဝံကြောင်ကလေးကတော့"

သူသည် စကားမဆုံးမီမှာပင် ကျောက်လိုဏ်ဂူထဲသို့ ပြေးဝင်သွားတော့၏။ ဝမ်းလင်းဝါးသည် စင်လုံကို လှည့်ကြည့်လိုက်၏။ စင်လုံသည် ပြုံးနေပါ၏။

သို့သော် အနိုင်နိုင်အားတင်း၍ ပြုံးနေရသည့် အပြုံးဟု ဝမ်းလင်းဝါးထင်မှတ်၏။ ထိုစဉ်မှာပင် စင်လုံက ဖြည်းညင်းစွာပြောလိုက်သည်။

"ကျုပ်တွေးတာ မှန်ရင်တော့ ဒီကျောက်လိုဏ်ဂူထဲမှာ အပြောင်းအလဲတွေ အများကြီးဖြစ်နေမှာ သေချာတယ်၊ မင်းနဲ့ ကျုပ်တော့ အတော့်ကိုအလုပ်ရှုပ်ကြရဦးမှာ သေချာနေပြီ"

အဖော်မဲ့လူသည်လည်းကောင်း၊ စင်လုံသည်လည်းကောင်း၊ ဝမ်းလင်းဝါးသည်လည်းကောင်း၊ ကျောက်လိုဏ်ဂူထဲသို့ တန်းတန်း မတ် ပြေးမဝင်နိုင်ခဲ့ပါချေ။

အဘယ်ကြောင့်ဆိုသော် ကျောက်လိုဏ်ဂူဝ၌ လီတိုင်းလုံ၏ အလောင်းကြီးကို တွေ့လိုက်ရသောကြောင့်ပင်တည်း။

လီတိုင်းလုံ၏အလောင်းကြီးသည် မိုးရေထဲတွင် ဗိုက်ပက်လက် ဖြစ်နေ၏။ အဝတ်အစားများလည်း ဖရိုဖရဲဖြစ်နေ၏။

ဦးခေါင်းမှာလည်း ကွဲကြေနေပြီ။ မျက်နှာသည်ပင် လီတိုင်းလုံဟု သိရှိနိုင်ရုံသာ ရှိတော့သည်။

အတော်ကလေး ရုပ်ပျက်ဆင်းပျက်ဖြစ်နေသည်။



အဖော်မဲ့လူသည် အလောင်းကိုကြည့်ပြီး တအံ့တသြဖြင့် ပြောလိုက်၏။

"သူ- သူ- လီ လီ---"

စင်လုံက ဝင်ဖြေလိုက်သည်။

"ဟုတ်ပါတယ်နောင်ကြီး- သူဟာ လီတိုင်းလုံပါပဲ"

"သူ ဘာဖြစ်လို့ ဒီမှာ လာသေနေရတာလဲ"

စင်လုံမဖြေမီ ဝမ်းလင်းဝါးကဝင်ဖြေလိုက်သည်။

"ချစ်ချစ်ကို ဒီကျောက်ဂူအဝမှာ ထားခဲ့တာပဲ၊ လီတိုင်းလုံက ချစ်ချစ်ကို တွေ့လိမ့်မယ်၊ မဟားဒယားလုပ်ဖို့ ကြိုးစားလိမ့်မယ်၊ ချစ်ချစ်က သူ့ကို သတ်ပစ်တာပဲဖြစ်မယ်"

စင်လုံသည် ခပ်အေးအေးပင် ဝင်ပြောလိုက်သည်။

"မဖြစ်နိုင်ပါဘူး၊ သူ့ကိုချစ်ချစ်သတ်တာ မဖြစ်နိုင်ပါဘူး"

ဝမ်းလင်းဝါးက တအံ့တသြမေးလိုက်၏။

"ဘာကြောင့် ဒီလောက် အသေအချာပြောနိုင်ရတာလဲ၊ ရှင်းပြပါဦး"

စင်လုံက ခပ်ပြုံးပြုံးပြန်ဖြေလိုက်သည်။

"ချစ်ချစ်မှာ ဒီလောက် ရက်စက်တဲ့စိတ်ဓာတ်မျိုး မရှိဘူး၊ ဒါကြောင့်မို့ သူသတ်တာ လုံးဝမဖြစ်နိုင်ပါဘူး"

အဖော်မဲ့လူသည် ရုတ်တရက် ထိတ်လန့်သွားသည်။

"ဒါဖြင့် ဝိညာဉ်လက်ဝါးဂိုဏ်းက ဟိုတစ္ဆေမ သရဲမတွေရဲ့ လက်ချက်ဖြစ်နိုင်တာပေါ့"

စင်လုံက အေးအေးဆေးဆေး တည်တည်ငြိမ်ငြိမ်ပင် ရှင်းပြသည်။

"ဝိညာဉ်လက်ဝါးဂိုဏ်းသားတွေလည်း မဖြစ်နိုင်ပါဘူး၊ သူတို့

က ဒီလိုလူမသိ သူမသိ လုပ်ကြံလေ့မရှိပါဘူး။ ဘာကယ်လို့ လုပ်ကြံတယ်ဆိုရင်လည်း အလောင်းကို ဒီလိုပစ်ထားခဲ့မှာမဟုတ်ပါဘူး"

အဖော်မဲ့လူသည် စင်လုံ၏အကြောင်းပြချက်ကို လက်ခံလိုက်သည်။ လက်ရှိအခြေအနေကို မြင်ရသောအခါ အဖော်မဲ့လူသည် စိတ်ထဲ၌ မသက်မသာဖြစ်သွားရသည်။

သို့သော်-

စင်လုံ၏ အတွေးအခေါ် အယူအဆများကို သိရသည့်အခါတွင်မူ ယခင်ကထက်ပင် ပို၍ အထင်ကြီးလေးစားလာမိသည်။

ဝမ်းလင်းဝါးသည် စင်လုံ၏စကားများကို ကြားသိရသည့်အခါ အတော်ကလေး ဦးနှောက်ခြောက်သွားသည်။

"ခင်ဗျားပြောတာတွေကို ကျုပ်လည်း နားမလည်တော့ဘူး။ ဒီနေရာရာမှာ သတ်နိုင်တဲ့အကြောင်းနှစ်ချက်ပဲရှိတယ်၊ တစ်ကြောင်းက ချစ်ချစ် သတ်တာဖြစ်ရမယ်၊ ဒါမှမဟုတ်ရင် နောက်တစ်ကြောင်းအနေနဲ့ ဝိညာဉ်လက်ဝါးဂိုဏ်းက တစ္ဆေမနဲ့ သရဲမတွေ သတ်တာဖြစ်ရမယ်၊ အခု ခင်ဗျားက ဒါတွေ မဖြစ်နိုင်ဘူးတဲ့၊ ဒါဖြင့် ဘယ်သူ လာသတ်သွားသလဲ"

စင်လုံက ရယ်မောလိုက်သည်။

"အဲဒါလည်းရှင်းနေတာပဲ၊ သူတို့သတ်တာ မဟုတ်ဘူးဆိုရင် တခြားတစ်ယောက်ယောက်က လာသတ်တာပေါ့"

"ဘယ်သူလဲဗျာ၊ ခင်ဗျားသိထားတယ်ပေါ့"

"ဟင့်အင်း- မသိပါဘူးကွာ၊ ဒါပေမယ့် အမျိုးသမီးတစ်ယောက်ယောက်ဖြစ်ဖို့ကတော့ များပါတယ်"

အဖေါ်မဲ့လူသည် ညည်းတွားရေရွတ်လိုက်သည်။

"အမျိုးသမီးက သတ်တာတဲ့လား။ ဟောဒီ ဒွိုက်ဟိုလင်



သစ်တောထဲမှာ လူသတ်နိုင်တဲ့ အမျိုးသမီးများများမရှိပါဘူး။ ဒါပေမယ့် ဘယ်သူဆိုတာတော့ ကျုပ်လည်း မတွက်ဆနိုင်တော့ပါဘူး"

ဝမ်းလင်းဝါးက ရယ်လိုက်သည်။

"ဟုတ်တယ် သိပ်များများလည်း တွေးဖို့မလိုပါဘူး။ တစ်ယောက်ထဲပဲတွေးဖို့လိုတယ်၊ အဲဒီအမျိုးသမီးဟာ ဘယ်သူဖြစ်နိုင်မလဲ"

အဖေါ်မဲ့လူသည် မည်သည့်စကားမျှမပြောတော့ဘဲ ကျောက်ဂူထဲသို့ ဝင်သွားလေတော့သည်။

ကျောက်ဂူထဲသို့ ဆယ့်ငါးလှမ်းမျှဝင်မိသည်ဆိုလျှင် အမှောင်ထဲသို့ ရောက်ရှိသွားပြီဖြစ်သည်။

အလင်းရောင်သည် ကျောက်ဂူထဲသို့ ခြေလှမ်းဆယ့်ငါးလှမ်းပို့သာ မှိန်ပျပျရောက်ရှိသည်။

အဖေါ်မဲ့လူနှင့် ဝမ်းလင်းဝါးတို့သည် ကျောက်ဂူထဲ၌ နေရာအနှံ့အပြားရှာဖွေကြသည်။

အဖေါ်မဲ့လူက ဝမ်းလင်းဝါးအား မေးလိုက်သည်။

"ချစ်ချစ်က ခင်ဗျားကို ဒီနေရာက စောင့်မှာသေချာတယ်နော်"

"သေချာပါတယ်ဗျာ၊ သူ ဒီနေရာကနေ ဘယ်ကိုမှ ထွက်သွားမှာ မဟုတ်ဘူး"

"ဒါဖြင့် ဘာဖြစ်လို့ မတွေ့ရတာလဲ"

"ခင်ဗျားပစ်ထားခဲ့တဲ့ ဝံကြောင်ကလေးဆီများ ထွက်သွားလားမှ မသိတာ၊ ခင်ဗျားရဲ့ဝံကြောင်ကလေးက ခပ်ရဲရဲမဟုတ်လားဗျ"

သူတို့နှစ်ယောက်သည် ထားပစ်ခဲ့ကြသည့်လူများကို မတွေ့ကြသဖြင့် စိတ်ထဲ၌ ထိတ်ထိတ်ပျာပျာဖြစ်နေကြသည်။

သို့သော် တစ်ယောက်ကိုတစ်ယောက် သရော်တော်တော်

ပြောနေကြသည်။

အဖေါ်မဲ့လူက အေးစက်စက်မေးလိုက်သည်။

"ခင်ဗျားလည်း ရှာဦး။ သူတို့နှစ်ယောက် ဒုက္ခများတွေ့နေကြသလား မသိဘူး"

ဝမ်းလင်းဝါးက ဟက်ဟက်ပက်ပက် ရယ်မောလိုက်သည်။

"ဇနီးလောင်းပျောက်သွားတဲ့ ကျုပ်တောင် ဒီလောက်စိတ်မပူဘဲနဲ့ ခင်ဗျားက ဘာဖြစ်လို့စိတ်ပူနေရတာလဲ၊ ကိုယ့်ကိုယ်ကို ဒုက္ခရှာပြီး စိတ်ပူမနေစမ်းပါနဲ့ဗျာ"

အဖေါ်မဲ့လူသည် အေးစက်စက်ရယ်မောလိုက်သည်။

"ကျုပ်ကလည်း ခင်ဗျားပြောသလောက် စိတ်ပူမနေပါဘူး။ သူတို့နှစ်ယောက် မသေဘူးဆိုတာလောက်တော့ ကျုပ်လည်း သိနေပါတယ်"

ဝမ်းလင်းဝါးက ဟက်ဟက်ပက်ပက် ထပ်မံရယ်မောလိုက်လေသည်။

"ခင်ဗျားမှားနေပြီ ဝိညာဉ်ဂိုဏ်းချုပ်သခင်မက သူတို့ကိုသတ်လိုက်ပြီဗျ"

အဖေါ်မဲ့လူက ပြုံး၍ ပြန်မေးလိုက်လေသည်။

"ဘာ အကြောင်းကြောင့်သတ်တာလဲ"

ဝမ်းလင်းဝါးက အေးတိအေးစက်ပြောလိုက်လေသည်။

"လူသတ်တဲ့ကိစ္စမှာ တစ်ခါတစ်လေ အကြောင်းပြချက်မလိုပါဘူး"

အဖေါ်မဲ့လူက ခံစားချက်မဲ့သောလေသံဖြင့် ပြောလိုက်ပြန်သည်။

"ကျုပ်တော့ ခင်ဗျားနဲ့ သဘောချင်းမကိုက်ညီဘူးဗျာ၊ ဘယ်



နယ်လဲစင်လုံ၊ ဝံကြောင်ကလေးတို့ကို အသက်ရှင်လျက် ရှာတွေ့နိုင်တယ်မဟုတ်လား"

စင်လုံက သက်ပြင်းချရင်း ဝန်ခံလိုက်၏။

"ဟုတ်ပါတယ် တွေ့နိုင်ပါတယ်ဗျာ"

ဝမ်းလင်းဝါးသည် ချက်ချင်းပင် သူ၏အယူအဆကို ပြောင်းလိုက်ပြန်သည်။

"သူတို့ကို လိုက်ရှာဖို့လိုမယ်မထင်ဘူးဗျ။ ဝိညာဉ်ဂိုဏ်းချုပ်သခင်မရဲ့သားရဲတွင်းကို လိုက်ရှာရမယ်၊ အဲဒီ သားရဲတွင်းကို တွေ့ရင် ကျုပ်တို့လူတွေကို တွေ့ပြီ"

အဖေါ်မဲ့လူက အေးစက်စက်ပြန်မေးလိုက်သည်။

"ဘယ်မှာလဲ သားရဲတွင်း- ဒီလောက် မှောင်မိုက်နေတဲ့ ကျောက်ဂူထဲမှာ ဘာသဲလွန်စမှမရနိုင်ဘူး"

ဝမ်းလင်းဝါးက ရယ်ရင်းပြောသည်။

"ဟုတ်တယ်- ဝမ်းလင်းဝါးရဲ့စကားက မမှားပါဘူး။ ဝိညာဉ်ဂိုဏ်းချုပ်သခင်မရဲ့သားရဲတွင်းဟာ ဒီကျောက်ဂူထဲမှာရှိနေတာ သေချာပါတယ်၊ ဂူဝက ခြေရာတော်တော်များများကို လေ့လာခဲ့ပြီးပြီ၊ ဝင်သွားတဲ့ ခြေရာတွေပဲရှိတယ်၊ ထွက်သွားတဲ့ခြေရာ လုံးဝမရှိဘူး"

အဖေါ်မဲ့လူသည် အေးစက်စက်ရေရွတ်လိုက်လေသည်။

"အင်း- ခင်ဗျားတို့နှစ်ယောက်က ခြေရာကိုတောင် သတိပြုခဲ့ကြတာကိုး။ ကျုပ်- ဒါတွေကြည့်ဖို့ သတိလစ်ခဲ့တယ်"

အဖေါ်မဲ့လူသည် ယခင်က ဤလူနှစ်ယောက်ထက်တော်သည်ဟု ထင်မှတ်ခဲ့သည်။

သို့သော် ယခုအခါတွင် ထိုသူနှစ်ယောက်ထက် အင်မတန်ညံ့နေကြောင်း သိရှိခဲ့ရလေပြီ။

ဝမ်းလင်းဝါးသည် အဖေါ်မဲ့လူအား ရုတ်တရက် ကြည့်လိုက်သည်။

"အဖေါ်မဲ့နောင်ကြီး- ဒီဂူအကြောင်း ဘယ်လောက် သိထားသလဲ"

"ဒီကနေ ရှေ့ဆက်ဝင်သွားရင် ကိုယ့်လက်ကိုတောင် မမြင်နိုင်ဘူး အတွင်းပိုင်းမှာစိုမွတ်မယ်၊ အပေါ်မှာ ပင့်ကူအိမ်တွေရှိမယ်၊ ဒါတွေက ကျုပ်ရဲ့မှန်းဆချက်ပဲ၊ ဒီအတွင်းပိုင်းထဲကို လူဝင်တယ်လို့ တစ်ခါမှ မကြားခဲ့ဖူးဘူး"

"အဖေါ်မဲ့နောင်ကြီးရဲ့မှန်းဆချက်က မဆိုးပါဘူး။ ကျုပ်က နည်းနည်းတောင် ထပ်ဖြည့်လိုက်ချင်သေးတယ်၊ ဒီလိုဏ်ဂူထဲမှာ တခြားလျှို့ဝှက်လမ်းတစ်ခုရှိတယ်၊ ဒီလမ်းအတိုင်းဝင်သွားရင် ကျုပ်တို့တော့ ငရဲပြည်ကို ဖြတ်လမ်းကလိုက်တာနဲ့ အတူတူပဲ"

"ဒီလို မဝင်လို့ ခင်ဗျားက ဘယ်လိုဝင်ချင်လို့လဲ"

"မီးတုတ်တွေ၊ မီးချိတ်တွေ၊ ရိက္ခာခြောက်တွေ အားလုံး အဆင်သင့်ပြင်ပြီးမှ ဝင်ရမယ်"

"ခင်ဗျားပြင်တာစောင့်နေရင် ကျုပ်တို့လူတွေကို ဘယ်တော့မှ ကယ်နိုင်မှာမဟုတ်တော့ဘူး"

စင်လုံသည် အဖေါ်မဲ့လူနှင့် ဝမ်းလင်းဝါးတို့ အငြိအချပြောနေသည့်စကားများကို နားထောင်နေရာမှ ရုတ်တရက် ကြားဖြတ်ပြောလိုက်သည်။

"ကျုပ်တို့အတွက် အချိန်သိပ်မရှိဘူး။ အချိန်များများဖြုန်းလို့မရဘူး။ ရွှင်ပျော်ပျော်မြို့စားကြီးကို ဒီလောက်အချိန်များများပေးလို့မရဘူး။ ဒီလမ်းထဲမှာ ပုန်းခိုတိုက်ခိုက်မှု မရှိဘူးဆိုရင်တောင် ဥမင်လမ်းတွေ ဝင်္ကပါလိုဖြစ်နေမှာလည်း တစ်ချက်ရှိနိုင်သေးတယ်၊ သေ



ဘေးကတော့ အင်မတန်နီးတယ်၊ ဘာပဲဖြစ်ဖြစ် တစ်ခါတလေတော့ စွန့်ရမှာပဲ"

အဖေါ်မဲ့လူက အေးစက်စက်ပြောလိုက်လေသည်။

"စွန့်တော့မယ်ဆိုရင် ဘာကိုဂရုစိုက်ရတော့မှာလဲ၊ ဝင်ဖို့ ပြင်ကြစို့"

ဝမ်းလင်းဝါးက မရယ်ချင့်ရယ်ချင်ဖြင့် ရယ်လိုက်သည်။

"ခင်ဗျားတို့ ကျုပ်ကို နိုင်းချင်တာနိုင်းကြဗျာ၊ ဒီကျောက်ဂူထဲမှာ မျက်ကန်းတစ္ဆေမကြောက်ဝင်သလိုတော့ မဝင်နိုင်းပါနဲ့ဗျာ"

အဖေါ်မဲ့လူ၏အသံသည် အေးစက်စက်မဟုတ်တော့ဘဲ မာရေကျောရေဖြင့် ထွက်ပေါ်လာသည်။

"ခင်ဗျားကယ်တင်ရမယ့်လူဟာ ဘယ်သူလဲ ဆိုတာကော အမှတ်ရသေးရဲ့လား"

ဝမ်းလင်းဝါးက ခပ်မဲ့မဲ့ပြုံးလိုက်ပြီး---

"ဘာအမှတ်ရစရာလိုမလဲဗျ၊ ဘာပဲဖြစ်ဖြစ် ကျုပ်အသက်လောက်တော့ အရေးမကြီးပါဘူး"

အဖေါ်မဲ့လူ၏ဒေါသသည် အထွတ်အထိပ်သို့ ရောက်သွားတော့သည်။

"မင်းဟာ---"

ထိုစဉ် စင်လုံ၏အသံက ခပ်တိုးတိုးထွက်ပေါ်လာသည်။ တိုးပင်တိုးသော်လည်း ကြီးမားသည့်အင်အားတစ်ခု ထပ်ပါလာသည့်အလား ဩဇာအာဏာအပြည့်အဝရှိနေ၏။

"တိတ်တိတ်နေကြပါ"

အဖေါ်မဲ့လူသည် စင်လုံစကားကြောင့် ဆက်မပြောနိုင်ဘဲ ရုတ်တရက်ရပ်တန့်သွားသည်။

အဘယ့်ကြောင့် စင်လုံ ဤသို့ပြောရသနည်းဟု တွေးတောလျက် ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်လိုက်၏။ သူတို့၏ရှေ့ဘက် အတော်ဝေးဝေးအမှောင်ထုအတွင်း၌ ထိတ်လန့်ဖွယ်ရာ မီးပွင့်လေး တစ်ပွင့်ကို တွေ့မြင်လိုက်ရတော့သည်။

မီးရောင်မှာ စိမ်းဖန့်ဖန့်ဖြစ်သဖြင့် ထိုလူ၏စိတ်ဓာတ်ကို ဖိုဖို၍ ချောက်ချားစေသည်။ မီးရောင်အောက်၌ ရိုးတိုးရိပ်တိတ် လူရိပ်တစ်ခုကို မြင်တွေ့နေရသည်။

စင်လုံ၊ အဖေါ်မဲ့လူနှင့် ဝမ်းလင်းဝါးတို့သည် မှောင်ရိပ်ထဲ၌ အသက်မရှူနိုင်ဘဲ ဖြစ်နေကြတော့သည်။

သူတို့ရှေ့မှ မီးပွင့်နှင့်လူသည် သူတို့အနီးသို့တိုးကပ်မလာချေ။ ကိုက်လေးငါးဆယ်အကွာအဝေး၌သာ ရပ်နေသည်။

မီးရောင်လည်း မလှုပ်၊ လူကလည်း မလှုပ်။

အဖေါ်မဲ့လူက အေးစက်စက်လှမ်းမေးလိုက်။

"ရှေ့က ဘယ်သူလဲ"

မှောင်ရိပ်ထဲမှ မီးတိုင်နှင့်လူသည် ပြန်လည်ဖြေကြားခြင်း မပြုပေ။

သို့သော် ချက်ချင်းလိုလိုပင် မီးရောင်မှာ တလှုပ်လှုပ်တရွရွ ဖြစ်လာပြီး သူတို့နှင့် တဖြည်းဖြည်းဝေးကွာသွားတော့သည်။

စင်လုံသည် ရှေ့ဆုံးမှထွက်သွားပြီး-

"လိုက်ကြ"

ဝမ်းလင်းဝါးက မသက်မသာပြောလိုက်သည်။

"ဘယ်လိုလိုက်ရမလဲဗျ၊ သူတို့ရဲ့ လှည့်ကွက်ထဲဝင်သွားမှာကို မစိုးရိမ်ဘူးလား။ ဘယ်လောက်အန္တရာယ်များသလဲ"

စင်လုံက ရှေ့မှလျှောက်သွားသည်။ ဝမ်းလင်းဝါးကို လှည့်၍



ရှင်းပြခဲ့သေးသည်။

"ဟောဒီမီးပွင့်ကလေးက ဝိညာဉ်ဂိုဏ်းချုပ်သခင်မရဲ့အကြိုတော်ကွ၊ ဝိညာဉ်လက်ဝါးဂိုဏ်းရဲ့ "တစ္ဆေမ"လား "သရဲမ"လား တစ်ကောင်ကောင်ဖြစ်မှာပေါ့ကွာ၊ ဝိညာဉ်ဂိုဏ်းချုပ်သခင်မက ငါတို့ကိုတွေ့ချင်နေတဲ့အချိန်မှာ ငါတို့က လိုက်တွေ့ဖို့လိုတယ်၊ သူစိတ်ပြောင်းသွားရင် သူ့ဆီကို ငါတို့ ဘယ်တော့မှရောက်နိုင်မှာ မဟုတ်တော့ဘူး"

စင်လုံသည် စကားဆုံးသောအခါ မီးပွင့်နောက်သို့ အပြေးကလေးလိုက်သွားတော့၏။

အဖော်မဲ့လူသည် ဝမ်းလင်းဝါးကိုလှမ်းပြောလိုက်သည်။

"ကဲ- ခင်ဗျား မသေသေးဘူးဆိုရင် ကျုပ်တို့ ပြန်လာရင်တော့ တွေ့ကြသေးတာပေါ့၊ ခံစောင့်နေပေါ့ဗျာ"

ဝမ်းလင်းဝါးက မချိပြုံးပြုံးလိုက်သည်။

"ဒီလိုတော့ ခွဲခြမ်း ခွဲခြမ်း မလုပ်ပါနဲ့ဗျာ၊ ဒီအခြေအနေရောက်မှတော့ ကျုပ်လည်း ဘယ်နေရစ်တော့မလဲ"

ထို့နောက် အဖော်မဲ့လူသည်လည်းကောင်း၊ ဝမ်းလင်းဝါးသည်လည်းကောင်း၊ စင်လုံနောက်သို့ အပြေးအလွှားလိုက်သွားကြ၏။

သူတို့ ဂူဝ၌ရပ်နေစဉ်က ဂူအပြင်ဘက်မှ အလင်းရောင်ကို မြင်နေရသေး၏။

ယခုမူ ဂူဝမှ အလင်းရောင်ကိုမမြင်ရတော့ပေ။

သူတို့ရှေ့မှ မှိန်ပျပျ စိမ်းဖန့်ဖန့်အလင်းရောင်ကလေးကိုသာ မြင်ရတော့သည်။

ဝင်စစ် ထိုအလင်းရောင်ကလေးမှာ ပိုးစုန်းကြူးသာသာ

မျှသာရှိရာ ဤမှောင်မိုက်နေသည့် ကျောက်ဂူကြီးထဲ၌ တစ်ဦးကိုတစ်ဦး မြင်တွေ့ရန် လုံးဝမစွမ်းဆောင်နိုင်ပေ။

မည်သို့ပင်ဖြစ်စေ-

သူတို့သည် ဝိညာဉ်လက်ဝါးဂိုဏ်းသား၏ သရဲမီးနောက်သို့ လိုက်လာခြင်းဖြင့် ဝိညာဉ် မြို့တော်အတွင်းသို့ ချဉ်းနင်းဝင်ရောက် လာမိကြလေပြီ။

ကျောက်ဂူအတွင်းသို့ ရောက်ရှိလေလေ ပို၍ အေးစိမ့်လာ လေလေဖြစ်သည်။

စင်လုံသည်လည်းကောင်း၊ အဖော်မဲ့လူနှင့် ဝမ်းလင်းဝါးတို့ သည်လည်းကောင်း ထိပ်တန်းသိုင်းပညာ ကိုယ်ခံရှိသူများဖြစ်ကြ၏။

သို့သော် မှောင်မိုက်ခြင်း၊ အေးစိမ့်ခြင်း၊ လျှို့ဝှက်ခြင်း မသိနားမလည် ခြင်းတို့ အကြားသို့ ရောက်ရှိလာကြသောအခါ သူတို့သည်ပင်လျှင် စိုးရွံ့စိတ်များ ပေါ်ပေါက်ခံစားလာကြရလေ၏။

စင်လုံသည် သရဲမီးနှင့် မလှမ်းမကမ်းသို့ရောက်သည်ထက် အပြေး မလိုက်တော့ချေ။

ခပ်မှန်မှန်ပင် လျှောက်တော့သည်။

စင်လုံသည် အတွေးအခေါ်ကြီးမားသူဖြစ်ရာ သူ၏ခြေလှမ်း တိုင်း အန္တရာယ်များကပ်ငြိနေသည်ကို သိရှိနေမိ၏။

မည်သည့်အရပ်မှ ထွက်လာမည်ဟု မသိနိုင်သော အ[illegible] အပ်များသည် သူတို့သုံးယောက်၏ခန္ဓာကိုယ်များကို အချိန်မရွေး [illegible] ရောက်စိုက်နိုင်သည်။

သူတို့နင်းလျှောက်နေသည့် အေးစိမ့်စိမ့်မြေပြင်၌ လျှို့ဝှက် တပ်ဆင်ထားသည့် ထောင်ချောက်များ၊ စက်ခလုတ်များ၊ ငရဲ[illegible] ပေါက်များသို့ သူတို့အားလုံး လျှောခနဲ ကျဆင်းသွားကောင်း ကျ[illegible]



နိုင်သည်။

အေးစိမ့်စိမ့် တိုက်ခတ်နေသည့်လေထဲ၌ အဆိပ်မှုန့်များ လွင့် ပါလာကောင်း ပါလာနိုင်သည်။

စင်လုံသည် ကြိတ်၍ သက်ပြင်းချလိုက်သည်။ သူ၏ဦးခေါင်း ထဲ၌ အလွန်တရာပါးနပ်သူတို့အကြောင်း တွေးနေမိသည်။

ပါးနပ်သူများသည် အလင်းရောင်ကို မည်သို့အသုံးချရမည်ကို နည်းလမ်းရှာဖွေကြ၏။ အသုံးလည်းချခဲ့ကြ၏။

သို့သော် အချို့အလွန်အမင်းပါးနပ်သူတို့ကမူ အမှောင်ထု ကို သူတို့အတွက် အကျိုးရှိစွာအသုံးချတတ်ပြန်လေ၏။

ထို့ကြောင့် ဝိညာဉ်ဂိုဏ်းချုပ်သခင်မသည် အလွန်အမင်း ပါးနပ်သူတစ်ယောက်ဖြစ်ကြောင်း အငြင်းပွားစရာမရှိတော့ချေ။

စင်လုံသည် ဝမ်းလင်းဝါးထံမှ တစ်စုံတစ်ရာသောအသံ ကြား ရလို ကြားရငြား နားစွင့်လိုက်၏။

သို့သော် မည်သည့်အသံမျှမကြားရပေ။ ဝမ်းလင်းဝါး ကြောက် ရွံ့နေပြီလော။

စင်လုံသည် ဝမ်းလင်းဝါးအကြောင်း တွေးမိပြန်၏။

ဝမ်းလင်း ဝါးသည် အလွန်တရာထက်မြက်ပြီး အလွန်တရာ ဂုဏ်ကောင်းသူဖြစ်သည်။ သူသည် သူ၏ဦးနှောက်များကို မကောင်း မှုမှန်သမျှအတွက် လွှာ၍ အသုံးချနေသူလည်းဖြစ်၏။

ထို့ကြောင့် သူသည်လည်း အမှောင်ထုကို မည်သို့ အသုံးချ ရမည်ကို သိနိုင်သည်။

ဤအချက်ကို လုံးဝမေ့ထား၍ မဖြစ်ကြောင်း စင်လုံကောင်းစွာ သိနေပါ၏။

ထိုစဉ် အမှောင်ထုအတွင်းမှ သင်းပျံ့မွှေးကြိုင်သော အမွှေး

နံ့များကို ရှူရှိုက်လိုက်မိကြသည်။

ဝင်လုံသည် ထိတ်ခနဲဖြစ်သွားပြီး အသက်ရှူခြင်းကို အောင့်ထားလိုက်သည်။

ထို လေဟုန်စီးလာသော အမွှေးနံ့များနှင့်အတူ ရယ်သံ လွင်လွင်ကလေးကို ကြားလိုက်ရပြန်သည်။

"ရှင်တို့ အသက်မရှူဘဲ မနေကြပါနဲ့၊ ရဲရဲတင်းတင်း အသက် ရှူကြပါ။ ဒီအမွှေးနံ့တွေထဲမှာ အဆိပ်မှုန့်တွေ မပါ ပါဘူးရှင်၊ ဒီအမွှေး ရနံ့ ဘယ်လောက်တန်ဖိုးရှိတယ်ဆိုတာ ရှင်တို့မသိလိုက်တာ သိပ်နှ တာပဲ၊ အင်းလေ ကျွန်မကလည်း ကြိုတင်ပြီးတော့ သတိမပေးလိုက်မိ ဘဲကိုး"

ဝမ်းလင်းဝါးက အသံထွက်အောင် ရယ်လိုက်သည်။

"မှန်တယ်၊ ဒီအမွှေးနံ့ကို ကျုပ်ကောင်းကောင်းသိတယ်၊ ပီကင်းနေပြည်တော်က နံ့သာမှုန့်ရနံ့ပဲဗျ၊ ဒီလောက် ဝေးဝေးလံလံက နံ့သာမှုန့်ကို ဒီအထိ ယူဆောင်လာနိုင်တာကိုတော့ ကျုပ်က ချီးကျူး လို့ မဆုံးပါဘူး"

အမှောင်ထဲမှ ရယ်သံခပ်သဲ့သဲ့ ထွက်ပေါ်လာသည်။

"အခုစကားပြောနေတာ သခင်လေးဝမ်းလင်းဝါးနဲ့တူပါရဲ့"

"ဟုတ်တယ်၊ ကျုပ်ဝမ်းလင်းဝါးပဲ၊ ဘယ့်နယ့် ကျုပ်ကို ကြို တင်သိနေရတာလဲ"

"ပျိုတိုင်းကြိုက်တဲ့နှင်းဆီနိုင်ဖြစ်တဲ့ ဝမ်းလင်းဝါးကို မသိ ဆိုရင် ကျွန်မလောက်ညံ့ကဲ့လှ ဒီလောကထဲမှာ ရှိပါတော့မလား။ မိန်း ကလေးတွေ ဝိုင်းဝိုင်းလည်နေတဲ့ ဝမ်းလင်းဝါးမှ ဒီနံ့သာမှုန့်ကို မ ခြားတတ်ရင် ဘယ်သူက ခွဲခြားနိုင်တော့မှာလဲရှင်"

"ဟား- ဟား- ဟား- ကျုပ်ကို ဒီလောက်တောင် ချီးကျူး



ဖို့ မလိုပါဘူးဗျာ၊ ဘာပဲဖြစ်ဖြစ် ကျုပ်ကတော့ ကျေးဇူးတင်ပါတယ်"

ဝမ်းလင်းဝါးသည် သူ၏ရယ်မောခြင်းကို ချက်ချင်းပင် ရပ် တန့်လိုက်ပြီး---

"ခင်ဗျားဟာ ဝိညာဉ်ဂိုဏ်းချုပ်သခင်မလား"

"မှန်ပါတယ်၊ ကျွန်မဟာ ဝိညာဉ်ဂိုဏ်းချုပ်သခင်မပါပဲ"

"ကျုပ် ကြားဖူးထားတာကတော့ ဝိညာဉ်ဂိုဏ်းချုပ်သခင်မ ဆိုတာ အင်မတန်ချော၊ အင်မတန်လှတယ်လို့သိထားတယ်- ယောက်ျား လူစွမ်းကောင်းတစ်ယောက်လိုလည်း ထက်ထက် မြက်မြက်ရှိတယ်လို့လည်း သိထားရတယ်၊ ဒီလောက်နာမည်ကျော်ကြား နေတဲ့လူက ဘာဖြစ်လို့ တစ်ဂူလုံး မှောင်ချထားရတာလဲ"

"မှောင်ချထားတယ် ဟုတ်လား"

"ခင်ဗျားက ဘာဖြစ်လို့အကြောင်ရိုက်ပြီး ပြန်မေးနေရတာလဲ၊ အကြောင်မရိုက်ရင်၊ အမှောင်မကြိုက်ရင် ကျုပ်တို့ကို မြင်သာအောင် ထင်သာအောင် အလင်းရောင်ပေးမှပေါ့ဗျ"

ထိုအခါ ဝိညာဉ်ဂိုဏ်းချုပ်သခင်မသည် ဆည်းလည်းလှုပ် တော်သံဖြင့် ရယ်မောလေတော့သည်။

"ရှင် စိတ်ကူးလွဲနေပြီ၊ အတွေးအထင်ဆိုတာ ကိုယ်တွေ့ မျက်မြင်ထက်ပိုပြီး စိတ်လှုပ်ရှားမှုကိုခံစားရပါတယ်၊ ရှင်က အကြားနဲ့ ကျွန်မကို လှထိပ်ခေါင်တင်အဖြစ်သတ်မှတ်နေတာကိုး-

တကယ်တမ်း ကိုယ်တွေ့ မျက်မြင်ဖြစ်ရင် ရှင် သိပ်စိတ် ပျက်သွားမှာပေါ့၊ ဦးနှောက်ကောင်းတဲ့ မိန်းကလေးဟာ ဘယ်တော့မှ ယောက်ျားသားတွေကို စိတ်မပျက်စေရဘူးရှင့်၊ အထူးသဖြင့် ရှင့်လို ထက်မြက်တဲ့ယောက်ျားမျိုးကို ပိုလို့တောင် စိတ်မပျက်စေရဘူး"

သူမသည် စကားကို ခေတ္တဖြတ်လိုက်ပြီး---

"ကဲ သခင်လေးစင်လုံကကော ဘယ်လိုသဘောရသလဲ" ဟုမေးလိုက်လေသည်။

စင်လုံသည် မှောင်ထဲ၌ တစ်ကိုယ်တည်းပြုံးလိုက်မိသည်။

"မိန်းမစိတ်ဆိုတာ ဆောင်းလေပမာလိုပဲတဲ့၊ ကျုပ်က ဘယ်လို သိတတ်နိုင်ပါ့မလဲ"

ဝိညာဉ်ဂိုဏ်းချုပ်သခင်မသည် တခစ်ခစ်ရယ်မောလေတော့သည်။

"လောကထဲမှာရှိနေတဲ့ ယောကျာ်းတော်တော်များများဟာ မိန်းမသားတွေရဲ့စိတ်ဓာတ်ကို သူတို့ထိုးဖောက်သိမြင်တယ်လို့ ယုံကြည်ကြတယ်၊ ကိုယ့်ကိုယ်ကို အထင်ကြီးကြတယ်-

ဒါပေမယ့် မိန်းမတွေအကြောင်း တကယ်တမ်း သိမြင် နားလည်တဲ့လူကျတော့ သူဟာ မိန်းမတွေအကြောင်းမသိပါဘူးလို့ ဝန်ခံကြတယ်-

ဟောဒီ သခင်လေးစင်လုံဟာလည်း အဲဒီလိုပုဂ္ဂိုလ်မျိုးပဲ၊ ဒါကြောင့် မိန်းမသားတွေကလည်း သူ့ဆိုရင် ဝိုင်းဝိုင်းလည် ချစ်နေကြတာပဲ"

အဖေါ်မဲ့လူသည် အောင့်အည်း သည်းမခံနိုင်တော့ချေ။ သေရေးရှင်ရေးအချိန်အခါမျိုး၌ အကျိုးမရှိသောစကားများ ပြောနေခြင်းမှာ သူ့နားထဲတွင် မဆီမလျော်ဖြစ်နေသည်။ ထို့ကြောင့် အေးစက်စက်လေသံဖြင့် ပြန်ပြောလိုက်သည်။

"ခင်ဗျားတို့တွေ အပျင်းပြေ စကားပြောချင်တယ်ဆိုရင် သည့်ပြင်နေရာကို သွားပြောကြစမ်းဗျာ"

"ဘာဖြစ်လို့လဲရှင့်၊ ဒီနေရာမှာ စကားမပြောကောင်းဘူးလို့ ရှင်က ထင်နေလို့လား"



အဖေါ်မဲ့လူက အေးစက်စက်ပြန်ပြောလိုက်သည်။

"ကျုပ်အထင်တော့ ဒီနေရာဟာ စကားပြောဖို့ထက် သတ်ဖို့ဖြတ်ဖို့ ပိုကောင်းတယ်လို့ထင်မိတာပဲ"

ပိုးစုန်းကြူး အလင်းရောင်သာသာမျှသာရှိသော စိမ်းဖန့်ဖန့် အလင်းရောင်သည် ထိုနေရာ၌ လှုပ်ရှားခြင်းမရှိဘဲ ငြိမ်ငြိမ်သက်သက် ရပ်တန့်နေသည်။

ထိုအလင်းရောင်ကလေးကိုကြည့်ရင်း ကြေကွဲလွမ်းဆွတ်သယောင် ခံစားလာကြရသည်။

မှောင်ထဲမှ အသံရှင်က---

"ဒီနေရာကို ဘာနေရာလို့ ခေါ်ဝေါ်သတ်မှတ်ထားတယ်ဆိုတာ ရှင်သိရဲ့လား"

အဖော်မဲ့လူက အေးစက်စက်ရယ်ယင်း-

"ဟင်း- ဟင်း- ဟင်း- ဒီနေရာဟာ ခင်ဗျားရဲ့အပျိုဆောင်ခန်းတော့ ဟုတ်မယ်မထင်ပါဘူးဗျာ"

အဖော်မဲ့လူသည် ခံစားချက်ကင်းမဲ့သည့် ပုံသဏ္ဌာန်ရှိသော်လည်း သူ့၌ဟာသဓာတ်ခံရှိကြောင်း ဤစကားဖြင့်သိသာသည်။

အခြေအနေ အဆိုးအကောင်း အပြောင်းအလဲကို မည်သူမျှ ခန့်မှန်း၍မရနိုင်သည့် အချိန်မျိုး၌ အဖော်မဲ့လူသည် ရိတိတိ ကလိတိတိ ဟာသစကားမျိုးကို ပြောလျက်ရှိနေပေပြီ။

စင်လုံသည် ဤအချိန်အခါမျိုးသာမဟုတ်ဘဲ ယခုစကားမျိုး ကြားခဲ့ရပါလျှင် ဟားတိုက်ရယ်မောလိုက်မိမည်သာဖြစ်၏။

အမှောင်ထဲမှ အသံရှင်က ချိုလွင်စွာပြန်ပြောသည်။

"ကျွန်မရဲ့ အပျိုဆောင်မဟုတ်ဘူးလို့ ဘယ်သူအတိအကျပြောရဲပါသလဲရှင်၊ ရှင် တိတိကျကျတွေ့လို့ ဒီလိုငြင်းချက်ထုတ်ရဲ

တာလား"

အဖော်မဲ့လူက---

"ဒီလောက် မှောင်တဲ့အထဲမှာ ကျုပ် ဘယ်တွေ့နိုင်မှာလဲ၊ စိတ်ထင်ပြောတာပေါ့ဗျာ၊ ဟုတ်မယ်လဲ မထင်ပါဘူးလေ"

"ရှင့်ရှေ့မှာ ဘာရှိနေသလဲ- မြင်ရဲ့လား"

"ဘယ်မြင်မလဲဗျ"

"ရှင့်မျက်နှာချင်းဆိုင်မှာ ပန်းချီကားတစ်ချပ်ရှိနေတယ်"

"ပန်းချီကားဟုတ်လား။ ဘာ ပန်းချီကားလဲ၊ ခင်ဗျား ပေါက်တတ်ကရ ပြောနေပြီလို့ ကျုပ်ထင်တယ်"

"ရှင် ကျေးဇူးပြုပြီး တိတ်တိတ်နားထောင်စမ်းပါ။ ဒီပန်းချီကားဟာ အပေါ်စား ပန်းချီကားတစ်ချပ်မဟုတ်ဘူး။ ရသေ့ကြီးရဲ့ လက်ရာမွန်လက်ရာကောင်းတစ်ခု ဖြစ်တယ်၊ သမိုင်းဝင်အနုပညာပစ္စည်း တစ်ခုဖြစ်တယ်၊ ကွမ်းယင်းကြာပလ္လင်လို့ အများကခေါ်ကြတယ်"

စင်လုံက သဲ့သဲ့ရယ်လိုက်၏။

"ဝိညာဉ်ဂိုဏ်းချုပ်သခင်မကလည်း ကွမ်းယင်းပူဇော်မှုပြုတာပဲလား။ ရှားမှရှားတဲ့ ပုဂ္ဂိုလ်ပဲဗျာ"

မှောင်ထဲမှအသံရှင်က အေးအေးဆေးဆေးပင် ပြန်ပြောလိုက်သည်။

"ကွမ်းယင်းပူဇော်မှုပြုတာ ဘာဖြစ်သလဲရှင့်၊ ဘုရားစင်ပေါ်မှာ ဝိညာဉ်လက်ဝါးဂိုဏ်းရဲ့ ရှိနိုးကန်တော့တဲ့နေရာရှိပါတယ်၊ အဲဒီနေရာမှာပဲ ကွမ်းယင်းပူဇော်မှုပြုနိုင်ပါတယ်"

ဝမ်းလင်းဝါးက လက်ခုပ်လက်ဝါးတီး၍ ထောက်ခံလိုက်၏။

"မှန်တယ်၊ ဒါကကောင်းတဲ့အပြုအမူပဲဗျ၊ လုပ်သင့်ပါတယ်"

မှောင်ထဲမှအသံရှင်က ဆက်ပြောသည်။



"ဒီပန်းချီကားချပ်ရဲ့လက်ဝဲဘက်မှာ ကျွန်မအိပ်စက်တဲ့ခုတင်တစ်လုံးရှိတယ်၊ ခုတင်မှာ နီကျင့်ကျင့်အရောင်အဆင်းရှိတဲ့ ခြင်ထောင်တစ်လုံးထောင်ထားတယ်၊ ခြင်ထောင်ရဲ့ဇာပိတ်ပေါ်မှာ ငှက်ရုပ်တွေ၊ သစ်ပင်တွေ ဇာထိုးထားတယ်"

အဖော်မဲ့လူက အေးစက်စက်ပြောလိုက်သည်။

"တယ်လဲ ထူးဆန်းတဲ့အရုပ်တွေပါလား"

မှောင်ထဲမှအသံရှင်သည် အဖော်မဲ့လူ၏စကားကြောင့် စိတ်အနှောင့်အယှက် ဖြစ်သွားပုံမရပေ။

"ဒီလို ခြယ်သ ဇာထိုးထားတဲ့ ပန်းချီရုပ်တွေကို ရှင်က အထင်သေးနေသလား။ ဒါလည်း ဗိကင်းနေပြည်တော်က ပန်းချီကျော် တုချိနန်ရဲ့လက်ရာကျော်ပဲ ဖြစ်တယ်"

ဝမ်းလင်းဝါးက ရယ်၍ပြောသည်။

"အင်း- ပန်းချီကျော်တုချိနန်ရဲ့ လက်ရာကျော်ကို ကျုပ်မမြင်ရတာ သိပ်နာတာပဲ"

မှောင်ထဲမှ အသံရှင်က---

"သခင်လေးဝမ်းလင်းဝါ။ ရှင် ဘာဖြစ်လို့ ဒီလောက်တောင် ရှုံးအ နေရတာလဲ၊ တုချိနန်ရဲ့ဇာထိုးလက်ရာကို တရုတ်တစ်ပြည်လုံးက ဘယ်ပညာရှင်ကမှ လိုက်လို့မမီနိုင်ဘူး။ သူ့လက်ရာကို ရှင့်မျက်စိနဲ့ တပ်အပ်ကြည့်ဖို့ မလိုဘူး။ စိတ်ကူးကြည့်ရုံနဲ့မြင်နိုင်တယ်၊ သခင်လေး စင်လုံကတော့ ဘယ်လို သဘောရပါသလဲ"

"ကျုပ်ကတော့ ခင်ဗျားတို့ပညာရှင်ကြီးရဲ့ ဇာထိုးလက်ရာကို သိပ်စိတ်မဝင်စားဘူးဗျာ၊ အဲဒီ ခုတင်ပေါ်မှာ စောင်ခြုံပြီး အိပ်လိုက်ချင်တော့တာပဲ"

မှောင်ထဲမှအသံရှင်သည် စင်လုံ၏ပြောစကားကို သဘော

ကျသွားဟန်ဖြင့် တခစ်ခစ်ရယ်မောနေတော့၏။

အတန်ကြာရယ်ပြီးမှ----

"ခုတင်ဘေးမှာ ကျွန်မရဲ့ဗီရိုရှိတယ်၊ ကျွန်မရဲ့ဝတ်စုံ ဆယ့် ငါးစုံထည့်ထားတယ်၊ ဆယ့်လေးစုံက အဖြူရောင်တွေချည်းပဲ၊ အနီ ရောင်ဝတ်စုံက တစ်စုံတည်းရှိတယ်"

ဝမ်းလင်းဝါးက ရယ်ရယ်မောမောဖြင့်ပြောလိုက်သည်။

"အနီရောင်ဝတ်စုံနဲ့ဆိုရင်တော့ ဝိညာဉ်ဂိုဏ်းချုပ်သခင်မ လေးဟာ သိပ်ပြီးလှပမှာပ၊ မမြင်ရတာနာတယ်ဗျာ"

မှောင်ထဲမှအသံရှင်က ရယ်လျက်---

"အင်း- သခင်လေးဝမ်းလင်းဝါးရဲ့ဆန္ဒကို ကျွန်မတစ်ချိန် ချိန်တော့ဖြည့်စွမ်းပေးရမှာပဲ၊ အနီရောင်ဝတ်စုံကို တစ်ချိန်ချိန်မှာဝတ် ပြပါမယ်၊ ဝတ်စုံကလည်း အံ့ဩလောက်အောင်ကိုလှပပါတယ်"

ဝမ်းလင်းဝါးက ထပ်မေးလိုက်သည်။ ထိုသို့ မေးခြင်းကပင် လျှင် ဝိညာဉ်ဂိုဏ်းချုပ်သခင်မ၏ စကားများကို ပို၍ စိတ်ဝင်စားလာ ကြောင်း သက်သေပြနေသည်။

"ဝိညာဉ်ဂိုဏ်းချုပ်သခင်မရဲ့ အလှပြုပြင်တဲ့နေရာကိုကော မ သိရဘူးလား"

"သိရပါတယ်ရှင်၊ ကွမ်းယင်းကြာပလ္လင်ပန်းချီကားရဲ့ ညာ ဘက်မှာ ရှိပါတယ်၊ ကျွန်မရဲ့ အလှပြင်တဲ့ခုံက ကြေးမုံခုံးကို ပီကင် နေပြည်တော်က ဝုမ်ဖန်းချီကပြုလုပ်ပေးခဲ့တာပါ"

ဝမ်းလင်းဝါးက ရယ်မောရင်းပြောသည်။

"ဝုမ်ဖန်းချီရဲ့လက်ရာလား။ ဒီလူက အလှပြင်ပစ္စည်းလုပ်တဲ့ နေရာမှာတော့ ပြိုင်စံရှားပဲ၊ သူထုတ်လုပ်တဲ့ ခေါင်းလိမ်းနံ့သာဆီက လည်း နာမည်ကျော်ပဲ"



မှောင်ထဲမှအသံရှင်က ရယ်လိုက်သည်။

"သခင်လေးဝမ်းလင်းဝါးကတော့ တကယ့်ကို ချီးကျူးစရာ ပါပဲရှင်၊ မိန်းကလေးတွေရဲ့အသုံးအဆောင်ပစ္စည်း ထုတ်လုပ်ပေးတဲ့ လူကိုတောင် ကောင်းကောင်းသိတယ်၊ ဟုတ်ပါတယ်ရှင်၊ သူ့ ခေါင်း လိမ်း နံ့သာဆီက ကောင်းလွန်းအားကြီး ပျစ်လွန်းအားကြီးနေတော့ ကျန်နန်ပြည်နယ်က နှင်းဆီပန်း ခေါင်းလိမ်းနံ့သာဆီကိုပဲ အသုံးပြု နေရပါတယ်"

စင်လုံထံမှ ပေါ့ပေါ့ပါးပါး ရယ်သံထွက်ပေါ်လာသည်။

"အင်း- ပစ္စည်းတွေကတော့ စုံနေတာပါပဲလား။ တူရိယာ ပစ္စည်းစင်ကလေး ဘာလေးများကော မထားဘူးလား"

မှောင်ထဲမှအသံက လေးလေးနက်နက်ပြောသည်။ စင်လုံ၏စကားကို အလေးထားသည့် သဘောမျိုးဖြစ်သည်။

"သခင်ကလေးစင်လုံကတော့ တကယ့်ကို အထက်တန်း ကျကျ သိမ်သိမ်မွေ့မွေ့နေတတ်တဲ့လူပါပဲ၊ အထက်တန်းကျတဲ့အိပ်ခန်း မှာ မရှိမဖြစ် လိုအပ်တဲ့ပစ္စည်းကိုလည်း သိနေတာကိုး။ သခင်လေး စင်လုံပြောတဲ့ တူရိယာပစ္စည်းစင်က ကျွန်မရဲ့အလှပြင်ခုံဘေးမှာ ရှိပါတယ်ရှင်"

သူမ၏ စကားဆုံးသည်နှင့် ကြိုးတပ်တူရိယာတစ်ခု တီးခတ် လိုက်သည့် အသံပေါ်လာတော့သည်။

အသံထွက်ပေါ်လာရုံ မည်ကာမတ္တ တီးခတ်လိုက်ခြင်း မ ဟုတ်ပေ။ တေးသံက နွဲ့နှောင်းပျော့ပျောင်းလှသည်။

ချိုလွင်လှသည်။

အဖော်မဲ့လူမှာ သူ့ကိုယ်သူ မိန်းမပျိုတစ်ယောက်၏ အိပ်ခန်း အတွင်းသို့ ရောက်ရှိနေပြီဟု ထင်မှတ်မိတော့သည်။

အကယ်၍-

အလင်းရောင်ရပြီး ဝိညာဉ်ဂိုဏ်းချုပ်သခင်မ ပြောသည့် အ တိုင်းသာ အိပ်ချင်စဖွယ်ခုတင်တစ်လုံးကို တွေ့ရှိလိုက်ရပါက ဤသို့ ငြီးငွေ့စဖွယ် စကားပြောနေတော့မည်မဟုတ်ပါ။

ခုတင်ပေါ်သို့တက်၍ ခြေပစ်လက်ပစ် အိပ်လိုက်မိမည်သာ ဖြစ်ပါ၏။

စင်လုံက ရယ်ပြီး---

"အင်း- ဒီနေ့တော့ ကျုပ်တို့တတွေဟာ မျက်စိလည်လမ်း မှားပြီး ဆန်းပြားတဲ့အပျိုဆောင်ခန်းထဲ ရောက်လာခဲ့ကြတာကိုး အင် မတန်ကံကောင်းတယ်လို့ ဆိုနိုင်မယ်ထင်တာပဲ၊

ဒါပေမယ့်ဗျာ- ဘယ်လိုအပြစ်မျိုးများ ကျူးလွန်ခဲ့လို့လည်း မသိဘူး အခုထက်ထိ ကျုပ်တို့ ထိုင်ခွင့်မရသေးဘူးဗျ"

မှောင်ထဲမှအသံရှင်က လွင်လွင်ကလေးရယ်လိုက်၏။

"သိပ်ကြီးလေးတဲ့အပြစ်ကြီး ကျူးလွန်ခဲ့လို့ပေါ့ရှင်"

"ဘာအပြစ်များပါလိမ့်ဗျာ၊ ကျုပ်တို့ မသိရပါလား"

"ဘာဖြစ်လို့ ကိုယ်ကျူးလွန်တဲ့အပြစ်ကို ကိုယ်မသိဘဲ ဖြစ် နေရတာလဲ၊ ရှင်က ကျွန်မရဲ့မျက်နှာကို ခိုးကြည့်ခဲ့တယ်မဟုတ်လား၊ ဒီတော့ ရှင့်ကို တစ်သက်လုံး မတ်တတ်ရပ်ခိုင်းထားရမယ်"

စင်လုံသည် ထွေရာလေးပါးစကားများကို ပြောနေသော်လည်း အစစအရာရာကို ဂရုစိုက်လျက်ရှိနေပါသည်။

ဝိညာဉ်ဂိုဏ်းချုပ်သခင်မ၏အသံသည် ဝေဝေ၏အသံနှင့် မ တူဘဲ ဖြစ်နေသည်။

စင်လုံကပြုံးရင်း မေးလိုက်ပြန်၏။

"ဝိညာဉ်ဂိုဏ်းချုပ်သခင်မရဲ့မျက်နှာကို ဘာဖြစ်လို့ သူများမြ



တွေ့သွားမှာ စိုးရိမ်နေရတာလဲ"

"စိုးရိမ်ရတာပေါ့ရှင့်၊ ဝိညာဉ်လက်ဝါးဂိုဏ်းကို စတင်တည် ထောင်ခဲ့တဲ့ ဂိုဏ်းချုပ်ဘိုးတော်ကြီးရှေ့မှာ ကြီးလေးတဲ့ကတိသစ္စာပြု ခဲ့မိလို့ပါရှင်၊ ကျွန်မ မျက်နှာကိုတွေ့သွားပြီးတဲ့လူဟာ လမ်းနှစ်သွယ်ကိုပဲ သွားစရာရှိပါတယ်"

"ဘုရားရေ- ကြောက်စရာပါလား၊ ဒီလမ်းနှစ်သွယ်ကို တိ တိကျကျ သိရရင် ပိုတောင်ကြောက်စရာ ကောင်းပါလိမ့်ဦးမယ်နဲ့ တူတယ်"

"နှစ်လမ်းစလုံးကတော့ ကြောက်စရာမဟုတ်ပါဘူး ပထမ လမ်းကတော့ သိပ်မကောင်းလှပါဘူး ဒီလမ်းကိုသွားကြရတဲ့ လူတွေ ကလည်း အတော်များပါတယ်၊ ကျွန်မ မျက်နှာကို မြင်ပြီးတဲ့လူတိုင်း ပေါ့ရှင်"

"ဆိုစမ်းပါဦး"

"သေလမ်း"

စင်လုံသည် ဟက်ဟက်ပက်ပက်ရယ်လိုက်၏။

"ဒီလမ်းက သိပ်မထူးဆန်းလှပါဘူး သူများစရိတ်နဲ့ မသွား လည်း တစ်နေ့ ကိုယ့်စရိတ်နဲ့ကိုယ် သွားကြရမှာပဲ၊ ကဲ- ကဲ- ဒုတိယ လမ်းကို ပြောစမ်းပါဦး"

ဝိညာဉ်ဂိုဏ်းချုပ်သခင်မက သက်ပြင်းချလိုက်သည်။

"ဒီလောကထဲမှာ ဒုတိယလမ်းနဲ့သွားနိုင်တဲ့လူ တစ်ယောက် မှ မရှိသေးဘူး

ဒီဒုတိယလမ်းကလည်း ဘယ်တော့မှ နှစ်ယောက်သွားနိုင်တဲ့ လမ်းမဟုတ်ဘူး သွားချင်သွားရင် တစ်ယောက်ပဲ သွားနိုင်တယ်၊

ဒါပေမယ့် ခုထက်ထိတော့ ဘယ်သူမှ ဒုတိယလမ်းနဲ့

မသွားနိုင်သေးပါဘူး"

"တယ်ထူးဆန်းပါလား၊ တစ်ယောက်တည်းပဲ သွားနိုင်သတဲ့လား၊ ဒါဆို သိပ်နည်းတာပေါ့"

"နည်းတော့ နည်းတာပေါ့ရှင်၊ ဒါပေမယ့် ဒီဒုတိယလမ်းက တစ်ယောက်ထက်ပိုပြီး သွားလို့လဲ မဖြစ်ဘူးရှင့်၊ ဒါပေမယ့် ဒီဒုတိယလမ်းကိုသွားဖို့လူကိုလည်း ကျွန်မတွေ့ထားပြီးပါပြီ"

"အင်း- ဒီအတိုင်းဆိုရင် ကျုပ်က ပထမလမ်းနဲ့ပဲ သွားရမယ်ဆိုပါတော့"

"ဟင့်အင်း- မသွားရပါဘူး၊ ဒုတိယလမ်းနဲ့သွားရမယ့် လူကရှင်ပါပဲရှင့်"

စင်လုံက ဟက်ဟက်ပက်ပက်ရယ်မောမိလေ၏။

"ဒါဆို ကံကောင်းပြီဗျို့၊ ပထမလမ်းက သေလမ်းဆိုတော့ ဒီဒုတိယလမ်းက သေလမ်းလောက်တော့ ဆိုးမယ်မထင်ဘူး၊ ကဲ ဒုတိယလမ်းကြောင်း ပြောပေတော့ဗျာ"

ဝိညာဉ်ဂိုဏ်းချုပ်သခင်မ၏ အသံသည် အနည်းငယ်တိုးသွား၏။

"ဒီဒုတိယလမ်းကတော့ ကျွန်မနဲ့ အကြင်လင်မယား အဖြစ် လက်ထပ်ရမယ့်လမ်းပါပဲ"

❁



•

ဝမ်းလင်းဝါးသည် အမှောင်ထဲမှ မခံမရပ်နိုင်အောင် အော်ဟစ်လိုက်သည်။

"မမှုတဘူး- လုံးဝမမှုတဘူး၊ တစ်ယောက်လာလည်း စင်လုံနဲ့ လက်ထပ်မယ်၊ နောက်တစ်ယောက်လာလည်း စင်လုံနဲ့လက်ထပ်မယ်၊ ဘာကြောင့် ဒီလိုဖြစ်နေရတာလဲ၊

ကျုပ်ကိုတော့ တစ်ယောက်မှဒီလိုလာမပြောကြဘူး၊ ဝိညာဉ်ဂိုဏ်းချုပ်သခင်မကို ကျုပ်တစ်ခေါက်လောက်ကြည့်ပါရစေ၊ ကြည့်ပြီး ကျုပ်ကို ဒုတိယလမ်းနဲ့အပြစ်ပေးပါတော့ဗျာ၊

ကျုပ်ကလည်း အဲဒီဒုတိယလမ်းကို လိုက်ဖို့ ဝမ်းမြောက်ဝမ်းသာ ကတိပြုပါတယ်"

မှောင်ထဲမှအသံရှင်က တီးတိုးရယ်လိုက်သည်။

"ဒီအတွက်တော့ မပူပါနဲ့ရှင်၊ စင်လုံကလည်း ကတိပေးမှာသေချာပါတယ်"

စင်လုံက လေးလေးနက်နက်ပြန်မေးလိုက်၏။

"ဝိညာဥ်ဂိုဏ်းချုပ်သခင်မက ကျုပ် သဘောတူ ကတိပြုလိမ့်မယ်လို့ ဘာကြောင့် ဒီလောက်သေချာနေရတာလဲ"

"ဟင်း- ဟင်း- ဟင်း- သေချာတာပေါ့ရှင်၊ ဝံကြောင်ကလေးဆိုတာ ရှင့်ရဲ့သေဖော်သေဖက် ရှင်ဖော်ရှင်ဖက်မိတ်ဆွေမဟုတ်ဘူးလား"

"ဟုတ်ပါတယ်"

"ကြူးချစ်ချစ်ဆိုတာကလည်း ရှင်နဲ့ အင်မတန် ရင်းနှီးတဲ့မိတ်ဆွေ မဟုတ်ဘူးလား"

"ဟုတ်ပါတယ်"

ဝိညာဥ်ဂိုဏ်းချုပ်သခင်မက ဆည်းလည်းလှုပ်ခတ်သံဖြင့် ရယ်မောလေတော့သည်။

"ဒါဆိုရင် ပြီးနေပြီပေါ့ရှင်၊ ကျွန်မက ဘာကြောင့် ဒီလောက်သေချာနေတယ်ဆိုတာ ရှင်းနေပြီပေါ့"

အဖော်မဲ့လူသည် အေးစက် မာကျောစွာဖြင့် လှမ်းမေးလိုက်သည်။

"သူတို့နှစ်ယောက် ခင်ဗျားလက်ထဲ ရောက်နေပြီ မဟုတ်လား--"

"ရှင်တို့တတွေဟာ အင်မတန်ဦးနှောက်ကောင်းတဲ့လူတွေပါ။ ကျွန်မပြောတဲ့ ရိုးရိုးရှင်းရှင်းစကားကလေးကို ဘာဖြစ်လို့ သဘောမပေါက်ဘဲ ဖြစ်နေသလဲဆိုတာ ကျွန်မတွေးလို့ကို မရဘူး။ ဟုတ်ပါတယ်ရှင်၊ ကံခေတဲ့အခါမျိုးမှာ ဒီလိုပဲဖြစ်တတ်ပါတယ်"

"ဒီလိုအကျပ်ကိုင်တဲ့နည်းမျိုး သုံးပြီး စင်လုံကို လက်ထပ်ဖို့ကြိုးစားတာဟာ ရက်စရာ မကောင်းဘူးလား"

"ဟင်း- ဟင်း- ဟင်း- တကယ်လို့ မိန်းကလေးတစ်ယောက်



ကသာ ရှင့်ကို ဒီလိုအကျပ်ကိုင်ပြီး အိမ်ထောင်ပြုဖို့ကြိုးစားရင် ရှင့်စိတ်ထဲမှာ ဘယ်လိုခံစားရမလဲ-

ရှင်ဝမ်းသာလွန်းလို့ သုံးညလောက်တောင် အိပ်ပျော်မယ်မထင်ဘူး"

အဖော်မဲ့လူသည် အေးစက်စက်ဖြစ်မနေပါတော့ချေ။

ဒေါသကြောင့် ရုတ်တရက် ခုန်ဝင်သွားတော့၏။

သို့သော်---

သူသည် ဝိညာဥ်ဂိုဏ်းချုပ်သခင်မထံသို့ ရောက်မသွားချေ။ စင်လုံက အဖော်မဲ့လူ၏လက်ကို ဖမ်းဆွဲလိုက်သောကြောင့်ဖြစ်ပါ၏။

အဖော်မဲ့လူသည် ဒေါသတကြီး အော်လိုက်သည်။

"ကျုပ်လက်ကို လွှတ်စမ်းပါ၊ ဘာကြောင့်---"

စင်လုံက ခပ်အေးအေးပြောလိုက်၏။

"နောင်ကြီး- သူနဲ့တိုက်ခိုက်မယ်ဆိုရင် ပထမဆုံး သူရှိနေတဲ့နေရာကို သိထားရမယ်ဗျ"

အဖော်မဲ့လူက ဒေါသတကြီးပြန်ဖြေလိုက်သည်။

"သူစကားသံထွက်တဲ့နေရာဟာ သူရှိတဲ့နေရာပေါ့၊ ဘာများခက်လို့လဲ"

"နောင်ကြီး သူ့ကိုမြင်တွေ့ရသလား"

"မြင်ဖို့မလိုပါဘူးဗျာ၊ ကျုပ်တို့နားဟာ ဒီလောက်မထူပါဘူး။ အသံကြားတဲ့နေရာကို ကောင်းကောင်းမှန်းဆတတ်ပါတယ်"

"မထင်ပါနဲ့ သူဟာ အဲဒီနေရာမှာရှိချင်မှရှိတော့မှာပါ၊ နောက်တစ်ခုက သူ့ရှေ့မှာ မှန်တင်ခုံဖြစ်ဖြစ် ကာရင်ကာထားလိမ့်မယ်၊ နောင်ကြီးသာ အရမ်းဝင်သွားရင်တော့ သူ့ရဲ့မှန်တင်ခုံ ပျက်စီးသွားတော့မှာသေအချာပဲ"

စင်လုံသည် ပါးစပ်မှ စကားပြောနေစဉ် သူ့လက်ညှိုးဖြင့် အဖော်မဲ့လူ၏လက်မောင်း၌ စာလုံးများရေးပြနေသည်။

ဝိညာဉ်ဂိုဏ်းချုပ်သခင်မထံမှ ရယ်သံပေါ်လာ၏။

"အင်း- သခင်လေးစင်လုံကတော့ ရှင်တို့အထဲမှာ ဉာဏ် အကောင်းဆုံးနဲ့ အပါးနပ်ဆုံးလူပဲရှင်၊ ဟိုလူလုပ်သလို ကမ္ဘူးရှူးတို့ သာလုပ်ရင် ကျွန်မရဲ့ မုန်တင်ခုံပျက်စီးပြီး ခေါင်းလိမ်းနံ့သာဆီပုလင်းတွေ ကွဲကျကုန်တော့မှာပဲ၊ ကျွန်မကတော့ ဘာမှမစိုးရိမ်ပါဘူးရှင်၊ ဘာဖြစ်လို့လဲဆိုတော့ ရှူးရထက်မြက်တဲ့ဓားတွေကို ကျွန်မရဲ့မျက်နှာမှာ ကာရံထားလို့ပါပဲ"

စင်လုံက ရယ်မောလိုက်၏။

"မျက်နှာကို ဓားတွေနဲ့ ကာရံထားတာကတော့ ကျက်သရေမရှိပါဘူးဗျာ"

ဝိညာဉ်ဂိုဏ်းချုပ်သခင်မက လေးလေးနက်နက်ပြောလာ၏။

"ကျွန်မနဲ့လက်ထပ်ဖို့ ငြင်းဆန်တာကမှ ကျက်သရေမဲ့တာရှင့်၊ ရှင်ထပ်ပြီး ငြင်းပယ်ရင်တော့ ရှင့်လူတွေ ဒုက္ခရောက်ပြီသာ မှတ်ပေတော့၊ ကျွန်မကို အဆိုးမဆိုနဲ့"

"ကောင်းပြီ၊ ဝံကြောင်ကလေး ဒီမှာရှိနေပြီဆိုတာကို ကျုပ် ဘယ်လိုယုံရမှာလဲ"

"ဟင်း- ဟင်း- ဟင်း- ရှင်က တကယ့်ကို သေချာတဲ့လူပဲ ကိုး၊ ရှင်သိချင်တာ သိရပါတယ်ရှင်၊ မခက်ပါဘူး"

မှောင်ထဲမှ အသံပျောက်သွားပြီးနောက် အတန်ကြာ တိတ်ဆိတ်ငြိမ်သက်သွားသည်။

သူတို့သုံးဦး၏ အသက်ရှူသံများကိုသာ ကြားနေကြရသည်။ ထိုစဉ် ခပ်လှမ်းလှမ်းအဝေးတစ်နေရာမှ အော်ဝေါက်သံကြားလိုက်ရ၏။



"ဟင်း တစ္ဆေမ၊ နင်က ငါ့ကို လာစမ်းသလား၊ ငါ့အကြောင်း မြင်ရသေးတာပေါ့"

အော်ဝေါက်သံသည် ရုတ်တရက် ချက်ချင်းပျောက်ကွယ်သွားပြန်သည်။

သို့သော် တဒင်္ဂအတွင်း ကြားလိုက်ရသည့် အသံသည် စင်လုံအတွက် ကောင်းစွာလုံလောက်သည်။

အဘယ်ကြောင့်ဆိုသော်-

သူတို့ ကြားလိုက်ရသည့်အသံသည် ဝံကြောင်ကလေး၏ အသံစင်စစ်ဖြစ်ကြောင်း သိလိုက်ရသောကြောင့်ပေတည်း။

ဝမ်းလင်းဝါးက ရယ်လျက်ပြောသည်။

"ကြည့်စမ်း- ဝံကြောင်ကလေးတို့များ အဖမ်းခံရတာတောင် ကောင်းစားနေသေးတယ်၊ ဒါတောင် ကိုယ် ကောင်းစားမှန်း မသိဘူး၊ မွှေးကြိုင်လာတဲ့အမျိုးသမီးကို ကြိမ်းမောင်းနေပုံရတယ်၊ ကျုပ်နဲ့ လူ မျှင်းလဲလို့ရရင် လဲပစ်လိုက်ချင်တယ်"

ထိုစဉ် ဝိညာဉ်ဂိုဏ်းချုပ်သခင်မ၏အသံက မှောင်ထဲမှ ပြန်ပေါ်လာပြန်သည်။

"သခင်ကလေး စင်လုံ ကြူးချစ်ချစ်ရဲ့ အသံကို ကြားချင်သေးသလား"

"မလိုတော့ဘူး"

"ဒါဖြင့် ရှင် ကတိပေးနိုင်ပြီပေါ့"

စင်လုံက ဖြည်းဖြည်းပြောသည်။

"ဝိညာဉ်ဂိုဏ်းချုပ်သခင်မဟာ ဟိုနေ့ညကတွေ့ခဲ့တဲ့ မိန်းမလေး ဟုတ်မဟုတ် ကျုပ်ဘယ်လိုလုပ်သိနိုင်မလဲ၊ ဟိုနေ့ညက တွေ့ခဲ့ဖူးတဲ့ မိန်းကလေးက သိပ်လှတယ်၊ လှလွန်းလို့ ကျုပ်ရဲ့ ဇနီး

အဖြစ် ဝမ်းမြောက်ဝမ်းသာ လက်ခံပါတယ်-

ဒါပေမယ့် ခင်ဗျားဟာ အဲဒီ ကျုပ် မြင်ဖူးခဲ့တဲ့မိန်းကလေး ဟုတ်မဟုတ် ဘယ်သူက တာဝန်ခံမလဲ"

မှောင်ထဲမှ တခစ်ခစ်ရယ်သံပေါ်လာတော့၏။

"အပြောကောင်းပဲ၊ လိုရင်းကတော့ ကျွန်မ ကိုယ်ထင်ပြဖို့ ပဲ မဟုတ်လား"

စင်လုံက ခပ်အေးအေး ပြောသည်။

"ခင်ဗျား ပြောသလောက် မဟုတ်ပါဘူးလေ၊ တစ်ကိုယ်လုံး ကိုယ်ထင်ပြဖို့ မလိုပါဘူး။ မျက်လုံးနှစ်လုံးလောက်ပဲ မြင်ရရင် ဖြစ်ပါ ပြီ၊ ဘာဖြစ်လို့လဲဆိုတော့ အဲဒီမျက်လုံးတွေဟာ တစ်ချက်မြင်တာနဲ့ တစ်သက်မမေ့နိုင်တဲ့ မျက်လုံးတွေ ဖြစ်နေလို့ပါပဲ၊ မျက်လုံးနှစ်လုံး မြင်ရရင် ကျုပ်အဖို့ လုံလောက်ပါပြီ"

မှောင်ထဲမှ ဟင်းခနဲသက်ပြင်းချသံ ထွက်ပေါ်လာသည်။

"ရှင်ဟာ တကယ့်ကို အပြောကောင်းတဲ့လူပါပဲရှင်၊ နှာ ထောင်တဲ့လူ မငြင်းပယ်နိုင်လောက်အောင်လည်း ပြောတတ်တယ်၊ နှာထောင်တဲ့လူဟာ ရှင့်စကားကြောင့် နောက်ဆုံး တိမ်ညွှတ်သွားရ တာပါပဲ၊ ကျွန်မ ဘယ်ငြင်းပယ်နိုင်တော့မလဲရှင်"

စကားဆုံးသည်နှင့် ဂူကြီးတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက် သွားတော့သည်။

မကြာမီ အမှောင်ထဲ၌ မျက်လုံးနှစ်လုံးကို တွေ့မြင်လိုက် ရသည်။

ထိုမျက်လုံးနှစ်လုံးသည် လွန်စွာလှပသော မျက်လုံးများ ဖြစ်ကြောင်း အားလုံးက သဘောတူလက်ခံကြသည်။

ထိုအချိန်တွင် ဤမှာဘက်၌ရှိနေသည့် မှောင်ရိပ်ထဲမှ



တောက်ပပြောင်လက်သည့် မျက်လုံးနှစ်စုံသည် ရုတ်တရက် ပျောက် ကွယ်သွားတော့၏။

ထိုမျက်လုံးနှစ်စုံသည် စင်လုံနှင့်အဖော်မဲ့လူတို့၏ မျက်လုံးများပင် ဖြစ်တော့သည်။ သူတို့နှစ်ယောက်၏မျက်လုံးများ အဘယ့်ကြောင့် ပျောက်ကွယ်သွားရသနည်း။

စင်လုံသည် အဖော်မဲ့လူ၏လက်မောင်း၌ တစ်လုံးချင်း စာ ရေးပြခဲ့သည်။

"သူ့မျက်လုံးတွေ မြင်ပြီဆိုရင် ကိုယ့်မျက်လုံးတွေကို စုံမှိတ် ပြီ၊ ခုန်အုပ်ပေတော့"

စင်လုံ၏လှုပ်ရှားမှုနှင့် အဖော်မဲ့လူ၏လှုပ်ရှားမှုမှာ လျှပ်ပြက် သကဲ့သို့ လျင်မြန်ပြီး တစ်သားတည်း တစ်ထပ်တည်းကျနေသည်။

သူတို့၏မျက်လုံးများကို စုံမှိတ်လိုက်သဖြင့် အမှောင်ထဲ၌ မြင်တွေ့ရတတ်သည့် မျက်လုံးများကို သဲလွန်စ ပျောက်ဖျက်ပစ်လိုက် နိုင်သည်။

သူတို့၏ကိုယ်ဖော့ပညာ လွန်စွာ ကောင်းသဖြင့် သူတို့၏ ခြေသံများကိုမူ ဝိညာဉ်ဂိုဏ်းချုပ်သခင်မအနေဖြင့် ရုတ်တရက်မကြား နိုင်ဟု သတ်မှတ်ပြီး ခုန်အုပ်လိုက်ခြင်းဖြစ်သည်။

လက်ဝါးလေးခုသည် မတူညီသော တိုက်ကွက်လေးခုကို ပြသထိတ်လန့်ဖွယ်ကောင်းအောင် ရိုက်ထုတ်လိုက်ကြ၏။

ရိုက်၊ ခုတ်၊ ထိုး၊ ဖမ်း၊ တိုက်ကွက်လေးမျိုးသည် ယမ်းအိုး ပေါက်ကွဲသကဲ့သို့ ဝုန်းခနဲတိုးထွက်သွားသည်။

အားကုန်သုံး၍ ထုတ်လိုက်သည့်တိုက်ကွက်များဖြစ်၍ မည်မျှ စွမ်းကောင်းသူဖြစ်ဖြစ် လွတ်မြောက်သွားနိုင်လိမ့်မည် မဟုတ်ပါချေ။

ဤမျှ တစ်သားတည်းကျအောင် ဖြိုင်တူတိုက်ခိုက်လိုက်

သည့် တိုက်ကွက်မျိုးကို ရှင်ပျော်ပျော်မြို့စားကြီးသော်မှ လွတ်အောင် ရှောင်တိမ်းနိုင်လိမ့်မည် မဟုတ်ပါ။

ဝိဉာဉ်ဂိုဏ်းချုပ်သခင်မသည် လျှပ်တစ်ပြက် တိုက်ကွက် အတွင်း၌ အသေသော်လည်းကောင်း၊ အရှင်သော်လည်းကောင်း၊ အဖိ ခံရမည်သာဖြစ်၏။

ထို့ကြောင့် သူမ၏လှပသောမျက်လုံးများမှာ ဝိတ်မသွားပါချေ။ သူတို့အား ပွင့်နေသည့်မျက်လုံးများဖြင့် ငြိမ်ငြိမ်သက်သက်ပင် ကြည့် နေပါလေ၏။

ထိတ်လန့်တကြား ငယ်သံပါအောင် အော်ဟစ်သည့်အသံ လည်းမပေါ်။ မျက်လုံးများ၌ ကြောက်လန့်နေသည့်အရိပ်အယောင် များလည်းမမြင်။ စင်လုံသည် လွန်စွာအံ့ဩနေ၏။

ဝို၍ အံ့ဩမိသည့်အချက်မှာ ထိုတောက်ပသည့် မျက်လုံးများ ထဲ၌ ကြည်နူးခြင်း၊ ဝမ်းသာခြင်း၊ အရိပ်လက္ခဏာများကို တွေ့လိုက် ရသောကြောင့် ပေတည်း။

အဘယ်ကြောင့် ဝေဒနာမခံစားရဘဲ ဤသို့ထူးထူးခြားခြား ဖြစ်နေရပါသနည်း။

စင်လုံသည် ကြည့်ရင်း ကြည့်ရင်း ဤမျက်လုံးများသည် ယမန်နေ့ညက မြင်တွေ့ခဲ့ရသည့် မျက်လုံးများမဟုတ်ကြောင်း တဖြည်း ဖြည်းသိလာမိသည်။

ထို့ကြောင့် စင်လုံ၏တစ်ကိုယ်လုံး အေးစက်သွားတော့သည်။ စင်လုံသည် တစ်သက်နှင့်တစ်ကိုယ် မထိတ်လန့်စဘူး ထိတ်လန့်သွား ပြီး ထစ်ထစ်ငေါ့ငေါ့ မေးမြန်းလိုက်၏။

"ခင်- ခင်ဗျား ဘယ် ဘယ်သူများပါလိမ့်"

ထိုအခါကျမှ နာကျင် ကြေကွဲစွာပြောလိုက်သည့် အသံတို့



တိုးကို ကြားလိုက်ရတော့သည်။

"စင် စင်လုံ- ကျွန် ကျွန်မကို မမှတ်မိတော့ဘူးလားရှင်"

စင်လုံသည် ကမန်းကတန်းပင် သူမအား ပွေ့ထူလိုက်မိသည်။ သူမ၏ခန္ဓာကိုယ်မှာ အေးစက်မာတောင့် နေလေပြီ။ စင်လုံမှာ မှုးမိုက် မတတ် ဖြစ်သွားသည်။

သူမသည် သူတို့နှစ်ယောက်ခန်းအုပ်ခြင်း မပြုမီကပင် သွေး ကြောပိတ်ခံထားရသူဖြစ်လေသည်တကား။

သို့သော် အသိနှောင်းခဲ့လေပြီ။ သူသည် အမှတ်မထင်ပင် လွန်စွာကြီးမားလှသည့် အမှားကြီးတစ်ခုကို ကျူးလွန်မိလေပြီ။

ထို့ကြောင့် သူမ၏သွေးကြောများကို လျင်မြန်စွာ ဖွင့်ပေး လိုက်သည်။

"နည်းနည်းလောက် လှုပ်ကြည့်ပါဦး၊ မင်း- မင်း မသေစေရ ဘူး"

လှပသောမျက်လုံးများမှ မျက်ရည်များစီးကျလာတော့သည်။ နာကျင်ကြေကွဲသောအသံဖြင့် ညည်းညူလိုက်ရာသည်။

"ကျွန်- ကျွန်မကို အားပေးမနေပါနဲ့တော့ရှင်၊ ကျွန်မ သေ တော့မယ်ဆိုတာ ကျွန်မကိုယ်ကျွန်မ သိပါတယ်ရှင်၊ သေခြင်းတရား ကို ကျွန်မ မကြောက်ပါဘူးရှင်"

အဖော်မဲ့လှသည် ထိတ်လန့်တကြားမေးလိုက်သည်။

"သူ- သူ ဘယ်သူလဲ စင်လုံ"

စင်လုံ ပြန်မဖြေမီ ဝမ်းလင်းဝါးက ကြားဖြတ်ဖြေလိုက်သည်။ သူ့အသံက အေးစက်နေ၏။

"ခင်ဗျားတို့မှားပြီ၊ ခင်ဗျားတို့နှစ်ယောက်မှားယွင်းပြီး လူ သတ်မိပြီ၊ သူဟာ လန်ရှန်းဆိုတဲ့မိန်းကလေးပဲ ဖြစ်တယ်"

အဖော်မဲ့လူသည် ထိတ်လန့်တကြား နောက်သို့ ဆုတ်သွားတော့သည်။

"လန်- လန်ရှန်း၊ ဒါ- ဒါဖြင့် ဟို ဟို--"

အဖေါ်မဲ့လူသည် "ဟို အိမ်ဖေါ်မလေးလား" ဟုမေးရန် ကြံလိုက်ခြင်းဖြစ်သည်။

သို့သော် အိမ်ဖေါ်မလေးဆိုသည့်စကားကို ထိန်းလိုက်ရသည်။ သေချိန်နီးနေသူအား ထပ်မံ၍စိတ်မဆင်းရဲစေလိုပါ။ ဤသည်မှာ အဖေါ်မဲ့လူ၌ ကြင်နာတတ်သောနှလုံးသား ရှိနေကြောင်း ပြဆိုခြင်းသာဖြစ်ပါလေ၏။

စင်လုံသည် စိတ်ထိခိုက်စွာဖြင့် လန်ရှန်းကိုပွေ့ဖက်ထားရင်း-

"လန်ရှန်း ကျုပ်- ကျုပ် စိတ်မကောင်းဘူး။ တစ်သက်လုံး ယူကြုံးမရဖြစ်ရတော့မယ့်ကိစ္စပါပဲကွယ်၊ ကျုပ်ကိုယ်ကျုပ် ခွင့်မလွှတ်နိုင်အောင်ဖြစ်မိပါပြီကွယ်"

လန်ရှန်းထံမှ တိုးညင်းသောစကားသံ ထွက်ပေါ်လာသည်။

"ဒီစကားမျိုး မပြောပါနဲ့ရှင်၊ နောင်လည်း ဘယ်တော့မှ ဒီလိုစကားမျိုး မပြောလိုက်ပါနဲ့ရှင်၊ ကျွန်မဟာ ရှင့်လက်ထဲမှာသေရမှာပါ၊ ရှင့်ရင်ခွင်ထဲမှာသေရမှာပါ၊ ဒီလိုသေရတဲ့အတွက် ကျွန်မတစ်သက်မှာ ပျော်မဆုံးပါဘူး"

သူမ၏မျက်လုံးများ၌ ကြေကွဲသည့် အပြုံးရိပ်ကလေးပေါ်လာပြီး တဖြည်းဖြည်း ပြန်မှိတ်သွားတော့သည်။

လန်ရှန်းသည် သူချစ်သော စင်လုံအား မျက်ကွယ်ပြုသွားပါလေပြီ။ သူမ၏ကြေကွဲဖွယ်ရာဘဝသည် ဤတဒင်္ဂအတွင်း၌ ချုပ်ငြိမ်းသွားရာပါလေပြီ။

အမှောင်ရိပ်ထဲမှ လူသုံးဦးသည် အသက်ရှူကြပ်နေကြပြီ



ဖြစ်သည်။ ဝါဖန့်ဖန့်မီးရောင်ကလေးသည်လည်း ပျောက်ကွယ်သွားပြီဖြစ်၏။

စင်လုံသည် လန်ရှန်း၏အေးစက်နေသည့် လက်ကလေးကို တင်းကျပ်စွာ ဆုပ်ကိုင်ထားမိသည်။

ထိုအခိုက်မှာပင် ဝိညာဉ်ဂိုဏ်းချုပ်သခင်မ၏ တခစ်ခစ်ရယ်သံထွက်ပေါ်လာသည်။

"စင်လုံ- အခုလောက်ဆိုရင် ရှင်ဟာ ကျွန်မအကြောင်းကို အတော်အတန်သိသင့်ပြီ၊ ကျွန်မကို ရန်သူလို ဆက်ဆံချင်လို့ကတော့ ရှင့်လက်ဖျားနဲ့တောင် မထိစေရဘူး။ အင်း- ကျွန်မနဲ့ လက်ထပ်လိုက်ရင်တော့ တစ်မျိုးပေါ့လေ"

စင်လုံသည် အစစအရာရာ၌ ဣန္ဒြေကောင်းသူဖြစ်သော်လည်း ယခုမူ ဟန်ဆောင်ခြင်းမပြုနိုင်တော့ပေ။

စိတ်ထိခိုက်ခြင်းကြောင့် သူ၏အသံက ကြေကွဲနေသည်။

"ခင်- ခင်ဗျား ဘာကြောင့် ဒီလိုလုပ်ရတာလဲဗျ၊ ဘာဖြစ်လို့ ဒီလို ရက်ရက်စက်စက်လုပ်လိုက်ရတာလဲ"

တုန်ယင်ကြေကွဲမှုနောက်ကွယ်၌ ကြောက်မက်ဖွယ်ရာ အေးစက်မှုပါဝင်နေကြောင်းကို ဝိညာဉ်ဂိုဏ်းချုပ်သခင်မသာမဟုတ်၊ အဖေါ်မဲ့လူနှင့်ဝမ်းလင်းဝါးတို့ပင် ရိပ်မိခံစားလိုက်ရသည်။

ဝိညာဉ်ဂိုဏ်းချုပ်သခင်မနှင့် စင်လုံတို့၏တိုက်ပွဲကား ရတ်တရက် ချက်ချင်းပင် အရှိန်အဟုန်မြင့်တက်သွားရချေတော့မည်။

ဝိညာဉ်ဂိုဏ်းချုပ်သခင်မသည် တခစ်ခစ်ရယ်မောနေလေတော့သည်။

သူမ၏ရယ်သံသည် အပ်ကလေးပေါင်း ထောင်သောင်းဖြင့် စင်လုံ၏အသည်းနှလုံးသို့ ထိုးစိုက်နေသကဲ့သို့ ခံစားနေရသည်။ သူမက

တစ်ခွန်းချင်းပြောသည်။

"ဘာဖြစ်လို့ ဒီလိုလုပ်ရသတဲ့လဲ ဟုတ်လား။ အဲဒါ ရင့်အ တွက်ပဲ၊ ရင့်အတွက် အသိဉာဏ်တိုးသွားအောင် ကျွန်မကလုပ်ပေး လိုက်တာ၊ ရင်ဟာ အားလုံးပြီးပြည့်စုံနေတဲ့လူမဟုတ်ဘူး။ အရာရာကို အမှားအယွင်းမရှိဘဲနဲ့ လုပ်ဆောင်နိုင်တဲ့လူမဟုတ်ဘူး။

ရင်ဟာ သာမန်လူတစ်ယောက်သာဖြစ်တယ်၊ ရင်လည်း သူ များတွေ မှားယွင်းတတ်သလို မှားယွင်းတတ်တယ်ဆိုတာ ကျွန်မက သင်ခန်းစာပေးလိုက်တာပဲ၊ ရင့်အတွက်ဆိုတာ ယုံပြီလား"

စင်လုံသည် သက်ပြင်းကြီးတစ်ချက် ချလိုက်လေသည်။

"အင်း- ခင်ဗျားက ကျုပ်ကိုအထင်မှားနေတာကိုး‌ဗျ၊ ကျုပ် ကိုယ်ကျုပ် ကိုယ်ရည်သွေး မပြချင်ဘူး။

အခုတော့ ကျုပ် အကြီးအကျယ်မှားယွင်းခဲ့ပြီ၊ ဒီမှားယွင်းမှု ဟာလည်း ခင်ဗျားရဲ့ စိတ်ဆိုးစိတ်ယုတ်ကြောင့် မှားယွင်းခဲ့ရတာပဲ၊ ကျုပ်ဟာ အခုလို တစ်ခါမှ အကြီးအကျယ်မမှားယွင်းခဲ့ဖူးဘူး။ ဒီလို မမှားယွင်းခဲ့တာဟာ ခင်ဗျားရဲ့ထင်မြင်ယူဆချက်နဲ့ ကျုပ်ဟာ အမြဲ တမ်း ဆန့်ကျင်ဘက်ရှိနေခဲ့လို့ပဲ"

"ရင်ပြောတဲ့စကားကို ကျွန်မ နားမလည်ဘူး"

"ကျုပ်ပြောတာက ရှင်းတယ်၊ ကျုပ်ဟာ အမြဲတမ်း သာမန် လူတွေထဲက လူတစ်ယောက်အဖြစ် သတ်မှတ်တယ်၊ သာမန်လူ တွေ သလိုပဲ ကိုယ်ချင်းစာပြီး တွေးတယ်၊ ဒီလိုတွေးခဲ့လုပ်ခဲ့လို့ ကျုပ်လုပ် ခဲ့သမျှတွေဟာ အတော်များများအောင်မြင်မှုရခဲ့တယ်၊ မာနတက်နေ တယ်လို့ ခင်ဗျားထင်မှတ်မှားနေတယ်၊ တကယ်တော့ ခင်ဗျားကသာ ကျုပ်ထက်ပိုပြီး အမှားအယွင်းများခဲ့သူဖြစ်မယ်"

ဝိညာဉ်ဂိုဏ်းချုပ်သခင်မသည် ငြိမ်သက်တိတ်ဆိတ်နေသည်။



စင်လုံ၏ စကားများကို လုံးဝ မချေပချေ။

စင်လုံက ဆက်ပြောသည်။

သို့သော် သူ့အသံ၌ နာကျည်းမှုအရိပ်အယောင်သော်လည်း ကောင်း၊ ဒေါသအရိပ်အယောင် သော်လည်းကောင်း၊ လုံးဝ မပါဝင် တော့ ချေ။

အရာရာ၌ စိတ်ကိုချုပ်တည်းနိုင်ခြင်းက စင်လုံ၏အောင်မြင် ခြင်းအကြောင်းများ အပါအဝင်ဖြစ်ဟန်တူပေသည်။

"ခင်ဗျားဟာ လူတွေအားလုံးကိုလိမ်ညာဖို့ ကြိုးစားနေတဲ့ မိန်းမပဲ၊ ဒါကြောင့်မို့လဲ ခင်ဗျားမှာ ခင်ပွန်းလင်သားမရှိဘူး။ ရင်းနှီး ခင်မင်ရတဲ့ မိတ်ဆွေကောင်းမရှိဘူး။ ဒီတော့ ခင်ဗျားဟာ ဖေါ်မဲ့တစ် ကိုယ်ဖြစ်ရရှာတယ်၊ အဖေါ်မဲ့ခြင်းရဲ့ဒဏ်ကို တစ်သက်လုံး နာနာကြည်း ကြည်းခံစားနေရရှာတယ်"

ထိုစကားကို ကြားလိုက်ရသည့်အခါတွင် ဝိညာဉ်ဂိုဏ်းချုပ် သခင်မသည် ရုတ်တရက် ဟစ်၍ဟစ်၍ ရယ်မောလေတော့သည်။ အဖေါ်မဲ့လူနှင့်ဝမ်းလင်းဝါးတို့သည် ထိုရယ်မောသံကြောင့် ထိတ်ခနဲ ဖြစ်သွားကြရသည်။

"ဘယ်သူပြောသလဲ၊ ကျွန်မ နာနာကြည်းကြည်းဖြစ်နေတယ် လို့၊ အခုလောလောဆယ်မှာတော့ ရင်က ကျွန်မထက် နာကျည်းခုက္ခ ရောက်နေရပြီမဟုတ်လား"

"ခင်ဗျားက ကျုပ်စိတ်ထိခိုက်သွားတာကို သိပ်ပြီး ဝမ်းသာ ကျေနပ်နေတယ်ပေါ့၊ ဟုတ်လား"

"ဒါပေါ့၊ ကျွန်မက ဒါမျိုးကို ဝမ်းသာအားရစောင့်ကြည့်နေ တဲ့မိန်းမပဲ၊ အထူးသဖြင့် ရင် ဒီလိုဖြစ်သွားတာကို ကျွန်မက ပိုပြီး သဘောကျတယ်ရင့်၊ ပိုပြီးဝမ်းသာတယ်၊ ကျေနပ်တယ်"

“ကျုပ်ကို ဒီလောက်တောင် မုန်းတီးနေရက်သားနဲ့ ဘာဖြစ်လို့ လက်ထပ်ချင်ရတာလဲ၊ ကျုပ်နားမလည်ဘူး”

“ရှင် သိပ်သိချင်နေသလား။ သိပ်သိချင်နေမှတော့ ပြောပြရတာပေါ့။ ဘာကြောင့် ရှင့်ကိုလက်ထပ်ရသလဲဆိုတော့ ရှင်ကလည်း ချစ်တဲ့သူ၊ ရှင့်ကိုလည်း ချစ်တဲ့သူနဲ့ ဒီဘဝတစ်လျှောက်လုံး ပျော်ပျော်ရွှင်ရွှင် လက်တွဲသွားမှာကို မရှုရက်နိုင်လို့တဲ့ရှင့်၊ ကျွန်မနဲ့ ပေါင်းလိုက်ရလို့ ရှင့်စိတ် ဆင်းဆင်းရဲရဲဖြစ်နေတာကို ကြည့်နေချင်လို့ပေါ့၊ ဒါပဲ”

“အေးဗျာ- ဖြစ်မှဖြစ်ရလေတယ်ဗျာ၊ သူများ ပျော်ရွှင်ချမ်းသာမှုကို မရှုရက်ဘူးရယ်လို့”

“ဟုတ်တယ် မရှုရက်နိုင်ဘူး။ လုံးဝ မရှုရက်နိုင်ဘူး။ ကျွန်မဟာ ဘဝတစ်လျှောက်လုံး ဆင်းရဲဒုက္ခရောက်ခဲ့ရတယ်၊ နာကျည်းကြေကွဲခဲ့ရတယ်၊ ဒီတော့ ဘယ်သူ ချမ်းသာပျော်ရွှင်တာကိုမှ မကြည့်မြင်လိုဘူး။ အထူးသဖြင့် ရှင့်လိုအောင်မြင်ကျော်ကြားနေတဲ့လူကို ပိုပြီး ဒုက္ခရောက်စေချင်တယ်”

သူမသည် စကားပြောရင်း တဖြည်းဖြည်း တုန်ယင်လာတော့သည်။

ပြောရင်း ခံစားမှုများ ပေါ်လာဟန်တူသည်။ ဝင်လုံသည် သက်ပြင်းတစ်ချက်ချလိုက်သည်။

“ကောင်းသဗျာ၊ ခင်ဗျားရဲ့စိတ်နေစိတ်ထားကတော့ တကယ့်ကို အကျည်းတန်ပါပေ့ဗျာ၊ အခုတော့ ခင်ဗျားဘယ်သူဆိုတာ ကျုပ်ခန့်မှန်းလို့ရပြီ”

ဝိညာဉ်ဂိုဏ်းချုပ်သခင်မထံမှ စိတ်လှုပ်ရှားသံဖြင့် အမေးတကော မေးသံထွက်ပေါ်လာသည်။

ဝင်လုံက အေးတိအေးစက် ပြောလိုက်သည်။



“ကျုပ်နဲ့ မသိတဲ့လူက ကျုပ်ကို အကြောင်းမဲ့ ဒီလောက် ဘယ်မုန်းလိမ့်မလဲ၊ အင်း- အစကတော့ ခင်ဗျားဟာ သိပ်ကောင်းလိမ့်မယ်လို့ ထင်တယ်၊ အဲဒီ အထင်လည်း မှားခဲ့တာပဲပေါ့လေ”

ဝင်လုံသည် ပြတ်တောင်း ပြတ်တောင်းပြောရင်း အေးစက်စက်ရယ်မောနေတော့သည်။

ပြီးမှ---

“စောစောက ခင်ဗျားပြောခဲ့တယ်၊ ကျုပ်ဟာ ပြီးပြည့်စုံနေတဲ့လူ မဟုတ်ဘူး။ သူများတွေလိုပဲ အမှားလုပ်တတ်တဲ့လူဖြစ် ကြောင်း သင်ခန်းစာပေးချင်တယ်လို့ ပြောခဲ့တယ်၊ ခင်ဗျားပြောတာ ဘယ်မှန်လို့လဲ၊ ကျုပ်ဟာ စောစောကတည်းကပဲ ခင်ဗျားနဲ့ ပတ်သက် ပြီး အမြင်မှားကို မြင်ခဲ့ပြီးပြီပဲ၊ ဒါလဲ လန်ရှန်းကို သတ်မိတဲ့ အမှားလို ကြီးကျယ်တဲ့ အမှားပါပဲ”

ဝိညာဉ်ဂိုဏ်းချုပ် သခင်မထံမှ မည်သည့်အသံမှ မကြားရပါချေ။

တိတ်ဆိတ်ငြိမ်သက်မှုက ကြီးစိုးသွားပြန်သည်။ အတန်ကြာမှ ဝင်လုံက မေးသည်။

“ဘယ်လိုလဲ၊ အားလုံးကောင်းမယ့် နည်းလမ်းတစ်ခုခုကို စဉ်းစားနေတာလား”

ဝိညာဉ်ဂိုဏ်းချုပ်သခင်မက တည်တည်ငြိမ်ငြိမ်ပင် ပြန်ဖြေလိုက်သည်။

“ဟင့်အင်း။ မစဉ်းစားပါဘူး။ ရှင်ဟာ ဒုတိယလမ်းနဲ့ သွားနိုင်မယ့်လူမဟုတ်တော့ဘူး”

“ဒါဖြင့်---”

“ဟုတ်တယ်၊ ပထမလမ်းနဲ့ပဲ သွားရတော့မယ်၊ စောစောက

ပြောခဲ့တဲ့ သေလမ်းပေါ့"

"ကျုပ်ဟာ ခင်ဗျားပြောတဲ့ ပထမလမ်းအတိုင်း သေချာ နိုင်တယ်လို့ ယုံကြည်နေသလား"

"မယုံကြည်စရာမရှိပါဘူး။ ရှင်တို့ဟာ ကျွန်မလက်ခုပ်ထဲက ရေပဲ"

"ဒီလောက်တောင် ခင်ဗျားကိုယ်ခင်ဗျား ယုံကြည်မှုရှိနေသလား။ နည်းနည်းလောက် စမ်းကြည့်ပါဦး"

ထိုစဉ် အဖော်မဲ့လူ၏ မသက်မသာပြောလိုက်သည့် စကားသံထွက်ပေါ်လာတော့၏။

"စင်လုံ ခင်ဗျားကို ကျုပ်ဟာ သိပ်ပါးနပ်တဲ့လူလို့ ထင်ခဲ့မိတယ်၊ အခုတော့ ကျုပ်အထင်မှားနေပြီပေါ့"

"အလို- ဘာဖြစ်လို့ပါလိမ့်ဗျာ"

"ဘာဖြစ်ရမလဲ၊ အခုချိန်မှာ နလုံးသားရေးရာနဲ့ အပိုစကားတွေ ပြောရမယ့်အချိန် မဟုတ်လို့ပေါ့ဗျာ"

စင်လုံသည် မချိုပြုံးပြုံးလိုက်၏။

"ကျွန်တော်က မပြောချင်ပါဘူးဗျာ၊ ဒါပေမယ့် ကျွန်တော်တို့နှစ်ယောက် နှစ်ကိုယ်သိဖြစ်နေတဲ့ အကြောင်းကိစ္စရှိနေတော့ ခင်ဗျားတို့အနေနဲ့ အပိုစကားတွေလို့ ထင်နေတာပေါ့ဗျာ"

"ဟုတ်လား သူ့ကို ခင်ဗျားကောင်းကောင်း သိနေတာပေါ့ သူ- ဘယ်သူများလဲ"

စင်လုံက ဖြည်းညင်းစွာ ပြောလိုက်သည်။

"သူလား- သူ- သူ ဝေဝေဖြစ်နေလို့ပေါ့ဗျာ"

အဖော်မဲ့လူကြီးမှာ မှောင်ထဲ၌ ထခုန်မိတော့သည်။

"စင်လုံ- ခင်ဗျားရူးနေပြီလား။ ဝေဝေဟာ ဝိညာဉ်ဂိုဏ်းချုပ်



သခင်မ ဖြစ်နိုင်ပါ့မလားဗျာ၊ ဝေဝေလို အင်မတန်နူးညံ့သိမ်မွေ့တဲ့ မိန်းကလေးက ဘယ်လိုမှ ဝိညာဉ်ဂိုဏ်းချုပ်သခင်မ မဖြစ်နိုင်ပါဘူး။ ဝိညာဉ်ဂိုဏ်းချုပ်သခင်မက ယမမင်းရဲ့သမီးတော်ပဲဗျ"

စင်လုံက ခပ်ဖြည်းဖြည်းပင် ရှင်းပြသည်။

"ကျွန်တော်လည်း ပထမတော့ မယုံပါဘူးဗျာ၊ ဒါပေမယ့် အခုတော့ မယုံကြည်လို့ မဖြစ်တော့ဘူး"

အဖော်မဲ့လူသည် လေးနက်တည်ကြည်စွာ ပြောနေသည့် စင်လုံ၏စကားကို မယုံလျှင်မဖြစ်တော့ကြောင်း သဘောပေါက်လာသည်။

ထို့ကြောင့် ဝိညာဉ်ဂိုဏ်းချုပ်သခင်မ၏ အသံကြားရာဘက်သို့ မေးလိုက်သည်။

"စင်လုံ ပြောတာ ဟုတ်နေသလား"

အမှောင်ရိပ်ထဲမှ အေးစက်စက်ရယ်သံ ထွက်ပေါ်လာတော့သည်။

"ကျွန်မ- ဘယ်သူပဲဖြစ်ဖြစ် အရေးမကြီးပါဘူး။ သေရမယ့်လူတွေအနေနဲ့ ဘာဖြစ်လို့ အချည်းနှီးသိချင်နေတာလဲ"

အဖော်မဲ့လူက ခပ်ထန်ထန်ပြောလိုက်သည်။

"ပေါက်တတ်ကရ စကားတွေပဲ၊ ခင်ဗျားကိုယ်ခင်ဗျား ဘာများအောက်မေ့နေသလဲ"

ဝိညာဉ်ဂိုဏ်းချုပ်သခင်မ၏ အေးစက်စက် သတိပေးသံထွက်ပေါ်လာသည်။

"ရှင့်ကို ကြိုပြီး သတိပေးလိုက်ပါရဲ့ စောစော မသေချင်ရင် အရမ်းမလှုပ်ရှားနဲ့၊ လှုပ်ရှားရင် စောစောသေမယ်၊ မြဲမြဲမှတ်ထားလိုက်"

အဖော်မဲ့လူကြီးသည် အေးစက်စက်ရယ်မောနေတော့၏။

ဝိညာဉ်ဂိုဏ်းချုပ်သခင်မက ဆက်ပြောသည်။

"ရှင့်စိတ်ထဲမှာ အခုနေရာဟာ ကျွန်မရဲ့အပျိုဆောင်အိပ်ခန်း လို့ပဲ ထင်နေတယ်မဟုတ်လား"

အဖော်မဲ့လူက အေးစက်စက်ပြန်မေးလိုက်သည်။

"မဟုတ်ပြန်ဘူးလား"

ဝိညာဉ်ဂိုဏ်းချုပ်သခင်မထံမှ မပွင့်တပွင့် ရယ်သံထွက်ပေါ် လာသည်။

"ရှင့်ကို မလိမ်တမ်းမညာတမ်း ပြောလိုက်မယ်၊ ဒါဟာ အိပ် ခန်းမဟုတ်ဘူး။ လှောင်ရဲခန်းရှင့် နားလည်ရဲ့လား"

အဖော်မဲ့လူသည် အေးစက်စက်ရယ်မောနေတော့သည်။ သူ၏ရယ်သံ၌ မည်သည့်အခါမျှခံစားမှုမပါပေ။

ထို့ကြောင့် သူကြောက်လန့်နေသလား၊ ရဲရင့်နေသလား ဆိုသည်ကို မည်သူမျှမခန့်မှန်းနိုင်ချေ။

အတန်ကြာ ရယ်မောနေပြီးမှ ဝိညာဉ်ဂိုဏ်းချုပ်သခင်မအား လှမ်းပြောသည်။

"ကျုပ်ဟာ အသက် ဆယ့်လေးနှစ်ကတည်းက သိုင်းလောကထဲ ရောက်ရှိလာခဲ့တယ်၊ အတွေ့အကြုံလည်း နှစ်ပေါင်းလေးဆယ် လောက်ရှိခဲ့တယ်၊

တကယ်သေသင့်တဲ့ အကြိမ်ပေါင်း ငါးကြိမ်တိတိလည်း ရှိခဲ့ တယ်၊ ရှင်းရှင်းပြောရရင် ငါးခါပြန် သေပြီးလောက်တဲ့လူပေါ့

ဒီလို လှောင်ရဲခန်းကလေးနဲ့လာပြီး ခြောက်လှန့်နိုင်မယ်ထင်ရင် တော့ ခင်ဗျားမှားနေပြီ"

ဝိညာဉ်ဂိုဏ်းချုပ်သခင်မသည် ပြက်လုံးကောင်းတစ်ခုကို ကြား လိုက်ရသည့်အလား တဟင်းဟင်းဖြင့် ရယ်မောနေတော့၏။



"ဩော်- ရှင့်ကို ကျွန်မက ခြောက်လှန့်နေတယ်လို့ ထင် နေတာကိုး။ ကျွန်မက ရှင့်ကိုမခြောက်လှန့်ပါဘူးတဲ့ရှင်၊ ရှင်-မကြောက် ဘဲ ကြံ့ကြံ့ခံနိုင်ပါစေလို့ပဲ ဆုတောင်းပါတယ်၊ ဒီလှောင်ရဲခန်း ကလည်း အိပ်တော့ မဆိုးလှပါဘူးရှင်၊ လှလှပပ သပ်သပ်ရပ်ရပ်ကလေးပါပဲ"

"ဟား- ဟား- ဟား။ လှလှပပကလေးတဲ့လား။ ဒီလိုဆိုရင် အိပ်မဆိုးလှဘူးပေါ့"

"အိပ်မဆိုးပါဘူး။ လှလှပပကလေးပါပဲရှင်၊ ရှင် မမြင်ရတာ တကယ့်ကို ကံဆိုးတာပါပဲ"

"အင်း- အလှအပကို မမြင်ရခြင်းကတော့ ကံဆိုးခြင်းတစ် မျိုးပေါ့လေ"

"ဒါပေမယ့် အိပ်တော့ စိတ်မကောင်း မဖြစ်ပါနဲ့ရှင်၊ ရှင့် မျက်စိနဲ့ တပ်အပ်သေချာ မတွေ့နိုင်ပေမယ် ဒီလှပတဲ့နေရာကလေးကို တော့ ရှင်တို့ နားလည်ခံစားစေချင်တဲ့စေတနာနဲ့ ကျွန်မ ပြောပြပါ့မယ်"

ထိုတဒင်္ဂအတွင်းမှာပင် အော်ဂလီဆန်စရာ အနံ့ကြီးကို အား လုံး ရှူရှိုက်မိကြတော့၏။

သွေးညှီနံ့၊ လူသေကောင်အပုပ်နံ့များပင် ဖြစ်တော့သည်။ ယောက်စလုံး ရင်ထဲ၌ပျို့လာသည်။ ထိုးမအန် မိအောင် အားလုံး န်းသိမ်းလိုက်ကြရ၏။

ဝိညာဉ်ဂိုဏ်းချုပ်သခင်မ၏ အသံသည်လည်း ချိုလွင်ခြင်း မရှိတော့ပါ။

ရူးတူးတူး ရတတ ဖြစ်လာတော့သည်။ အသံကြားရုံမျှနှင့် ကြက်သီးထချင်စဖွယ် ဖြစ်လာတော့သည်။

ထိုကဲ့သို့ ဆန့်ကျင်ဘက် အသံပြောင်းလဲသွားခြင်းမျိုးကို တစ်ယောက်တည်းအနေဖြင့် ပြုလုပ်နိုင်ပါမည်လောဟုပင် တွေး

တောစဉ်းစားနေမိတော့သည်။

အမှောင်ရိပ်ထဲမှ အေးစက်စက် စကားသံထွက်ပေါ်လာသည်။

"ရှင်တို့မျက်စိနဲ့ မြင်နိုင်ရင်တော့ ရှင်တို့ ရပ်နေတဲ့နေရာဟာ အလှပဆုံးနေရာကလေး ဖြစ်နေတယ်ဆိုတာ တွေ့မြင်မိကြမှာပဲ၊ ပြောင်ချောချောဖြစ်နေတဲ့ နေရာတွေဟာ ကျောက်မျက်ရတနာတွေနဲ့စီခြယ်ထားတယ်လို့ ထင်မှတ်ရတယ်၊ တွေ့ရတဲ့ ပန်းပွင့်ကလေးတွေကလည်း အနုပညာမြောက်လှတယ်လို့ ထင်မှတ်ရတယ်"

သူမသည် တမျှဉ်းမျှဉ်း ရယ်မောလိုက်ပြီး--

"ဒါပေမယ့်- ရှင်တို့ ရပ်နေတဲ့နေရာကို ဘာတွေနဲ့ တည်ဆောက်ထားတယ်ဆိုတာ တကယ်တမ်းသိကြရဲ့လား"

အဖော်မဲ့လူကလည်း အေးစက်စက်ပြန်ရယ်သည်။

"မြေကြီးဟာ မြေကြီးပဲပေါ့၊ ဘာပစ္စည်းနဲ့ တည်ဆောက်ထားရမှာလဲ"

ဝိညာဉ်ဂိုဏ်းချုပ်သခင်မထံမှ တဟီးဟီးရယ်သံထွက်ပေါ်လာ၏။ စင်စစ် ရယ်သံဟုလည်း တထစ်ချမဆိုနိုင်ပါ။

ငိုညည်းသံကြီးနှင့်ရယ်သံ နှစ်မျိုးပေါင်းစပ်ထားသည့် အသံမျိုးဖြစ်ပါသည်။

သာမန် အရပ်သားတစ်ယောက်သည် ထိုအသံကို ကြားလိုက်ရပါက ရတ်ခြည်းလိပ်ပြာလွင့်သွားနိုင်သည်။

"ရှင်တို့ ဘယ်လိုမှတွေးနိုင်မှာမဟုတ်တာတွေနဲ့ ဒီနေရာကို တည်ဆောက်ထားတယ်၊ ဒါပေမယ့် ရှင်တို့ကိုတော့ ကျွန်မ ပြောပြလိုက်မယ်၊

ဒီနေရာဟာ လူ့ရိုးတွေနဲ့ သရွတ်ကိုင်တည်ဆောက်ထားတဲ့နေရာဖြစ်တယ်၊ အရိုးဆိုပေမယ့် လက်ဖျံရိုးလောက်၊ လက်မောင်းရိုးလောက်ကလေးလို့ မထင်နဲ့၊ လူ့ဦးခေါင်းခွံရိုး၊ ပခုံးရိုး၊ နံရိုး၊ ရင်ဘတ်ရိုး၊ ခြေထောက်ရိုး၊ ယောကျာ်း၊ မိန်းမ၊ လူကြီး၊ လူငယ်၊ အားလုံး ရဲ့ အရိုးမျိုးစုံနဲ့ သရွတ်ကိုင်တည်ဆောက်ထားတယ်"

သူမသည် တခစ်ခစ်ရယ်ပြန်တော့၏။

"ရှင်တို့ အခုရပ်နေတာကိုက လူတစ်ယောက်ရဲ့ ဦးခေါင်းခွံရိုးပေါ်မှာဖြစ်နိုင်သလို မိန်းမပျိုတစ်ဦးရဲ့ပါးရိုးပေါ်မှာလည်း ဖြစ်နိုင်တယ်"

အဖော်မဲ့လူမှာ သူ၏ခြေထောက်များ ရုတ်တရက်ကြွတက်လာသည်ဟု ခံစားမိလေတော့သည်။

အဆိပ်ရှိသည့်မြွေများသည် သူ့ဖိနပ်အောက်၌ ရောက်လာသည်ဟုလည်း ထင်မှတ်လာမိ၏။

ဝိညာဉ်ဂိုဏ်းချုပ်သခင်မ၏ စူးတူးတူး ရတတ အသံသည် ရုတ်ခြည်း ချိုလွင်ကြည်မြသွားပြန်တော့၏။

"ရှင်တို့ရဲ့ဘေးဘက်မှာ တကယ်တမ်း ဘာရှိနေတယ်ဆိုတာ သိကြရဲ့လား။ ဟဲ- ဟဲ- ဟဲ- သိပ်လည်း လန့်မသွားကြပါနဲ့လေ၊ ပန်းချီကားတစ်ချပ်ပါ၊ ဇာပန်းထိုးပြီး တောတောင်ရေမြေတွေရဲ့သဘာဝရှုခင်းပုံကို သရုပ်ဖော်ထားတဲ့ ပန်းချီကားတစ်ချပ်ပါ"

အဖော်မဲ့လူက အေးစက်စက်ပြန်မေးလိုက်သည်။

"ဒါလည်း ဗိကင်းနေပြည်တော်က တချိန်နန်ရဲ့လက်ရာကောင်းတစ်ခုပဲလား"

ဝိညာဉ်ဂိုဏ်းချုပ်သခင်မက ရယ်လိုက်သည်။

"မှန်တယ် တချိန်နန်ရဲ့ လက်ရာကောင်းတစ်ခုပါပဲ၊ သူ့ရဲ့အကောင်းဆုံးလက်ရာတွေထဲက အကောင်းဆုံး လက်ရာတစ်ခုလို့ ဆိုနိုင်ပါတယ်၊ ဘာပစ္စည်းတွေနဲ့ဇာပန်းထိုးပြီး သရုပ်ဖော်ထားတယ်လို့ ထင်သလဲ"

အဖော်မဲ့လူသည် ခပ်မဆိတ်ပင် နားထောင်နေလိုက်သည်။ ဝိညာဉ်ဂိုဏ်းချုပ်သခင်မထံမှ စူးတူးတူး ရတတ ကြောက်မက်ဖွယ်ရာ ရယ်သံထွက်ပေါ်လာသည်။

အဖော်မဲ့လူသည် တဟားဟား အော်ရယ်လေတော့၏။

"ခင်ဗျားက ကျုပ်ကို ဒီလိုပဲ ခြောက်လှန့်ရသလား။ အကြော ဆွဲထုတ်တဲ့အလုပ်၊ အရေဆွဲခုတ်တဲ့ အလုပ်မျိုးကို ကျုပ်မလုပ်ခဲ့ ဘူးများ မှတ်နေသလား"

ဝိညာဉ်ဂိုဏ်းချုပ်သခင်မက မာကျောကျောပြန်ပြောသည်။

"ဒီလိုအလုပ်မျိုး ရှင်လုပ်ခဲ့ဖူးချင်လုပ်ခဲ့လိမ့်မယ်၊ ဒါပေမယ့် လူတစ်ကိုယ်လုံး အရေခွံတစ်ချပ်လုံးကို မစုတ်မပြဲဘဲနဲ့ ကောင်းကောင်း မွန်မွန်ကွာကျလာအောင် ရှင်လုပ်နိုင်ရဲ့လား။ လုပ်တတ်ရဲ့လား"

အဖော်မဲ့လူက အေးစက်စက်ပြန်မေးသည်။

"တယ်ဆိုတဲ့စာပါလား။ ပြောစမ်းပါဦး"

"ရှင်နားထောင်ချင်သလား။ ဒီပညာက သိပ်ပြီး အနုပညာ မြောက်တယ်၊ လိုလိုချင်ချင် မရှိဘဲနဲ့တော့ ဒီပညာကို ပြောမပြချင် ဘူး"

"အပိုတွေ ပြောမနေစမ်းပါနဲ့လေ၊ ပြောစရာရှိတာကို ပြော စမ်းပါ"

သူမသည် စကားကိုခေတ္တရပ်ပြီး ငြိမ်သက်နေသည်။ ထို့ နောက် ခပ်ဖြည်းဖြည်းဆက်ပြောသည်။

အဖော်မဲ့လူသည် မိုးခြိမ်းသကဲ့သို့ အော်ဟစ်လိုက်၏။

"တော်- တိတ်- ကျုပ် ကျုပ် ခင်ဗျားနဲ့ အသက်ချင်းလဲပါ့ မယ်"

ထိုအခါ ဝိညာဉ်ဂိုဏ်းချုပ်သခင်မက အေးစက်စက် ရယ်



လေတော့၏။

သူ့ရယ်သံ၌ သေးအေးအေးနှင့်ရက်စက်မည့် အရိပ်အယောင် များ ပါရှိနေသည်။

"ရှင် တစ်စက်ကလေးမှ မလှုပ်နဲ့၊ ရှင့်မျက်နှာရေမှာ ဘာ တွေ ရှိနေတယ်ဆိုတာ သိရဲ့လား"

သူမ၏စကားသံသည် ဓားသွားကဲ့သို့ ထက်မြက်စူးရှလာပြီး အဆိပ်လူးထားသောမြားကဲ့သို့ တဟုန်ထိုးပြေးဝင်လာသည်။

လှုပ်ရှားရန်ဟန်ပြင်လိုက်သည့် အဖော်မဲ့လူသည် ထိတ်ခနဲ ဖြစ်သွားပြီး မလှုပ်ရဲအောင် ဖြစ်သွားတော့သည်။

စူးရှခက်ထန်သည့် ဝိညာဉ်ဂိုဏ်းချုပ်သခင်မ၏အသံသည် ရုတ်ခြည်းပြောင်းလဲသွားပြန်သည်။ ပျားရည်လောင်းသကဲ့သို့ ချိုမြ သွားပြန်သည်။

"ရှင့်ရေမှာ ရေကန်တစ်ခုရှိနေတယ်၊ ရှင်ငယ်ငယ်က တွေ့ မြင်ခဲ့တဲ့ ရေကန်မျိုးမဟုတ်ဘူး။ ကြာပန်းနီနီ ကြာရွက်စိမ်းစိမ်း ဘဲငန်း ဖြူဖြူတွေ ပျော်မြူးနေတဲ့ ငှန်းတို့ပျော်ရာရေအိုင်သာ မဟုတ်ဘူး။ အဲဒီရေကန်မျိုးထက် အဆတစ်ရာလောက် စိတ်ဝင်စားဖို့ ကောင်း တယ်"

သူမသည် တခစ်ခစ်ရယ်မောပြန်လေတော့၏။

သူမသည် လုံးဝမရယ်တော့ဘဲ မိုးခြိမ်းသံကဲ့သို့သော အသံ ဖြင့် မေးလိုက်သည်။

"ရှင်- အဲဒီရေကန်ထဲကျသွားချင်သလား။ ငယ်ငယ်တုန်းက ရှင် ကူးခတ်ခဲ့တဲ့ ရေကန်လိုပျော်စရာ မကောင်းဘူးဆိုတာ နားလည် သွားပြီ မဟုတ်လား"

သူမ၏စကားများသည် ရေနောက် ညီညွတ်သည်တော့

မဟုတ်ပါ။ သို့သော် ရှေ့နောက်မညီညွတ်၍ မယုံပါဟုလည်း တထစ် ချမပြောရဲပါ။

အပျိုဆောင်အိပ်ခန်းမှ လူ့ငရဲခန်းအဖြစ်သို့ တဒင်္ဂအတွင်း ပြောင်းလဲသွားစေသည့် သူမ၏စကားများသည် အဖော်မဲ့လူအား ချောက် ချားသွားစေသည်ကတော့ အမှန်ပင်ဖြစ်ပါ၏။

စကားလုံးဝမပြောဘဲ ငြိမ်သက်တိတ်ဆိတ်နေသည့် စင်လုံ သည် ရုတ်တရက် တဟားဟားရယ်မောလေတော့သည်။

သူ့ရယ်သံမှာ ကျယ်လောင်လှသဖြင့် ကျောက်ဂူအတွင်း၌ တဝုန်းဝုန်း ပဲ့တင်ထပ်နေသည်။

ဝိညာဉ်ဂိုဏ်းချုပ်သခင်မက ငေါက်ဆတ်ဆတ်မေးလိုက် သည်။

"စင်လုံ- ရှင် ဘာရယ်တာလဲ၊ ဒီလောက် ကြောက်စရာ ကောင်းတဲ့နေရာမျိုးရောက်နေတာတောင် ရယ်နိုင်တုန်းပါလား"

စင်လုံသည် သူ၏ရယ်မောခြင်းကို ကြိုးစားပမ်းစား အရှိန် သတ်နေရသည်။

ဝိညာဉ်ဂိုဏ်းချုပ်သခင်မအား ခေါ်ဝေါ်သုံးစွဲသည့် အသုံး အနှုန်းလည်း ပြောင်းသွားသည်။

ယခင်က "ခင်ဗျား"နှင့် သုံး နေရာမှ ယခု "မင်း" ဖြစ်လာ တော့သည်။

"အင်း---မင်းရဲ့ စိတ်ကူးဉာဏ်ကောင်းလွန်းလို့ ကျုပ်က မလေးစားဘဲ မနေနိုင်ဘူး။ မင်းရဲ့ပုံသဏ္ဍာန်က အေးအေးဆေးဆေး နုနုညံ့ညံ့ပုံသဏ္ဍာန်မျိုး စိတ်ကူးဉာဏ်ကတော့ ကောက်ကွေ့လိမ်ကျစ် နေလိုက်တာ လွန်ပါရော့ပဲ"

စင်လုံသည် သူမ၏တုံ့ပြန်သံကို စောင့်လိုက်သည်။



မည်သည့် တုံ့ပြန်သံမျှမရသဖြင့် သူ့စကားကို ဆက်ပြောပြန် လေသည်။

"သိုင်းလောကမှာ လူတွေကြောက်လန့်အောင် သုံးစွဲပုံ သုံး နည်း အတော်များများကို ကျုပ်သိခဲ့ပြီးပြီ၊

သူတို့ရဲ့ ဌာနချုပ်တွေကို သင်္ချိုင်းကုန်းလို နေရာမျိုးမှာ တည်ထားတယ်၊ လူသူအရောက်အပေါက်နည်းတဲ့ သရဲတစ္ဆေခြောက်တဲ့ နေရာမျိုးကို ရွေးတယ်၊

လူ့ဦးခေါင်းခွံမျိုး ယမမင်းနန်းတော်၊ ငရဲတံခါး၀၊ ဝိညာဉ် လိပ်ပြာဂိုဏ်းစတဲ့ နာမည်တွေပေးတယ်"

ဝိညာဉ်ဂိုဏ်းချုပ်သခင်မက ရယ်လိုက်သည်။

"အဲဒါ ကျွန်မနဲ့ ဘာဆိုင်သလဲ"

"ဆိုင်တာပေါ့၊ မင်းက သူတို့နဲ့မတူဘူး။ သူတို့လို နာမည် မတပ်ဘူး။ လျှာကလေးနဲ့ နှုတ်ခမ်းကလေးနဲ့ စကားလုံးကလေးတွေနဲ့ လူတွေကို ခြောက်လှန့်နိုင်တယ်"

"ဟင်း- ဟင်း- ဟင်း- ရှင့်စိတ်ထဲမှာ ကျွန်မက လိမ်ညာ ခြောက်လှန့်နေတယ်လို့ ထင်နေသလား"

"ဒါတွေကိုထားလိုက်စမ်းပါ။ တစ်ခုတော့ မင်းအနေနဲ့ စွဲစွဲမြဲမြဲ မှတ်ထားသင့်တယ်၊ ကျုပ်တို့ဟာ သိုင်းလောကမှာ အညာတရပုဂ္ဂိုလ်တွေ မဟုတ်ဘူး။

ခြောက်လှန့်ရုံနဲ့တော့ အသည်းငယ်ပြီး လိပ်ပြာလွင့်မသေ ဘူး။ ကျုပ်တို့ကို သေစေချင်တယ်ဆိုရင် တခြား နည်းလမ်းသုံးပြီး သတ်သင့်တယ်"

ဝိညာဉ်ဂိုဏ်းချုပ်သခင်မသည် ဖြည်းညင်းစွာ သက်ပြင်းချ လိုက်သည်။

"ကျွန်မက ခြောက်လုနှံ့ရုံပဲ ခြောက်လုနှံ့တတ်တယ်၊ ရှင်တို့ကို တခြားနည်းလမ်းနဲ့ မသတ်နိုင်ပါဘူးရှင်"

သူမ၏စကားဆုံးသည်နှင့် အရပ်လေးမျက်နှာမှ ရှုးရှုးရှရှ လေတိုးသံများ ထွက်ပေါ်လာသည်။

လေညှို့မှပစ်လွှတ်လိုက်သည့် မြားများမဟုတ်ပါချေ။ လွန်စွာ အဆိပ်ပြင်းထန်လှသည့် အဆိပ်အပ်လက်နက်ပုန်းကလေးများ ထိုထွက်လာသည့် အသံဖြစ်ပါ၏။

ထင်ထင်မြင်မြင် အချိန်မှီ၍ပင် ရှောင်တိမ်းရန် ခက်ခဲလှသည့် အဆိပ်အပ်များဖြစ်ပါ၏။ ယခုကဲ့သို့ အမှောင်ထုအတွင်း၌ကား ဆိုဖွယ်ရာမရှိတော့ပါ။

စင်လုံနှင့် အဖော်မဲ့လူတို့သည် ရင်ဘောင်တန်း ရပ်နေခဲ့ကြသည်။ သူတို့နှစ်ယောက်သည် ထိုအဆိပ်အပ်များကို မည်ကဲ့သို့ ရှောင်တိမ်းကြလေမည်နည်း။

တရွှီးရွှီးလေတိုးသံများသည် နာရီဝက်ခန့်အထိ အဆက်မပြတ် မြည်နေသည်။

ထို့နောက် လုံးဝတိတ်ဆိတ် ငြိမ်သက်သွားသည်။ စင်လုံနှင့် အဖော်မဲ့လူတို့ထံမှ မည်သည့်အသံမျှ မကြားရတော့ချေ။

အတန်ကြာသောအခါ ဝိညာဉ်ဂိုဏ်းချုပ်သခင်မ၏ မတိုးမကျယ် ခေါ်လိုက်သည့်အသံကို ကြားလိုက်ရတော့သည်။

"စင်လုံ- စင်လုံ--"

အမှောင်ထဲ၌ မည်သည့်ထူးသံမျှ မကြားရ။ လုံးဝ တိတ်ဆိတ်ငြိမ်သက်မှု ကြီးစိုးနေသည်။

အတန်ကြာမှ မိန်းကလေးတစ်ယောက်၏စကားသံ ထွက်ပေါ်လာသည်။



"ဂိုဏ်းချုပ်သခင်မ- အန္တရာယ်ကင်းရှင်းသွားပြီလို့ ယူဆနိုင်ပါပြီနော်"

ဝိညာဉ်ဂိုဏ်းချုပ်သခင်မ၏အသံ ထွက်ပေါ်လာသည်။

"တပ်အပ်သေချာတော့ မပြောနိုင်သေးဘူး"

"ရှင်- မသေချာသေးဘူးဟုတ်လား။ သူတို့ ရှောင်တိမ်းနိုင်ပါ့မလားသခင်မရယ်၊ သူတို့ရှောင်တိမ်းသံလည်း မကြားလိုက်ရပါဘူး"

"မှန်တယ်၊ ညည်းညူသံမကြားရဘူး။ လေတိုးသံမကြားရဘူး။ ရှောင်တိမ်းသံလည်း မကြားရဘူး"

ထိုမိန်းကလေးက ရယ်သံနှော၍ ပြောလိုက်သည်။

"သခင်မ- သူတို့က ညည်းညူအော်ဟစ်မယ့်လူစားမျိုး ဟုတ်ပါ့မလား"

ဝိညာဉ်ဂိုဏ်းချုပ်သခင်သည် သက်ပြင်း တစ်ချက်ချလိုက်သည်။

"ဟုတ်တယ်- သူတို့က သေတာတောင် တစ်ချက်ညည်းညူမယ့်လူမျိုး မဟုတ်ဘူး"

"သခင်မ- မီးထွန်းပြီး သူတို့ကို ရှာကြည့်ရမလား"

"မထွန်းနဲ့၊ စောင့်ကြည့်ဦး"

အမှောင်ထဲ၌ တိတ်ဆိတ်ခြင်းက ကြီးစိုးလာပြန်တော့သည်။ မည်သည့်အသံမျှ မကြားရ။

စင်လုံနဲ့ အဖော်မဲ့လူတို့၏ အသက်ရှူသံလည်း မကြားရ။ သူတို့၏နောက်ဘက်၌ ရှိနေသည့် ဝမ်းလင်းဝါး၏အသက်ရှူသံလည်း မကြားရချေ။

မည်သူသည် ကြာရှည်မရှူဘဲနေနိုင်အံ့နည်း။

အတန်ကြာမှ-

ဝိညာဉ်ဂိုဏ်းချုပ်သခင်မ၏အသံ ထွက်ပေါ်လာသည်။

"စင်လုံ- ရှင် တကယ်သေပြီလား။ တကယ်တော့ ကျွန်မကြောင့် မဟုတ်ဘူးနော်၊ ရှင်က စိန်ခေါ်လို့ သတ်လိုက်ရတာ ရှင်သေတာ ရှင့်ကြောင့်ပဲ"

ထိုစဉ် စင်လုံတို့၏နောက်ဘက် ခပ်ဝေးဝေးမှ ရယ်သံတစ်သံ ပျံ့လွင့်လာသည်။ ဝမ်းလင်းဝါး၏အသံသာတည်း။

"ကျုပ်ကတော့ မသေချင်သေးဘူးဗျို့ ဆက်ပြီး အသက်ရှင်နေစေချင်ပါသေးတယ်"

ဝိညာဉ်ဂိုဏ်းချုပ်သခင်မထံမှ အေးစက်စက်ရယ်သံထွက်ပေါ်လာသည်။

"ရှင် အသက်ရှင်နေဆဲပဲ မဟုတ်လား။ ဘာဖြစ်လို့ ခုလို အသက်ရှင်နေရတယ် မှတ်သလဲ"

"ဘာဖြစ်လို့လဲဗျ"

"ကျွန်မက ရှင့်ကို ဆက်ပြီးအသက်ရှင်နေစေချင်လို့ပဲ"

"ဟား- ဟား- ဟား- ဒီလိုပဲ ဖြစ်ရမယ်လေ၊ ခင်ဗျားကို ဒီလောက်မှ စိတ်မချရရင်လည်း ကျုပ်မိခင်ကြီးက ခင်ဗျားကို ဟိုမိန်းမကျ၊ ယောကျ်ားမကျလူ့ရဲ့ လက်ထဲ ဘယ်ထည့်ပေးလိုက်ပါ့မလဲဗျ"

"ဟုတ်တယ်၊ ရှင့်မိခင်က အတော်ကလေးဉာဏ်ကောင်းတယ်နော်"

"ကျုပ်ကလည်း နှုတ်လုံခဲ့ပါတယ်လေ၊ ဝိညာဉ်ဂိုဏ်းချုပ်သခင်မနဲ့ ပတ်သက်တဲ့စကားကို တစ်ခွန်းတစ်လေတောင် ယောင်ယမ်းမထွက်ခဲ့ပါဘူး။

ဒါပေမယ့် ဝိညာဉ်ဂိုဏ်းချုပ်သခင်မအဖြစ်ကိုတော့ အခုမှသိရတာပါ၊ ဒါပေမယ့် ခင်ဗျားဟာ သာမန်မိန်းကလေးတစ်ယောက်



မဟုတ်ဘူးဆိုတာတော့ အစကတည်းက ရိပ်မိထားပါတယ်"

ထိုစဉ် ဝိညာဉ်ဂိုဏ်းချုပ်သခင်မ၏ ဝေါက်ငမ်းသံထွက်ပေါ်လာသည်။

"တိတ်စမ်း။ ရှင့်ပါးစပ် ဒီလောက် စည်းကမ်းမကြီးခဲ့ရင် ဒီနေ့အထိ ရှင်အသက်ရှင်နေမယ် ထင်သလား"

ဝမ်းလင်းဝါးထံမှ ရိုရိုသေသေလေးလေးစားစား ပြောလိုက်သံ ထွက်ပေါ်လာသည်။

"ဟုတ်ကဲ့ ခင်ဗျာ- ဟုတ်ကဲ့၊ အဲဒါကိုလည်း ကျွန်တော်သိပါတယ်"

"အခုလို စင်လုံကိုသတ်ပစ်တဲ့ ကိစ္စနဲ့ပတ်သက်ပြီး ရှင့်အမေက ကျွန်မကို ဘယ်လိုသဘောထားနိုင်သလဲ"

ဝမ်းလင်းဝါးက အားရပါးရရယ်မောရင်း--

"ဒါလား။ စင်လုံသေသွားတဲ့အတွက် ကျုပ်အမေက ခင်ဗျားကို ဂုဏ်ပြုချီးကျူးပါလိမ့်မယ်"

"ဘယ်လိုပဲဖြစ်ဖြစ်၊ ကျွန်မအကျိုးအတွက်ဆိုရင်တော့ ဘယ်သူမဆို သတ်မှာပဲ"

"ဟုတ်ပါတယ်၊ ကျုပ်မိခင်က ခင်ဗျားရဲ့အရည်အချင်းကို ကြိုတင်သိမြင်ထားခဲ့ပါတယ်၊ ခင်ဗျားမှသာ အနစ်နာခံနိုင်မယ်၊ ခင်ဗျားမှသာ ယုတ္တိရှိအောင် ဟန်ဆောင်နိုင်မယ်ဆိုတာ ကျုပ်မိခင်က ကောင်းကောင်းသိထားခဲ့ပါတယ်"

"ရှင့်အမေက တယ်တော်ပါလား"

"ကျုပ်အမေမို့လို့ ကျုပ်ကပြောတာမဟုတ်ပါဘူး။ မိန်းမထဲမှာတော့ ကျုပ်မိခင်ကို ပြိုင်နိုင်တဲ့လူရှိမှာမဟုတ်ဘူးလို့ ကျုပ်ပြောရပါတယ်၊ ဒါပေမယ့် ကျုပ်အမေက ခင်ဗျားကိုတော့ အင်မတန်

အလေးထားခဲ့ပါတယ်၊ ခင်ဗျားနဲ့လက်တွဲပြီး ရှင်ပျော်ပျော်မြို့စားကြီးကိုရင်းပစ်ဖို့ ဆုံးဖြတ်ခဲ့ပါတယ်"

"ကျွန်မ တရုတ်ပြည်ရဲ့မြေလတ်ဒေသကို သွားခဲ့တာဟာ ရှင့်အမေကို သွားရှာတာပါ။ သူက ကျွန်မအမေကို စွန့်ပစ်သွားလောက်အောင် ရှင့်အမေ ဘယ်လောက်လှနေတယ်ဆိုတာကို အဓိကသိချင်တယ်"

ဝမ်းလင်းဝါးက ခြောက်ကပ်ကပ်ရယ်လိုက်သည်။

"အရင်တုန်းက ကိစ္စတွေကို ပြောမနေပါနဲ့တော့ဗျာ၊ ကျုပ်အမေနဲ့ ခင်ဗျားရဲ့အမေနှစ်ယောက်စလုံးကို သူက ရက်ရက်စက်စက်စွန့်ပစ်ခဲ့တာပဲဗျ၊ ခင်ဗျားနဲ့ကျုပ်ဟာ----"

"တိတ်စမ်း"

ဝိညာဉ်ဂိုဏ်းချုပ်သခင်မ၏ ဝေါက်ငမ်းသံသည် ကျောက်ဂူကြီးအတွင်း၌ ပဲ့တင်ထပ်သွားသည်။

"ရှင့်အသက်ကို ကျွန်မ ချမ်းသာပေးလိုက်ပြီ၊ အပိုတွေပြောမနေနဲ့တော့၊ ရှင်ဘာလိုချင်သေးသလဲ"

"အခုနေ ကျုပ်လိုချင်တာကတော့ အလင်းရောင်ပဲ၊ အလင်းရောင်ရရင် လမ်းလျှောက်နိုင်ပြီ၊ နောက်ဆုံး စင်လုံ ဘယ်လိုသေတယ်ဆိုတာလည်း သိနိုင်မယ်"

သူသည် အားရပါးရရယ်ရင်း ပြောလိုက်သည်။

" စင်လုံ ဘယ်လိုသေတာကို သိနိုင်မယ်ပြောလို့ ခင်ဗျားကို မျက်နှာလို မျက်နှာရ လုပ်တယ်လို့တော့ မထင်နဲ့ဗျို့၊ စင်လုံဟာ ထူးထူးဆန်းဆန်းပြုံးတတ်တယ်၊ ကျုပ်ကတော့ အဲဒီအပြုံးကို မတွေ့မြင် အပြုံးလို့ထင်တာပဲ၊ သူသေပြီးတဲ့နောက် အဲဒီအပြုံးမျိုး ပြုံးနိုင်သေးရဲ့လားလို့ ကျုပ်သိပ်ပြီးသိချင်တယ်"



ထူးဆန်းလှေစွတကား။ စင်လုံ၏ရန်သူများသည် စင်လုံ၏အပြုံးကို အထူး မကျေနပ်ဖြစ်နေကြသည်တကား။

လုံစစ်ပိုင်သည် စင်လုံသေပြီးနောက် မည်ကဲ့သို့ မျက်နှာအနေအထားရှိမည်ကို သိလိုခဲ့သည်။

အထူးသဖြင့် သေပြီးသည့်နောက် ထူးထူးဆန်းဆန်း ပြုံးနေမည်လားဟု သိချင်နေခဲ့သည်။

ယခု ဝမ်းလင်းဝါးကလည်း သိချင်နေပြန်သည်။

ဝမ်းလင်းဝါး၏ စကားဆုံးသွားသော်လည်း ဝိညာဉ်ဂိုဏ်းချုပ်သခင်မထံမှ မည်သည့်တုံ့ပြန်သံမျှ မကြားရပါချေ။

တိတ်ဆိတ်ငြိမ်သက်မှုက ရုတ်တရက် ကြီးစိုးလာပြန်သည်။ အတန်ကြာမှ ဝိညာဉ်ဂိုဏ်းချုပ်သခင်မ၏အမိန့်ပေးသံ ထွက်ပေါ်လာသည်။

"မီးအိမ်ထွန်းလိုက်"

မီးအိမ်၏အလင်းရောင်များ ဖြာဆင်းကျလာသည့်အချိန်၌ ပျောက်ကွယ်သွားသည့် အရာနှစ်ခုရှိသည်။

အသက်ရှူကျပ်ခြင်းနှင့် အမှောင်ထုဖုံးလွှမ်းခြင်းတို့ ပျောက်ကွယ်သွားလေတော့သည်။

ထို့ကြောင့် ဝမ်းလင်းဝါးသည် သူရောက်ရှိနေသည့်ကျောက်ဂူအနေအထားကို မျက်မြင်ကိုယ်တွေ့ တွေ့မြင်လိုက်ရပေပြီ။

ဤနေရာသည် မိန်းကလေး၏ အိပ်ခန်းလည်းမဟုတ်၊ လှောင်ရဲခန်းလည်း မဟုတ်ပါချေ။

ရသေ့ဂူ၏ပန်းချီကားချပ်လည်း မရှိ။

တချိန်က၏ဇာပန်းထိုးပန်းချီလည်း မရှိ။

အိပ်ရာခုတင်လည်း မရှိ။

အလှပြင်မှန်တင်ခုံလည်း မရှိ။

လှူအရိုးများလည်း မရှိ။

သွေးရည်အတိပြီးသော စက်ဆုပ်ရွံရှာ ကြောက်မက်ဖွယ်ရာ ရေကန်လည်းမရှိပါ။

ကြောက်မက်ဖွယ်ရာ ကျောက်လိုဏ်ခေါင်းတစ်ခုသာ ဖြစ်နေသည်။

လေးဘက်လေးတန်တွင် မာကျောသော ကျောက်နံရံများ ရှိနေပြီး ကျောက်သားထုများ၏ နောက်ဘက်တွင် လူရိပ်များကို တွေ့နေရသည်။

ထိုလူရိပ်များသည် သေမင်းတမန်များနှင့် တူနေသည်။

ဖြာခနဲ လင်းကျလာပြီးသည်နှင့် ထိတ်လန့်တကြား အာမေဋိတ်သံများ ထွက်ပေါ်လာတော့သည်။

"စင်လုံ- စင်လုံ- စင်လုံ မသေဘူး"

စင်လုံနှင့်အဖေါ်မဲ့လူတို့သည် ကျောချင်းကပ်၍ မတ်တပ်ရပ်နေကြ၏။

သူတို့၏အင်္ကျီများကို ချွတ်ထားကြပြီး လက်ထဲ၌အင်္ကျီကို ကိုင်ကာ ဆန့်တန်းထားသည်။

သူတို့နှစ်ဦးသည် ကျန်းမာပကတိ ချမ်းသာစွာရှိနေကြသည်။

သို့သော် သူတို့နှစ်ယောက်သည် အနည်းငယ်မျှ မလှုပ်ရှားကြချေ။

ကျောက်ရုပ်ကြီးများကဲ့သို့ ငြိမ်သက်နေကြသည်။

သေးငယ်လှသည့် အဆိပ်အပ်လက်နက်ပုန်းများသည် ရေစိုနေသည့် သူတို့အင်္ကျီများ၌ စိုက်ဝင်နေသည်။ သူတို့၏ခန္ဓာကိုယ်သို့ တစ်ချောင်းတစ်လေမျှ ထိုးဖောက်ဝင်ရောက်ခြင်းမရှိပါ။



သူတို့နှစ်ယောက်၏နောက်ဘက် ခပ်လှမ်းလှမ်း၌ ရပ်ကြည့်နေသည့်ဝမ်းလင်းဝါးသည် ဖြူရော်သောမျက်နှာဖြင့် ရပ်ကြည့်နေသည်။ အမှောင်ရိပ်ထဲမှလူရိပ်များ စတင်လှုပ်ရှားလာလေသည်။

စင်လုံက တဟားဟားရယ်ရင်း ပြောလိုက်လေသည်။

"မင်း- ကျုပ်တို့ကို ခြောက်လှန့်တဲ့ စကားတွေပြောနေကတည်းက ကျုပ်တို့နှစ်ယောက်ဟာ အပျော့စား မဟာတံတိုင်းနှစ်ခုကို တည်ဆောက်ပြီးနေပြီ၊ အသက်ကိုဥာဏ်စောင့်တယ်ဆိုတာ ဒီအဖြစ်မျိုးပါပဲကွာ"

ဝိညာဉ်ဂိုဏ်းချုပ်သခင်မသည် တုန်ယင်စွာပြောလိုက်ပြီး-

"ရှင်- ရှင်ဟာ လူသားမဟုတ်ဘူး။ သရဲ သရဲ- သရဲမဟုတ်ရင် တစ္ဆေပဲဖြစ်ရမယ်"

စင်လုံသည် ရယ်မောရင်း---

"ကျုပ်က လူပါ၊ သရဲလိုလို တစ္ဆေဆိုတာ ဒီလောကထဲမှာလည်း မရှိပါဘူး။ သရဲကို ဘယ်သူမြင်ဖူးသလဲ၊ တစ္ဆေကို ဘယ်သူမြင်ဖူးသလဲ၊ ရှိမှ မရှိဘဲ၊ ဘယ်သူမြင်ဖူးမလဲ၊ ဒီတော့ ကျုပ်က ဘယ်နည်းနဲ့မှ သရဲတစ္ဆေမဖြစ်နိုင်ပါဘူး။ လူမှ လူသားစစ်စစ်ပါ"

စင်လုံသည် ဝမ်းလင်းဝါးဘက်သို့ လှည့်၍ ပြောလိုက်ပြန်သည်။

"ဝမ်းလင်းဝါး မင်းကို ကျုပ်ကစေတနာနဲ့သတိပေးလိုက်ပါတယ်၊ ကျုပ်သေပြီလို့ မသေချာသေးမီ နောင်ဘယ်တော့မှ လျှို့ဝှက်ချက်ကို မပြောနဲ့တော့"

ဝမ်းလင်းဝါးက ခြောက်ကပ်ကပ် ပြန်ပြောလိုက်လေသည်။

"ဒါကလည်း ဘာလျှို့ဝှက်ချက်မှ မဟုတ်ရပါဘူးဗျာ"

စင်လုံက အေးဆေးစွာပြောသည်။

“ဝမ်ကတော်က ဝေဝေကို လွှတ်ပေးခြင်းရဲ့ နောက်ကွယ်မှာ လျှို့ဝှက်ချက်တစ်စုံတစ်ခုရှိမယ်ဆိုတာ ကျုပ်သိတယ်၊ ခပ်ရှင်းရှင်းပြောရင် ဝမ်ကတော်ရဲ့မေတ္တာရပ်ခံချက်ကို ဝေဝေလို ထုံထုံအအ နုံနုံညံ့ညံ့မိန်းကလေးက လက်ခံတယ်ဆိုတာ ကျုပ်အဖို့ အကြီးအကျယ်ပြဿနာတက်စေခဲ့တယ်၊ ဒါပေမယ့် တိတိကျကျတော့ မတွေးနိုင်ခဲ့ဘူးပေါ့လေ”

ဝမ်းလင်းဝါးက စိုးရွံ့သံဖြင့်မေးလိုက်သည်။

“ဒါဖြင့်- အခု- အခု”

“ဟုတ်ပါတယ်၊ အခုကျမှပဲ သိလိုက်ရတာပါ။ မင်းတို့ နှစ်ယောက်ဟာ စင်စစ်မှာတော့ ဖအေတူမအေကွဲ မောင်နှမနှစ်ယောက်ပဲ၊ အဲဒီ အရေးကြီးတဲ့လျှို့ဝှက်ချက်ကို ခုမှပဲ ကျုပ်သိတော့တယ်”

“ခင်ဗျား ဘာတွေ လျှောက်ပြောနေတာလဲ”

“ဘာတွေလျှောက်ပြောနေရမှာလဲ၊ မင်းတို့နှုတ်က ဖွင့်ဟဝန်ခံခဲ့တဲ့ စကားတွေကို ကျုပ်က ထပ်ပြီးပြောနေတာပေါ့၊ ဘာလဲ- ကျုပ်က ပြန်ပြီး ဇာတ်စုံရှင်းပြရဦးမှာလား”

“ဆိုစမ်းပါဦးဗျာ ခင်ဗျား ကျုပ်တို့အကြောင်း ဘယ်လောက်သိနေတယ်ဆိုတာ သိရတာပေါ့”

စင်လုံက ခပ်အေးအေးပင်ဆက်ပြောသည်။

“လွန်ခဲ့တဲ့အတိတ်ကာလ တစ်ချိန်တုန်းဆီက ရှင်ပျော်ပျော်မြို့စားကြီးလို့ နာမည်မတပ်ရသေးတဲ့ လူတစ်ယောက်ဟာ ဝိညာဉ်လိပ်ပြာ သိုင်းအလင်္ကာကျမ်းကိုလိုချင်တာနဲ့ ဝေဝေရဲ့မိခင်ကို လိမ်ညာပြီး လက်ထပ်ခဲ့တယ်၊ လှပတဲ့ ဝမ်ကတော်ကိုတွေ့ပြန်တော့ ဝေဝေရဲ့မိခင်ကို စွန့်ပစ်ခဲ့ပြန်တယ်၊ သိုင်းလောကမှာ ပြိုင်စံရှားဖြစ်လိုတဲ့စိတ်နဲ့ ဝမ်ကတော်ကို ထပ်ပြီးစွန့်ပစ်ခဲ့ပြန်တယ်၊ အဲဒီလူကြောင့်



ပထမမိန်းမမှာ သမီးတစ်ယောက်ကျန်ခဲ့ပြီး ဒုတိယမိန်းမမှာ သားတစ်ယောက်ကျန်ခဲ့တယ်၊ အဲဒီနှစ်ယောက်ကတော့ မင်းတို့နှစ်ယောက်ပဲဆိုပါတော့”

ဝမ်လင်းဝါးသည် ကယောင်ချောက်ချားဖြစ်နေသည့် သူ၏စိတ်များကို တည်ငြိမ်အောင်ကြိုးစားနေရသည်။

စင်လုံ့ရှေ့၌ လျှို့ဝှက်ချက်ဟူသမျှ အလိုအလျောက် ဂုဏ်ပုဒ်များပျက်စီးနေရသည်ဟု တွေးတောစဉ်းစားနေမိသည်။

သိုင်းလောက၏လျှို့ဝှက်ချက်မှန်သမျှလိုလိုကို စင်လုံမသိတာမရှိသည့်အတွက်လည်း မခံချိမခံသာဖြစ်နေမိသည်။

“ခင်ဗျားမသိသေးတာ ဘာများ ရှိနေသေးသလဲ၊ အားလုံးခင်ဗျားသိနေတာပဲမဟုတ်လား”

“အခြေအနေကသိခွင့်ပေးလာတော့လည်း သိရတာပေါ့လေ၊ ဒီလို သိလိုက်ရတဲ့အတွက်လည်း ကြက်သီးတဖြန်းဖြန်းထမိပါရဲ့ကွာ”

“ဘာများ ကြက်သီးထစရာ ရှိလို့လဲ”

“ထ ရောပေါ့၊ သားနဲ့သမီးဟာ ဖခင်လို့ မမြင်နိုင်အောင် အမုန်းတိမ်သလွှာတွေ ဖိတ်ဖုံးကာဆီးနေတယ်၊ မင်းတို့မောင်နှမနှစ်ယောက်ဟာ ရှင်ပျော်ပျော်မြို့စားကြီးကို အသည်းနှလုံးထဲက မုန်းတယ်၊ အရိုးထဲက မုန်းနေတယ်၊ ဒါကြောင့်မို့ သတ်ဖြတ်ရှင်းလင်းပစ်ချင်နေကြတယ်၊ ကြက်သီးထစရာ မကောင်းဘူးလားကွာ”

ဝမ်းလင်းဝါးက တဂျစ်ဂျစ်အံကြိတ်ရင်း နာကြည်းခါးသီးစွာ ပြောလိုက်သည်။

“အဲဒီခင်ဗျားက ဘာမှမဆိုင်တဲ့ လူစိမ်းသူစိမ်းတစ်ယောက်ဖြစ်နေလို့ ဒီစကားမျိုးပြောနေနိုင်တာ၊ ကျုပ်တို့နေရာမှာ ခင်ဗျားကိုယ်တိုင် ဝင်ကြည့်စမ်း။ ဘယ်လိုခံစားရမယ်ထင်သလဲ”

"မင်းတို့ရဲ့ ကိုယ်ရေးကိုယ်တာကိစ္စကို ကျုပ်အနေနဲ့ ဝင်မပြောသင့်ဘူးဆိုတာ ကျုပ်နားလည်ပါတယ်၊ ဒါပေမယ့် မင်းတို့ မောင်နှမနှစ်ယောက်ဟာ ဖခင်ခြေရာကို တကယ်တမ်း နင်းနိုင်လောက်အောင် ရက်စက်ကြမ်းကြုတ်ကြတာကိုတော့ ကျုပ် ချီးကျူးလို့မဆုံးပါဘူး"

စင်လုံ၏စကားများသည် သူတို့၏အရိုက်ကို ထိထိမိမိ ထိုးလိုက်သကဲ့သို့ဖြစ်သွားသည်။ ဝမ်းလင်းဝါးက တုန်တုန်ယင်ယင်ဖြင့် ပြောလိုက်သည်။

"ခင်ဗျားဟာ တကယ်အပြောကောင်းတဲ့လူပဲ၊ ဒီလို ဆက်ပြီး တစ်သက်လုံး အပြောကောင်းနိုင်ပါစေလို့ ကျုပ်ဆုတောင်းပါတယ်"

ဝိညာဉ်ဂိုဏ်းချုပ်သခင်မသည် လှုပ်လှုပ်ရှားရှားဖြစ်လာသည်။

ဇာပုဝါပါးပါးသည် ယခင်ကလိုပင် မျက်နှာကို ဖုံးအုပ်ကာထားသည်။

သူမက အေးစက်မာကျောစွာ မေးလိုက်လေသည်။

"အင်မတန်သိတဲ့လူဟာ မြန်မြန်သေရတယ်ဆိုတာ ရှင်နားမလည်ဘူးလား။ ကဲ- ဆက်ပြောစမ်းပါဦး"

စင်လုံသည် သက်ပြင်းချရင်း ဆက်ပြောသည်။

"မင်းရဲ့ အောင့်အည်းသည်းခံနိုင်တဲ့စိတ်ဓာတ်နဲ့ ဇွဲကိုတော့ ကျုပ်အင်မတန်ချီးကျူးတယ်၊ အင်မတန်လေးစားတယ်၊ မင်းရဲ့ညရပ်ဆောင်ကောင်းမှုအတွက်လည်း ချီးကျူးတယ်။ ဒါပေမယ့် ကျုပ်သတိပေးချင်တာတစ်ခုတော့ရှိတယ်၊ မိဘရဲ့ကျေးဇူးဟာ အင်မတန်ကြီးမားတယ်၊ ကိုယ့်မိဘကိုသတ်ဖြတ်မိရင် မင်းဟာ လောကမှာ ရှိရှိသမျှ အပြစ်အားလုံးထက် အပြစ်ကြီးကို ကျူးလွန်မိပြီလို့ မှတ်ပေတော့"

ဝိညာဉ်ဂိုဏ်းချုပ်တစ်ဖြစ်လဲ ဝေဝေသည် အေးစက်စက်



ရယ်မောလိုက်လေသည်။

"ရှင်ပြောတဲ့စကားတွေ ကုန်ပြီလား"

"မကုန်သေးဘူး။ မင်းဟာ ဝမ်ကတော်နဲ့သူ့သား ဝမ်းလင်းဝါး အကြောင်းကို ကြိုတင်စုံစမ်းပြီး တရုတ်ပြည်မြေပြန့်ဒေသကို ဆင်းလာခဲ့တယ်၊ နောက်ပြီး ရိုးရိုးအအမိန်းကလေးတစ်ယောက် ပုံသဏ္ဌာန်ဖမ်းပြီး ကိုယ့်ကိုယ်ကို ကျွန်အဖြစ် ရောင်းခဲ့တယ်၊ အင်မတန် မိန်းမလိုက်စားတဲ့ ဝမ်းလင်းဝါးဟာ မင်းကိုတွေ့ရင် မုချဝယ်ယူမှာပဲလို့ သေချာပေါက်တွက်ထားခဲ့တယ်၊ ဒါမှ ဝမ်ကတော်နဲ့ဝမ်းလင်းဝါးအနီးကို ချဉ်းကပ်ခွင့်ရမှာ မဟုတ်လား"

ဝိညာဉ်ဂိုဏ်းချုပ်သခင်မဝေဝေက ဝင်ရောက်ထောက်လိုက်ပြန်သည်။

"သူ့မိခင်အကြောင်း ကျွန်မ ကြိုတင်သိထားတယ်လေ၊ လက်ရှိရည်ချင်းယှဉ်ရင် နိုင်မယ်ဆိုတာ သိပ်မသေချာဘူး၊ ဒါကြောင့် ပရိယာယ်သုံးပြီး ချဉ်းကပ်ခဲ့ရတာပဲ"

"အင်း- ဟုတ်တယ်၊ ဒါပေမယ့် မင်းကြံစည်ခဲ့သမျှတွေဟာ ဝိလေသမျှ သဲရေကျဖြစ်တော့တာပဲ၊ မင်းရဲ့ အစီအစဉ်တွေကြားထဲမှာ ချစ်ချစ်က ဘာမှန်းမသိ ညာမှန်းမသိ ကန့်လန့် ကန့်လန့် ဝင်ရှုပ်လာတယ်၊ အမှန်စင်စစ်ကတော့ သူ့ရဲ့စေတနာတွေဟာ မင်းအတွက် ဝေဒနာတွေ ဖြစ်သွားရတာပဲ"

ဝေဝေက အေးစက်စက် ရယ်မောလိုက်သည်။

"ကျွန်မက သူ့ကို မမုန်းပါဘူး။ ဘာမှ မသိနားမလည်တဲ့ ကလေးငယ်လေးတစ်ယောက်လိုပဲ သနားမိတယ်၊ သူ့စိတ်က တကယ့်ကလေးစိတ်ပဲ"

စင်လုံက ဆက်ပြောသည်။

"မင်းရဲ့အစီအစဉ်ကတော့ ပျက်သွားတယ်၊ ဒါပေမယ့် မင်း ဟာ အောင့်အည်းသည်းခံနိုင်တယ်၊ ဇွဲရှိတယ်၊ ရေရှည်စောင့်ဆိုင်း တယ်၊ မင်းမျှော်လင့်ထားတဲ့ဇာတ်ကွက်မဟုတ်ပေမယ့် မင်းက ကျေ မပျက် ဆက်ကသွားတယ်၊ ဆက်ပြီး ဟန်ဆောင်သွားတယ်၊ ချစ်ချစ်လို စိတ်ကောင်း စေတနာကောင်းရှိပြီး ရိုးသားပွင့်လင်းတဲ့မိန်းကလေးမျိုး ဟာ အင်မတန်လိမ်လို့ညာလို့ကောင်းတော့ မင်းအတွက် ပိုပြီးအဆင် ပြေသွားတယ်"

ဝေဝေက အေးစက်စက်ပြောသည်။

"ကျွန်မဟာ ဘာမဆို ကြိုတင်စီစဉ် ကြိုတင်စဉ်းစားပြီးမှ လုပ်တယ်၊ ဒါပေမယ့် ဟိုမိန်းမကျ ယောကျ်ားမကျဖြစ်တဲ့စုတပ လက်ထဲရောက်သွားတဲ့ အဖြစ်ကတော့ ကြိုတင်မျှော်မှန်း မထားတဲ့ ကိစ္စပဲ"

"အင်းလေ- ဘာပဲပြောပြော အဲဒီအချိန်တုန်းက ကျုပ်ကိုယ် တိုင် ဘာမှမသိဘဲ မင်းအတွက်စိုးရိမ်နေခဲ့မိတယ်"

"ဟင်း- ဟင်း- ဟင်း အဲဒါလည်း ရှင်တို့ယောကျ်ားတွေ သင်ခန်းစာယူရမယ့် အချက်တစ်ချက်ပဲ၊ ကြပ်ကြပ်ပါးနပ်ရှလ ကြပ် ကြပ်အလှည့်စားခံရလေပဲ၊ ဒီအထဲမှာ အရူးလည်ချာလည်နဲ့ ဝင်ပါနေ တာကတော့ ကြူးချစ်ချစ်ပဲ၊ သူဟာ ဘာမှ မသိနားမလည်ဘဲနဲ့ သူ့ရဲ့ကောင်းလုပ်ဖို့ ကြိုးစားနေသေးတယ်"

"ချစ်ချစ်ဟာ သူ့ရဲ့ကောင်းလုပ်ဖို့ ကြိုးစားတဲ့ မိန်းကလေး မဟုတ်ဘူး။ အင်မတန် စိတ်ထားပွင့်လင်းပြီး ဖြူစင်ရိုးသားတဲ့ မိန်း ကလေးပဲ-

သူတောင်းစားဂိုဏ်းသားတွေ လာဝိုင်းတဲ့ ညဲ့ဂေဟာမှ တုန်းက မင်းကို သေသေချာချာစောင့်ကြပ်ကြည့်ရှုဖို့ မှာခဲ့တယ်၊



မင်းပျောက်သွားတဲ့အတွက် ကျုပ်က သူ့ကိုပစ်ပစ်ခါခါ အပြစ်တင်ခဲ့တယ်၊ အခုတော့မှ ကျုပ်မှားမှန်း သိတော့တယ်၊ မင်းက တမင်သက်သက် ကျင်းပုဟန်ရဲ့အဖမ်းကို ခံလိုက်တာကိုး"

"ဟုတ်တယ် ကျွန်မ တမင်အဖမ်းခံလိုက်တာပဲ၊ ကျွန်မ အော်ရင် ဖြစ်တာပေါ့၊ ချစ်ချစ် သိနိုင်တာပေါ့၊ သိရင် ချစ်ချစ်က အပြင်းအထန် ခုခံနေဦးမယ်၊ ဒီတော့ ကျွန်မ မအော်ဘဲ အေးအေး ဆေးဆေးပဲ အဖမ်းခံလိုက်တယ်"

"အင်း ဒီကိစ္စထဲမှာ သနားစရာအကောင်းဆုံးကတော့ ကျင်းစုမန်းပဲ၊ မင်းရဲ့လိမ်လည်မှုကြီးထဲမှာ မင်းကိုကယ်ဖို့ ကြိုးစားရင်း လက်တစ်ဖက် အဆုံးရှုံးခံလိုက်ရရှာတယ်၊ ဘယ်လောက်ရင်နာစရာ ကောင်းသလဲ၊ တကယ့် အဖြစ်မှန်သာ သိသွားရင် သူ့ကိုယ်သူ သတ် သေချင်စိတ်ပေါက်သွားမလား မသိဘူး"

ဝိညာဉ်ဂိုဏ်းချုပ်သခင်မဝေဝေသည် ဦးခေါင်းငုံ့သွားသည်။

"အဲဒီအချက်ကလည်း ကျွန်မ မမျှော်လင့်ဘဲနဲ့ ဖြစ်တာတဲ့ အချက်ပဲ"

"ဒီလိုနဲ့ နောက်ဆုံးတော့ မင်းဟာ ဝမ်ကတော်လက်ထဲ ကျရောက်သွားတယ်၊ ဝမ်ကတော်၊ ဝမ်းလင်းဝါးတို့နဲ့ ရင်းနှီးမှုရရှိသွား တယ်၊ သူတို့သားအမိကို လှေကားထစ်အဖြစ် အသုံးချဖို့ စိတ်ကူး လာတယ်"

"ကျွန်မဟာ အစပထမတုန်းက ဝမ်ကတော်ကို တော်တော် ကလေးမုန်းတီးခဲ့တာ ရှင့်၊ ဒါပေမယ့် သူနဲ့ ရင်းရင်းနှီးနှီးနေတော့မှ သူ့ဘဝကို တဖြည်းဖြည်း သဘောပေါက်လာတယ်၊ တကယ်တော့ သူ့အဖြစ်အပျက်ဟာ ကျွန်မမိခင်ရဲ့အဖြစ်အပျက်နဲ့ ထပ်တူပဲ၊ ကျွန်မ မိခင်ဟာ အစွန့်ပစ်ခံရတယ်၊ သူလည်း အစွန့်ပစ်ခံရတာပဲ၊ ဒီတော့

သူလည်း ကျွန်မခင်လို သနားစရာကောင်းတဲ့ မိန်းမသားတစ်ယောက် ဖြစ်နေတော့တာပေါ့"

"ဒါနဲ့ မင်းက ဝမ်ကတော်ရဲ့ အစီအမံကို လိုက်နာသယောင် နဲ့ ရွှင်ပျော်ပျော်မြို့စားကြီးဆီရောက်လာခဲ့တယ် ဆိုပါတော့၊ ဝမ်ကတော် ဟာ ပါးနပ်တယ်၊ ဒါပေမယ့် သူလည်း တပတ်ရိုက်ခံရတာပဲ၊ ရွှင်ပျော် ပျော်မြို့စားကြီးဆီ မင်းရောက်လာတော့ တစ်သက်နဲ့ တစ်ကိုယ် ကံ အကောင်းဆုံး မိန်းကလေးလို့ ဂုဏ်ယူနိုင်လောက်အောင် ကံကောင်း ခဲ့တယ်၊ ရွှင်ပျော်ပျော်မြို့စားကြီးဟာ အပျော်အပါးနဲ့ ကာမဂုဏ် အာရုံတွေကို လွန်လွန်ကျူးကျူး လိုက်စားသူဖြစ်ပေမယ့် မင်းကျတော့ လက်ဖျားနဲ့တောင် မထိဘဲ အရာရာ မင်းအလိုကျ လိုက်လျောခဲ့တယ်၊ ဒါကလည်း မိဘနဲ့သားသမီးအကြားမှာရှိနေတဲ့ မမြင်ရတဲ့သံယောဇဉ် ကြောင့်လည်း ဖြစ်ချင်ဖြစ်နိုင်တာပါပဲလေ"

ဝေဝေက သက်ပြင်းချရင်း---

"အဲဒီလိုလည်း ဖြစ်ချင်ဖြစ်နိုင်တာပဲ"

စင်လုံက လေးလေးနက်နက် မေးမြန်းလိုက်သည်။

"ကျုပ်တစ်ခုလောက် မေးစမ်းပါရစေဦး။ မင်းရဲ့ဖခင်ဖြစ်သူ နဲ့ ဒီလောက်ရင်းရင်းနှီးနှီးနေရတဲ့အခါ မင်းရင်ထဲမှာ မိဘနဲ့သားသမီး အပေါ်ထားတဲ့ မေတ္တာစေတနာမျိုး၊ သံယောဇဉ်မျိုး မပေါ်လာဘူးလား"

ဝေဝေက အေးစက်စက်ဖြင့် ပြန်ဖြေသည်။

"နည်းနည်းကလေးမှ မပေါ်ပါဘူးရှင်၊ နမ်းတစ်စေ့ ဆံတခါ ချည်မျှင်စာတောင် မပေါ်ပါဘူး"

သူမသည် အံကိုတင်းတင်းကြိတ်ယင်း ဆက်ပြောသည်။

"ကျွန်မဟာ တိရစ္ဆာန်မဟုတ်ဘူးရှင့်၊ တိရစ္ဆာန်မှာလူ့ ခံစားမှုမရှိဘူး။ ဒါပေမယ့် ကျွန်မဟာ လူလည်း မဟုတ်ပြန်ဘူး-



ဒီစကားကို ရှင်နားလည်ချင်မှနားလည်မယ်၊ ကျွန်မရဲ့မိခင် ဟာ ဒုက္ခအကြီးအကျယ်ခံစားပြီးမှ သေဆုံးခဲ့ရတယ်၊ ကျွန်မ အမေ သေဆုံးခဲ့ရပုံကို ကျွန်မတစ်သက် မမေ့နိုင်ဘူး။ အို- ဆယ်သက်တောင် မမေ့နိုင်ပါ ဘူးရှင်၊ ဒါကြောင့် ကျွန်မ သစ္စာပြုခဲ့တယ်၊ ဒီလောကထဲမှာ လူအဖြစ် မရပ်တည်တော့ဘူးလို့"

"မင်းမမျှော်လင့်ဘဲ ဖြစ်ဖြစ်လာတဲ့ကိစ္စတွေထဲမှာ ခွိုက်ပို လင်သစ်တောထဲ ကျုပ်ရောက်လာတဲ့ကိစ္စလည်း အပါအဝင်ပဲ မဟုတ် လား"

ဝေဝေသည် သဘောကျသွားဟန်ဖြင့် တစ်ကိုယ်လုံး တသိမ့်သိမ့်ခါအောင် ရယ်လေတော့၏။

"ရှင်ရောက်လာမယ်ဆိုတာ ကျွန်မ စဉ်းစားထားပါတယ်နော်၊ ကြိုကြိုတင်တင်ကို စဉ်းစားထားပါတယ်"

"ဒီလိုကြိုကြိုတင်တင် စဉ်းစားထားတယ်ဆိုတော့ ကျုပ်ကို လိမ်ဖို့ညာဖို့ အစီအစဉ်တွေကလည်း ရေပက်မဝင်အောင်ကောင်းပြီး အားလုံးအဆင်သင့် ဖြစ်နေတယ်ဆိုပါတော့"

သူမသည် စင်လုံအား စူးရတောက်ပါစွာကြည့်နေသည်။ သူမ၏မျက်လုံးများ တောက်ပနေပုံကို ဇာပဝါပါးပါးအပြင်ဘက်မှပင် တွေ့မြင်နေရသည်။ သူမက တစ်လုံးချင်းလှမ်းမေး၏။

"ကျွန်မ ဘာစကားပဲပြောပြော ရှင့်ကို လိမ်ညာနေတာပဲ လို့ ရှင့်စိတ်ထဲမှာ အမြဲထင်မှတ်နေတာပဲလား"

စင်လုံက ဟက်ဟက်ပက်ပက် ရယ်တော့သည်။

"ဘာလဲ မင်းကမဟုတ်ဘူးလို့ ငြင်းချင်သေးလို့လား"

ဝေဝေသည် ကြေကွဲစွာရယ်မောလိုက်မိသည်။ သူမ၏ ရယ်သံ၌ ရှိုက်သံတစ်ဝက်တစ်ပျက်ပါနေ၏။

"ရှင်ဟာ မိန်းမသားတွေရဲ့စိတ်ဓာတ်ကို သူများထက်ပိုပြီး သိပါတယ်ရှင်၊ ကျွန်မစိတ်ဓာတ်ကို နည်းနည်းကလေးမှ မသိတော့ဘူးလားဟင်"

စင်လုံက ခပ်အေးအေးပင် ပြန်ဖြေသည်။

"မင်းဟာ ကျုပ်အပေါ်မှာ ခပ်စောစောပိုင်းကတော့ မှန်မှန်ကန်ကန်စိတ်ထားမျိုး ထားချင်ထားခဲ့လိမ့်မယ်၊ နောက်ပိုင်းမှာတော့"

ဝေဝေက ကြားဖြတ်ပြောလိုက်သည်။

"မိန်းမသားတစ်ယောက်ဟာ ယောကျ်ားတစ်ယောက်ကို မေတ္တာသက်ဝင်ချစ်ခင်ပြီးပြီဆိုရင်တော့ အဲဒီယောကျ်ားရဲ့ချစ်ခြင်းမေတ္တာကို ရအောင်ကြိုးစားသင့်တယ်၊ သူ့ရဲ့ ချစ်ခြင်းမေတ္တာကိုမှ မရတော့ဘူးဆိုယရင်တော့ အဲဒီယောကျ်ားကို သတ်ပဲ သတ်သင့်တော့တယ်"

စင်လုံသည် ခပ်ပြုံးပြုံးပြန်ပြောလိုက်သည်။

"ကျေးဇူးတင်ပါတယ်ကွာ၊ ကျုပ်ကိုတော့ မိန်းမအကြောင်းသိတဲ့လူလို့ နောက်တစ်ခေါက် ထပ်မချီးကျူးပါနဲ့တော့၊ ဘာဖြစ်လို့လဲဆိုတော့ မင်းဟာ တစ်ယောက်ယောက်ကို ဒုက္ခအကြီးအကျယ်ပေးချင်ပြီဆိုရင် အဲဒီလူကို သူ့ကိုယ်သူ မိန်းမတွေအကြောင်း အများကြီးသိတဲ့လူလို့ ထင်သွားအောင် ချီးကျူးတတ်တယ်ဆိုတာ ကျုပ်သိလိုက်ရလို့ပဲ"

ထိုစဉ် ဝမ်းလင်းဝါးထံမှ စကားသံထွက်ပေါ်လာသည်။

"အင်း- ဒီနေ့တစ်နေ့လုံး ကြားနေရတဲ့ စကားတွေထဲမှာတော့ အခုစကားတစ်ခွန်းပဲ အဓိပ္ပါယ်ရှိတယ်၊ လူတစ်ယောက်ယောက်ဟာ မိန်းမအကြောင်း သိပ်သိပြီလို့အထင်ရှိရင် အဲဒီလူ ဒုက္ခရောက်ပြီသာ မှတ်ပေတော့"



ဝေဝေထံမှ သက်ပြင်းချသံထွက်ပေါ်လာသည်။

"ကောင်းပါတယ်၊ သိပ်ကောင်းပါတယ်၊ သိပ်ပြီးလည်း တရားမျှတပါတယ်၊ ရှင်တို့ဟာ ယောကျ်ားတွေဘက်က တစ်ဖက်သတ်ဘက်လိုက်ဆုံးဖြတ်ချက်ချနေတဲ့ လူတွေပဲ"

ဝမ်းလင်းဝါးမှာရုတ်တရက် ထိတ်လန့်သွားသည်။

"ကျုပ်- ကျုပ်က သဘောကိုပြောပြတာပါ"

ဝေဝေက ရုတ်တရက်ရယ်လိုက်သည်။

"ရှင်တို့ကိုယ် ရှင်တို့ သိပ်အထင်ကြီးနေကြတာကိုး။ ကျွန်မက ရှင်တို့ကို ဘယ်လိုနည်းလမ်းသုံးပြီး ရင်ဆိုင်နေတယ်ဆိုတာကို သိမြင်သဘောပေါက်ကြရဲ့လား"

စင်လုံက ခပ်အေးအေးပင် မေးလိုက်သည်။

"ဆိုစမ်းပါဦး။ ဘယ်လိုနည်းလမ်းတွေ သုံးလိုက်သလဲ"

ဝေဝေက အေးစက်စက် ရယ်မောလိုက်သည်။

"အမျိုးသမီးတွေဟာ တကယ့်အရေးအကြောင်း ကြုံတဲ့အခါမျိုးမှာ အရိုးဆုံး အညံ့ဆုံး အထုံဆုံး နည်းလမ်းတွေကို အသုံးပြုပြီး ရင်ဆိုင်လေ့ရှိကြတယ်၊ ဒါပေမယ့် အဲဒီ အရိုးဆုံး အညံ့ဆုံး နည်းလမ်းရဲ့ အကျိုးဆက်ကတော့ အံ့မခန်းထူးခြားလှပါတယ်ရှင်"

စင်လုံက ပြန်မေးလိုက်သည်။

"ဘယ်လို- အရိုးဆုံး အညံ့ဆုံးနည်းလမ်း ဟုတ်လား"

"ဟုတ်တယ်၊ အဲဒီနည်းလမ်းကို သုံးလို့ ပထမအကြိမ်အောင်မြင်ချင်မှ အောင်မြင်မယ်၊ တကယ်လို့ နောက်တစ်ကြိမ် ထပ်သုံးပြီဆိုရင်တော့ အဲဒီနည်းလမ်းကို အရိုးဆုံး အညံ့ဆုံး နည်းလမ်းလို့ မထင်မှတ်ပါနဲ့တော့"

စကားဆုံးသွားသောအခါ သူမသည် လေထဲ၌ မီးနီးငွေများ

လွင့်မျောသွားသည့်နှယ် တဖြည်းဖြည်းရွေ့လျားထွက်ခွာသွားတော့သည်။ စင်လုံသည် ရုတ်တရက် မျက်နှာပျက်သွားသည်။

ဝမ်းလင်းဝါးကမှ အတော်ကြီး တုန်လှုပ်ချောက်ချားသွားသည်။ ထို့ကြောင့် ရေးကြီးသုတ်ပျာ လှမ်း၍ အော်ခေါ်လိုက်မိတော့သည်။

"ဝေဝေ- ဝေဝေ- ခင်ဗျား ခင်ဗျား---"

ထိုအချိန်မှာပင် မီးအိမ်သည် ရုတ်တရက် ငြိမ်းသွားလေ၏။ ပတ်ဝန်းကျင်တစ်ခုလုံးကို ဝိန်းဝိတ်အောင်မှောင်နေသော အမှောင်ထုကြီးက ချက်ချင်း ဝါးမျိုသွားလေတော့သည်။

စာစဉ်(၈)ပြီး၏။

စာစဉ်(၉)ဆက်လက်ဖတ်ရှုပါရန်-